

သမိုင်းဆိုင်ရာရုပ်ဝါဒ
မြသန်းတင့်

ယဉ်မျိုးစာပေ

# သမိုင်းဆိုင်ရာရုပ်ဝါဒ

မြသန်းတင့်

ပုံနှိပ်မှတ်တမ်း

**ပုံနှိပ်ခြင်း**
၂၀၁၆ ခုနှစ်၊ ဖွန်လ (ဒုတိယအကြိမ်)

**အုပ်ရေ**
၅၀၀
**မျက်နှာဖုံး**
တင်ထွန်းနိုင်
**အတွင်းကွန်ပြူတာစာစီ**
ယဉ်မျိုး
**အတွင်းဖလင်**
ထွန်းထွန်း
**စာအုပ်ချုပ်**
ကိုမြင့်လွင်
**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဦးဝင့်ဗိုလ်ဗိုလ် (နန်းသဇင်ပုံနှိပ်တိုက် – ၀၀၄၄၁)
၁၉၄/၁၉၆၊ ၃၉ လမ်း
ကျောက်တံတားမြို့နယ်။
**ထုတ်ဝေသူ**
ယဉ်ထွန်း(ယဉ်မျိုးစာအုပ်တိုက် – ၀၁၁၇၆)
အမှတ်၊ ၂၇၄/B၊ လမ်း ၄၀ အပေါ်လမ်း
ကျောက်တံတားမြို့နယ်။

**တန်ဖိုး**
၂၀၀၀ ကျပ်

**ထုတ်ဝေသည့်ကတ်တလောက်အညွှန်း** CIP

| |
|---|
| ၈၉၅.၈၃ |
| မြသန်းတင့် |
| သဗိုင်းဆိုင်ရာရုပ်ဝါဒ – ရန်ကုန်၊ |
| ယဉ်မျိုးစာပေ၊ ၂၀၁၆၊ |
| စာ ၁၈၆၊ အလျား – ၁၃.၃၄ စင်တီ၊ အနံ ၂၀.၉၆ စင်တီ |
| (၁) သဗိုင်းဆိုင်ရာရုပ်ဝါဒ |

# မာတိကာ

## အပိုင်း ၁။ ယေဘုယျအခြေခံများ


၁။ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ ၂
၂။ ရုပ်ဝါဒနှင့်လူ့အဖွဲ့အစည်းဆိုင်ရာ သိပ္ပံပညာ ၁၂
၃။ လူ့မှုဘဝတွင် တွေးခေါ်မှုနှင့် အခန်းကဏ္ဍ ၃၀


## အပိုင်း ၂။ လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်လာပုံ


၄။ ကုန်လုပ်ရေးစနစ် ၄၃
၅။ လူ့မှုဖြစ်ပေါ်တိုးတက်မှု၏ အခြေခံဥပဒေသများ ၆၀
၆။ စီးပွားရေးဥပဒေသများနှင့် ၎င်းတို့အားအသုံးချမှု ၈၀
၇။ လူ့မှု အပေါ်ယံအဆောက်အအုံ ၈၉
၈။ လူ့တန်းစား တွေးခေါ်မှုနှင့် လူ့တန်းစား အုပ်စိုးမှု ၁၀၈


## အပိုင်း ၃။ ဆိုရှယ်လစ်စနစ်နှင့် ကွန်မြူနစ်စနစ်


၉။ ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒ ၁၂၆
၁၀။ ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စနစ်ဖြစ်ပေါ် တိုးတက်မှုတွင် မောင်းနှင်ရေး အင်အားစုများ ၁၄၇
၁၁။ စီမံကိန်းကျ ကုန်လုပ်ရေး ၁၆၇


## နိဂုံး

## နောက်ဆက်တွဲ


(က) ပုဂ္ဂိုလ် အညွှန်း ၁၈၁
(ခ) ဝေါဟာရ ရှင်းလင်းချက် ၁၈၂


ယဉ်မျိုးစာအုပ်တိုက်

## အပိုင်း – ၁

# ယေဘုယျအခြေခံမှုများ

ယဉ်မျိုးစာအုပ်တိုက်

## အခန်း - ၁
## သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ

ကုန်လုပ်ကြိယာများကို အများကပိုင်ခြင်း၊ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ရုပ်ဝတ္ထုဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွမ်းရန်အတွက်၊ ယင်းကုန်လုပ်ကြိယာများကို အသုံးချခြင်းသည် ဆိုရှယ်လစ်ဝါဒဖြစ်သည်။ လူ့အဖွဲ့အစည်း၏ စီးပွားရေးအခြေခံကို အရင်းအမြစ်မှ ပြောင်းလဲခြင်းဖြင့်သာ၊ အရင်းရှင်စနစ်၏ ဆိုးကျိုးများ ကွယ်ပျောက်မည်ဖြစ်သည်၊ စွမ်းအားထက်မြက်သော စက်မှုသိပ္ပံပညာသစ်များကိုလည်း အသုံးချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဆိုရှယ်လစ်ဝါဒသည် လိုအပ်သည်။

အလုပ်သမားလူတန်းစား၏ တိုက်ပွဲဖြင့်သာ ဆိုရှယ်လစ်ဝါဒကို ရနိုင်သည်။ အစိုင်အခဲကြီးဖြစ်သော အလုပ်သမားလူတန်းစားလှုပ်ရှားမှုကို သိပ္ပံနည်းကျသော ဆိုရှယ်လစ်သဘောတရား တပ်ဆင်ပေးမှသာ၊ ဆိုရှယ်လစ်ဝါဒကို အောင်မြင်နိုင်သည်။

မာ့က်စ်နှင့် အိန်ဂျယ်တို့သည် ဆိုရှယ်လစ်သဘောတရား၏ အခြေခံများကို တည်ဆောက်ခဲ့ကြသည်။ ၎င်းတို့ သင်ကြားချက်၏ အုတ်မြစ်မှာ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုဥပဒေသများနှင့် လူတန်းစားတိုက်ပွဲဥပဒေသများ ဖြစ်ပေသည်။

### အရင်းရှင်စနစ်နှင့် ဆိုရှယ်လစ်စနစ်

အရင်းရှင်စနစ်၏ ဆိုးပြစ်များကို မကျေမနပ် ဖြစ်လာခြင်းကြောင့်လည်းကောင်း၊ ယင်းဆိုးပြစ်များ ပျောက်ကွယ်စေရန်မှာ လူ့အဖွဲ့အစည်း၏ စီးပွားရေးအခြေခံကြီးတစ်ခုလုံးကို လုံးဝ ပြောင်းလဲပစ်ရမည်ဟု ယူဆလာသောကြောင့်လည်းကောင်း၊ ဆိုရှယ်လစ်ဝါဒ

သည် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ လူများ၏ စိတ်ကို ဖမ်းယူဆုပ်ကိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

အရင်းရှင်လူ့အဖွဲ့အစည်း၌ မြေယာ၊ စက်ရုံ၊ အလုပ်ရုံ၊ သတ္တုတွင်း၊ သယ်ယူပို့ဆောင်ရေး စသည့် ကုန်လုပ်ကြိယာများကို အရင်းရှင်များက ပိုင်ဆိုင်ကြသည်။ ကုန်လုပ်ရေး၌လည်း အရင်းရှင် အမြတ်အစွန်းအတွက် ပြုလုပ်ကြသည်။ သို့ရာတွင် ဆိုရှယ်လစ်စနစ်အတွင်း၌ ထိုသို့ မဟုတ်တော့ပေ။ ကုန်လုပ်ကြိယာများသည် အများပိုင်ပစ္စည်းဖြစ်လာသည်။ အများပိုင်ဆိုင်မှုအပေါ်တွင် အခြေခံထားသည်။ ကုန်လုပ်ရေးကိုလည်း လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး၏ အကျိုးနှင့် သက်သာချောင်ချိရေးအတွက် ပြုလုပ်ပေသည်။

မူလအစကတည်းကပင် အရင်းရှင်စနစ်၏ ရည်ရွယ်ချက်မှာ ဓနကို ထုတ်လုပ်ပေးသော စွမ်းအားစုများအား မကြုံစဘူး တိုးပွားစေရေးဖြစ်သည်။ သို့ရာတွင် ဓနသည် လူနည်းစုအဖို့ အမြတ်အစွန်းကို ပိုမိုများပြားလာစေခဲ့၏။ အခြားတစ်ဖက်တွင်မူ အလုပ်လုပ်သော ပြည်သူလူထုကြီးသည် ပင်ပန်းကြီးစွာ လုပ်ရခြင်း၊ ဆင်းရဲခြင်း စသည့်ဒဏ်များကို ခံနေကြရသည်။ ဆိုရှယ်လစ်ဝါဒ၏ ရည်ရွယ်ချက်များမှာ ယင်းသို့သော ဓနထုတ်လုပ်ပေးသည့် စွမ်းအားစုသစ်များကို လူနည်းစု ကြွယ်ဝချမ်းသာရေးအတွက် မဟုတ်ဘဲ၊ လူ့အဖွဲ့အစည်းကြီး တစ်ခုလုံး၏ ကြွယ်ဝချမ်းသာရေးအတွက် အသုံးပြုရန် ဖြစ်ပေသည်။

ခေတ်သစ်လူ့အဖွဲ့အစည်း၌ ကုန်လုပ်စွမ်းအားစုသစ်များကို တီထွင်ဖန်တီးခဲ့ကြသည်။ ယင်းမှာ သိပ္ပံပညာတွေ့ရှိချက်များနှင့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးကြီးထွားမှုကို ကြည့်ခြင်းဖြင့် သိနိုင်ပေသည်။ သို့ရာတွင် ပိုင်ဆိုင်သူ အရင်းရှင်များနှင့် မန်နေဂျာများသည် ယင်းစွမ်းအားစုများ တိုးတက်ဖြစ်ပေါ်မှုနှင့် အသုံးချမှုကို ပြည်သူလူများစု၏ အကျိုးအတွက် ရည်ရွယ်ခြင်း မပြုကြပေ။

ယနေ့ခေတ်၊ လက်ဝါးကြီးအုပ် အရင်းရှင်များသည် သူတို့အမြတ်အစွန်းများ အသုံးချရေးအတွက် အရာအားလုံးကို လက်အောက်ခံအဖြစ် ထားကြသည်။ အလုပ်သမားများအား ပိုမိုသွေးစုပ်ခြယ်လှယ်နိုင်ရန်၊ ပြည်သူများအား ပိုမိုဆင်းရဲလာစေရန်၊ အခြားတိုင်းပြည်များကို သိမ်းပိုက်၍ ၎င်းတို့၏ သယံဇာတပစ္စည်းများကို လုယူရန်၊ အမျိုးသားစီးပွားရေးကို စစ်အသွင်သဏ္ဌာန်ဆောင်စေရန်၊ စစ်ပွဲများ ဆင်နွှဲရန် စသည်တို့အတွက် ပြုလုပ်ကြသည်။ ဥပမာအားဖြင့် နောက်ဆုံးတွေ့ရှိသော အနုမြူအင်အား ထုတ်လုပ်မှုနည်းများကို အရင်းရှင်နိုင်ငံများ၌ ပြည်သူများအကျိုးအတွက် အသုံးမပြုကြပေ။ ဗြိုင်ဘက်အရင်းရှင်နိုင်ငံများအား ခြိမ်းခြောက်ရန်၊ အရင်းရှင်စနစ်အောက်မှ ရုန်းထွက်နေကြသော ပြည်သူများအား ခြောက်လှန့်ရန်တို့ကို ရည်ရွယ်လျက် ၎င်းတို့သည်

အနုမြူထုတ်လုပ်မှုနည်းလမ်းများကို လက်နက်ဆန်းများ ထုတ်လုပ်ရေးအတွက် အသုံးချနေကြသည်။

အရင်းရှင်နိုင်ငံများသည် ကျယ်ပြန့်လှသော နယ်ပယ်များကို ကိုလိုနီများအဖြစ် သိမ်းပိုက်ခဲ့ကြသည်။ အရင်းရှင်များကမူ သို့သိမ်းပိုက်ရခြင်းမှာ ထိုနယ်ပယ်များကို 'တိုးတက်ဖွံ့ဖြိုး'စေရန်ဟု ကြွေးကြော်ကြ၏။ သို့ရာတွင် ထိုနယ်ပယ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများမှာ ယုံနိုင်စရာ မရှိလောက်သော ဆင်းရဲမှု အခြေအနေများထဲတွင် ရှိနေကြပေသေးသည်။

သိပ္ပံပညာ တိုးတက်မှုများကို ရရှိနေသော်လည်း အရင်းရှင်စနစ်သည် ပြည်သူလူထုများအား ဝလင်အောင်ကျွေးမွေးခြင်း မပြုနိုင်ပေ။ ကမ္ဘာတွင် အချမ်းသာဆုံးသော အရင်းရှင်နိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စု၌ 'ပိုလျှံသော' အစားအစာများမှာ အလဟဿဖြစ်လျက်ရှိ၏။ တစ်ဖက်တွင်မူ အမေရိကန်ပြည်ထောင်စု၌ တစ်ဝက်ခန့်မျှသော လူဦးရေမှာ အာဟာရဓာတ်ချို့တဲ့လျက် ရှိပေသည်။ အရင်းရှင် အမြတ်ထုတ်မှုစနစ်သည် ရှိပြီးသားပစ္စည်းများကိုပင် မျှတစွာ ခွဲဝေခြင်း မပြုနိုင်ပေ။ ဝတ်မွတ်ခေါင်းပါးလျက်ရှိသော ကိုလိုနီပြည်သူများ၏ လိုအင်ဆန္ဒကို ဖြည့်စွက်ပေးရေးအတွက် ပစ္စည်းများကို တိုးတက်ထုတ်လုပ်ရေးဆိုသည့် ကိစ္စကား ပြောဖွယ်ရာ မရှိတော့ပေ။

သို့ဖြင့် နောက်ဆုံးတွင် လူများသည် အသိပညာသစ်များနှင့် စက်မှုသိပ္ပံပညာသစ်များကိုပင် ကြောက်လာကြ၏။ စက်မှုသိပ္ပံ ပညာသစ်များကြောင့် စီးပွားရေးအကြပ်အတည်း၊ အလုပ်လက်မဲ့ပြဿနာ ပေါ်ပေါက်လာမလားဟု စိုးရိမ်နေကြ၏။ အသိပညာသစ်ကြောင့် ကြောက်စရာကောင်းသော အဖျက်လက်နက်ကြီးများ ပြုလုပ်ကြမည်ကို စိုးရိမ်နေကြ၏။ အရင်းရှင် အမြတ်ထုတ်မှုစနစ်သည် လူ၏ အမြင့်မားဆုံးသော အောင်မြင်ချက်များကို လူက ပြန်ကြောက်ရသော အဖြစ်သို့ ရောက်စေလေသည်။ ယင်းကို ကြည့်ခြင်းဖြင့် အရင်းရှင်စနစ်သည် ပြိုလဲနေပြီကို သိနိုင်ပေသည်။ အခြားတစ်ခုဖြင့် အစားထိုးမှ ဖြစ်တော့မည့်သဘောကို သိနိုင်ပေသည်။

ဆိုရှယ်လစ်ဝါဒကား ထိုသို့ မဟုတ်ပေ။ ခေတ်သစ် စက်မှုသိပ္ပံပညာများကို ပြည်သူများ၏ လိုအင်ဆန္ဒများ ဖြည့်စွက်ရေးအတွက် အသုံးချရန် ဆိုရှယ်လစ်စနစ်က ရည်ရွယ်ပေသည်။ ကုန်လုပ်ရေးကို အမြတ်အစွန်းအတွက် ပြုလုပ်ခြင်း မဟုတ်ပေ။ လူ့အဖွဲ့အစည်း၏ ရုပ်ဝတ္ထုဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များ ဖြည့်စွမ်းရေးအတွက် ရည်ရွယ်ပေသည်။ ဤသည်မှာလည်း ဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကုန်လုပ်ကိရိယာအားလုံးကို ဖန်တီးသော ပစ္စည်းများကို အရင်းရှင် အမြတ်အစွန်း

အတွက်သာ အသုံးပြုသည့် အရင်းရှင်လူနည်းစု လက်ထဲမှ သိမ်းပိုက်ကာ၊ အလုပ်လုပ်သော ပြည်သူများ၏ အုပ်ထိန်းမှုအောက်တွင် ထားရှိမည်ဖြစ်သောကြောင့် ဖြစ်လေသည်။

**ဆိုရှယ်လစ်သဘောတရားနှင့်အလုပ်သမားလူတန်းစားလှုပ်ရှားမှု**

သို့ရာတွင် ဆိုရှယ်လစ်စနစ်သို့ ရောက်ရေးမှာ ဆိုရှယ်လစ်ဝါဒသည် အရင်းရှင်စနစ်ထက် ကောင်းသော လူ့အဖွဲ့အစည်းစနစ်တစ်ရပ်ဟု ယေဘုယျ ယူဆရုံနှင့် မပြီးပေ။ ဆိုရှယ်လစ်စနစ် အောင်မြင်ရေးအတွက် မည်သည့်လူမှုအင်အားစုအားကို စည်းရုံးရမည်၊ မည်သည့်ရန်သူကို တိုက်ခိုက်ရမည် စသည်တို့ကိုလည်း သိရှိရန် လိုပေသည်။

ပထမဆုံးသော ဆိုရှယ်လစ်ဝါဒ သက်ဝင်ယုံကြည်မှုမှာ စိတ်ကူးယဉ်အသွင်လက္ခဏာကို ဆောင်ခဲ့ပေသည်။ ပထမဆုံးသော ဆိုရှယ်လစ်များသည် ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်း စနစ်တစ်ခုကို စိတ်ကူးတွေးခေါ်ခဲ့ကြ၏။ ဆိုရှယ်လစ်ဝါဒ၏ ပုံပန်းသဏ္ဌာန်နှင့် အရောင်အသွေးကို ထုတ်ဖော်ကြေညာခဲ့ကြ၏။ သို့ရာတွင် သူတို့၏ ဆိုရှယ်လစ်ဝါဒမှာ စိတ်ကူးထဲတွင်သာရှိ၏။ ဆိုရှယ်လစ်စနစ်အား မည်သို့မည်ပုံ လက်တွေ့အကောင်အထည် ဖော်ရမည်ကို မပြောနိုင်ခဲ့ကြပေ။

စိတ်ကူးယဉ်ဝါဒသမားများက အရင်းရှင်လူ့အဖွဲ့အစည်းစနစ်ကြီးသည် တရားမျှတခြင်း မရှိ၊ ကျိုးကြောင်းမှန်ကန်ခြင်း မရှိဟု ဝေဖန်ခဲ့ကြပေသည်။ သို့ဖြင့် ၎င်းတို့သည် ဆိုရှယ်လစ်ဝါဒကို တရားမျှတမှုနှင့် ဆင်ခြင်တုံတရားတို့အပေါ်တွင်သာ အခြေခံခဲ့ကြ၏။ သို့အခြေခံခြင်းမှာ လူတိုင်း၌ ဆင်ခြင်တုံတရား၏ ဉာဏ်အလင်းရောင် ရှိသည်ဟု ယူဆခဲ့ကြသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် သူတို့သည် ဆိုရှယ်လစ်ဝါဒ၏ သစ္စာတရားကို လက်ခံကျင့်သုံးကြရန်၊ လူတိုင်းကို မေတ္တာရပ်ခံခဲ့ကြသည်။ လူ့အဖွဲ့အစည်း၏ ဩဇာအကြီးဆုံးဖြစ်သော အုပ်ထိန်းသူများကို ပထမဆုံး မေတ္တာရပ်ခံခဲ့ကြသည်။

စိတ်ကူးယဉ်ဝါဒီများသည် အရင်းရှင်စနစ်ကို ပထမဆုံး ဖော်ထုတ်ရှုချခဲ့ကြသူများ ဖြစ်၏။ ကုန်လုပ်ကိရိယာများကို အများက ပိုင်ဆိုင်မှုအပေါ်တွင် အခြေခံသော ဆိုရှယ်လစ်လူ့အဖွဲ့အစည်းဖြင့်သာ အရင်းရှင်စနစ်ကို အစားထိုးရမည်ဟု ပထမဦးဆုံး သိမြင်ခဲ့ကြသူများဖြစ်သည်။ သို့ရာတွင် သူတို့၏ သိမြင်မှုသည် ပြုပြင်ရေးသမားများ၏ ခေါင်းထဲမှ ယက်ထုတ်လိုက်သော သိမြင်မှုသာ ဖြစ်ပေသည်။ သူတို့သည် ဆိုရှယ်လစ်

စနစ် အောင်မြင်ရေးအတွက် နည်းလမ်းကို မပြနိုင်ခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော် သူတို့၌ လူမှုပြောင်းလဲမှု၏ ဥပဒေသများကို သိမြင်သော ခံယူချက် မရှိသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းသစ်ကို ဖန်တီးနိုင်စွမ်းရှိသော တကယ့် လူမှုအင်အားစုကို ညွှန်ပြခြင်း မပြုနိုင်ခဲ့ကြပေ။

ထိုလူမှုအင်အားစုကား အလုပ်သမားလူတန်းစားပင် ဖြစ်၏။ အမြတ်ထုတ် ရေးစနစ်ကို အဆုံးသတ်ခြင်းသည် အရင်းရှင်လူတန်းစားကို အဆုံးသတ်ခြင်းမည်ပေရာ၊ အရင်းရှင်လူတန်းစားသည် ဆိုရှယ်လစ်စနစ်ကို ခုခံတိုက်ခိုက်မည်သာ ဖြစ်၏။ အခြားတစ် ဖက်၌ကား ဆိုရှယ်လစ်စနစ်သည် အလုပ်သမားလူတန်းစားအား သွေးစုပ်ခြယ်လှယ်ခြင်း မှ လွတ်မြောက်စေပေသည်။ ဆိုရှယ်လစ်ဝါဒသည် ဆင်းရဲခြင်းနှင့် အလုပ်လက်မဲ့ဖြစ် ခြင်းကို အဆုံးသတ်ခြင်း မည်ပေသည်။ ဆိုရှယ်လစ်ဝါဒသည် အလုပ်သမားများက အခြားသူတို့ အမြတ်ရရေးအတွက် အလုပ်လုပ်ရခြင်း မဟုတ်ဘဲ၊ ၎င်းတို့ကိုယ်တိုင် အတွက် အလုပ်လုပ်ရခြင်းဟု အဓိပ္ပါယ်ထွက်ပေသည်။

သို့ရာတွင် ဆိုရှယ်လစ်ဝါဒ အောင်မြင်ရေးမှာ ဆိုရှယ်လစ်ဝါဒတိုက်ပွဲ၌ အလုပ်သမားလူတန်းစားသည် ဘယ်၍ ဘယ်မျှ စုစည်းမိသည့် ဆိုသည့်အချက်ပေါ်တွင် တည်၏။ အရင်းရှင်လူတန်းစား၏ ခုခံမှုကို ၎င်းတို့က ဘယ်၍ဘယ်မျှ တိုက်နိုင်သည် ဆိုသည့်အချက်ပေါ်တွင် တည်၏။ ဤတိုက်ပွဲတွင် အလုပ်သမားလူတန်းစားသည် အုပ်စိုးသူအရင်းရှင်လူနည်းစု၏ လုယက်ခြင်း၊ မွဲပြာကျအောင်လုပ်ခြင်း၊ ချွတ်ခြုံကျ ဘဝသို့ ရောက်အောင်လုပ်ခြင်း စသည်တို့ကို ခံနေကြရသော အခြားအစိတ်အပိုင်းများနှင့် စည်းရုံးညီညွတ်ရန် လို၏။ သို့ဖြင့် အဖိနှိပ်ခံလူထုသည် လူ့အဖွဲ့အစည်း၏ လူများစု ကြီး ဖြစ်လာစေအပ်၏။

ထိုမျှနှင့် မပြီးသေးပေ။ ဆိုရှယ်လစ်ဝါဒ အောင်မြင်စေလိုလျှင် အလုပ်သမား လူတန်းစားအား အရင်းရှင်စနစ်အောက်မှ လွတ်မြောက်စေလိုလျှင်၊ အလုပ်သမား လူတန်းစားလှုပ်ရှားမှုသည် ၎င်း၏ဆိုရှယ်လစ် ရည်မှန်းချက်များကို **သိစိတ်ရှိရန်** လိုပေသည်။ သို့ရာတွင် ထိုသိစိတ်သည် အလိုအလျောက် ပေါ်ပေါက်လာသည် မဟုတ်ပေ။ ထိုသိစိတ် ရှိလာရေးအတွက်၊ ဆိုရှယ်လစ် သဘောတရားတစ်ရပ်ကို သိပ္ပံနည်းကျစွာ ထူထောင်ရမည် ဖြစ်ပေသည်။ ထိုသဘောတရားကို အလုပ်သမား လူတန်းစား လှုပ်ရှားမှုအတွင်းသို့ ဆွဲသွင်းလာရန် လိုပေသည်။ အလုပ်သမားလူတန်း စား လှုပ်ရှားမှု အတွင်း၌၊ ထိုသိစိတ်ကို လက်ခံလာရေးအတွက် တိုက်ပွဲဆင်နွှဲရန် လိုပေသည်။

အလုပ်သမားများ၏ ဘဝအခြေအနေကပင်လျှင်၊ ၎င်းတို့အား စည်းရုံးစုပေါင်းစေ၏။ သို့ဖြစ်ရခြင်းမှာ ၎င်းတို့၏ ဘဝအဆင့်အတန်းကို အရင်းရှင် ဖိနှိပ်မှုများမှ ခုခံကာကွယ်နိုင်စေရန်နှင့် အဆင့်အတန်း တိုးမြင့်အောင်ပြုလုပ်နိုင်စေရန် ဖန်တီးပေးထားသလို ဖြစ်နေပေတော့သည်။ သို့တိုင်အောင် အလုပ်သမား လူတန်းစား၏ ဘဝအဆင့်အတန်း မြှင့်တင်ရေးအတွက် တိုက်သော အလုပ်သမားသမဂ္ဂတိုက်ပွဲများသည် အရင်းရှင်စနစ်၏ အရိုန်အဝါများနှင့် မကင်းလွတ်သေးပေ။ အလုပ်သမားလူတန်းစား တိုက်ပွဲသည် စီးပွားရေး ရည်မှန်းချက်များ သက်သက်နှင့်သာ ကန့်သတ်ထားပါက၊ အရင်းရှင်စနစ်အား တိုက်ခြင်း မမည်ဘဲ၊ အရင်းရှင်စနစ်ထံမှ လျှော့ပေါ့ခွင့်ပြုချက်များကို တောင်းခြင်းသာ ဖြစ်နေပေလိမ့်မည်။ အလုပ်သမားလူတန်းစားလှုပ်ရှားမှုသည် ဆိုရှယ်လစ်သဘောတရားကို တပ်ဆင်ခြင်းမရှိပါက၊ အရင်းရှင်စနစ်အား ပြုပြင်ဖာထေးပေးသည့် တိုက်ပွဲသာ ဖြစ်နေပေလိမ့်မည်။

ထို့ကြောင့် အလုပ်သမား လူတန်းစား လှုပ်ရှားမှုကို ဆိုရှယ်လစ်သဘောတရား တပ်ဆင်ပေးရမည် ဖြစ်၏။ သို့မှသာ အလုပ်သမားလူတန်းစား လှုပ်ရှားမှုသည် အရင်းရှင်စနစ်အား ဖျက်သိမ်းရေးဟူသော ၎င်း၏ ရေရှည်ရည်မှန်းချက်ကို သိမိတ်ရှိလာလိမ့်မည်ဖြစ်၏။ ထိုရည်မှန်းချက်ကို သိစိတ်ရှိလာလိမ့်မည်ဖြစ်၏။ ထိုရည်မှန်းချက်အောင်မြင်ရေးအတွက် လူတန်းစားတိုက်ပွဲ၏ သေနင်္ဗျူဟာနှင့် နည်းပရိယာယ်များကို ချမှတ်နိုင်မည် ဖြစ်ပေသည်။

အလုပ်သမားလူတန်းစားလှုပ်ရှားမှု၏ သမိုင်း၌ အရင်းရှင်စနစ်ထံမှ လျှော့ပေါ့ခွင့်ပြုချက်များ ရရုံလောက်သာ တိုက်လိုသော ခေါင်းဆောင်များ ရှိခဲ့ကြဘူး၏။ ဤအမြင်မှာ အလုပ်သမား လှုပ်ရှားမှုအတွင်း အချောင်သမားဝါဒ အမြင်ပင် ဖြစ်ပေသည်။ သူတို့သည် လူတန်းစား တစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားကို စွန့်လွှတ်ကာ၊ အလုပ်သမား လူတန်းစား၏ အချို့သော အစိတ်အပိုင်းအတွက် ယာယီအနိုင်ရမှုများလောက်ကိုသာ ကြည့်ကြပေသည်။ ထို့ကြောင့် အလိုအလျောက် ဖြစ်ပေါ်လာသော ပြုပြင်ရေးတိုက်ပွဲကို အလုပ်သမားလူတန်းစားလှုပ်ရှားမှု၏ အဆုံးစွန်သော ရည်မှန်းချက်ဟုလက်ခံခြင်းသည် အလုပ်သမားလူတန်းစားလှုပ်ရှားမှုတွင် အချောင်သမားဝါဒ အမြစ်တွယ်ခြင်း မည်ပေသည်။

ဆိုရှယ်လစ်ဝါဒ အောင်မြင်လိုပါက အလုပ်သမားလူတန်းစားလှုပ်ရှားမှုသည် လုပ်သားလူထုများ၏ သဘာဝတ ပေါ်ပေါက်လာသော အခြေအနေကောင်းမွန်ရေး တိုက်ပွဲများကိုသာ မှီခိုအားထားနေ၍ မဖြစ်ပေ။ အလုပ်သမားလူတန်းစားလှုပ်ရှားမှု

သည့် ဆိုရှယ်လစ်ဝါဒသဘောတရားကို တပ်ဆင်ရမည် ဖြစ်၏။ အရင်းရှင်စနစ်အား သိပ္ပံနည်းကျစွာ နားလည်ရမည်ဖြစ်၏။ အရင်းရှင်စနစ်အောက်၌ ကွဲပြားခြားနားသော လူတန်းစားများ၏ အခြေအနေကို နားလည်ရမည်ဖြစ်၏။ ဆိုရှယ်လစ်ဝါဒ တည်ဆောက်ရေးအတွက် အရင်းရှင်စနစ်အား တွန်းလှန်လျက်ရှိသော အင်အားစုအားလုံးကို စည်းရုံးခြင်းဖြင့်သာ အလုပ်သမားလူတန်းစား၏ လွတ်မြောက်ရေးသည် ဖြစ်နိုင်ကြောင်းကို သဘောပေါက်ရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ သိပ္ပံနည်းကျသော ဆိုရှယ်လစ် သဘောတရား၏ စည်းရုံးလမ်းညွှန်မှု အင်အားစုမရှိဘဲ၊ အလုပ်သမားလူတန်းစားသည် အရင်းရှင်စနစ်ကို အောင်မြင်နိုင်မည် မဟုတ်ပေ။ ဆိုရှယ်လစ်သဘောတရားအား အလုပ်သမားလူတန်းစားလှုပ်ရှားမှုနှင့် ပေါင်းစပ်ပေးခြင်းသည် အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ ချီတက်ရေးအတွက် ပဏာမအဆင့်ဖြစ်ပေသည်။

### လူ့အဖွဲ့အစည်းနှင့်ဆိုင်သောမာ့က်စ်ဝါဒသိပ္ပံပညာ

မာ့က်စ်ဝါဒ၏ ကြီးမားသော အထောက်အကူပြုချက်မှာ သိပ္ပံနည်းကျသော ဆိုရှယ်လစ်သဘောတရားနှင့် ၎င်းသဘောတရားအား အလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွင်းသို့ ဆွဲယူဆက်စပ်ပေးခြင်းဖြစ်သည်။

**မာ့က်စ်**နှင့် **အိန်ဂျယ်လ်စ်**တို့သည် လူမှုဖြစ်ပေါ်တိုးတက်မှု ဥပဒေသများ၊ လူတန်းစားတိုက်ပွဲ ဥပဒေများကို သိပ္ပံနည်းကျစွာ သိမြင်ခြင်းအပေါ်၌ သူတို့၏ ဆိုရှယ်လစ်ဝါဒကို အခြေခံခဲ့သည်။ ထို့ကြောင့် သူတို့သည် ဆိုရှယ်လစ်ဝါဒ အောင်မြင်ကြောင်း နည်းလမ်းများကို ပြသနိုင်ခဲ့ခြင်းဖြစ်၏။ အလုပ်သမားလူတန်းစားအား ၎င်း၏သမိုင်းပေး တာဝန်နှင့်စပ်သော အသိပညာလက်နက်ကို တပ်ဆင်ပေးနိုင်ခဲ့ခြင်းဖြစ်၏။ **မာ့က်စ်**သည် ဤကောက်ချက်များကို ဆွဲယူနိုင်ရန်အတွက် သုတေသနလုပ်ငန်းများကို အပြင်းအထန် လုပ်ခဲ့သော်လည်း၊ သုတေသီသက်သက် တစ်ဦးမျှသာမဟုတ်ပေ။ ၁၉၄၀ ခုနှစ်များ၌ **မာ့က်စ်**သည် တော်လှန်သော ဒီမိုကရက်တစ်ဦး၊ ရီပတ်ဘလီကန်တစ်ဦးအနေဖြင့် တော်လှန်ရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ပေသည်။ တိုက်ပွဲများတွင် ပါဝင်ဆောင်ရွက်ခဲ့ပေသည်။ တိုက်ပွဲများတွင် တက်ကြွသော နိုင်ငံရေးသမားတစ်ယောက် အနေဖြင့် ယင်းသို့ ပါဝင်ခဲ့ခြင်းဖြင့် **မာ့က်စ်**သည် သူပါဝင်ဆင်နွှဲသော တိုက်ပွဲအား ပန်းတိုင်သို့ မည်သို့မည်ပုံ ရှေ့ဆောင်ရန်ကို နားလည်သိမြင်ခဲ့ခြင်း ဖြစ်ပေသည်။

**မာ့က်စ်**သည် ယင်းသို့ တိုက်ပွဲဆင်နွှဲရင်းဖြင့် တွေ့ရှိခဲ့သော ကောက်ချက်များ

ကို ၁၈၄၈ ခုနှစ်တွင် အိန်ဂျယ်လ်စ်နှင့်အတူရေးသည့် **ကွန်မြူနစ်ကြေညာစာတမ်း**တွင် ထုတ်ဖော်တင်ပြခဲ့သည်။

**မာ့က်စ်** နှင့် **အိန်ဂျယ်လ်စ်** တို့က လူမှုလှုပ်ရှားမှု တစ်ခုလုံးသည် လူတန်းစားအချင်းချင်း တိုက်ကြသော တိုက်ပွဲဟုမြင်၏။ ယင်းသို့ တစ်ခုနှင့်တစ်ခု ရန်ဘက်ပြုကြသော လူတန်းစားများသည်လည်း လူ့အဖွဲ့အစည်း၏ စီးပွားရေးဖြစ်ပေါ်တိုးတက်မှု၏ ထုတ်ကုန်များဟု မြင်၏။ နိုင်ငံရေးဆိုသည်မှာ စီးပွားရေးလှုပ်ရှားမှုနှင့် လူတန်းစားတိုက်ပွဲတို့၏ ရောက်ပြန်ဟပ်ချက်ဟုမြင်၏။ ထိုစဉ်က ရှေ့တက်လျှက်ရှိပြီး မြေရှင်ပဒေသရာဇ် အကြွင်းအကျန်များကို ဖျက်သိမ်းရန်နှင့် ဒီမိုကရေစီ ထူထောင်ရန် ကြွေးကြော်သော နေရှင်တော်လှန်ရေးသည် ပစ္စည်းမဲ့ဆိုရှယ်လစ်တော်လှန်ရေးအတွက် လမ်းရှင်းပေးနေခြင်းဟု မြင်၏။ ထိုပစ္စည်းမဲ့ ဆိုရှယ်လစ်တော်လှန်ရေးသည်လည်း နိုင်ငံရေးအာဏာကို သိမ်းပိုက်လိုသော အလုပ်သမားလူတန်းစားကသာ အောင်မြင်အောင် ပြုလုပ်နိုင်သည်ဟု မြင်ခဲ့ကြလေသည်။

ထို့ကြောင့်သာ **မာ့က်စ်** နှင့် **အိန်ဂျယ်လ်စ်**တို့သည် အလုပ်သမား လူတန်းစား၏အကျိုးကို ရှေ့တန်းသို့ တင်ခဲ့ခြင်း ဖြစ်ပေသည်။ အလုပ်သမားလူတန်းစားအား သမိုင်း၌ သစ်နေသော၊ တက်နေသော၊ ပုံပြောင်းနေသော အင်အားစုအဖြစ် တွေ့မြင်ခဲ့ခြင်း ဖြစ်ပေသည်။ သွေးစုပ်ခြယ်လှယ်သော လူတန်းစားရပ်တည်မှုမှ၊ ဘယ်လိုကြည့်ကြည့် မြင်နိုင်စွမ်းမရှိသော၊ လူမှုပြောင်းလဲမှု ဥပဒေသများကို သူတို့ရှာဖွေနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

**အိန်ဂျယ်လ်စ်**က အောက်ပါအတိုင်း ရေးခဲ့သည်။

*''...သမိုင်းအား ကြည့်မြင်ချက်နှင့် လုံးဝပြောင်းလဲသွားစေမည့် သမိုင်းဆိုင်ရာ အဖြစ်အပျက်များသည် ပေါ်ပေါက်ခဲ့ပေသည်၊ ၁၈၃၁ ခုနှစ်တွင် လိုင်ယွန်(စ်)မြို့၌ (ပြင်သစ်ပြည်) ပထမဆုံးသော အလုပ်သမားလူတန်းစားထကြွမှု ဖြစ်ပေါ်ခဲ့သည်၊ ၁၈၃၈ ခုနှင့် ၁၈၄၈ ခုကြားတွင် ပထမဆုံး အမျိုးသားအလုပ်သမားလှုပ်ရှားမှုဖြစ်သည့် အင်္ဂလိပ် ချားတစ်လှုပ်ရှားမှုသည် အထွဋ်အထိပ်သို့ရောက်ခဲ့သည်''*

*''...ပစ္စည်းမဲ့နှင့် နေရှင်အကြားရှိ လူတန်းစားတိုက်ပွဲသည် ရှေ့တန်းသို့ ရောက်လာပေပြီ၊ သို့ရာတွင် သမိုင်းအား စိတ်ဝါဒဆန်စွာကြည့်သော ခံယူချက်ဟောင်းသည် ရုပ်ကျသော အကျိုးစီးပွားများတွင် အခြေခံသည့် လူတန်းစားတိုက်ပွဲအကြောင်းကို စိုးစဉ်းမျှ မသိချေတကား။ ရုပ်ကျသော အကျိုးစီးပွားအားလုံးကိုလည်း စိုးစဉ်းမျှ မသိချေတကား။ အကြောင်းအရာသစ်များသည် သမိုင်းဟောင်းကို အသစ် ပြန်လည်စစ်ဆေးရန်*

*တောင်းဆိုခဲ့ပေသည်တကား…''*

အိန်ဂျယ်လ်စ်က ဤအခြေအနေသစ်ကို သုံးသပ်ပြီးနောက်တွင် အောက်ပါအတိုင်း ဆက်၍ပြောခဲ့ပြန်သည်။

''…*အတိတ်တွင် ကျန်ခဲ့သည့် သမိုင်းဟူသမျှသည်၊ လူတန်းစားတိုက်ပွဲ၏ သမိုင်းမျှသာ ဖြစ်ပေသည်၊ အချင်းချင်း စစ်ပြိုနေကြသော လူတန်းစားများသည် ကုန်လုပ်ရေးနှင့် ကုန်ဖလှယ်ရေး အခြေအနေများ၏ သားကောင်များသာ ဖြစ်ပေသည်။ အချုပ်ဆိုရလျှင် ထိုခေတ်စီးပွားရေး အခြေအနေများ၏ သားကောင်များသာ ဖြစ်ပေသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်း၏ စီးပွားရေးအဆောက်အအုံသည် အခြေခံဖြစ်ပေသည်။ တရားဥပဒေစနစ်၊ နိုင်ငံရေးစနစ်၊ ဘာသာရေးယုံကြည်မှု၊ အဘိဓမ္မာခံယူမှုနှင့် သမိုင်းခေတ်ကာလအား ကြည့်မြင်ချက်များ စသည်တို့သည် ထိုအခြေခံပေါ်တွင် တည်ဆောက်ထားသည့် အပေါ်ယံ အဆောက်အအုံများသာ ဖြစ်ပေသည်…''*

အရင်းရှင် လူ့အဖွဲ့အစည်းတွင် လူတန်းစားတိုက်ပွဲ၏ အရေးကြီးပုံကို အသိအမှတ်ပြုလိုက်သည်နှင့် ကုန်လွန်ခဲ့သော ခေတ်ကာလများတွင်လည်း အလားတူ လူတန်းစားတိုက်ပွဲများ ဆင်နွှဲခဲ့ကြသည်ဟု ဆိုလိုရာရောက်ပေသည်။ ရှေးဟောင်းဘုံစနစ် ကွယ်ပျောက်သည့်အချိန်မှစ၍ အတိတ်ကာလ သမိုင်းတစ်ခုလုံးသည် လူတန်းစားတိုက်ပွဲများ၏ သမိုင်းဟု ဆိုလိုရာရောက်သည်။

သို့ဖြစ်၍ *လူတန်းစား တိုက်ပွဲများသည် ဘယ်ပေါ်တွင် အခြေစိုက်သနည်း။ ကွဲပြားခြားနားသော လူတန်းစားများ၏ ရုပ်ကျသော အကျိုးစီးပွားများပေါ်တွင် အခြေစိုက်ပေသည်။* သို့ဖြစ်ရာ သမိုင်းဖြစ်ပေါ်မှု တစ်ရပ်လုံး၏ သော့ချက်ကိုရှာလျှင်၊ အဆိုပါ ရုပ်ကျသော အကျိုးစီးပွားများ၏ အဝန်းအဝိုင်း၌ လိုက်လံရှာဖွေရမည် ဖြစ်ပေသည်။ ကွဲပြားခြားနားသော အကျိုးစီးပွားရှိကြသည့် ကွဲပြားခြားနားသော လူတန်းစားများအား ကုန်လုပ်ရေးနှင့် ကုန်ဖလှယ်ရေး အခြေအနေများ၏ သားကောင်များအဖြစ် မြင်ရမည်သာ ဖြစ်ပေသည်။ လူ့အဖွဲ့အစည်း၌ ဖြစ်ပေါ်နေသော စီးပွားရေး အခြေအနေများ၏ သားကောင်အဖြစ် မြင်ရမည် ဖြစ်ပေသည်။ **မာ့က်စ်က** ညွှန်ပြခဲ့သည် –

''…*ကုန်လုပ်ရေးတွင် လူသည် သဘာဝနှင့်သာ ဆက်စပ်နေရသည် မဟုတ်၊ လူအချင်းချင်းလည်း ဆက်စပ်နေရသည်၊ တစ်နည်းနည်းအားဖြင့် လူလူချင်းစုပေါင်း၍ ကုန်ထုတ်ကြရသည်၊ တစ်ဦးနှင့်တစ်ဦး လှုပ်ရှားဆောင်ရွက်မှုချင်း အပြန်အလှန် ဖလှယ်ကြရသည်။ ကုန်လုပ်နိုင်ရန်အတွက် ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပေါင်းသင်းကြရသည်။ ယင်းသို့သော လူမှုဆက်သွယ်မှုများ၊ ပေါင်းသင်းမှုများဖြင့်သာ လူများ*

*သည် သဘာဝတွင် တုံ့ပြန်ကြပြီး၊ ကုန်များကို ထုတ်လုပ်ကြခြင်း ဖြစ်ပေသည်…''*

**မာ့က်စ်** နှင့် **အိန်ဂျယ်လ်စ်**တို့သည် သမိုင်းဖြစ်ပေါ် တိုးတက်မှု ဥပဒေသများကို ဤသို့နားလည်ခဲ့ကြပြီးနောက်၊ ဆိုရှယ်လစ်ဝါဒသည် စိတ်ကူးယဉ်အိပ်မက်တစ်ခု မဟုတ်ကြောင်း၊ အရင်းရှင်လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုနှင့် အရင်းရှင်စနစ်ဆန့်ကျင်သော အလုပ်သမားလူတန်းစားတိုက်ပွဲ၏ လွှဲရှောင်မရသော ရလဒ်သာဖြစ်ကြောင်းကို ပြခဲ့ကြသည်။ အလုပ်သမားလူတန်းစားသည် ၎င်း၏အင်အားကို သိစိတ်ရှိရန်၊ ၎င်း၏ ကိုယ်ပိုင်လူတန်းစားအကျိုးစီးပွားကို သိစိတ်ရှိရန် ညွှန်ခဲ့ကြသည်၊ အရင်းရှင်စနစ်အား မကျေမနပ်ဖြစ်နေကြသော အင်အားစုအားလုံးကို စုစည်း၍ အရင်းရှင်လူတန်းစားအား အလျှော့မပေးသောတိုက်ပွဲ ဆင်နွှဲရေးအတွက် စည်းရုံးကြရန် ထောက်ပြခဲ့ကြသည်။ အရင်းရှင်များ၏ ခုခံမှုကို ချေမှုန်း၍ ၎င်းတို့အား အာဏာလက်မဲ့ဖြစ်စေကာ အလုပ်သမားလူတန်းစားက နိုင်ငံရေးအာဏာကို မရရှိပါက၊ ဆိုရှယ်လစ်ဝါဒ တည်ဆောက်၍ မရနိုင်ကြောင်းကို ပြခဲ့ကြသည်။ ကမ္ဘာဟောင်းကို ဖျက်ဆီးပစ်၍ အသစ်ဖြစ်သော လူတန်းစားမဲ့ လူ့အဖွဲ့အစည်းကို ဖန်တီးလိုလျှင်၊ အလုပ်သမားလူတန်းစားသည် ၎င်း၏ ပါတီဖြစ်သော ကိုယ်ပိုင်ပါတီဖြစ်ရမည်ဟု ညွှန်ပြခဲ့ကြသည်။ **မာ့က်စ်**နှင့် **အိန်ဂျယ်လ်စ်**တို့က ၎င်းပါတီကို **ကွန်မြူနစ်ပါတီ**ဟု ခေါ်ကြပေသည်။

## အခန်း ၂
# ရုပ်ဝါဒနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ သိပ္ပံပညာ

သမိုင်းဆိုင်ရာ ရုပ်ဝါဒ၏ ပထမ လမ်းညွှန်ဝါဒမှာ အောက်ပါအတိုင်း ဖြစ်သည်။ သဘာဝကဲ့သို့ပင် လူ့အဖွဲ့အစည်း၌ ပြောင်းလဲမှုနှင့် ဖြစ်ပေါ်တိုးတက်မှုတို့သည် ဒိဋ္ဌကျသော ဥပဒေသများအရ ဖြစ်ပေါ်ကြသည်။

လူ့အဖွဲ့အစည်း၌ ဖြစ်ပျက်သမျှသော အရာဟူသမျှတို့သည် လူပုဂ္ဂိုလ်တို့၏ သိစိတ်ဖြင့် ပြုလုပ်သော လှုပ်ရှားဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်လာသည်။ သို့ရာတွင် ယင်းသိစိတ်တို့ကိုလည်း စီးပွားရေး ဖြစ်ပေါ်တိုးတက်မှု ဥပဒေများက ဖန်တီးပေးသည်။ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှု ဥပဒေများသည်လည်း လူ၏ဆန္ဒနှင့် ကင်းလွတ်၍ ဖြစ်ပေါ်နေသည်။

လူမှုဖြစ်ပေါ်တိုးတက်မှုဥပဒေသများကို မာ့က်စ်က ရှာဖွေတွေ့ရှိချက်သည် အလုပ်သမားလူတန်းစားလှုပ်ရှားမှုအား သိပ္ပံနည်းကျသော အသိပညာလက်နက်ကို တပ်ဆင်ပေးသည်။ ထိုလက်နက်၏ အကူအညီဖြင့်သာ အလုပ်သမားလူတန်းစားသည် အရင်းရှင်စနစ် ဆန့်ကျင်သော တိုက်ပွဲကို ဆင်နွှဲနိုင်ပြီး ဆိုရှယ်လစ်ဝါဒကို အောင်မြင်နိုင်သည်။ ဆိုရှယ်လစ် လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်သည်။

လူမှုဥပဒေသများက မာ့က်စ်ဝါဒက ကြည့်မြင်ခံယူချက်သည် ကံ–ကံ၏ အကျိုးဟူသော ခံယူချက်မျိုး မဟုတ်။ ပြည်သူများသည် ၎င်းတို့၏ ကိုယ်ပိုင်အားထုတ်မှုများဖြင့် လူ့အဖွဲ့အစည်းကို ပြောင်းလဲနိုင်သည်။ ပြောင်းလဲသည်ဟု ပြဆိုသော ခံယူချက် ဖြစ်သည်။ ထိုခံယူချက်သည် လူပုဂ္ဂိုလ်ခေါင်းဆောင်များ၏ အခန်းကဏ္ဍကို ပစ်ပယ်ခြင်းလည်း မရှိ၊

သို့ရာတွင် ပုဂ္ဂိုလ်ခေါင်းဆောင်များသည် လူတန်းစားများ၏ အကျိုးစီးပွားကို ကိုယ်စားပြုကာ လူတန်းစား၏ အကျိုးစီးပွားများအတွက် ဆောင်ရွက်သည် ဟု ခံယူသည်။

**သမိုင်းအားရုပ်ဝါဒသမားက ခံယူပုံ**

မည်သည့်အင်အားစုများက လူ့အဖွဲ့အစည်းကြီးကို မောင်းနှင်နေကြသနည်း၊ လူမှုဖြစ်ပေါ် တိုးတက်မှုသည် မည်သည့်ဥပဒေသများအရ ဖြစ်ပေါ်တိုးတက်နေသနည်း။ ဤမေးခွန်းများကို သမိုင်းဆိုင်ရာ ရုပ်ဝါဒက ဖြေဆိုပေသည်။ ထို့ကြောင့် မောင်းနှင်ရေး အင်အားစု၏ ယေဘူယျ သဘောတရားနှင့် လူမှုဖြစ်ပေါ်တိုးတက်မှု၏ ဥပဒေသများကို ပြဆိုသည့် စာတမ်းကို သမိုင်းအား ရုပ်ကျစွာ ကြည့်မြင် ခံယူချက် (ဝါ) သမိုင်းဆိုင်ရာ ရုပ်ဝါဒဟု ခေါ်ပေသည်။

လူတို့၏ နေ့စဉ်ပြဿနာများကို ဖြေရှင်းရာ၌ ရုပ်ဝါဒကျသော လောက အမြင်ကို ဟပ်ယူလိုက်သောအခါ သမိုင်းဆိုင်ရာ ရုပ်ဝါဒဟူ၍ ဖြစ်ပေါ်လာသည်။ **မာ့က်စ်**အဖို့ ရုပ်ဝါဒဆိုသည်မှာ ကမ္ဘာလောကကြီးအား အဓိပ္ပါယ်ကောက်ယူသော သဘောတရား သက်သက်မျှသာ မဟုတ်တော့ဘဲ ကမ္ဘာကြီးအား ပြောင်းပစ်ရေး၊ လူလူချင်း ခေါင်းစုပ်ခြယ်လှယ်ခြင်းကင်းသည့် လူ့အဖွဲ့အစည်း တည်ဆောက်ရေးတို့၌ လမ်းပြသော လက်တွေ့လမ်းညွှန်ဝါဒတစ်ခု ဖြစ်လာသည်။ ထို့ကြောင့် **မာ့က်စ်**သည် လူတို့၏ နေ့စဉ်ပြဿနာများကို ဖြေရှင်းရေးတွင် ရုပ်ဝါဒကျသော လောကအမြင်ကို ဟပ်၍ ကြည့်ခြင်းဖြစ်၏။ ယင်းသည် သမိုင်းဆိုင်ရာရုပ်ဝါဒ ဖြစ်ပေသည်။

ထိုမျှမကပေ။ သမိုင်းဆိုင်ရာ ရုပ်ဝါဒ၌ ခေတ်မီသော ထူးခြားချက်လည်း ရှိပေသည်။ သမိုင်းဆိုင်ရာ ရုပ်ဝါဒကို ယခု လက်ရှိအဖြစ်အပျက်များကို လေ့လာကြည့် မြင်ရာတွင် အသုံးပြုနိုင်ပေသည်။ သမိုင်းဆိုင်ရာ ရုပ်ဝါဒအမြင်ဖြင့် ကြည့်ခြင်းကြောင့် အတိတ်ကာလ အဖြစ်အပျက်များ၏ အကြောင်းရင်းကိုသာမက ယနေ့အဖြစ်အပျက်များ ၏ အကြောင်းရင်းများကို ထင်ရှားစွာ သိမြင်နိုင်သည်။ ထို့ကြောင့် ပြည်သူများအတွက် ဘာတွေလုပ်မလဲ၊ ဘယ်ပေါ်လစီကို ချမှတ်မလဲ ဆိုသည့် ပြဿနာများ ဖြေရှင်းပြီးရန် လွယ်ကူစေသည်။ သမိုင်းဆိုင်ရာ ရုပ်ဝါဒသည် သမိုင်းကို သိပ္ပံပညာတစ်ရပ်ဖြစ်အောင် ပြုလုပ်ပေးပေသည်။ သမိုင်းဆိုင်ရာရုပ်ဝါဒသည် သမိုင်းကို မည်သို့မည်ပုံ အနက် အဓိပ္ပါယ်ပြန်ရမည်ဆိုသော သဘောတရား သက်သက်မျှသာ မဟုတ်ပေ။ သမိုင်းကို လူက ဘယ်လိုလုပ်ရမည်ကို ပြသည့် သဘောတရားတစ်ရပ်ကိုလည်း ဖြစ်ပေသည်။

ထို့ကြောင့် ယနေ့ သမိုင်းကို ရေးနေကြသော တော်လှန်သော လူတန်းစား၏ လက်တွေ့ ပေါ်လစီလည်း ဖြစ်လာပေသည်။

လူမှုပြဿနာများကို ဖြေရှင်းရာတွင် ရုပ်ဝါဒသမားလောကအမြင်ကို ကျင့်သုံးလိုက်ခြင်းဖြင့် လမ်းညွှန်မှုသုံးရပ် ပေါ်ပေါက်လာ၏။ သမိုင်းဆိုင်ရာရုပ်ဝါဒသည် ဤလမ်းညွှန်မှုသုံးရပ်ဖြင့် လူမှုကိစ္စများဖြင့် ကြည့်မြင်နားလည်ပေသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ လူ့အဖွဲ့အစည်းသည် ပရမ်းပတာ ဖြစ်ပေါ်တိုးတက်နေခြင်း မဟုတ်၊ အစီအစဉ်ကျစွာ ဖြစ်ပေါ်တိုးတက်နေသည်။ ယင်းဖြစ်ပေါ်တိုးတက်မှုကို ဒိဋ္ဌကျသော ဥပဒေသများက ပြုလုပ်ပေးသည်။ ထိုဥပဒေသများသည်လည်း သိပ္ပံပညာဖြင့် ရှာဖွေတွေ့ရှိနိုင်သော အရာဖြစ်သည်။

၂။ နိုင်ငံရေးဆိုင်ရာ၊ အယူဝါဒဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ စသည့် ရှုမြင်ချက်များသည် လူ့အဖွဲ့အစည်း၏ ရုပ်ဘဝ ဖြစ်ပေါ်တိုးတက်မှု အခြေခံပေါ်တွင် ပေါ်ထွက်လာရခြင်း ဖြစ်သည်။

၃။ တစ်ဖန် ယင်းသို့ လူ့အဖွဲ့အစည်း၏ ရုပ်ဘဝ အခြေအနေများတွင် အခြေခံ၍ ထွက်ပေါ်လာသော တွေးခေါ်ရှုမြင်ချက်များ၊ အဆောက်အအုံများသည် ရုပ်ဘဝ ဖြစ်ပေါ်တိုးတက်မှု၌ အရေးကြီးသော အခန်းမှ ပါဝင်လျက် ရှိသည်။

ဤကား လူမှုပြဿနာများကို ရုပ်ဝါဒသမား လောကအမြင်ဖြင့် ကြည့်လိုက်သည့်အခါတွင် ပေါ်ပေါက်လာသော လမ်းညွှန်မှုများ ဖြစ်လေသည်။

## ဒိဋ္ဌကျသော ဥပဒေသများအရဖြစ်ပေါ်သော လူမှုဖြစ်စဉ်များ

ရုပ်ဝါဒသမားလောကအမြင်ကို လူ့ကိစ္စများတွင် ဟပ်၍ ကြည့်လိုက်ရာမှ ပေါ်ပေါက်လာသော ပထမလမ်းညွှန်မှု၏ သဘောမှာ ဤသို့ ဖြစ်သည်။ သဘာဝမှာကဲ့သို့ လူ့အဖွဲ့အစည်းအတွင်း ပြောင်းလဲမှုနှင့် ဖြစ်ပေါ်တိုးတက်မှု ဟူသမျှသည် ဒိဋ္ဌကျသော ဥပဒေသများအရ ဖြစ်ပေါ်လာကြရသည်။ သဘာဝဖြစ်စဉ်ကဲ့သို့ပင် လူမှုဖြစ်စဉ်များ အားလုံးကို ဒိဋ္ဌကျသော ဥပဒေသများက ဖြစ်ပေါ်လှုပ်ရှားစေသည်။

ရှာဖွေတွေ့ရှိနိုင်သော ဥပဒေသများအရလည်းကောင်း၊ သက်ဆိုင်ရာ ဝတ္ထုပစ္စည်းများနှင့် ဖြစ်စဉ်များ၏ အသွင်လက္ခဏာများအရလည်းကောင်း၊ သဘာဝ၏ ဖြစ်စဉ်များ ပေါ်ပေါက်လာကြသည်ဟု ရုပ်ဝါဒက ယူဆသည်။ ရုပ်ကမ္ဘာလောကကြီး

ထဲတွင် ဘာတွေဖြစ်နေသည်ကို ရုပ်ကမ္ဘာလောကကြီးထဲက ရုပ်သက်သေများဖြင့်ပင် ရုပ်ဝါဒက ရှင်းလင်းဖော်ပြသည်။ ရုပ်ဝါဒသည် ရုပ်သက်သေများဖြင့် ရှင်းလင်းဖော်ပြခြင်း မပြုနိုင်သော အဖြစ်အပျက်များ၊ ထာဝရဘုရားသခင် ဖန်တီးမှုများကို အသိအမှတ် မပြုပေ။ ရုပ်အဖြစ်အပျက်များအား ရုပ်မဟုတ်သော သဘာဝမဟုတ်သော အရာများက လွှမ်းမိုးချုပ်ကိုင်ခြင်းကို အသိအမှတ်မပြုပေ။

အလားတူပင် လူမှုဖြစ်စဉ်များသည်လည်း ရှာဖွေတွေ့ရှိနိုင်သော ဥပဒေသများအရ ပေါ်ပေါက်လာကြသည်ဟု ရုပ်ဝါဒက ယူဆပေသည်။ လူ့ကိစ္စများသည် ရုပ်ကမ္ဘာလောကကြီး၏ အစိတ်အပိုင်းမျှသာ ဖြစ်၏။ ထို့ကြောင့် လူ့ကိစ္စများထဲတွင်လည်း ရုပ်သက်သေဖြင့် ရှင်းလင်းဖော်ပြခြင်း မပြုနိုင်သောအရာများ ထာဝရဘုရားသခင် ဖန်တီးမှုများ ရှိသည်ဟု ရုပ်ဝါဒက မယုံကြည်ပေ။

ရုပ်ဝါဒသမားအမြင်ကို လူမှုပြဿနာများတွင် ထင်ဟပ်ကြည့်လိုက်ခြင်းသည် လူ့အဖွဲ့အစည်း၏ ပြောင်းလဲလှုပ်ရှားမှုကို ရှာဖွေရမည်ဟု အဓိပ္ပါယ်ထွက်ပေသည်။ ထိုကြောင့် စတာလင်က အောက်ပါအတိုင်း ပြောခဲ့လေသည်။

*"...ရုပ်ဝါဒအမြင်တွင် လူမှုဘဝ၊ လူမှုအဖွဲ့အစည်း၏ သမိုင်း စသည်တို့သည် 'မတော်တဆ ဖြစ်မှု'များကို စုပေါင်းဖွဲ့စည်းထားခြင်း မဟုတ်ပေ။ လူမှုဘဝနှင့် လူ့အဖွဲ့အစည်း၏ သမိုင်းသည် စနစ်ကျသော ဥပဒေသများအရ ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။ လူ့အဖွဲ့အစည်း၏ သမိုင်းကို လေ့လာခြင်းသည်လည်း သိပ္ပံပညာတစ်ရပ် ဖြစ်လာပေသည်၊ ထို့ကြောင့် လူမှုဘဝ၏ အသွင်သဏ္ဌာန်သည် ရှုပ်ထွေးမှုများ ရှိသော်လည်း လူ့အဖွဲ့အစည်း သမိုင်း၏ သိပ္ပံပညာသည် (ဥပမာအားဖြင့် ဇီဝဗေဒကဲ့သို့ပင်) တိကျသော သိပ္ပံပညာတစ်ရပ် ဖြစ်လာပေသည်။ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု ဥပဒေသများအား လက်တွေ့ကျသော ရည်ရွယ်ချက်များအတွက် အသုံးချနိုင်လာပေသည်။"*

## ဒိဋ္ဌကျသောဥပဒေသများအားရုပ်ဝါဒသမားကခံယူပုံ

ဤကျမ်းတွင် 'ဥပဒေသ'ဆိုသော စကားလုံးကို မကြာခဏ တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်လျှင် 'ဥပဒေသ'ဟူသောစကားလုံး၏ အဓိပ္ပါယ်သည် ဘာလဲ 'ဥပဒေသများ'ကို ရုပ်ဝါဒသမားက ဘယ်လိုမြင်သလဲ၊ ဘယ်လိုခံယူသလဲ။

ဥပဒေသဆိုသည်မှာ အဖြစ်အပျက်များထဲတွင် တွေ့ရှိနိုင်သော ဒိဋ္ဌကျသော မှန်မှန်ကြီး ဖြစ်ပေါ်နေကြသော ဖြစ်မှုပျက်မှုများကို ဖော်ပြချက်ပင် ဖြစ်သည်။ ဥပဒေသ

တစ်ခုသည် အသွင်သဏ္ဍာန် အခြင်းအရာ စသည်တို့ကြားတွင်ရှိသော တစ်စုံတစ်ခုသော စနစ်တကျ ဆက်သွယ်နေမှုများကို ဖော်ပြရန် ဖွဲ့စည်းထားသည့် စည်းမျဉ်းပင်ဖြစ်သည်။

ယင်းဥပဒေသများထဲတွင် 'ဖော်ပြထားသည့်' ဆက်သွယ်မှုများ စနစ်တကျဖြစ်မှုပျက်မှုများသည် ကျွန်ုပ်တို့၏ စိတ်ဆန္ဒများနှင့် ကင်းလွတ်၍ ရှိနေကြသည်။ ယင်းဆက်သွယ်မှုများ စနစ်တကျ ဖြစ်မှုပျက်မှုများကို ကျွန်ုပ်တို့ သိရှိလာ၍ ဥပဒေသများအဖြစ် ဖော်ပြလိုက်သောအခါ၊ ကျွန်ုပ်တို့၏ လက်တွေ့ဆောင်ရွက်ချက်များတွင် ဤဥပဒေသများကို ထည့်သွင်းတွက်ချက်လာရသည်။ သို့ရာတွင် ထိုဥပဒေသများသည် ဒိဋ္ဌကျ၍ သိပ္ပံနည်းကျသောအခါတွင် ကျွန်ုပ်တို့၏ စိတ်ဆန္ဒများ သိစိတ်များနှင့် သီးခြားကင်းလွတ် ဖြစ်ပေါ်နေကြသော ဒိဋ္ဌကျသည့် ဆက်သွယ်မှုများနှင့် စနစ်တကျဖြစ်မှုပျက်မှုများကို ဖော်ပြပေသည်။

ဥပမာအားဖြင့် ဆွဲငင်ခြင်း ဥပဒေသ ထဲတွင် ဖော်ပြပါရှိသည့် ခန္ဓာကိုယ်များ၏ အပြန်အလှန် တုံ့ပြန်ဆွဲငင်မှုသည် ကျွန်ုပ်တို့၏ စိတ်ဆန္ဒနှင့် ကင်းလွတ်ဖြစ်ပေါ်လျက်ရှိသည်။ ကျွန်ုပ်တို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဖြစ်ပေါ်လျက်ရှိ၏။ ဤဥပဒေသကို ကျွန်ုပ်တို့ ပြောင်းလဲခြင်းငှာ မစွမ်းရကား ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လှုပ်ရှားမှုများတွင် ဤဥပဒေသနှင့် လိုက်လျောညီထွေ ကျင့်ရုံသာ ရှိပေတော့သည်။

သို့ဖြစ်ရာ ဥပဒေသများက လူမှုဖြစ်စဉ်ကို စနစ်တကျ ဖြစ်ပျက်စေသည်ဆိုလျှင် လူ့အဖွဲ့အစည်းတွင်လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ လူမှုဖြစ်စဉ်များ၌ စနစ်တကျ ဖြစ်မှုပျက်မှုများ ရှိကြ၏။ ထိုဖြစ်မှုပျက်မှုများ ဆက်သွယ်မှုများသည် ကျွန်ုပ်တို့၏ စိတ်ဆန္ဒ ကျွန်ုပ်တို့၏ သိစိတ်နှင့် သီးခြားကင်းလွတ်လျက်ရှိ၏။ ကျွန်ုပ်တို့ သတိပြုလိုသည်ဖြစ်စေ၊ မပြုမိသည်ဖြစ်စေ၊ ကျွန်ုပ်တို့ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ၎င်းဆက်သွယ်မှုများ ဖြစ်မှုပျက်မှုများသည် တည်ရှိနေကြသည်သာ ဖြစ်ပေသည်။

လူ့အဖွဲ့အစည်းသည် ဒိဋ္ဌကျသော ဥပဒေသများအရ တိုးတက်ဖြစ်ပေါ်လျက်ရှိသည်၊ ဆိုလိုသည်မှာ –

၁။ လူမှုအဖြစ်အပျက်များသည် ၎င်းအဖြစ်အပျက်များကို ဖြစ်စေသော အခြေအနေများ တည်ရှိမှုမှ ဖြစ်ပေါ်လာကြသည်ဟု ဖြစ်စေသော အခြေအနေများ တည်ရှိမှုမှ ဖြစ်ပေါ်လာကြသည်ဟု ဆိုလိုရင်းဖြစ်၏။ ဥပမာအားဖြင့် လူထုလှုပ်ရှားမှုတစ်ခု

ဖြစ်ပေါ်သည် ဆိုပါစို့၊ ပထမအားဖြင့် လူထုလှုပ်ရှားမှုကို ဖြစ်ပေါ်စေသော အခြေအနေများ တည်ရှိရ၏။ ထိုအခြေအနေများမှ လူထုလှုပ်ရှားမှု ပေါ်ထွက်လာခြင်း ဖြစ်ပေသည်။ တစ်စုံတစ်ခုသော အချိန်၊ တစ်စုံတစ်ခုသော ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်သော လှုပ်ရှားမှု တစ်ခုသည် ၎င်း၏ အကြောင်းရင်းများ မရှိသော အခြားအချိန်တစ်ချိန် အခြားပတ်ဝန်းကျင်တစ်ခုတွင် ဖြစ်ပေါ်ခြင်း မပြုနိုင်ပေ။

ရောမအင်ပိုင်ယာတွင် ခရစ်ယာန်ဘာသာသနာ ထွန်းကားလာရပုံကို ကြည့်လျှင် ကျွန်ုပ်တို့သည် ခရစ်ယာန်သာသနာကို ထွန်းကားစေခဲ့သည့် အကြောင်းရင်းများကို မွေးဖွားပေးသော ထိုခေတ်ရောမ လူမှု လူ့အဖွဲ့အစည်းရှိ အခြေအနေကို ကြည့်ရမည် ဖြစ်ပေသည်။ အလားတူပင် ခေတ်သစ်ဥရောပတွင် လွတ်လပ်စွာ တွေးကြံမှုနှင့် ဆင်ခြင်တုံတရားဝါဒ ထွန်းကားပုံကို ကြည့်လျှင်၊ ၎င်းတို့ကို ထွန်းကားစေခဲ့သည့် အကြောင်းရင်းများကို မွေးဖွားပေးရာ၊ ခေတ်သစ်ဥရောပလူ့အဖွဲ့အစည်းရှိ အခြေအနေများကိုပါ ကြည့်ရှုရမည် ဖြစ်ပေသည်။ လူထုလှုပ်ရှားမှုတစ်ခုသည် လူ့အဖွဲ့အစည်းကြီး၏ ယေဘုယျလှုပ်ရှားမှုနှင့် ကင်းလွတ်ကာ လူအချို့၏ စိတ်ကူးဖြင့် ပေါ်ပေါက်လာခြင်း မဟုတ်ပေ။

၂။ တစ်စုံတစ်ခုသော အဖြစ်အပျက်သည် ပေါ်ပေါက်လာသည်နှင့် ၎င်း၏ အကျိုးသက်ရောက်မှုများသည် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ နောက်က ထပ်ချပ်ပါလာသည်။ ယင်းအကျိုးသက်ရောက်မှုများကို ထက်ချပ်ပြုသော အမှု၊ ထက်ချပ်ပြုသော အဖြစ်တို့ဖြင့် ပြုပြင်ပြောင်းလဲပစ်နိုင်သည်။ သို့ရာတွင် ဖျက်ဆီးပစ်၍ မရ။

ဥပမာအားဖြင့် သံလိုက်အိမ်မျှောင်ကို စတင်တီထွင်လိုက်ခြင်းကြောင့် လူတို့ ကြိုတင်မျှော်မှန်း၍ မရနိုင်သော အကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်လာခဲ့သည်။ အလားတူပင် ရေနွေးငွေ့ဖြင့်သွားသော စက်နှင့် စက်ယက္ကန်းကို တီထွင်လိုက်ခြင်းကြောင့် လူတို့ ကြိုတင်မျှော်မှန်း၍ မရနိုင်သော အဆက်ဆက်သော အကျိုးသက်ရောက်မှုများစွာကို ဖြစ်ပေါ်လာစေခဲ့သည်။ အဆက်ဆက်သော၊ တစ်ခုပြီးတစ်ခုဖြစ်သော အကျိုးသက်ရောက်မှုများသည် စတင်လှုပ်ရှားမိသည်နှင့် တစ်ပြိုင်နက်၊ လူမှုအဖြစ်အပျက်များအား ရည်မှန်းချက်တစ်ခုဆီသို့ ဦးတည်ပေးလိုက်သည်။ နိုင်ငံရေးနှင့် အယူအဆရေးရာတွင်လည်း အလားတူပင် ဖြစ်ပေသည်။ လူ၏ နိုင်ငံရေးနှင့် အယူအဆရေးရာ ဆောင်ရွက်ချက်များသည် တစ်စုံတစ်ခုသော လူမှုပတ်ဝန်းကျင်မှ ထွက်ပေါ်လာပြီးသည့်နောက်၌၊ ထိုပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေပေသည်။

၃။ ပတ်ဝန်းကျင် အခြေအနေများသည် အမြဲတစေ ပြောင်းလဲနေကြသော်လည်း ယခင်ဖြစ်ပြီးသော အလားတူ ပတ်ဝန်းကျင်အခြေအနေတစ်ခုသည် နောက်ထပ် ဘယ်တော့မျှ ပြန်မဖြစ်တော့ပေ။ သို့ရာတွင် အကြောင်းဆက်သော အလားတူ ဆက်သွယ်မှုမျိုးကိုကား တွေ့ရှိရတတ်သည်။

သို့ဖြင့် သမိုင်းခေတ်ကာလ အမျိုးမျိုးတွင် ပေါ်ပေါက်ခဲ့သည့် လူမှုလှုပ်ရှားမှုကြီးများသည် အမျိုးမျိုးသော ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသည့် အကြောင်းဆက်သော အလားတူ ဆက်သွယ်မှုများကို ဥဒါဟရုဏ် ဆောင်ပြနေသကဲ့သို့ ရှိပေသည်။ ဥပမာအားဖြင့် လွန်ခဲ့သည့် အနှစ်သုံးရာလောက်က၊ မြေရှင်ပဒေသရာဇ်စနစ်မှ လွတ်မြောက်ရေးအတွက် လှုပ်ရှားမှုကြီးတစ်ခု ပေါ်ခဲ့ဖူးသည်။ ယနေ့တွင် အရင်းရှင်စနစ်မှ လွတ်မြောက်ရေးအတွက် လှုပ်ရှားမှုကြီးတစ်ခု ပေါ်ပေါက်လျက်ရှိသည်။ ဤလှုပ်ရှားမှုများသည် တစ်ခုနှင့်တစ်ခု မတူ ကွဲပြားကြ၏။ သို့ရာတွင် အလားတူ ဖြစ်စဉ် ထပ်မံဖြစ်ခြင်းပင် ဖြစ်သည်။ ၎င်းလှုပ်ရှားမှုကြီးများ ပေါ်ပေါက်လာရခြင်းမှာ တည်ဆဲလူမှုစနစ်များသည် စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုတွင် အဟန့်အတားကြီး ဖြစ်နေသောကြောင့်ပင် ဖြစ်ပေသည်။

သို့ရာတွင် လူမှုဖြစ်စဉ်များသည် ဥပဒေသများအရ စနစ်တကျ ဖြစ်ပေါ်လာရခြင်းဖြစ်သောကြောင့် လူ့အဖွဲ့အစည်းကို ဖော်ပြသော သိပ္ပံပညာ (လူ့အဖွဲ့အစည်း၏ သိပ္ပံပညာ) သည်လည်း တည်ရှိရမည်ဆိုသောအချက်က တစ်ဌာန၊ ယင်းဥပဒေသများကို ရှာဖွေတွေ့ရှိခြင်းက တစ်ဌာနဖြစ်၏။ သို့ဖြစ်လျှင် မာ့က်စ်ဝါဒသည် ယင်းပြဿနာကို မည်သို့ချဉ်းကပ်လေ့လာသနည်း။

## လူမှုဖြစ်ပေါ်တိုးတက်မှုတွင်ပဓာနကျသောအကြောင်းအချက်များ

လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုသည် သဘာဝ၏ ဖြစ်ပေါ်တိုးတက်မှုနှင့် မတူပေ။ လူ့အဖွဲ့အစည်းသည် သိစိတ်ရှိသော လူသတ္တဝါများဖြင့် ဖွဲ့စည်းထားသည်။ လူမှုအကျိုးသက်ရောက်မှု ဟူသမျှသည် လူ၏ သိစိတ်ရှိသော လှုပ်ရှားဆောင်ရွက်မှုများမှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုသည် သဘာဝ၏ ဖြစ်ပေါ်တိုးတက်မှုနှင့် မတူဘဲ၊ ထူးခြားသော လက္ခဏာကို ဆောင်ပေသည်။

ဤသည်ကို **အိန်ဂျယ်လ်စ်**က အောက်ပါအတိုင်း ရေးခဲ့၏။

*"... လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် သဘာဝ၏ ဖြစ်ပေါ်တိုးတက်မှု*

တို့သည် (အနည်းဆုံး) အချက်ကြီး တစ်ချက်တွင်တော့ အခြေခံအားဖြင့် ခြားနားကြပေသည်။ သဘာဝ၌ အကန်းဖြစ်သော သိစိတ်မရှိသောအရာများသည် တစ်ခုကို တစ်ခု တုံ့ပြန်လှုပ်ရှားကြသည်။ လူ့အဖွဲ့အစည်း၏ သမိုင်းတွင်ကား လှုပ်ရှားကပြသူများသည် သိစိတ်ရှိကြသူများသာ ဖြစ်ပေသည်။ စဉ်းစားဉာဏ်၊ ခံစားချက် စသည်တို့ဖြင့် လှုပ်ရှားကာ တစ်စုံတစ်ခုသော ပန်းတိုင်အတွက် အလုပ်လုပ်နေကြသော လူများသာ ဖြစ်ပေသည်။ သိစိတ်ရှိသောရည်ရွယ်ချက်၊ မျှော်မှန်းထားသော ရည်ရွယ်ချက် မရှိဘဲ ဘာမျှ အလိုအလျောက်ဖြစ်ခြင်း မဟုတ်ပေ''

ထို့ကြောင့် အများကပင် ဒိဋ္ဌကျသော ဥပဒေသ ဟူသည် သဘာဝဖြစ်စဉ်တွင်သာ ရှာဖွေတွေ့ရှိနိုင်၍၊ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု သမိုင်းတွင် ရှာဖွေ မတွေ့ရှိနိုင်ဟု စောဒကတက်ကြသည်။ ၎င်းတို့က သဘာဝတွင် အရာတိုင်းသည် သဘာဝဥပဒေသများ၏ အဆုံးအဖြတ်အတိုင်း ဖြစ်ကြရသည်။ သို့ရာတွင် လူ့အဖွဲ့အစည်း၌မူ လူတို့၏ သိစိတ်ရှိသော ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များက အရာရာကို ဖန်တီးသည်ဟု ဆိုကြသည်။ သို့ရာတွင် မာ့က်စ်ဝါဒသည် ထိုမျှနှင့် မတင်းတိမ်ပေ။

၁။ ပထမအချက်အားဖြင့် လူများ၏ မှန်းထားချက်ရှိသော ရည်ရွယ်ချက်ရှိသော အလုပ်များ အောင်မြင်မှု၊ မအောင်မြင်မှုကို အဆုံးအဖြတ်ပေးသော အရာမှာ ရုပ်အခြေအနေများဖြစ်သည်ဟု မာ့က်စ်ဝါဒက ယူဆသည်။ လူတိုင်းသည် သူတို့ ကြိုက်သလို မျှော်မှန်းနိုင်ပါ၏။ သို့ရာတွင် သူတို့မျှော်မှန်းသည့်အတိုင်း ဖြစ်ရေး၊ မဖြစ်ရေးကိုမူ ရုပ်အခြေအနေများကသာ ဆုံးဖြတ်သည်ဟု မာ့က်ဝါဒက ယူဆသည်။

ဥပမာအားဖြင့် အမေရိကန် နယ်ချဲ့သမားသည် ဆိုရှယ်လစ်တိုင်းပြည်များကို လည်ပင်းညှစ်သတ်ရန် ရည်ရွယ်ချက်ဖြင့် ဆိုရှယ်လစ်တိုင်းပြည်များနှင့် ကုန်သွယ်ရေးကို ပိတ်ပစ်သည်။ သို့ရာတွင် သူတို့ရည်ရွယ်ချက်က အခြား၊ တကယ်ဖြစ်တာက တခြားဖြစ်၏။ ဆိုရှယ်လစ်တိုင်းပြည်များမှာ အမေရိကန်၏ ကုန်သွယ်ရေး ပိတ်ပင်မှုကြောင့် ပျက်စီးမသွားရုံမျှမက၊ ပို၍ပင် ကြီးထွားတိုးတက်လာပေသည်။ ပိတ်ပင်မှုကြောင့် အရင်းရှင်တိုင်းပြည်များသာ စီးပွားရေးအကြပ်အတည်းများတွေ့ပြီး၊ အရင်းရှင်တိုင်းပြည်အချင်းချင်း ပဋိပက္ခများ ဖြစ်လာကြလေသည်။

သို့ဖြစ်ရာ မှန်းထားချက်ရှိသော လူ့အလုပ်ကို ရုပ်အခြေအနေကသာ ဆုံးဖြတ်ပေးပေသည်။ ဒိဋ္ဌကျသော ဥပဒေသများသည် လူ၏ စိတ်ဆန္ဒနှင့် ကင်းလွတ်၍ ဖြစ်ပေါ်ပေသည်။

၂။ ဒုတိယအချက်အားဖြင့် လူများ၏ ရည်ရွယ်ချက်များ၊ မှန်းထားချက်များ

ကို ဖြစ်ပေါ်စေသော အရာမှာလည်း ရုပ်ပတ်ဝန်းကျင်အခြေအနေများဖြစ်သည်ဟု မာ့က်စ်ဝါဒက ယူဆသည်။ လူသည် စိတ်ကူးတစ်ခု၊ သို့မဟုတ် မျှော်မှန်းချက်တစ်ခုကို ထားရာတွင် သူတွေ့မြင်နေရသည့် ပတ်ဝန်းကျင်အခြေအနေက ခွင့်ပြုသလောက်သာ စိတ်ကူးမျှော်မှန်းနိုင်၏။ လူအမျိုးမျိုး၌ ရည်ရွယ်ချက်အမျိုးမျိုး၊ စိတ်ကူးအမျိုးမျိုးရှိကြသည်မှာ လူတစ်ဦးစီ၏ စိတ်အနေအထား ကွဲပြားသောကြောင့် မဟုတ်ပေ။ သူတို့အသီးသီး၏ ပတ်ဝန်းကျင်အခြေအနေများ ကွဲပြားခြားနားသောကြောင့်သာ ဖြစ်ပေသည်။ ထိုကွဲပြားခြားသော ပတ်ဝန်းကျင်အခြေအနေမှ ကွဲပြားခြားနားသော စိတ်ဝင်စားမှုများ ပေါ်ထွက်လာခြင်းဖြစ်၏။ သို့ကွဲပြားသောကြောင့် ရည်ရွယ်ချက်များ၊ စိတ်ကူးများ ကွဲပြားရခြင်း ဖြစ်ပေသည်။

ဥပမာအားဖြင့် ယခုအချိန်တွင် အချို့က စစ်ပွဲသစ်တစ်ရပ်ကို ဖန်တီးလိုကြ၍ အချို့က ငြိမ်းချမ်းရေးကို ထိန်းသိမ်းလိုကြသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အချို့က စိတ်သဘောထား တင်းမာ၍ ရန်လိုသော သဘာဝရှိသောကြောင့်လည်း အချို့က စိတ်သဘောကောင်း၍ အေးချမ်းစွာ နေလိုသော သဘာဝရှိသောကြောင့်လည်း ကွဲပြားရခြင်း မဟုတ်ပေ။ အချို့က နိုင်ငံတကာအခြေအနေ တင်းမာလာမှ အကျိုးရှိမည်ဖြစ်၍ အချို့က နိုင်ငံတကာ အခြေအနေ လျော့ပေါ့သွားမှ အကျိုးရှိမည်ဖြစ်သောကြောင့်သာ ဖြစ်ပေသည်။

ယင်းသို့ ကွဲပြားခြားနားသော ရည်ရွယ်ချက်များ၊ စိတ်ကူးများကို ဖြစ်ပေါ်စေသော ရုပ်ပတ်ဝန်းကျင် အခြေအနေများ ဖြစ်ပေါ်တိုးတက်မှုကို စဉ်းစားပြန်လျှင်လည်း ဒိဋ္ဌကျသော ဥပဒေသများသည် လူ၏စိတ်ဆန္ဒနှင့် ကင်းလွတ်၍ ဖြစ်ပေါ်လှုပ်ရှားနေကြောင်းကို တွေ့ရမည်ဖြစ်ပေသည်။ ယင်းနှင့်ပတ်သက်၍ မှန်းထားသော ရည်ရွယ်ချက်မရှိဘဲ ဘာမျှအလိုအလျောက် မဖြစ်ဟုလည်းကောင်း၊ တကယ်ဖြစ်လာသော အရာတိုင်းသည်လည်း ရှေးရှည်တွင် ရည်မှန်းထားသည့်အတိုင်း ဖြစ်ခဲ့သည်ဟုလည်းကောင်း၊ **အိန်ဂျယ်လ်စ်**က ညွှန်ပြခဲ့သည်။ ၎င်းကပြောခဲ့သည်မှာ–

''*လောက၌ ကြံစည်တိုင်းလည်း ဖြစ်ကြသည် မဟုတ်ပေ။ ကိစ္စများစွာတို့၌ မှန်းထားသော ရည်ရွယ်ချက်များသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ကာ တိုက်ခတ်မိကြသည်။ သို့မဟုတ်လျှင်လည်း မူလကတည်းကပင် ထိုရည်ရွယ်ချက်များသည် မဖြစ်နိုင်သော အရာများ ဖြစ်နေတတ်သည်။ သို့မဟုတ်လျှင်လည်း ထိုရည်ရွယ်ချက်များ အောင်မြင်ရေး နည်းလမ်းများသည် ပြည့်စုံခြင်း မရှိဖြစ်နေတတ်သည်။ သို့ဖြင့် လူတို့၏ ရည်ရွယ်ချက်များနှင့် အလုပ်များသည် ပဋိပက္ခဖြစ်နေကြကာ၊ ၎င်းတို့သည် သိစိတ်*

*မရှိသော သဘာဝတွင် ဖြစ်ပေါ်တတ်သည့် အဖြစ်အပျက် အခြေအနေများကို လူ့သမိုင်းတစ်လျှောက်တွင် ဖြစ်ပေါ်စေခဲ့ပေသည်။ အလုပ်၏ မျှော်မှန်းချက်များကို စိတ်ကူး၍ ရသော်လည်း ထိုအလုပ်များနောက်မှ ထက်ချပ်ပါလာသော ရလဒ်များကား ကြံစည်စိတ်ကူးသည့်အတိုင်း ဖြစ်လာသော အရာများမဟုတ်ပေ''။*

တစ်နည်းဆိုရလျှင် လူ၏ သိစိတ်ရှိသော လှုပ်ရှားဆောင်ရွက်မှုများက သမိုင်းကို ပြုလုပ်သည်ဟု ဆိုလိုပေသည်။ သို့ရာတွင် သမိုင်းကို ဝိုင်းဝန်းပြုလုပ်သည့် ပြည်သူများ၏ လှုပ်ရှားမှု ဆောင်ရွက်မှုကြောင့် မည်သို့သော ရလဒ်များ ပေါ်ပေါက်လာသည့်အချက်ကိုကား သိနိုင်စွမ်းမရှိဟု ဆိုလိုပေသည်။ အဘယ်ကြောင့်ဆိုသော် သမိုင်းတွင် ဖြစ်ပျက်ခဲ့သည်ကိုထောက်၍ အချို့တို့သည် ကြံစည်တိုင်း ဖြစ်မလာဘဲ၊ ဖြောင့်ဖြောင့် ဆန့်ကျင်၍ ဖြစ်လာကြသည့် ထုံးဟောင်းသာဓကရှိသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် **အိန်ဂျယ်လစ်လ်က** ''*လူတို့၏ရည်ရွယ်ချက်သည် အရေးမကြီး... အရေးကြီးသည်မှာ ထိုရည်ရွယ်ချက်များ နောက်ကွယ်တွင် မည်သည့်မောင်နှင်ရေး အင်အားစုများ ရှိသနည်း။။ ထိုရည်ရွယ်ချက်များကို လူ၏ဦးနှောက်ထဲရောက်လာအောင် ပြုလုပ်သော အရာမှာ မည်သည့်သမိုင်းဆိုင်ရာ အကြောင်းတရား ဖြစ်သနည်းဆိုသည့် အချက်များကသာ အရေးကြီးပေသည်*''ဟု ပြောခဲ့ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် လူ၏ စိတ်ထဲတွင် မှန်းထားချက်များ၊ ရည်ရွယ်ချက်များကို ကိန်းဝပ်ပေါ်ပေါက်စေသော အရာမှာ ရုပ်ပတ်ဝန်းကျင်အခြေအနေများဖြစ်သည်ဟု မာ့က်စ်ဝါဒက ယူဆသည်။ လူ၏ လူမှုလှုပ်ရှား ဆောင်ရွက်ချက်များကို နောက်ဆုံးအဆုံးအဖြတ်ပေးသည်မှာလည်း ရုပ်ပတ်ဝန်းကျင်အခြေအနေများသာ ဖြစ်သည်ဟု မာ့က်စ်ဝါဒက ယူဆသည်။ ဤရုပ်ပတ်ဝန်းကျင်အခြေအနေများကိုလည်း စီးပွားရေး ဖြစ်ပေါ်တိုးတက်မှု၊ ကုန်လုပ်ရေး ဖြစ်ပေါ်တိုးတက်မှု၊ ကုန်လုပ်ရေးနှင့် ကုန်ဖလှယ်ရေး အခြေအနေများ ဖြစ်ပေါ်တိုးတက်မှု စသော လူ့အဖွဲ့အစည်း၏ ရုပ်ဘဝ ဖြစ်ပေါ်တိုးတက်မှုထဲတွင် တွေ့ရှိနိုင်သည်ဟု မာ့က်စ်ဝါဒက ယူဆပေသည်။

ဥပမာအားဖြင့် အရင်းရှင်စနစ်သည် မြေရှင်ပဒေသရာဇ် လူမှုဆက်ဆံရေး၊ မြေရှင်ပဒေသရာဇ် အဆောက်အအုံတို့ကို ဖျက်ဆီးပြီးမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ ခေတ်ရှင်တော်လှန်ရေးသည် ''လွတ်လပ်ရေး၊ တန်းတူညီမျှရေး၊ ညီရင်းအစ်ကိုသဖွယ် ချစ်ခင်ရေး''စသော ရည်ရွယ်ချက်များဖြင့် ပြည်သူများကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ထိုမြေရှင်ပဒေသရာဇ် လူ့အဖွဲ့အစည်း၏ စီးပွားရေး ၎ ဆောက်အအုံကြီးထဲ၌ လယ်သမားသည်လည်းကောင်း၊ မြို့နေအလုပ်သမားသည် ၎ည်းကောင်း၊

တက်သစ်စဓနရှင်သည်လည်းကောင်း၊ လူတန်းစားအသီးသီးသည် မြေရှင်ပဒေသရာဇ် အုပ်စိုးမှုအောက်တွင် အဖိနှိပ်ခံနေရာကာ ၎င်း၏ ရုပ်ကျသော အကျိုးစီးပွားများကို ခံစားခွင့် ရရှိရေးအတွက် စိတ်အားတက်ကြွလျက် ရှိခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် လွတ်လပ်ခွင့်အတွက် တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ ယင်းကို ၎င်းတို့၏ လွတ်လပ်ခွင့် ရည်မှန်းချက်ထဲတွင် တွေ့နိုင်သည်။ ၎င်းတို့၏ တိုက်ခိုက်မှုကြောင့် မြေရှင်ပဒေသရာဇ် နောင်ကြိုးများသည် ပြတ်တောက်သွားခဲ့ကြ၏။ သို့ရာတွင် တကယ် ၎င်းတို့၏တော်လှန်ရေးကြောင့် ရရှိခဲ့သောရလဒ်ကား တော်လှန်ရေးတွင် ပါဝင်တိုက်ခိုက်ခဲ့သော လူများစု ကြီး၏ ရည်ရွယ်ချက်နှင့် တခြားစီ ဖြစ်ပေသည်။ မြေရှင်ပဒေသရာဇ်နောင်ကြိုးများ ဖြတ်တောက်သွားသည့်နောက်တွင် ရရှိခဲ့သည်။ လွတ်လပ်ခွင့်ကား အများစု၏ လွတ်လပ်ခွင့်မဟုတ်ဘဲ ဓနရှင်များ၏ လွတ်လပ်ခွင့်သာ ဖြစ်ပေသည်။ ဓနရှင်၏ စီးပွားရေး တိုးတက်မှုသည် လွတ်လပ်စွာ ဖွံ့ဖြိုးလာခဲ့ပေသည်။ ထို့ကြောင့် စီးပွားရေး ဖြစ်ပေါ် တိုးတက်မှု ဥပဒေသများသည် လူ၏ စိတ်ဆန္ဒနှင့် ကင်းလွတ်ဖြစ်ပေါ်ကာ အရင်းရှင်စနစ် ၏ ဖြစ်ပေါ်တိုးတက်မှုကို ရောက်ရှိစေခဲ့သည်။ သို့ဖြင့် ဓနရှင်စနစ်သည် လူအများက သတိမမူမိသော လူမှုဥပဒေသများအရ ဖြစ်ပေတိုးတက်လာခဲ့ပေသည်။

ထို့ကြောင့် လူ့အဖွဲ့အစည်းသည် သိစိတ်ရှိသော လှုပ်ရှားမှုများ၊ သမိုင်းကို ပြုလုပ်သော လူပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည်ဟု မာ့က်စ်ဝါဒက ယူဆသည်။ သို့ရာတွင် သမိုင်းဖြစ်ပေါ်တိုးတက်မှု ဥပဒေသများကို ရှာဖွေတွေ့ရှိရန်အတွက် ပြည်သူ များ၏ သိစိတ်ရှိသော ရည်ရွယ်ချက်၊ မှန်းထားချက်များ နောက်ကွယ်တွင်ရှိသည့် လူ့အဖွဲ့အစည်း၏ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုနှင့် လူတန်းစားတိုက်ပွဲကို ကြည့်မြင် တတ်ရမည်ဟု မာ့က်စ်ဝါဒက သင်ကြားပေးသည်။ သို့မှသာ ပြည်သူများ၏ လုပ်ဆောင် ချက်များကို ဖန်တီးသော ရုပ်ပတ်ဝန်းကျင် အခြေအနေများအား ပြောင်းလဲလှုပ်ရှားစေ သည် ဥပဒေသများကို တွေ့ရှိနိုင်ပေသည်။

**စီးပွားရေးဖြစ်ပေါ်တိုးတက်မှုဥပဒေသများ**

သဘာဝမှာကဲ့သို့ပင် လူ့အဖွဲ့အစည်းအတွင်း ပြောင်းလဲမှုနှင့် ဖြစ်ပေါ်တိုးတက် မှုတို့သည် ဒိဋ္ဌကျသော ဥပဒေသများအရ စနစ်တကျ ဖြစ်ပေါ်နေကြသည်ဟု ရုပ်ဝါဒ မြင်သည်။ ယင်းသို့ ပြောင်းလဲမှုနှင့် ဖြစ်ပေါ်တိုးတက်မှုကို စေ့ဆော်နေသော ဒိဋ္ဌကျသော အခြေခံဥပဒေသများသည်လည်း စီးပွားရေးလက္ခဏာကို ဆောင်သည်ဟု ယူဆသည်။ တစ်နည်းဆိုရသော် လူ့အဖွဲ့အစည်း၏ အခြေခံဥပဒေသများသည် ကုန်လုပ်ရေးဖြစ်ပေါ်

ဝိုးတက်မှု၊ ကုန်လုပ်ရေးနှင့် ကုန်ဖလှယ်ရေး အခြေအနေ လူတန်းစားများ ကွဲပြားမှုနှင့် လူတန်းစားဆက်ဆံရေး၊ လူတန်းစားတိုက်ပွဲ စသည်တို့ကို စိုးမိုးလွှမ်းခြုံနေသော ဥပဒေသများသာ ဖြစ်ပေသည်။

လူ့အဖွဲ့အစည်း၏ ရုပ်ဘဝ အခြေအနေများ ဖြစ်ပေါ်တိုးတက်မှုကို စနစ်တကျ ဖြစ်ပေါ်စေရင်းဖြင့် လူမှုဖြစ်ပေါ်တိုးတက်မှု ဤအခြေခံဥပဒေသများသည် လူများ၏ နောက်ကွယ်တွင် လူတို့ သတိမမူမိဘဲ၊ မောင်းနှင်လှုပ်ရှားနေကြပေသည်။ ဤအခြေခံ ဥပဒေသများ မောင်းနှင်လှုပ်ရှားခြင်းကြောင့် တစ်စုံတစ်ခုသော ပတ်ဝန်းကျင်အခြေအနေ သည် ဖြစ်ပေါ်လာရသည်။ တစ်ဖန် ထိုပတ်ဝန်းကျင်အခြေအနေသည် လူတို့၏ သိစိတ်ရှိသော ရှုမြင်ချက်၊ ရည်ရွယ်ချက် စသည်တို့ကို ဖြစ်ပေါ်စေကာ ထိုမှတစ်ဖန် လူတို့၏ ရည်ရွယ်ချက်များနှင့် ကင်းလွတ်၍ လူတို့၏ အလုပ်နှင့် ထိုက်တန်သော အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေပေသည်။

သို့ရာတွင် လူသည် ဤအခြေခံဥပဒေသများကို နားမလည်သေးခင်သာ အရှုံးပေးနေရခြင်းဖြစ်၏။ လူမှုလုပ်ဆောင်ချက်များကို ရုပ်ပတ်ဝန်းကျင်အခြေအနေကသာ ဖန်တီးအဆုံးဖြတ်ပြုသည်ကို နားလည်လာသည်နှင့် တစ်ပြိုင်နက် မိမိလုပ်ဆောင်ချက် များ၏ ရလဒ်ကို ဘယ်အခြေခံဥပဒေသများက စိုးမိုးနေသည်ကို နားလည်လာသည်နှင့် တစ်ပြိုင်နက် လူသည် တကယ်ဖြစ်နိုင်သော အခြေအနေများနှင့် လိုက်လျောညီစွာ မိမိ၏ ကံကြမ္မာလမ်းကြောင်းကို ဖန်တီးလာနိုင်ပေသည်။ မိမိ၏ လုပ်ဆောင်ချက် များကို တကယ့်ရုပ်ပတ်ဝန်းကျင် အခြေအနေများနှင့်လည်းကောင်း၊ လူမှုဘဝ၏ ဥပဒေ သများနှင့်လည်းကောင်း ကိုက်ညီလိုက်လျောအောင် ကျင့်သုံးလာနိုင်ပေသည်။

ထို့ကြောင့် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုဥပဒေသများကို ရှာဖွေ တွေ့ရှိခြင်းသည် သိပ္ပံပညာ ရှာဖွေတွေ့ရှိချက်များလိုပင် အရေးကြီးသော အချက်တစ်ရပ် ဖြစ်လာလေသည်။ လူမှုလုပ်ဆောင်ချက်များ၏ စွမ်းရည်သစ်၊ သတ္တိသစ်များကို ဖြစ်ပေါ် စေခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ဤတွေ့ရှိချက်သည် လူ့အဖွဲ့အစည်းအတွင်း ရှိ လူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်စွမ်းရေးအတွက် အဆိုပါ ဥပဒေသများကို မည်သို့မည်ပုံ အသုံးချရမည်ကို ညွှန်ပြသောကြောင့် ဖြစ်လေသည်။ ကျွန်ုပ်တို့သည် သမိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုဥပဒေသများကို နားလည်ပါက၊ သမိုင်းဆိုင်ရာ လိုအပ် ချက်ပေါ်တွင် ကျွန်ုပ်တို့၏ ပေါ်လစီကို အခြေခံခြင်းဖြင့်လည်းကောင်း၊ လူ့အဖွဲ့အစည်းတွင် လူများစု၏ တကယ့်လိုအင်ဆန္ဒနှင့် ကိုက်ညီစွာ ကျွန်ုပ်တို့၏ ပေါ်လစီကို ချမှတ်ခြင်းဖြင့် လည်းကောင်း၊ သမိုင်းကို အသစ်ပြန်လည် ပြုလုပ်နိုင်လေသည်။

အလုပ်သမား လူတန်းစားလှုပ်ရှားမှုသည် ဤနည်းဖြင့် မာ့က်စ်ဝါဒ၏ တွေ့ရှိချက်များကို အသုံးချနိုင်ပေသည်။ ဆိုရှယ်လစ်ဝါဒအတွက် အလုပ်သမားလူတန်းစားတိုက်ပွဲများ အလွန်အမင်း လိုအပ်နေချိန်တွင် **မာ့က်စ်**သည် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု ဥပဒေသများကို ရှာဖွေတွေ့ရှိခဲ့၏။ အလုပ်သမား လူတန်းစားလှုပ်ရှားမှုသည် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု ဥပဒေသများကို သိပ္ပံနည်းကျစွာ နားလည်ခြင်းဖြင့် အရင်းရှင်စနစ်ကို အပြီးတိုင် သုတ်သင်၍ ဆိုရှယ်လစ်စနစ်သို့ ရောက်ရှိနိုင်မည် ဖြစ်ပေသည်။

**မာ့က်စ်ဝါဒသည် ကံယုံဝါဒလော**

လူ့အဖွဲ့အစည်းသည် ဒိဋ္ဌကျသော ဥပဒေသများအရ ဖြစ်ပေါ်တိုးတက်သည်ဟု ဆိုလိုက်ခြင်းဖြင့် အချို့က ယင်းမှာ 'ကံယုံဝါဒ'တစ်မျိုးဟု မကြာခဏ ယူဆကြသည်၊ သတ္တဝါများ၊ အရာဝတ္ထုများသည် ကံတရားဖန်တီးသည့်အတိုင်း ဖြစ်ကြ၊ ပျက်ကြရသည်၊ ကံတရားဖန်တီးမှုကြောင့် ပေါ်ပေါက်လာသမျှကို ဘာမျှ ပြုပြင်ပြောင်းလွဲ၍ မရဟု ဆိုကြ၏။ သို့ရာတွင် **မာ့က်စ်**ဝါဒမှာ ယင်းသို့သော ဝါဒမဟုတ်ပေ။ ထိုမျှမက ကံယုံဝါဒနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပေသည်။

သမိုင်းနှင့် ပတ်သက်သော ကံယုံသဘောတရားများ ယခင်အခါက ပေါ်ထွန်းခဲ့ဖူးပေသည်။ ၎င်းတို့မှာ ဝါဒသဘောတရားများသာဖြစ်သည်၊ **မာ့က်စ်**ဝါဒသည် ထိုဝါဒမျိုးနှင့် ဆန့်ကျင်၏။ ထိုဝါဒမျိုးသည် **မာ့က်စ်**ဝါဒနှင့် ဆန့်ကျင်ကြလေသည်။ ဥပမာအားဖြင့် လူ့အဖွဲ့အစည်းသည် ထာဝရဘုရားသခင်၏ အလိုတော်အရ ဖြစ်ပေါ်တိုးတက်ရမည်ဟူသော အယူအဆမှာ စိတ်ဝါဒဆန်သော သမိုင်းဆိုင်ရာ ရှုမြင်ချက်ဖြစ်သည်ဟု **ဟီဂဲလ်**က လူ့အဖွဲ့အစည်း၏ သမိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု တစ်ရပ်လုံးသည် အကြွင်းမဲ့ဉာဏ်တော်ဟုခေါ်သော အရာ၏ ဖန်တီးမှုဖြင့် အဆင့်ဆင့် ဖြစ်ပေါ်တိုးတက်ရသည်ဟု ယူဆသည်။ ၎င်းမှာ သမိုင်းကိုကြည့်မြင်သော **ဟီဂဲလ်**၏ အဘိဓမ္မာဖြစ်၏။ အချို့က သမိုင်းသည် 'စက်ဝိုင်း'ပမာ အထပ်ထပ် လည်ပတ်ဖြစ်ပေါ်နေသည်ဟု ယူဆကြသည်။ ခေတ်တစ်ခေတ် ဆန်းလာခြင်း၊ တိမ်ကောသွားခြင်း၊ မင်းဆက်တစ်ဆက်တက်ခြင်း၊ ကျခြင်း စသည်တို့သည် စက်ဝိုင်းပမာ အဖန်တလဲလဲ ပြန်ဖြစ်နေကြသည်ဟု ယူဆသည်။ ယင်းသို့ဖြင့် သမိုင်းခေတ်ကာလတစ်ခု၏ အတက်အကျ၊ အဆုတ်အဆန်း စသည်တို့သည် အဖန်ဖန်အလဲလဲ ဖြစ်ကြရသည်။ သို့ဖြစ်ရခြင်းမှာ ရှောင်လွှဲ၍ မရနိုင်သော တရားဟု ယူဆကြသည်။ သမိုင်းအား ယင်းသို့ကြည့်မြင်ချက်

မျိုးများကို **စပင်ဂလာ**၏ 'အနောက်၏ ကျဆုံးခြင်း'စသော သမိုင်းကျမ်းနှင့် **အာနိုးတွန်ဘီလ်**၏ 'သမိုင်းကိုလေ့လာခြင်း' အစရှိသောကျမ်းများတွင် တွေ့ရှိနိုင်ပေသည်။

ယင်းသဘောတရားများ၏ စိတ်ဝါဒဆန်သော အယူအဆအချုပ်မှာ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု ဥပဒေသများသည် လူ့အဖွဲ့အစည်း၏ ပြင်ပမှ စေ့ဆော်ဖန်တီးပေးသော 'ကံတရား'မျှသာ ဖြစ်သည်၊ လူသတ္တဝါသည် ကံကြမ္မာ၏ သားကောင်မျှသာ ဖြစ်သည်။ ကံဇာတ်ဆရာ ကြိုးဆွဲသည့်အတိုင်း ကပြကြရသည်ဟူသော သဘောပင် ဖြစ်ပေသည်။ ဤသဘောတရားကို လက်ခံသည်နှင့် တစ်ပြိုင်နက်၊ **ကံယုံဝါဒ**ကို လက်ခံခြင်း ဖြစ်ပေသည်။ ဖြစ်သမျှ ပျက်သမျှတို့သည် ထာဝရဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်သည်ဟုလည်းကောင်း၊ ကံတရား၏ စီမံဖန်တီးမှုအရ ဖြစ်ရမည်ဟုလည်းကောင်း ယူဆလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့သည် ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးလိုစိတ်များ လျော့ပါးလာတော့သည်။

အခြားတစ်ဖက်တွင်ကား လူ၏သမိုင်းကို လူကပင်ပြုလုပ်သည်ဟု မာ့က်စ်ဝါဒက ယူဆပေသည်။ ထာဝရဘုရားသခင်၏ ဖန်တီးမှုကိုလည်းကောင်း၊ ကံကြမ္မာကိုလည်းကောင်း၊ သမိုင်းအဖြစ်အပျက်များအား ပြင်ပတရားများက ဆုံးဖြတ်ပေးသည်ဟုလည်းကောင်း၊ မာ့က်စ်ဝါဒက အသိအမှတ်မပြုပေ။ သမိုင်းအဖြစ်အပျက်များကို သမိုင်း၏ ရုပ်ပတ်ဝန်းကျင်အခြေအနေများအတွင်း ပြုလုပ်သော လူ၏ လုပ်ဆောင်မှုများက အဆုံးအဖြတ်ပေးသည်ဟု မာ့က်စ်ဝါဒက ယူဆပေသည်။

ဤသည်နှင့် ပတ်သက်၍ **မာ့က်စ်**က အောက်ပါအတိုင်း ရေးခဲ့၏။

*"...သမိုင်းကို လူက ပြုလုပ်ပေသည်။ သို့ရာတွင် သူတို့ ကြိုက်သလို ပြုလုပ်၍ကား မရပေ။ သူတို့စိတ်ကြိုက် ရွေးချယ်ထားသော ရုပ်ပတ်ဝန်းကျင် အခြေအနေများထဲတွင်လည်း ပြုလုပ်၍ မရပေ။ အတိတ်ကာလက ပေးအပ်လွှဲပြောင်းပေးလိုက်၍ ပေါ်ပေါက်လာရသော ရုပ်ပတ်ဝန်းကျင် အခြေအနေများအောက်တွင်သာ သမိုင်းကို ပြုလုပ်၍ရပေသည်"*

ဤကား သမိုင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအတွက် လိုအပ်သော ဒိဋ္ဌကျသည့် အခြေအနေများပင် ဖြစ်ပေသည်။ သို့ရာတွင် ဆိုခဲ့သော 'အတိတ်ကာလက ပေးအပ်လွှဲပြောင်းပေးလိုက်၍ ပေါ်ပေါက်လာရသော ရုပ်ပတ်ဝန်းကျင်အခြေအနေများ' သည်လည်း မိုးပေါ်က ကျလာခြင်း မဟုတ်ဘဲ၊ အတိတ်က လူများက ပြုလုပ်ဖန်တီးပေးခြင်း ဖြစ်ပေ၏။ တစ်ဖန် လူ၏ သမိုင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုအတွင်း လူက ဖန်တီးခဲ့သည့် စီးပွားရေးနှင့် လူတန်းစားအင်အားစုများကိုလည်းကောင်း၊ ထို

စီးပွားရေးနှင့် လူတန်းစား အင်အားစုများ လှုပ်ရှားမောင်းနှင်ရေးဥပဒေသများကိုလည်း ကောင်း၊ သိရှိခဲ့ပါလျှင် ဘယ်လိုပန်းတိုင်မျိုးကို သွားရမည်။ ထိုပန်းတိုင်သို့ရောက်အောင် ဘယ်လိုဆောင်ရွက်ရမည်ကိုလည်း သိရှိလာပေလိမ့်မည်။ ထို့ကြောင့် သမိုင်းဆိုင်ရာ ရုပ်ဝါဒသည် ကံယုံ၍ ဘာမျှမလုပ်ဘဲ နေရမည်ဟူသော သဘောမျိုးနှင့် မအပ်စပ်ရုံမျှ မက ၎င်းနှင့်ဆန့်ကျင်သော အလုပ်၏လမ်းစဉ်ကို ချမှတ်ရန် ညွှန်ပြပေသည်။

လူမှုဖြစ်ပေါ် တိုးတက်မှု ဥပဒေသများအား သိပ္ပံနည်းကျစွာ သိမြင်ခြင်းကို အခြေခံသည့် ယင်းသို့သော အလုပ်၏ လမ်းစဉ်သည် ဖောက်ပြန်သော လူတန်းစား အတွက် မဟုတ်ပေ။ သမိုင်းနှင့် ပတ်သက်၍ ကံယုံဝါဒကို တီထွင်ဖန်တီးသူများမှာ ဖောက်ပြန်ရေးလူတန်းစားများသာဖြစ်ပေသည်။ လူတန်းစားသည် အလုပ်၏လမ်းစဉ်ကို ချမှတ်သော်လည်း ၎င်း၏ လမ်းစဉ်သည် ၎င်းတို့၏ ကျဉ်းမြောင်းသော လူတန်းစားအကျိုး စီးပွားရေးနှင့် ၎င်းတို့၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် များပြားလှသော အတွေ့အကြုံများပေါ်တွင် အခြေခံပေသည်။ လူမှုဖြစ်ပေါ်တိုးတက်မှု၏ အခြေခံဥပဒေသ များကို သိပ္ပံနည်းကျစွာ နားလည်မှုအပေါ်တွင် အခြေမခံပေ။

အမှန်အားဖြင့်လည်း လူမှုဖြစ်ပေါ် တိုးတက်မှု၏ အခြေခံဥပဒေသများကို ဖောက်ပြန်သော လူတန်းစားသည် နားလည်နိုင်မည် မဟုတ်ပေ။ ယင်းဥပဒေသများကို နားလည်နိုင်သူမှာ တိုးတက်သော လူတန်းစားသာ ဖြစ်ပေသည်။ တိုးတက်သော လူတန်းစားသည် လူမှုဖြစ်ပေါ် တိုးတက်မှု ဥပဒေသများကို အသုံးချခြင်းဖြင့် လူ့အဖွဲ့ အစည်း၏ စနစ်ဟောင်းကို ဖြိုချ၍ စနစ်သစ်ကို တည်ဆောက်နိုင်မည် ဖြစ်ပေသည်။

အလုပ်လုပ်သော ပြည်သူများသည် ၎င်းတို့၏ ကိုယ်ပိုင်အားထုတ်မှုများဖြင့် သာ အာဏာကို သိမ်းပိုက်နိုင်ကြောင်းကို သမိုင်းဆိုင်ရာ ရုပ်ဝါဒက သင်ကြားခဲ့၏။ ထို့ကြောင့် 'အလုပ်သမား လူတန်းစားများ၏ လွတ်မြောက်ရေးကို အလုပ်သမားလူတန်း စားများ ကိုယ်တိုင်ပြုလုပ်ခြင်းဖြင့်သာ အောင်မြင်နိုင်ပေမည်'ဟု မာ့က်စ်က ပြောခဲ့ခြင်း ဖြစ်ပေသည်။

## လူပုဂ္ဂိုလ်နှင့်လူတန်းစားများ

မာ့က်စ်ဝါဒသည် သမိုင်းနှင့် စပ်လျဉ်းသော ကံယုံဝါဒ သဘောတရားများကို ပစ်ပယ်သည်။ အလားတူပင် လူမှုဖြစ်ပေါ် တိုးတက်မှုသည် မတော်တဆ အဖြစ်အပျက် များက စီစဉ်စုစည်းထားသည်ဟူသော အယူအဆများကိုလည်း မက်စ်ဝါဒက ဆန့်ကျင် ပေသည်။ ၎င်းအယူအဆများအရဆိုလျှင် လူ့အဖွဲ့အစည်းတွင် ဖြစ်ပေါ်တိုးတက်မှု

တရားများသည် မောင်းနှင်လှုပ်ရှားနေသည်ဟူ၍ မရှိ။ ကြိုတင်ခန့်မှန်းနိုင်စွမ်းမရှိသော ပတ်ဝန်းကျင် အခြေအနေများအရ ဖြစ်ပျက်ကြသည်ဟု ယူဆကြသည်။ သမိုင်းကို ပြုပြင်ပြောင်းလဲ ဖန်တီးနိုင်သူများမှာ ပြည်သူများမဟုတ်ဘဲ လူစွမ်းကောင်းများ ထူးခြားသော ပုဂ္ဂိုလ်များသာ ဖြစ်သည်ဟု ယူဆကြသည်။

မာ့က်စ်ဝါဒကမူ ဤသို့ မယူဆပေ။ သမိုင်းကို ပြည်သူများကသာ ပြုပြင်ပြောင်းလဲနိုင်သည်ဟု ယူဆသည်။ သို့ဖြစ်လျှင် သမိုင်းတွင် ထူးခြားသော ပုဂ္ဂိုလ်များ လူစွမ်းကောင်းများကို မာ့က်စ်ဝါဒက ဘယ်လိုသဘောထားသနည်း။ ရေရှည်၌ ရှောင်တခင် ပေါ်ပေါက်လာကြသော ပုဂ္ဂိုလ်များ၏ စွမ်းရည်ကြောင့် သမိုင်း၏ လမ်းကြောင်းသည် ပြောင်းလဲခြင်းဖြစ်ရသည် ဆိုသည့်အချက်ကို ငြင်းပယ်၍၊ အဖြစ်အပျက်များ၏ လမ်းကြောင်းကို တည်ဆောက်ရာတွင် အချို့သော ပုဂ္ဂိုလ်များ၏ အရေးကြီးသည့် အခန်းကဏ္ဍကို ပစ်ပယ်ရာမရောက်ပါသလောဟု မေးဖွယ်ရှိသည်။

မာ့က်စ်ဝါဒသည် သမိုင်းတွင် ထူးခြားသော ပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍကို ပစ်ပယ်ခြင်း မရှိပေ။ အဖြစ်အပျက်လမ်းကြောင်းများကို တစ်မျိုးတဖုံဖြစ်စေသော ထိုပုဂ္ဂိုလ်များ၏ ဩဇာတိက္ကမကိုလည်း ပစ်ပယ်ခြင်း မရှိပေ။ သို့ရာတွင် သမိုင်းဖြစ်ပေါ်တိုးတက်မှုကို အဆုံးအဖြတ်ပြုသော အရာမှာ ထူးခြားသော ပုဂ္ဂိုလ်များ မဟုတ်ဘဲ၊ လူတန်းစားများ၏ လှုပ်ရှားမှုသာ ဖြစ်သည်ဟု ယူဆပေသည်။ ထူးခြားသော ပုဂ္ဂိုလ်များသည် လူတန်းစားများ၏ ကိုယ်စားလည်များ သို့မဟုတ် လူတန်းစား၏ ခေါင်းဆောင်များသာ ဖြစ်ကြသည်ဟု ယူဆသည်။ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်သည် သူ၏အခွင့်အာဏာ၊ သူ၏ ဩဇာတိက္ကမကို လူတန်းစားတစ်ခု၏ ထောက်ခံမှုမရှိဘဲ၊ ကျင့်သုံးခြင်းဖြစ်ပါက ယင်းပုဂ္ဂိုလ်၏ ဩဇာသည် အသက်ကင်းမဲ့ကာ အဆုံးအဖြတ်ပြုသော ဩဇာတိက္ကမ မျိုးလည်း မဖြစ်နိုင်ပေ။ အခြားတစ်ဖက်၌ လှုပ်ရှားမှုများတွင်လည်း ခေါင်းဆောင်များ ရှိရန် လိုပေသည်။ လူတန်းစားများသည် လှုပ်ရှားမှုများကို ပြုလုပ်လာကြသောအခါတွင် ထိုလူတန်းစား လှုပ်ရှားမှု၏ ခေါင်းဆောင် သို့မဟုတ် ကိုယ်စားလည်အဖြစ် ဆောင်ရွက်ရန်အတွက် ပုဂ္ဂိုလ်များကို ရှာဖွေရန် လိုအပ်လာ၏။ ထိုခေါင်းဆောင်သည် ခေါင်းဆောင်ကောင်း ဖြစ်ချင်ဖြစ်မည်၊ ခေါင်းဆောင်ဆိုး ဖြစ်ချင်ဖြစ်မည်၊ ထူးချွန်သောခေါင်းဆောင် ဖြစ်ချင်ဖြစ်မည်၊ ဒုတိယတန်းခေါင်းဆောင် ဖြစ်ချင်ဖြစ်မည်။ ခေါင်းဆောင်ကောင်းလျှင် လှုပ်ရှားမှုသည် အရှိန်အဟုန်ပြင်းစွာဖြင့် ချီတက်မည်။ ခေါင်းဆောင်မကောင်းလျှင် လှုပ်ရှားမှုသည် ကျဆုံးမည်ဖြစ်သည်။ မည်သို့ဖြစ်စေ သမိုင်း၏လမ်းကြောင်းကို အဆုံးအဖြတ်ပြုသူမှာ ရှောင်တခင် ပေါ်ပေါက်လာသော ခေါင်းဆောင်ပုဂ္ဂိုလ်များ မဟုတ်ဘဲ

လူတန်းစားများ ပြည်သူလူထုများ၏ လှုပ်ရှားမှုသာ ဖြစ်လေသည်။ ဤသည်ကို အိန်ဂျယ်လိစ်က အောက်ပါအတိုင်း ပြောခဲ့သည်။

"သမိုင်းတွင် လှုပ်ရှားလုပ်ဆောင်နေကြသော လူများ၏ ရည်ရွယ်ချက်နောက်ကွယ်တွင်ရှိသော မောင်းနှင်ရေးစွမ်းအားကို စူးစမ်းရှာဖွေရာ၌ ပြည်သူများကို လှုပ်ရှားစေသော ကြီးကျယ်သော တစ်ဦးချင်း တစ်သီးပုဂ္ဂလများ၏ ရည်ရွယ်ချက်များကို စူးစမ်းရှာဖွေရုံမျှနှင့် မလုံလောက်ပေ"

ထို့ကြောင့် အလုပ်သမားလူတန်းစားသည် ၎င်း၏ လွတ်မြောက်ရေးအတွက် ၎င်း၏လူတန်းစား လုပ်ဆောင်ချက်အပေါ်တွင်သာ အားထားရမည် ဖြစ်သည်။ အလုပ်သမားလူတန်းစားသည် ခေါင်းဆောင်ရွေးရာတွင် ခေါင်းဆောင်အခေါ်ခံများ၏ ကိုယ်ရည်သွေး တန်ဖိုးဖြတ်ချက်များကို နားမယောင်ရန် လိုသည်။ ခေါင်းဆောင်တစ်ယောက်အား လူထုအဖွဲ့အစည်းများအတွင်း သူ၏လုပ်ဆောင်ချက်ဖြင့်သာ တန်ဖိုးဖြတ် ရမည်ဖြစ်ပေသည်။ ခေါင်းဆောင်သည် လူတန်းစားကို သစ္စာရှိမှသာ ခေါင်းဆောင်ကောင်း မည်ပေသည်။ ပြည်သူနှင့် ဆက်စပ်နေမှသာ ခေါင်းဆောင်ကောင်း မည်ပေသည်။ ဤသည်ကို စတာလင်က အောက်ပါအတိုင်း ပြောခဲ့သည်။

"...ဘော်လ်ရှီဗစ်များသည် ကျယ်ပြန့်သော ပြည်သူလူထုများနှင့် ဆက်စပ်မှုရှိနေသမျှ ကာလပတ်လုံး ဘယ်တော့မျှ အောင်နိုင်ခြင်း ခံရမည် မဟုတ်ပေ။ အခြားတစ်ဖက်တွင် ဘော်လ်ရှီဗစ်များသည် ပြည်သူလူထုကြီးနှင့် ကင်းကွာသည်နှင့်တစ်ပြိုင်နက်၊ ဗြူရိုကရေစီ သံချေးတက်မှု ဖုံးလွှမ်းခြင်း ခံရသည်နှင့် တစ်ပြိုင်နက် ခွန်အားဆုံးရှုံးကာ လူ့သုညဘဝသို့ ရောက်ဖွယ်ရာသာ ရှိလေသည်။ ရှေးဟောင်း ခေါ်မဒဏ္ဍာရီတွင် အင်တားရီ(စ်)အမည်ရှိသော လူစွမ်းကောင်းတစ်ဦးရှိသည်။ သူ၏ခွန်အားသည် အဘယ်တွင် ရှိသနည်း။ လူစွမ်းကောင်း အင်တားရီ(စ်)သည် ရန်သူနှင့် တိုက်မည့်ပွဲတိုင်း သူ့အား မွေးဖွားပေးလိုက်၍ ကြီးပျင်းအောင် ပြုစုပေးလိုက်သော မိခင်မြေကြီးကို လက်ဖြင့် တို့ထိသည်။ သို့ဖြင့် ခွန်အားပြည့်စုံကာ ရန်အပေါင်းကို နှိမ်နင်းနိုင်သည်။ ဘော်လ်ရှီဗစ်များသည်လည်း ခေါ်မဒဏ္ဍာရီမှ လူစွမ်းကောင်း အင်တားရီ(စ်)ကဲ့သို့ပင် ဖြစ်ပေသည်။ ဘော်လ်ရှီဗစ်များသည် အင်တားရီ(စ်)ကဲ့သို့ပင် ခွန်အား သန်စွမ်းကြပေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် မိခင်နှင့်တူသော ပြည်သူလူထုများနှင့် အမြဲတစေ ဆက်စပ်နေသောကြောင့် ဖြစ်ပေသည်။ ပြည်သူလူထုသည် ဘော်လ်ရှီဗစ်များအား မွေးဖွားပေးကာ ကြီးပြင်းအောင် ပြုစုကျွေးမွေးခဲ့ကြပေသည်။ သူတို့၏မိခင်ဖြစ်သော၊ ပြည်သူလူထုနှင့် ဆက်စပ်နေသမျှ ကာလပတ်လုံး ဘော်လ်ရှီဗစ်များသည်

*ဘယ်တော့မျှ အောင်နိုင်ခြင်း ခံရမည်မဟုတ်ပေ''*

မာ့က်စ်ဝါဒသည် ဆိုရှယ်လစ်ဝါဒ အောင်မြင်ရေးလမ်းကို သိပ္ပံနည်းကျစွာ ညွှန်ပြ၏။ အလုပ်သမား လူတန်းစား၏ အောင်ပွဲနှင့် အရင်းရှင်စနစ်၏ ကျဆုံးခြင်းတို့သည် မလွှဲမရှောင်သာ ဖြစ်ရပေါ်ရမည်ဟုလည်း သိပ္ပံနည်းကျစွာ သက်သေထူပြ၏။ သို့ရာတွင် ကံအကြောင်းတရား၏ စီမံဖန်တီးမှု၊ လူပုဂ္ဂိုလ်အချို့၏ စိတ်ဆန္ဒစောမှုဖြင့်မူ မရနိုင်ပေ။ အလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွင်း စုစည်းမိသော သန်းပေါင်းများစွာသော ပြည်သူများ၏ သိစိတ်ရှိသော လုပ်ဆောင်မှုဖြင့်သာ ရနိုင်ပေသည်။ လူမှုဖြစ်ပေါ်တိုးတက်မှု ဥပဒေသများကို သိပ္ပံနည်းကျစွာ နားလည်သော ပါတီတစ်ရပ်၊ စုပေါင်းဆွေးနွေးခြင်း၊ ဝေဖန်ခြင်း စသည်တို့ကို အခြေခံသော ခေါင်းဆောင်မှုကို ပေးနိုင်သည့် ခေါင်းဆောင်များ စသည်တို့ရှိမှသာလျှင် အလုပ်သမားလူတန်းစား၏ အောင်ပွဲကိုရနိုင်မည် ဖြစ်ပေသည်။

## အခန်း ၃
# လူမှုဘဝတွင် တွေးခေါ်မှု၏ အခန်းကဏ္ဍ

သမိုင်းဆိုင်ရာ ရုပ်ဝါဒ၏ ဒုတိယလဝ်းညွှန်မှုမှာ လူမှုတွေးခေါ်မှုများသည် လူ့အဖွဲ့အစည်း၏ ရုပ်ဘဝအခြေအနေများထဲမှ ပေါ်ထွက်လာသည်ဟူသော အချက် ဖြစ်သည်။

တစ်ဖန် လူ့အဖွဲ့အစည်း၏ ရုပ်ဘဝအခြေအနေများမှ ပေါ်ထွက်လာသော ယင်းတွေးခေါ်မှုများသည် အသစ်ဖြစ်သော ရုပ်ဘဝဖြစ်ပေါ်တိုးတက်မှုတွင် အရေးကြီးသော အခန်းမှ ပါဝင်သည်။ ပြန်၍ ကျေးဇူးပြုသည်၊ ယင်းကား သမိုင်းဆိုင်ရာရုပ်ဝါဒ၏ တတိယလမ်းမှုညွှန်ဖြစ်သည်။

တွေးခေါ်မှုများသည် လူမှုဖြစ်ပေါ်တိုးတက်မှုကို ရှေ့သို့ တိုးစေနိုင်သည်။ နောက်သို့လည်း ဆုတ်စေနိုင်သည်။ ခေတ်မမီတော့သော အခြေအနေများ နှင့်သာ လိုက်လျောညီထွေရှိသည့် တွေးခေါ်မှုဟောင်းများသည် သူတို့အား ဖန်တီးပေးလိုက်သော အခြေအနေများ ကုန်ဆုံးသွားသည့်အချိန်နောက် ကာလအတန်ကြာမျှ ပျောက်ကွယ်သွားခြင်း မရှိဘဲ၊ ဆက်လက်ကျန်ရစ်ခဲ့ ကြသည်။ ယင်းသို့သော တွေးခေါ်မှုဟောင်းများကို ဦးဆောင်၍ ဆက် လက်စွဲကိုင်သူများမှာ ဖောက်ပြန်သော လူတန်းစားများဖြစ်၏။ သို့ရာတွင် သစ်လွင်သော တက်သစ်စ လူမှုအင်အားစုများကမူ လူ့အဖွဲ့အစည်း၏ ရုပ်ဘဝဖြစ်ပေါ်တိုးတက်မှု အခြေအနေသစ်များအရ ပေါ်ပေါက်လာသည့် တွေးခေါ်မှုသစ်များကိုသာ လက်ခံသည်။ လူ့အဖွဲ့အစည်း ပုံသဏ္ဍာန် ပြောင်းလဲရေးအတွက် တိုက်ပွဲ၌ ပြည်သူများကို စည်းရုံးရာ၌ ယင်းတွေးခေါ် မှုသစ်များသည် များစွာ အရေးပါအရာရောက်ပေသည်။

အလုပ်သမား လူတန်းစားသည် ယနေ့အချိန်တွင် အောက်ပါအချက်များ

လိုသည်ဟု သမိုင်းဆိုင်ရာ ရုပ်ဝါဒက ညွှန်ပြပေသည်။ ၎င်းတို့မှာ –

၁။ အလုပ်သမား လူတန်းစား၏ လက်တွေ့ပေါ်လစီကို ဒိဋ္ဌကျသော လူမှုဖြစ်ပေါ်တိုးတက်မှု ဥပဒေသများပေါ်တွင် အခြေခံရန်။

၂။ မိမိ၏ လုပ်ငန်းစဉ်ကို လူ့အဖွဲ့အစည်းရုပ်ဖြစ်ပေါ် တိုးတက်မှု၏ တကယ့်လိုအပ်ချက်များပေါ်တွင် အခြေခံရန်နှင့်

၃။ မိမိကိုယ်ကိုမိမိ တော်လှန်သောတွေးခေါ်မှု တော်လှန်သော သဘောတရားကို တပ်ဆင်ရန် စသည်တို့ ဖြစ်ပေသည်။

## လူ့အဖွဲ့အစည်း၏ရုပ်ဘဝသည် လူ့အဖွဲ့အစည်း၏ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှု အဆောက်အအုံကိုအဆုံးအဖြတ်ပြုသည်။

သမိုင်းဆိုင်ရုပ်ဝါဒ၏ ဒုတိယ လမ်းညွှန်မှုမှာ လူ့အဖွဲ့အစည်းတွင်းရှိ လက်ရှိ ရှုမြင်ချက်များ၊ ဖွဲ့စည်းမှု အဆောက်အအုံများကို ရုပ်ဘဝအခြေအနေများက ဖန်တီးသည် ဆိုသော အချက်ပင်ဖြစ်၏။ အဓိပ္ပါယ်မှာ လူ့အဖွဲ့အစည်း၏ ရုပ်ဘဝသည် လူ့ဖွဲ့အစည်း၏ စိတ်နာမ်ဘဝကို အဆုံးအဖြတ်ပေးသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ရုပ်ဝါဒအမြင်၌ ရုပ် သို့မဟုတ် ရုပ်ကမ္ဘာသည် အဓိကဖြစ်၍ စိတ် သို့မဟုတ် အတွေးအခေါ်သည် ဒုတိယဖြစ်သည်။ သမညဖြစ်သည်။ ရုပ်အရာဝတ္ထုများ တည်ရှိခြင်း၊ ၎င်းတို့အချင်းချင်း အညမညဆက်စပ်နေခြင်း စသည်တို့သည် ကျွန်ုပ်တို့၏ တွေးခေါ်မှုများပေါ်တွင် အမှီသဟဲမပြု၊ ကျွန်ုပ်တို့၏ စိတ်နှင့် စိတ်ထဲရှိ တွေးခေါ်မှုများသည် အရင်တည်ရှိနေသော ရုပ်အရာဝတ္ထုများနှင့် ၎င်းတို့အချင်းချင်း အညမည ဆက်စပ်မှုများပေါ်တွင်သာ အမှီသဟဲပြုသည်ဟု ယူဆသည်။

ဤသဘောတရားဖြင့် လူ့အဖွဲ့အစည်းကို ကြည့်မြင်သောအခါ လူ့အဖွဲ့အစည်းတွင် ပေါ်ပေါက်နေသော တွေးခေါ်မှုများ၊ ရှုမြင်ချက်များသည် လူ့အဖွဲ့အစည်း၏ ရုပ်ဘဝအခြေအနေများတွင် အခြေခံသည် အစပြုသည်ဟု အဓိပ္ပါယ် ထွက်ပေသည်။ ယင်းနှင့်ပတ်သက်၍ လူ၏အသိက လူ၏ဘဝကို ဖန်တီးသည်မဟုတ်ဟူ၍ လူ၏ လူမှုဘဝကသာလျှင် လူ၏အသိကို ဖန်တီးပေသည်ဟု မာ့က်စ်က ရေးခဲ့သည်။

တစ်ဖန် မာ့က်စ်၏ မိန့်ဆိုချက်ကို စတာလင်က အောက်ပါအတိုင်း ထပ်မံ ရေးခဲ့ပြန်သည်။

"လူ့အဖွဲ့အစည်း၏ ရုပ်ဘဝသည် လူတို့၏ စိတ်ဆန္ဒများမှ ကင်းလွတ်တည်

ရှိနေသော ဒိဋ္ဌကျသော အမှန်တရားဖြစ်သည်။ လူ့အဖွဲ့အစည်း၏ စိတ်နာမ်ဘဝမှာ ဒိဋ္ဌကျသော အမှန်တရား၏ အရောင်ရိုက်ခတ်မှုမျှသာ ဖြစ်ပေသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်း၏ စိတ်နာမ်ဘဝ၊ လူမှုတွေးခေါ်မှုများ၊ လူသဘောတရားများ၊ နိုင်ငံရေး ရှုမြင်ချက်များ၊ နိုင်ငံရေး ဖွဲ့စည်းမှု အဆောက်အအုံများ စသည်တို့သည် လူ့အဖွဲ့အစည်း၏ ရုပ်ဘဝအခြေအနေများတွင် အခြေခံပေသည်။ ၎င်းတို့သည် လူ့အဖွဲ့အစည်း၏ ရုပ်ဘဝအခြေအနေများ၏ အရောင်ရိုက်ခတ်မှုမျှသာ ဖြစ်ပေသည်''

ဤသင်ကြားချက်ကား ထုံးတမ်းစဉ်လာ သင်ကြားချက်နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သော သင်ကြားချက်ဖြစ်၏။ ယင်း သင်ကြားချက်၏ အဓိပ္ပါယ်ကား သမိုင်း ဆိုင်ရာ အဖြစ်အပျက်များ၏ အဆုံးစွန်သော အကြောင်းတရားများသည် လူများ၏ တွေးခေါ်မှုများ မဟုတ်ဘဲ ရုပ်ဘဝအခြေအနေသာ ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

အိန်ဂျယ်စ်လ်ကလည်း အောက်ပါအတိုင်း ရေးခဲ့ပေသည်။

'လူများ၏ တွေးခေါ်မှုပြောင်းလဲခြင်းကြောင့်၊ ပြောင်းလဲမှုများ ဖြစ်ပေါ်လာရ သည်ဟု သမိုင်းနှင့် ပတ်သက်သော ရှုမြင်ချက်ဟောင်းက ခံယူပေသည်၊ သို့ရာတွင် လူများ၏ တွေးခေါ်မှုသည် ဘာကြောင့်ပြောင်းလဲရသနည်း ဆိုသည့် ပြဿနာကိုမူ ထိုရှုမြင်ချက်ဟောင်းသည် ဖြေဆိုခြင်း မပြုနိုင်ပေ။ သမိုင်းခေတ်အသီးသီးတွင် ပေါ်ပေါက် ခဲ့သော လူ၏တွေးခေါ်မှုများသည် ထိုခေတ်က ဘဝ၏ စီးပွားရေးအခြေအနေပေါ်တွင် မှီ၍ ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ တစ်ဖန် စီးပွားရေး အခြေအနေသည်လည်း၊ ထိုခေတ်က လူမှုနှင့် နိုင်ငံရေးဆက်ဆံရေးများပေါ်တွင် မှီ၍ ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ ထို့ကြောင့် လူမှုပြောင်းလဲမှုများနှင့် နိုင်ငံရေးအုံကြွမှုများသည် လူတို့၏ ဦးနှောက်မှလည်းကောင်း၊ ထာဝရသစ္စာတရားကို သိမြင်သော လူတို့၏ တတ်ပွန်းနံ့စပ် သော အမြင်တို့မှလည်းကောင်း ပေါ်ထွက်လာခြင်း မဟုတ်ပေ။ ကုန်လုပ်ရေးစနစ်နှင့် ကုန်ဖလှယ်ရေးစနစ်တို့ ပြောင်းလဲရာမှ ပေါ်ပေါက်လာခြင်းသာ ဖြစ်ပေသည်။ တည်ရှိ နေသော လူမှုအဆောက်အအုံများသည် တရားမျှတခြင်း မရှိဟု မြင်လာခြင်း၊ အကောင်း ကို မကောင်းဟု မြင်ခြင်း၊ အမှန်ကို အမှားဟု မြင်လာခြင်း စသည်တို့သည် ကုန်လုပ် ရေးနှင့် ကုန်ဖလှယ်ရေးစနစ်များ တိတ်ဆိတ်စွာ အသွင်ပြောင်းနေပုံကိုပြသည့် သက် သေသာဓကများပင် ဖြစ်ပေသည်'

**အိန်ဂျယ်လ်၏ရေးသားချက် မှန်မမှန်ကိုကြည့်ကြစို့။**

လွန်ခဲ့သောနှစ်ပေါင်း သုံးရာလောက်က မြေရှင်ပဒေသရာဇ် လူမှုဆက်ဆံရေး

အောက်၌ ကျွန်ခံခဲ့ရသည့် ဘဝကို တွန်းလှန်ခဲ့ကြသည်။ သို့တွန်းလှန်ခဲ့ခြင်းမှာ လူချင်း အတူတူ အခွင့်အရေး ညီမျှခံစားရမည် ဟူသော တွေးခေါ်မှုကို ရရှိခဲ့ကြသောကြောင့် ဖြစ်သည်ဟု ယူဆခဲ့ကြ၏။ သို့ရာတွင် ယင်းတွေးခေါ်မှုသည် ဘယ်လိုပေါ်ပေါက်ခဲ့ သနည်း။ ရာစုနှစ်ပေါင်းများစွာ တရားသည် မှန်ကန်သည်ဟု ထင်ရသော မြေရှင်ပဒေ သရာဇ်စနစ်သည် ဘာကြောင့်မတရား မမှန်ကန်ဟု ထင်စရာ ဖြစ်လာသနည်း။

ယင်းသို့ဖြစ်လာရခြင်းမှာ ရုပ်အခြေအနေနှင့် စီးပွားရေးအခြေအနေများ ပြောင်းလဲလာသောကြောင့် ဖြစ်သည်။ ရုပ်အခြေအနေနှင့် စီးပွားရေးအခြေအနေ ပြောင်းသဖြင့် လူများ၏ တွေးခေါ်မှုများ ပြောင်းလာရ၏။ တည်ရှိနေသော မြေရှင်ပဒေသ ရာဇ်၏ ဆက်ဆံရေးများသည် နောက်ထပ်ဖြစ်ပေါ်လာသော စီးပွားရေးအခြေအနေများနှင့် ကိုက်ညီအံကျခြင်း မရှိတော့ဘဲ ဖြစ်လာသည်။ မြေရှင်ပဒေသရာဇ်စနစ်ကို တွန်းလှန် ပြီးနောက်၊ အရင်းရှင်စနစ်၏ အခြေခံများကို ချပေးလိုက်သော အင်အားစုများကို မွေးဖွားဖန်တီးပေးလိုက်သည့်အရာမှာ စီးပွားရေးလုပ်ဆောင်မှု ဖြစ်ပေါ်တိုးတက်မှုနှင့် စီးပွားရေးဆက်ဆံရေးများပင် ဖြစ်သည်။ သို့ဖြင့် အခွင့်အရေးတန်းတူညီမျှရရှိရေး တွေးခေါ်မှုသည် ဘဝရုပ်အခြေအနေများ ပြောင်းလဲမှုကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

တစ်ဖန် ဆိုရှယ်လစ်ဝါဒ တွေးခေါ်မှု *(ကုန်လုပ်ကိရိယာများကို အများပိုင်ဆိုင် ရေး တွေးခေါ်မှု)* သည် အရင်းရှင်စနစ်အောက်၌ ဘာကြောင့်ပေါ်ပေါက်လာရသလဲ။ ရာစုနှစ်ပေါင်းများစွာပင် ပုဂ္ဂလိက ပိုင်ဆိုင်မှုကို တရားမျှတသည်ဟု ယူဆခဲ့ကြသည်။ ယခုသော် ပုဂ္ဂလိက ပိုင်ဆိုင်မှုသည် တရားမျှတခြင်း မရှိတော့ဟု ယူဆလာကြပေ သည်။ ဤသို့တွေးခေါ်ယူဆလာခြင်းမှာ လက်ရှိစီးပွားရေး အခြေအနေသစ်များကြောင့် ဖြစ်၏။ အရင်းရှင်စနစ်အောက်၌ ကုန်လုပ်ရေးသည် တသီးပုဂ္ဂလိကကိစ္စတစ်ခု မဟုတ် တော့ဘဲ အများနှင့်ဆိုင်သော ကိစ္စတစ်ရပ်ဖြစ်လာသည်။ ပုဂ္ဂလိကပိုင်ဆိုင်မှု၊ ပုဂ္ဂလိက အဖြစ် အမြတ်ခွဲဝေမှု စသည်တို့သည် ကုန်လုပ်ရေး၏ အသွင်လက္ခဏာသစ်များနှင့် ကိုက်ညီတော့ဘဲ ဖြစ်လာသည်။ သို့ဖြင့်တွေးခေါ်မှုသည် ဘဝ၏ ရုပ်ပတ်ဝန်းကျင် အခြေအနေများကို မှီ၍ ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ကွဲပြားခြားမားသော လူ့အဖွဲ့အစည်း၏ ရုပ်ဘဝအခြေအနေများကို မှီ၍ ကွဲပြားခြားနားသော တွေးခေါ်မှုများ ထွက်ပေါ်လာ၏။ ခေတ်အသီးသီးရှိ လူတန်း စားအသီးသီး၏ တွေးခေါ်မှုများထဲ၌ ကွဲပြားခြားနားချက်များ ရှိနေခြင်းမှာ ရုပ်ဘဝအခြေ အနေများ ကွဲပြားခြားနားကြသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် 'လူ၏ တွေးခေါ်မှု

များ၊ ရှုမြင်ချက်များ၊ ခံယူချက်များ၊ အချုပ်ကိုဆိုရလျှင် လူ၏သိစိတ်၊ လူမှုဆက်ဆံရေးနှင့် လူမှုဘဝအသွင် ပြောင်းလဲချက်များကို သိရှိနားလည်ရန် အတွက် ဘယမျှဉာဏ်လိုပါသေးသလား’ဟု မာ့က်စ်နှင့် အိန်ဂျယ်လ်စ်တို့က ရေးသားခဲ့ခြင်း ဖြစ်ပေသည်။

စတာလင်ကလည်း အောက်ပါအတိုင်း ရေးခဲ့ပေသည်။

‘‘...လူများ၌ ခေတ်အမျိုးမျိုးနှင့်၊ တွေးခေါ်မှုအမျိုးမျိုး၊ စိတ်ဆန္ဒအမျိုးမျိုး ပေါ်ပေါက်လာခြင်းမှာ လူများသည် ၎င်းတို့၏ လိုအင်ဆန္ဒများကို ဖြည့်စွက်ရန်အတွက်၊ ခေတ်အမျိုးမျိုး၌ နည်းအမျိုးမျိုးတို့ဖြင့် သဘာဝကို ဆန့်ကျင်တိုက်ခိုက်ခဲ့ရသောကြောင့် ဖြစ်ပေသည်။ လူများ၏ စီးပွားရေးဆက်ဆံမှုများသည်လည်း ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပေါ်ပေါက်ခဲ့ကြသောကြောင့် ဖြစ်ပေသည်။ ရှေးဘုံစနစ်အဆင့်၌ လူများသည် စုပေါင်း၍ သဘာဝကို တော်လှန်တိုက်ခိုက်ကြသည်။ ထိုစဉ်က ၎င်းတို့၏ပစ္စည်းသည် ဘုံပစ္စည်း ဖြစ်သည်။ ထို့ကြောင့် ‘ငါ့ဟာ’ ‘သူ့ဟာ’ စသော ခွဲခြမ်းမှုမျိုးကို ပြုလုပ်ခြင်း မပြုကြပေ။ ထို့ကြောင့် သူတို့၏ စိတ်ဓာတ်သည်လည်း ဘုံစိတ်ဓာတ်ဖြစ်ပေသည်။ နောင်တွင်မူ ကုန်လုပ်ရေးဖြစ်စဉ်၌ ‘သူ့ဟာ–ငါ့ဟာ’ခွဲခြမ်းမှုသည် ပေါ်ပေါက်လာသည်။ ပစ္စည်း ပိုင်ဆိုင်မှုသည် သီးခြားအသွင် ပုဂ္ဂလိကအသွင်ကို ဆောင်လာသည်။ ထို့ကြောင့် လူ၏ စိတ်ဓာတ်သည်လည်း ပုဂ္ဂလိကပိုင်ဆိုင်မှုသဘော သက်ဝင်သော စိတ်ဓာတ်ဖြစ်လာလေသည်။ ယခုအချိန်တွင်မူ ကုန်လုပ်ရေးသည် ဘုံအသွင်၊ အများပိုင်အသွင် လက္ခဏာကို ဆောင်လာပေပြီ။ ထို့ကြောင့်လည်း ပစ္စည်းပိုင်ဆိုင်မှုသည်လည်း ဘုံအသွင် လက္ခဏာကို ဆောင်လာလေသည်။ ထို့ကြောင့် လူ၏ စိတ်ဓာတ်သည်လည်း ဘုံဝါဒ (ဆိုရှယ်လစ်ဝါဒ) သဘော တဖြည်းဖြည်း သက်ဝင်လာလေသည်။ ပထမ၌ ရုပ်အခြေအနေများ ပြောင်းသည်။ နောက် လူ၏တွေးခေါ်မှုများ၊ လူ၏အလေ့အထများ၊ ထုံးတမ်းစဉ်လာများနှင့် နောက်ဆုံးတွင် လူ၏လောကအမြင်သည်လည်း ပြောင်းလဲသွားလေသည်...’’

သို့ဖြင့် လူ့အဖွဲ့အစည်း၏ ရုပ် သို့မဟုတ် စီးပွားရေး အခြေအနေများကို အခြေခံ၍ အပေါ်ယံ အဆောက်အအုံ ဖြစ်သော လူမှုတွေးခေါ်မှုများသည် ပေါ်ထွက်လာရခြင်း ဖြစ်ပေသည်။ လူ့အဖွဲ့အစည်း၏ စီးပွားရေးအဆောက်အအုံသည် လူ့အဖွဲ့အစည်း၏ တွေးခေါ်မှုများ၊ ဖွဲ့စည်းမှုအဆောက်အအုံများ ဖြစ်ပေါ်ရာ အခြေခံဖြစ်ပေသည်၊ တွေးခေါ်မှုသစ်များ၊ ဖွဲ့စည်းမှု အဆောက်အအုံသစ်များ ပေါ်ပေါက်လာခြင်းသည် စီးပွားရေးအခြေအနေများ ပြောင်းလျှက်ရှိသည်ဆိုသည့်အချက်ကို ပြသပေသည်။

**လူမှုဖြစ်ပေါ်တိုးတက်မှုတွင် တွေးခေါ်မှုများ၏အခန်းကဏ္ဍ**

လူ၏ စိတ်တွင် ပေါ်ပေါက်လာသော တွေးခေါ်မှုများသည် အရင်တည်ရှိနေသော ရုပ်အရာဝတ္ထုများနှင့် ရုပ်ဆက်ဆံရေးများပေါ်တွင် အမှီသဟဲပြုသည်ဟု ရုပ်ဝါဒက သင်ကြားခဲ့သည်။ သို့ဆိုခြင်းဖြင့် တွေးခေါ်မှုများသည် လူမှုလုပ်ဆောင်ချက်များတွင် အရေးပါအရာရောက်ခြင်း မရှိတော့ဟု အဓိပ္ပါယ်မသက်ရောက်ပေ။ တွေးခေါ်မှု၏ အခန်းကဏ္ဍကို လုံးဝပစ်ပယ်ခြင်း မဟုတ်ပေ။ တွေးခေါ်မှုများသည် ရုပ်အခြေအနေများပေါ်တွင် အခြေခံ၍ ပေါ်ပေါက်လာသည်မှန်သော်လည်း၊ ၎င်းတို့သည် ရုပ်အခြေအနေများကို ဝေဖန်တုံ့ပြန်ကျေးဇူးပြု လှုပ်ရှားစေသော အင်အားစုတစ်ခုဖြစ်သည်ဟု ရုပ်ဝါဒက ခံယူပေသည်။

သို့ဖြစ်ရာ တွေးခေါ်မှုသည် ရုပ်ပတ်ဝန်းကျင်ကို အခြေခံ၍ ပေါ်ပေါက်လာပြီးနောက် တစ်ဖန် ထိုတွေးခေါ်မှုသည် ရုပ်ပတ်ဝန်းကျင်ကို ပြန်၍ ကျေးဇူးပြုပေသည်။ သို့ကြောင့် တွေးခေါ်မှုများ ပေါ်ပေါက်လာပုံ၊ တွေးခေါ်မှုများ၏ အရေးပါအရာရောက်ပုံနှင့် လူမှုတာဝန် အခန်းကဏ္ဍတို့ကို ခွဲခြားသိမြင်ရမည် ဖြစ်ပေသည်။

သမိုင်းဆိုင်ရာ ရုပ်ဝါဒ၏ တတိယလမ်းညွှန်မှုမှာ လူမှုဖြစ်ပေါ်တိုးတက်မှုတွင် တွေးခေါ်မှု၏ အခန်းကဏ္ဍနှင့် ပတ်သက်ပေသည်။ ယင်းလမ်းညွှန်မှု၏ အနှစ်သာရမှာ လူ့အဖွဲ့အစည်း၏ ရုပ်ဘဝ အခြေအနေများကို အခြေခံ၍ ပေါ်ပေါက်လာသော တွေးခေါ်မှုများသည် တစ်ဖန်ပြန်၍ လူ့အဖွဲ့အစည်း၏ ရုပ်ဘဝ ဖြစ်ပေါ်တိုးတက်မှုတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်ဟူသော အချက်ဖြစ်သည်။ ရုပ်ဘဝ တိုးတက်ရေးအတွက် ပြန်၍ ကျေးဇူးပြုသည်ဟူသော အချက်ဖြစ်၏။

အချို့သော စက်ယန္တရား ရုပ်ဝါဒအများကမူ တွေးခေါ်မှုဆိုသည်မှာ ပြင်ပရုပ်အခြေအနေများ၏ အရောင်ရိုက်ခတ်ချက်ဟု တစ်ဖက်တည်းသာ ယူဆပြီး တွေးခေါ်မှုများက တစ်ဖန် ရုပ်အခြေအနေများကို မည်သို့မည်ပုံ တုံ့ပြန်ကျေးဇူးပြုသည်ဆိုသည့် အချက်ကို လုံးဝ ပစ်ပယ်လိုက်ကြသည်။ အခြားတစ်ဖက်တွင် အရာဝတ္ထုများ၏ အညမည ဆက်စပ်နေပုံ၊ ၎င်းတို့ဖြစ်ပေါ်လှုပ်ရှားနေပုံတို့ကိုသာ လေ့လာသော အနုပဋ္ဌိလောမရုပ်ဝါဒကမူ ဤသို့ တစ်ဖက်သတ် မယူဆပေ၊ တွေးခေါ်မှုများသည် ရုပ်အခြေအနေများ၏ အရောင်ရိုက်ခတ်ချက်အနေဖြင့် ပေါ်ထွက်လာခြင်း ဖြစ်သော်လည်း ထိုရုပ်အခြေအနေကို မှီ၍ ပေါ်လာသော တွေးခေါ်မှုများသည်ပင် တစ်ဖန်ပြန်၍ ရုပ်အခြေအနေများကို ကျေးဇူးပြုသည် ပြောင်းလွဲစေမည်ဟု ယူဆပေသည်။

ဥပမာအားဖြင့် ကုန်လုပ်ရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေသည့် ကျွမ်း

ကျင်သော အလုပ်သမားတစ်ယောက်၌ အသိပညာရှိသည်။ တွေးခေါ်မှုရှိသည်။ အလုပ်သမားသည် စက်မဟုတ်ပေ။ ထို့ကြောင့် သူသည် သူ့လုပ်ငန်းနှင့်ပတ်သက်သော ဝတ္ထုပစ္စည်းများအကြောင်းကို နားလည်သော အသိဉာဏ်ရှိပေသည်။ သို့ရာတွင် သူ့စိတ်ထဲသို့ တွေးခေါ်မှုများ အလိုအလျောက် ရောက်လာခြင်း မဟုတ်ပေ။ လက်သမားသည် သစ်သားနှင့်ပတ်သက်၍ အသိပညာရှိ၏။ တန်ဆာပလာလုပ်သူတစ်ယောက်သည် သတ္တုနှင့်ပတ်သက်၍ အသိပညာရှိ၏။ ယင်းသို့သော အသိပညာ တွေးခေါ်မှု စသည်တို့သည် တကယ်ရှိ အမှတ်ရှိသော သစ်သား၊ သတ္တု စသည့် ပြင်ပရုပ်ဝတ္ထုပစ္စည်းများက သူ့စိတ်ကို အရောင်ရိုက်ခတ်ရာမှ ပေါ်လာခြင်း ဖြစ်လေသည်။ သူ့တွေးခေါ်မှုများသည် ပြင်ပရုပ် အရာဝတ္ထုများ၏ အရောင်ဟပ်ချက်များအဖြစ် သူ့စိတ်ထဲတွင် စတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။ သူ၏ ကုန်လုပ်ရေးဆောင်ရွက်ချက်များ၏ ရလဒ်အဖြစ် ပေါ်ထွက်လာခြင်းသာ ဖြစ်သည်။ သို့ရာတွင် ပြင်ပရုပ်အရာဝတ္ထုများ၏ အရောင်ဟပ်ချက်အဖြစ် သူ့စိတ်ထဲတွင် ပေါ်လာ,လျှင်လာခြင်း၊ အသိပညာ၊ သို့မဟုတ် တွေးခေါ်မှု မဖြစ်သေးပေ။ အကြောင်းအရာပစ္စည်းမျှသာ ဖြစ်သေး၏။ ဤအကြောင်းအရာ ပစ္စည်းသည် သူ၏ကုန်လုပ်ရေး ဆောင်ရွက်ချက်များတွင် အရေးကြီးသော အချက်တစ်ရပ် ဖြစ်လာ၏။ ထိုအကြောင်းအရာပစ္စည်းကို သိခြင်းမှတစ်ဆင့် သစ်သားနှင့် သတ္တုကို သူ့စိတ်ကူးတွေးခေါ်မှုအရ စားပွဲကုလားထိုင် သေနတ် စသည်ဖြင့် ပုံပန်းသဏ္ဌာန်ပေါ်၍ ပြုလုပ်ခြင်း ဖြစ်သည်။

သို့ဖြင့် လူသည် တွေးခေါ်မှုဖြင့်သာ အလုပ်လုပ်၏။ တွေးခေါ်မှုမရှိဘဲ လူသည် အလုပ်မလုပ်ပေ။ ရှေးဟောင်းဘုံခေတ်ဦးကာလက ပေါ်ပေါက်ခဲ့သော လူသည်ပင် သူ၏ ကျောက်လက်နက် တန်ဆာပလာများကို တွေးခေါ်မှုဖြင့် တီထွင်ပြုလုပ်ခဲ့သည်။ ယင်းမှာ ရုပ်အခြေအနေများကို ပြောင်းလဲရာတွင် လူ၏ တွေးခေါ်မှု မည်မျှအရေးကြီးပုံကို ပြသလိုက်ခြင်းပင် ဖြစ်လေသည်။

ထို့ကြောင့် လူသည် သူ၏ လူမှုဆောင်ရွက်ချက်များကို ပြုလုပ်ရာတွင် တွေးခေါ်မှု မရှိဘဲ ပြုလုပ်သည် မဟုတ်ပေ။ လူ၏ခေါင်းထဲတွင် ပေါ်ပေါက်လာသော တွေးခေါ်မှုကို လူ့အဖွဲ့အစည်း၏ ရုပ်ဝတ္ထု အခြေအနေများကြောင့် ပေါ်ပေါက်လာရသော ရုပ်ကျသော လှုပ်ရှားဆောင်ရွက်မှုများက အဆုံးအဖြတ်ပေးလေသည်။ ဤတွေးခေါ်မှုများဖြင့်ပင် လူသည် ရုပ်ပတ်ဝန်းကျင် အခြေအနေများကို ပြောင်းလဲစေသော လှုပ်ရှားဆောင်ရွက်မှုများကို ပြုလုပ်ခြင်း ဖြစ်ပေသည်။

သို့ဖြင့် လူ့အဖွဲ့အစည်းတွင် ဖြစ်ပေါ်နေသော တွေးခေါ်မှုများသည် လူ၏

လှုပ်ရှားဆောင်ရွက်မှု၊ ရုပ်ဘဝ အခြေအနေ စသည်တို့၏ အရောင်ရိုက်ခတ်ချက်အနေဖြင့် လူ၏ စိတ်ထဲတွင် ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။ လူ၏ လူမှုလှုပ်ရှားဆောင်ရွက်ချက်သည် တည်ရှိသော ရုပ်ဘဝ အခြေအနေများကို အခြေခံ၍ ပေါ်ထွက်လာခြင်း ဖြစ်ပေသည်။ ဤအခြေအနေများသည် လူ၏ တွေးခေါ်မှုများ၊ ဦးနှောက် စသည်တို့အထဲတွင် လာ၍ အရောင်ရိုက်ခတ်ကြသည်။ ဤတွေးခေါ်မှုဖြင့်ပင် လူသည် ရုပ်ဘဝ အခြေအနေများကို ပြန်လှန်ကျေးဇူးပြုသော လူမှုလှုပ်ရှားဆောင်ရွက်ချက်များကို ပြုလုပ်ခြင်း ဖြစ်လေသည်။

စက်ယန္တရား ရုပ်ဝါဒကမူ ပြင်ပ ရုပ်အခြေအနေများ၏ အရောင်ရိုက်ခတ်ချက်အနေဖြင့် လူ၏ ဦးနှောက်ထဲတွင် တွေးခေါ်မှုများ ပေါ်ပေါက်လာရခြင်း ဖြစ်သည်ဟု တစ်ဖက်တည်း ယူဆကာ တွေးခေါ်မှု၏ အခန်းကဏ္ဍကို လုံးဝ ပစ်ပယ်ပေသည်။ ဤကား တစ်ဖက်စွန်းသို့ ရောက်သော အယူအဆဖြစ်၏။ အခြားတစ်ဖက်စွန်း အယူအဆကား စက်ယန္တရား ရုပ်ဝါဒနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော စိတ်ဝါဒဖြစ်သည်။ စိတ်ဝါဒသည် ပြင်ပရုပ်အခြေအနေများ၏ အခန်းကဏ္ဍကို လုံးဝ ပစ်ပယ်ကာ လူ့ဘဝတွင် အဓိကဆောင်သော အရာမှာ စိတ်ကူးတွေးခေါ်မှုများပင် ဖြစ်သည်ဟု ယူဆသည်။ စိတ်ဝါဒအလိုအရ တွေးခေါ်မှုသည် ဦးနှောက်နှင့်ပင် သီးခြားကင်းလွတ်၍ တည်ရှိနေသော အရာတစ်ခုဟု ယူဆသည်။ လူကို လှုပ်ရှားစေသော ပထမအကြောင်းရင်းသည် တွေးခေါ်မှုဟု ယူဆသည်။ အနုပဋိလောမရုပ်ဝါဒကား ဤအစွန်းနှစ်ဖက်စလုံးကို ဆန့်ကျင်ပေသည်။ အနုပဋိလောမရုပ်ဝါဒအမြင်၌ ဦးနှောက်ထဲ၌ တွေးခေါ်မှုများပေါ်ပေါက်လာခြင်းမှာ တည်ရှိသော ရုပ်အခြေအနေများ၏ အရောင်ရိုက်ခတ်မှုကြောင့်ဟု ယူဆသည်။ သို့ရာတွင် တွေးခေါ်မှု၏ အခန်းကဏ္ဍကိုလည်း လုံးဝ မပစ်ပယ်ပေ။ ရုပ်အခြေအနေများကို မှီ၍ ဖြစ်ပေါ်လာရသော တွေးခေါ်မှုများသည် တစ်ဖန်ပြန်၍ ရုပ်အခြေအနေများကို ပြောင်းလဲလျက်ရှိသော လူ၏ လှုပ်ရှားဆောင်ရွက်မှုတွင် အရေးပါသော အခန်းမှ ပါဝင်သည်ဟု ယူဆပေသည်။

ယင်းနှင့်ပတ်သက်၍ စတာလင်က အောက်ပါအတိုင်း ပြောခဲ့လေသည်။

*"လူမှုတွေးခေါ်မှုများ၊ သဘောတရားများ၊ နိုင်ငံရေး ရှုမြင်ချက်များနှင့် နိုင်ငံရေး စနစ်များသည် လူ့အဖွဲ့အစည်း၏ ဘဝတွင် အရေးပါအရာရောက်ခြင်း မရှိဟု အနုပဋိလောမက မယူဆပေ။ တွေးခေါ်မှုများသည် လူမှုဘဝကိုလည်းကောင်း၊ လူ့အဖွဲ့အစည်းဘဝ၏ ရုပ်အခြေအနေများကိုလည်းကောင်း အပြန်အလှန် ကျေးဇူးတုံ့ပြန်ခြင်း မရှိဟု အနုပဋိလောမက မယူဆပေ။ လူမှုတွေးခေါ်မှုများ သဘောတရားများ၊*

*ရှုမြင်ချက်များ။ နိုင်ငံရေးဖွဲ့စည်းမှု အဆောက်အအုံများ၏ အရေးပါပုံသမိုင်းတွင် ၎င်းတို့၏ အခန်းကဏ္ဍ စသည်တို့ကို သမိုင်းဆိုင်ရာ ရုပ်ဝါဒက ပစ်ပယ်ခြင်း မရှိပေ။ ပစ်ပယ်ခြင်း မရှိရုံမျှမက သမိုင်းတွင်လည်းကောင်း၊ လူ့အဖွဲ့အစည်းတွင်လည်းကောင်း၊ ၎င်းတို့၏ အရေးကြီးသော အခန်းကဏ္ဍကို အလေးအနက်ပြုပေသည်..."*

**တွေးခေါ်မှုအသစ်နှင့်အဟောင်း**

လူမှုဖြစ်ပေါ်တိုးတက်မှု၌ တွေးခေါ်မှု နှစ်မျိုးရှိ၏။ ယင်းတို့ကား တိုးတက်သော တွေးခေါ်မှုနှင့် ဖောက်ပြန်သော တွေးခေါ်မှုတို့ ဖြစ်၏။ တစ်မျိုးမှာ လူ့အဖွဲ့အစည်း ဖြစ်ပေါ်မှုကို အထောက်အကူပြု၏။ တစ်မျိုးမှာ ဖြစ်ပေါ်တိုးတက်မှုကို ဟန့်တားခြင်း ပြု၏။ တွေးခေါ်မှုသည် ယင်းအလုပ်နှစ်ခုအနက် တစ်ခုခုကိုတော့ ပြုလုပ်သည်သာ ဖြစ်၏။ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုကို အထောက်အကူပြုသော တွေးခေါ်မှု ဖြစ်လျှင် တိုးတက်၍၊ လူ့အဖွဲ့အစည်းအပေါ် တိုးတက်မှုကို ဟန့်တားနှောင့်ယှက်လျှင် ဖောက်ပြန်သော တွေးခေါ်မှုဖြစ်ပေသည်။

ရုပ်ဘဝအခြေအနေများကို အခြေခံ၍ ပေါ်ထွက်လာသော တွေးခေါ်မှုများသည် တစ်ခါတစ်ရံတွင် ၎င်းတို့ကို ပေါ်ပေါက်စေသော ရုပ်အခြေအနေများ ပျောက်ကွယ်သွားသည့်တိုင် ပျောက်ကွယ်ခြင်း မရှိသေးဘဲ ကျန်ရစ်ခဲ့တတ်ကြသည်။ မြေရှင်ပဒေသရာဇ် ဆက်ဆံရေး ရုပ်ပတ်ဝန်းကျင်တွင် အခြေခံ၍ ပေါ်ထွက်လာသော မြေရှင်ပဒေသရာဇ် တွေးခေါ်မှုများသည် မြေရှင်ပဒေသရာဇ်စနစ် ရုပ်ဆက်ဆံရေး အခြေအနေများ ချုပ်ငြိမ်းကွယ်ပျောက်သွားသော်လည်း မပျောက်သေးဘဲ ကျန်ရစ်ခဲ့ကြသည်။ ဆိုလိုသည်မှာ တွေးခေါ်မှုများသည် ကာလအတန်ကြာ ကျန်ရစ်တတ်သော သဘောရှိ၏။ ယင်းသို့တွေးခေါ်မှုများ အမြစ်တွယ်ကျန်ရစ်ခဲ့ပုံကို စတာလင်က အောက်ပါအတိုင်း ဥပမာပြု၍ ပြောခဲ့ပေသည်။

*"...သေးငယ်သော အလုပ်ရုံကလေးတစ်ခုကို ပိုင်သည့် ဖိနပ်ချုပ်သမား တစ်ယောက်၏ ဥပမာကို ကြည့်ကြရအောင်၊ ဖိနပ်ချုပ်သမားသည် ဖိနပ်လုပ်ငန်းရှင်ကြီးများ၏ ပြိုင်ဆိုင်မှုကို မခံနိုင်တော့ဘဲ နောက်ဆုံးတွင် သူ့အလုပ်ရုံကလေးကို ပိတ်ပစ်လိုက်ကာ ဖိနပ်အလုပ်ရုံတွင် ဝင်ရောက်အလုပ်လုပ်သည်။ သို့ရာတွင် အလုပ်သမားအဖြစ်သာ အလုပ်လုပ်နေရသော်လည်း သူသည် အမြဲတန်းလုပ်ခစား အလုပ်သမားတစ်ယောက် မဖြစ်လိုဘဲ၊ သူ့အလုပ်ရုံကလေးကို ပြန်ဖွင့်ရေးအတွက် အရင်းအနှီး စုဆောင်းရန်၊ ငွေကြေးစုဆောင်းရန် စိတ်ထက်သန်လျက် ရှိပေသည်။ အမှန်အားဖြင့်*

*ဖိနှိပ်ချုပ်သမားတ၏ ရုပ်အခြေအနေသည် ပဒေသရာဇ်အခြေအနေ ဖြစ်ပေသည်။ သို့ရာတွင် သူ့စိတ်ဓာတ်ကား ပဒေသရာဇ်မဟုတ်။ သူ၏ စိတ်ဓာတ်မှာ ခေတ်ပေါ်ခေတ်စိတ်ဓာတ် ဖြစ်ပေသည်။ တစ်နည်းဆိုရလျှင် ဖိနှိပ်ချုပ်သမား၏ ခေတ်ပေါ်ခေတ်အခြေအနေသည် ပျက်စီးသွားပြီဖြစ်သော်လည်း၊ သူ၏ ခေတ်ပေါ်စိတ်ဓာတ်မှာ ပျောက်မသွားသေးပေ။ ဤသည်မှာ တွေးခေါ်မှုသည် ရုပ်ဘဝအခြေအနေ၏နောက်တွင် တည်ရှိကျန်ရစ်ခဲ့ပုံ သဘောဖြစ်ပေသည်"*

သို့ဖြင့် ရုပ်အခြေအနေဟောင်းများကို မှီ၍ ပေါ်ပေါက်လာသော တွေးခေါ်မှုများသည် ရုပ်အခြေအနေဟောင်းများ ပျက်စီး၍ ရုပ်အခြေအနေသစ်များ ပေါ်ပေါက်လာသည် အထိ မပျက်စီးသေးဘဲ ကျန်ရစ်ခဲ့သောအခါ၌ ယင်းတွေးခေါ်မှုများသည် ရုပ်အခြေအနေ သစ်များနှင့် ပဋိပက္ခ ဖြစ်လာကြသည်။ ရုပ်အခြေအနေသစ် တိုးတက်မှုကို တားဆီး ဟန့်တားနေသောအရာများ ဖြစ်လာကြသည်။ နောက်ပြန်ဆွဲသော တွေးခေါ်မှုများ၊ ဖောက်ပြန်သော တွေးခေါ်မှုများ ဖြစ်လာကြသည်။

ယင်းသို့ဖြင့် အတိတ်က လူမှုအခြေအနေများကို ထင်ဟပ်ဖော်ပြသည့် တွေးခေါ်မှုဟောင်းများသည် လူမှုအခြေအနေဟောင်းများကို ထိန်းသိမ်းရန် ကြိုးစားနေကြသော အင်အားစုဟောင်းများ၏ လက်နက်ကြီးများ ဖြစ်လာကြပေသည်။ လူမှု အခြေအနေသစ်များကို တည်ဆောက်ရန် ကြိုးစားနေကြသော အင်အားစုသစ်များအား ဆန့်ကျင်ဟန့်တားသည့်အရာများ ဖြစ်လာကြ၏။ ထို့ကြောင့် ယင်းတွေးခေါ်မှုဟောင်းများ ကို ကိုယ်စားပြုသော ဖောက်ပြန်သော လူတန်းစားများသည် သူတို့၏ တွေးခေါ်မှု ဟောင်းများကို တစ်မျိုးပြင်ဆင်မွမ်းမံလာကြကာ လက်ရှိအခြေအနေများ၊ တိုက်ပွဲများနှင့် ကိုက်ညီအောင် ပြင်ဆင်လာကြသည်။ ယင်းတွေးခေါ်မှုဟောင်းများကို သူတို့ အစွမ်း ရှိသ၍ အသုံးချကြသည်။ အခြားတစ်ဖက်၌မူ တိုးတက်သော လူတန်းစားသည် ယင်းအယူအဆဟောင်းများကို တိုက်ဖျက်ပစ်ရမည်ဖြစ်သည်။ လူမှုလုပ်ငန်းသစ်များနှင့် လိုက်လျောညီထွေရှိသော တွေးခေါ်မှုသစ်များကို ပြုလုပ်ရန် လိုအပ်သည်။

ထို့ကြောင့် လူတန်းစား လူ့အဖွဲ့အစည်း၌ တွေးခေါ်မှုများသည် အမျိုးမျိုး သော လူတန်းစားများ၏ ရပ်တည်မှုများကို ထင်ဟပ်ဖော်ပြပေသည်။ ရုပ်ဆက်ဆံရေး နယ်ပယ်တွင်မက၊ တွေးခေါ်မှုနယ်ပယ်တွင်လည်း လူတန်းစားတိုက်ပွဲ ရှိပေသည်။ အချုပ်အားဖြင့် ဆိုရလျှင် တွေးခေါ်မှုသည် လူ့အဖွဲ့အစည်း၌ စွမ်းပကား ကြီးမားသော အင်အားစုကြီးတစ်ခု ဖြစ်ပေသည်။

သို့ဖြစ်ရာ ရုပ်အခြေအနေဟောင်းများကိုမှီ၍ ဖြစ်ပေါ်ရသော တွေးခေါ်မှုဟောင်း

သည် လူ့အဖွဲ့အစည်း၏ တိုးတက်သော ဖြစ်ပေါ်တိုးတက်မှုသစ်ကို ဆန့်ကျင်သည်။ တွေးခေါ်မှုဟောင်းကို စွဲကိုင်သူများမှာ ဖောက်ပြန်သော လူတန်းစားများပင်ဖြစ်သည်။ အခြားတစ်ဖက်တွင်မူ ရုပ်အခြေအနေသစ်များကို မှီ၍ ဖြစ်ပေါ်ရသော တွေးခေါ်မှုသစ်သည် လူ့အဖွဲ့အစည်း၏ တိုးတက်သော ဖြစ်ပေါ်တိုးတက်မှုကို အထောက်အကူပြုသည်။ တွေးခေါ်မှုသစ်ကို စွဲကိုင်သူများမှာ တိုးတက်သော လူတန်းစားများဖြစ်ပေသည်။ ယင်းနှင့်ပတ်သက်၍ စတာလင်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

"...*လူ့အဖွဲ့အစည်း၏ ရုပ်ဘဝ ဖြစ်ပေါ်တိုးတက်မှုက လူ့အဖွဲ့အစည်း၌ လုပ်ငန်းသစ်များကို ချမှတ်ပေးလိုက်သည့်နောက်တွင် လူမှုတွေးခေါ်မှုသစ်များနှင့် သဘောတရားသစ်များသည် ပေါ်ပေါက်လာကြပေသည်။ လူမှုတွေးခေါ်မှုသစ်များနှင့် သဘောတရားသစ်များသည် ပေါ်ပေါက်လာကြသည်နှင့် တစ်ပြိုင်နက်၊ စွမ်းပကားကြီးမားသော အင်အားစုကြီးတစ်ရပ် လူ့အဖွဲ့အစည်း တိုးတက်မှုကို လွယ်ကူစေသော အင်အားစုကြီးတစ်ရပ် ဖြစ်လာပေသည်*"

ယင်းသို့ဖြင့် တွေးခေါ်မှုသစ်များ သဘောတရားသစ်များသည် လူ့အဖွဲ့အစည်း၏ ရုပ်ဘဝဖြစ်ပေါ် တိုးတက်မှု လုပ်ငန်းများနှင့် ခွဲ၍ မရပေ။ လူသည် တွေးခေါ်မှုမရှိဘဲ ဘာကိုမျှ ထိရောက်စွာ မပြုလုပ်နိုင်ပေ။ ထို့ကြောင့် စတာလင်က ဆက်လက်ပြောခဲ့သည်မှာ–

"...*လူမှုတွေးခေါ်မှုသစ်များနှင့် သဘောတရားသစ်များသည် လူ့အဖွဲ့အစည်းအတွက် လိုအပ်ပေသည်။ ယင်းတွေးခေါ်မှုများ၊ သဘောတရားများအား လုပ်ဆောင်ချက်အဖြစ် ပြောင်းလဲခြင်းမပြုဘဲ လူ့အဖွဲ့အစည်း၏ ရုပ်ဘဝဖြစ်ပေါ်တိုးတက်မှု လုပ်ငန်းများကို လုပ်နိုင်မည်မဟုတ်ပေ။ သို့ဖြင့် တွေးခေါ်မှုသစ်များ၊ သဘောတရားသစ်များသည် လူ့အဖွဲ့အစည်းရုပ်ဘဝ ဖြစ်ပေါ်တိုးတက်မှုအရ ဖြစ်ပေါ်လာသော လုပ်ငန်း သစ်များကို အခြေခံ၍ ပေါ်ထွက်လာခြင်းဖြစ်ပြီး လူ့အဖွဲ့အစည်း၏ ချုပ်ငြိမ်းဆဲ အင်အားစုများကို ဆန့်ကျင်သောပြည်သူများ၏ ပစ္စည်းကြီးတစ်ခု ဖြစ်လာပေသည်*"

ထို့ကြောင့်လည်း 'သဘောတရားသည် လူထုကြီးကို ချုပ်မိကိုင်မိသည်နှင့် ကြီးမားသော ရုပ်အင်အားစုကြီးတစ်ရပ် ဖြစ်လာပေသည်'ဟု မာ့က်စ်က ပြောခဲ့ခြင်း ဖြစ်ပေသည်။

**ဆိုရှယ်လစ်သဘောတရားနှင့်လူထုလှုပ်ရှားမှု**

ရုပ်ဝါဒ လောကအမြင်ကို လူမှုပြဿနာတွင် ထင်ဟပ်ကြည့်လိုက်ခြင်းကြောင့်

ရရှိသော သမိုင်းဆိုင်ရာ ရုပ်ဝါဒ၏ လမ်းညွှန်မှုကြီး သုံးရပ်ကို ဖော်ပြခဲ့ပြီ။ ထိုလမ်းညွှန်မှုကြီးသုံးရပ်မှ မည်သို့သော လက်တွေ့နိဂုံးချုပ်ချက်များ ထွက်ပေါ်လာသနည်း။

၁။ အလုပ်သမားလူတန်းစားသည် ၎င်း၏ လွတ်မြောက်ရေးတိုက်ပွဲ၏ လက်တွေ့ရည်ရွယ်ချက်များနှင့် ပေါ်လစီကို အိပ်မက်များ စိတ်ကူးမျှော်မှန်းချက်များအပေါ်တွင် အခြေခံခြင်းမပြုဘဲ တကယ့်လူမှုရုပ်ပတ်ဝန်းကျင်နှင့် လူမှုဖြစ်ပေါ် တိုးတက်မှု၏ ဒိဋ္ဌကျသော ဥပဒေသများတွင် အခြေခံရမည်။

၂။ လူ့အဖွဲ့အစည်းကို ပြောင်းလဲပစ်ရာတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ငန်းစဉ်ကို တကယ့်အခြေအနေများနှင့် လူ့အဖွဲ့အစည်း၏ ရုပ်အစဖြစ်ပေါ်တိုးတက်မှု လိုအပ်ချက်များအား ထည့်သွင်းစဉ်းစားခြင်းပေါ်တွင် အခြေခံရမည်။ ယင်းသို့သော လုပ်ငန်းစဉ်သည်သာလျှင် ပြည်သူလူထုများ၏ ဆန္ဒနှင့် ကိုက်ညီမည်ဖြစ်၏။

၃။ လူ့အဖွဲ့အစည်းကို ပြောင်းပစ်၍ ဆိုရှယ်လစ်ဝါဒကို တည်ဆောက်ရာ၌ ကျွန်ုပ်တို့တွင် ၎င်းနှင့်ကိုက်ညီသော ဆိုရှယ်လစ် တွေးခေါ်မှုများ၊ တော်လှန်ရေးသဘောတရားတစ်ရပ် ရှိရန်လိုသည်။

ဤသည်တို့ကား ရုပ်ဝါဒကို လူမှုပြဿနာများတွင် ထင်ဟပ်ကြည့်သဖြင့် ရရှိလာသော လမ်းညွှန်မှုများနှင့် နိဂုံးချုပ်ချက်များ ဖြစ်ပေ၏။

# အပိုင်း ၂
# လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်လာပုံ

## အခန်း ၄
## ကုန်လုပ်ရေးစနစ်

ကုန်လုပ်စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်မှု၊ ကုန်လုပ်ရေးနှင့် လူအကြား ဆက်ဆံရေး ပြောင်းမှု စသည်တို့က လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု တစ်ရပ်လုံးကို အဆုံးအဖြတ်ပြုသည်။ ကုန်လုပ်စွမ်းအားစုများနှင့် ကုန်လုပ် ဆက်ဆံရေးများကို အားလုံးခြုံ၍ ကုန်လုပ်ရေးစနစ်ဟု ခေါ်သည်။

ကုန်လုပ်ရေးနှင့် အလုပ်တာဝန် ခွဲဝေမှုကြောင့် ပုဂ္ဂလိကပစ္စည်း ပိုင်ဆိုင်မှု ပေါ်ပေါက်လာသည်။ ထို့ကြောင့် သွေးစုပ်ခြယ်လှယ်ခြင်းနှင့် လူ့အဖွဲ့အစည်း၌ ပဋိပက္ခကျသော လူ့အတန်းအစားများ ကွဲပြားခြင်းတို့ ပေါ်ပေါက်လာသည်။

လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု၌ ကုန်လုပ်ဆက်ဆံရေးအသွင် ငါးရပ် ပေါ်ပေါက်ခဲ့သည်။ ၎င်းတို့မှာ ရှေးဟောင်းဘုံစနစ်၊ ကျေးပိုင် ကျွန်ပိုင်စနစ်၊ မြေရှင်ပဒေသရာဇ်စနစ်၊ အရင်းရှင်စနစ်နှင့် ဆိုရှယ်လစ်စနစ် တို့ ဖြစ်သည်။

### ဘဝတည်မြဲမှုကြိယာများထုတ်လုပ်ရေး

နိုင်ငံရေး၊ သိပ္ပံပညာ၊ အနုပညာ၊ ဘာသာရေး စသည့် ပြဿနာရပ်များကို လေ့လာလုပ်ဆောင်ခြင်း မပြုမီ၊ လူ့အနွယ်ကြီးတစ်ခုလုံးသည် စားရေး ဝတ်ရေး၊ နေရေး ပြဿနာများကို အရင်ဖြေရှင်းရမည် ဖြစ်၏။ ယင်းအချက်သည် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု ဥပဒေသများကို နားလည်ရေးတွင် သော့ချက်ကြီး ဖြစ်ပေသည်ဟု အိန်ဂျယ်စ်လ်က ပြောခဲ့၏။ သမိုင်းဆိုင်ရာ ရုပ်ဝါဒ၏ ထူးခြားချက်မှာ ယင်းအချက်ကို စနစ်တကျ တွေ့ရှိခဲ့ခြင်းပင်ဖြစ်သည်။

ယဉ်မျိုးစာအုပ်တိုက်

လူသည် ဘဝအလုပ်မျှ မလုပ်မီ အစားအစာ အဝတ်အထည် အမိုးအကာ စသော ဘဝတည်မြဲမှုကြိယာများကို ရှာဖွေရမည်ဖြစ်၏။ လူသည် ဘဝတည်မြဲမှုကြိယာများကို သဘာဝ၏ လက်ဆောင်အဖြစ် အလကားရသည် မဟုတ်ပေ။ မိမိတို့၏ ဘဝလိုအပ်ချက်များ ထုတ်လုပ်ရန်အတွက် လူအချင်းချင်း စုပေါင်းလုပ်ကိုင်ရ၏။ ထုတ်လုပ်ပြီးသော အရာဝတ္ထုများကို ဖလှယ်ရန်အတွက် စုပေါင်းရ၏။ ယင်းသို့ ဘဝတည်မြဲမှုကြိယာများ ထုတ်လုပ်ရေးဖလှယ်ရေးတို့အတွက် စုပေါင်းခြင်းဖြင့် အခြား လူမှုကိစ္စများကို ဆောင်ရွက်လာကြခြင်း ဖြစ်ပေသည်။

ယင်းနှင့်ပတ်သက်၍ အိန်ဂျယ်လ်စ်က အောက်ပါအတိုင်း ပြောခဲ့သည်။

''*ဘဝတည်မြဲမှု ရုပ်ကြိယာများ ထုတ်လုပ်ရေး တစ်စုံတစ်ခုသော ကာလအတွင်းတွင် ပြည်သူများ ရောက်ရှိနေသော စီးပွားရေးအဆင့် စသည်တို့သည် အစိုးရစနစ်၊ တရားဥပဒေစနစ်၊ အနုပညာ၊ တွေးခေါ်မှု၊ ဘာသာအရေး အဆောက်အအုံ စသည်တို့၏ အခြေခံအုတ်မြစ်ကြီးများ ဖြစ်ပေသည်။ လူ့ဘဝ တည်မြဲရန်အတွက် အထောက်အကူ ပြုနေသော ကြိယာများကို ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ပြီး ပစ္စည်းများကို လဲလှယ်ခြင်း စသည်တို့သည် လူမှုစနစ်တိုင်း၏ အခြေခံကြီးများ ဖြစ်ပေသည်။ သမိုင်းတွင် ပေါ်ပေါက်ခဲ့သည့် လူ့အဖွဲ့အစည်းတိုင်း၌ ထုတ်လုပ်သည့် ကုန်ပစ္စည်းအမျိုးအစား ကုန်လုပ်ရေးစနစ်နှင့် ကုန်ဖလှယ်ရေး စနစ်တို့သည် ကုန်ပစ္စည်း ဖြန့်ဖြူးရေးစနစ်နှင့် လူတန်းစားများ ကွဲပြားခြင်းတို့ကို ဖန်တီးအဆုံးအဖြတ်ပြုပေသည်*''

သို့ဖြင့် လူ့အဖွဲ့အစည်း၏ ရုပ်ဘဝအခြေအနေများ၊ ရုပ်ဘဝအခြေအနေများ၏ ပြောင်းလဲမှုများသည် လူ့အဖွဲ့အစည်း လှုပ်ရှားမှုတစ်ရပ်လုံး၏ အဆုံးစွန်သော အကြောင်းရင်းများဖြစ်သည်ဟု သမိုင်းဆိုင်ရာရုပ်ဝါဒက ယူဆပေသည်။ ရုပ်ဘဝအခြေအနေများ ဆိုရာ၌ လူ့အဖွဲ့အစည်း၊ တည်ရှိသော သဘာဝနှင့် ပထဝီဆိုင်ရာနှင့် ပတ်ဝန်းကျင်များပါ ပါသည်။ ပထဝီဆိုင်ရာ ပတ်ဝန်းကျင်သည် လူ၏ လူမှုဘဝကို အထိုက်အလျောက် လွှမ်းမိုးတတ်ပေသည်၊ သို့ရာတွင် ပထဝီဆိုင်ရာ ပတ်ဝန်းကျင်သည် လူမှုဘဝပြောင်းလဲမှုနှင့် ဖြစ်ပေါ်တိုးတက်မှုကို အဆုံးအဖြတ်ပြုသည့် အဓိကအရာတော့ မဟုတ်ပေ။ လူမှုပြောင်းလဲ ဖြစ်ပေါ်မှုကို အဆုံးအဖြတ်ပြုသည့် အဓိကအရာမှာ လူ၏ ဘဝတည်မြဲမှုကြိယာများ၊ ထုတ်လုပ်ရေးနည်းလမ်းများသာ ဖြစ်ပေသည်။ လူမှုဖြစ်ပေါ်တိုးတက်မှုကို အဆုံးအဖြတ်ပြုသော အရာမှာလည်း ပတ်ဝန်းကျင် သဘာဝမဟုတ်ဘဲ လူများက ၎င်းတို့၏ ရုပ်ဝတ္ထု လိုအပ်ချက်များကို သဘာဝထံမှ ရယူပုံရယူနည်းများသာ ဖြစ်ပေသည်။

ဗြိတိန်ပြည်သည် နှစ်ပေါင်း နှစ်ထောင်အတွင်း ပထဝီဆိုင်ရာ ပတ်ဝန်းကျင် အနည်းငယ်သာ ပြောင်းလဲခဲ့၏။ သို့ရာတွင် ထိုနှစ်ပေါင်းနှစ်ထောင်အတွင်း ဗြိတိန်တွင် နေထိုင်သူများ၏ ရုပ်ဘဝအခြေအနေများမှာ အခြေခံကစ၍ ပြောင်းလဲခဲ့သည်။ ရှေးဟောင်း ဗြိတိသျှမျိုးတူစု လူ့အဖွဲ့အစည်းမှ အရင်းရှင်လူ့အဖွဲ့အစည်းထိ တိုးတက်ဖြစ်ပေါ်ခဲ့သည်။ နှစ်ပေါင်းနှစ်ထောင်အတွင်း မြေသြဇာကောင်းသော မြေများကို ဖုံးလွှမ်းနေခဲ့သည့် သစ်တောများ ခြုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခဲ့ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တိုးချဲ့ခဲ့သည်၊ ကျောက်မီးသွေးနှင့် ဓာတ်သတ္တုရရှိရေးအတွက် တူးဖော်ခဲ့ကြသည်။ သင်္ဘောများကို တည်ဆောက်ခဲ့ကြ၏။ စက်မှုလုပ်ငန်း များကိုလည်း ထူထောင်ခဲ့သည်။ ယင်းသို့ ဘဝတည်မြဲရေးကြိယာများကို ထုတ်လုပ်ခဲ့ခြင်းဖြင့် ဗြိတိန်ပြည်၏ လူမှုဆက်ဆံရေးသည် ပြောင်းလဲခဲ့ရ၏။ ဖွဲ့စည်းမှုအဆောက်အအုံများနှင့် တွေးခေါ်မှုများသည်လည်း ပြောင်းလဲခဲ့ကြလေသည်။

လူက ၎င်း၏ ဘဝတည်မြဲရေး ကြိယာများအား ထုတ်လုပ်ပုံ၊ ဖလှယ်ပုံတို့ကို ကုန်လုပ်ရေးစနစ်ဟု ခေါ်၍ ခေါ်သည်။ လူ့အဖွဲ့အစည်းတိုင်းသည် ကုန်လုပ်ရေးစနစ်ကို အခြေခံ၍ တည်ရှိခြင်းဖြစ်သည်။ ကုန်လုပ်ရေးစနစ်သည် လူမှုဆောင်ရွက်ချက်နှင့် ဖွဲ့စည်းမှု အဆောက်အအုံများ အားလုံး၏ အသွင်လက္ခဏာကို ဆုံးဖြတ်ပေးသည်။

လူ့အဖွဲ့အစည်း၏ သမိုင်းလမ်းကြောင်းတစ်လျှောက်တွင် ကုန်လုပ်ရေးစနစ် အမျိုးမျိုး ပေါ်ပေါက်ခဲ့၏။ သားငါးရှာဖွေ၍ အမဲလိုက်သော မျိုးတူစုရှေးဟောင်းစီးပွားရေးစနစ်မှ ဆိုရှယ်လစ်စီးပွားရေးစနစ်အထိ ပြောင်းလဲဖြစ်ပေါ်ခဲ့၏။ သို့ဖြင့် ကုန်လုပ်စနစ် တစ်ခုပြီးတစ်ခု ပေါ်ခဲ့သည်။ ယင်းသို့သော စီးပွားရေး ပြောင်းလဲမှုနှင့် ဖြစ်ပေါ်တိုးတက်မှု၊ ဘဝတည်မြဲရေး ရုပ်ကြိယာများအား ထုတ်လုပ်ရေးစနစ် ပြောင်းလဲမှုနှင့် ဖြစ်ပေါ်တိုးတက်မှုတို့သည် လူမှုဖြစ်ပေါ်တိုးတက်မှု တစ်ရပ်လုံး၏ အခြေခံဖြစ်ပေသည်။

ထို့ပြင် သမိုင်းဆိုင်ရာ ရုပ်ဝါဒသည် အဓိကပြဿနာကြီးသုံးရပ်ကို ပေါ်ထွက်စေခဲ့၏။ ယင်းမှာ–

၁။ ကုန်လုပ်ရေးစနစ်ကို မည်သည့်အဓိက အခြင်းအရာများက စိုးမိုးနေသည်ဆိုသည့် အချက်ကို တိကျစွာ ဖွင့်ဆိုရှင်းလင်းရန်၊ ကုန်လုပ်ရေးစနစ် ပြောင်းလဲမှုများ မည်သို့ ဖြစ်ပေါ်လာပုံကို တိကျစွာ ဖွင့်ဆိုရန်။

၂။ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု၏ အခြေခံဥပဒေသများဖြစ်သော ကုန်လုပ်ရေးစနစ် ပြောင်းလဲမှုများကို လွှမ်းမိုးနေသည့် ဥပဒေသများကို ရှာဖွေစစ်ဆေးရန်။

၃။ ကုန်လုပ်ရေးစနစ် ပြောင်းလဲမှုပေါ်တွင် အခြေခံ၍ ပေါ်ထွက်ပြောင်းလဲနေကြ

သော လူမှုတွေးခေါ်မှုများနှင့် ဖွဲ့စည်းမှု အဆောက်အအုံများကို စိုးမိုးနေသည့် ဥပဒေသများကို ရှာဖွေ စစ်ဆေးရန် စသည်တို့ဖြစ်၏။

**ကုန်လုပ်ရေးနှင့်ပစ္စည်းပိုင်ဆိုင်မှု**

ကုန်လုပ်ရေး စနစ်သည် အမြဲတန်း အများနှင့်ဆိုင်သော ကိစ္စတစ်ရပ်ဖြစ်သည်။ အများပိုင်ဖြစ်သည်။ ယင်းသို့ ဖြစ်ရခြင်းမှာ လူတစ်ဦးချင်းတိုင်းသည် သူ့အတွက် လိုအပ်သော ရုပ်ဝတ္ထုပစ္စည်းအားလုံးကို မထုတ်လုပ်နိုင်သောကြောင့်ဖြစ်သည်။ သူတစ်ယောက်တည်း အလုပ်ဖြင့် မလုပ်နိုင်သောကြောင့်ဖြစ်သည်။ လူ့အသိုင်းအဝိုင်းတစ်ခု၏ ရုပ်ဝတ္ထု လိုအပ်ချက်များကို လူများစွာ၏ အလုပ်ဖြင့် ထုတ်လုပ်ရ၏။ သို့ဖြင့် လူသည် လူ့အသိုင်းအဝိုင်းတွင် ဝေငှသုံးစွဲရသော လူမှုထုတ်ကုန်ကို ထုတ်လုပ်ရာတွင် 'လှုပ်ရှားဆောင်ရွက်မှုများကို အပြန်အလှန် ဖလှယ်မှု' ပြုလုပ်လာရလေသည်။

ထို့ကြောင့် ကုန်လုပ်ရေးစနစ်ကို လေ့လာရာတွင် ထုတ်ကုန်များကို ထုတ်လုပ်ရန်အတွက် မရှိမဖြစ်သော လူမှုစွမ်းအားစုများကို ပထမနားလည်ရမည်ဖြစ်သည်။ လူမှုစွမ်းအားစုဆိုသည်မှာ ကုန်လုပ်ရေးကို ပြုလုပ်ပေးသော တကယ့်ရုပ်ဝတ္ထုကြိယာများကို ဆိုလိုခြင်းဖြစ်သည်။ ဒုတိယအားဖြင့် ကုန်လုပ်ရန် လူအချင်းချင်း ဘယ်လိုဆက်ဆံရသည်။ ကုန်ဖလှယ်ရေးကို ဘယ်လိုဆောင်ရွက်ရသည် စသည်တို့ကို ဖော်ပြသည့် ဆက်ဆံရေးများကို နားလည်ရမည်ဖြစ်သည်။ တစ်နည်းဆိုရလျှင် ၁။ ကုန်လုပ်စွမ်းအားစုများနှင့် ၂။ ကုန်လုပ်ဆက်ဆံရေးများကို ခွဲခြားနားလည်ရမည်ဖြစ်သည်။ ကုန်လုပ်စွမ်းအားစုနှင့် ကုန်လုပ်ဆက်ဆံရေးတို့အားလုံးကို ကုန်လုပ်ရေးစနစ်ဟု ခေါ်ပေသည်။ ကုန်လုပ်စွမ်းအားစုများပြောင်းခြင်း၊ ကုန်လုပ်ဆက်ဆံရေးပြောင်းခြင်းကြောင့် ကုန်လုပ်ရေးစနစ် ပြောင်းလဲလာရပေသည်။

**၁။ သို့ဖြစ်လျှင် ကုန်လုပ်စွမ်းအားစု ဆိုသည်မှာ အဘယ်နည်း။**

ကုန်ပစ္စည်းထုတ်လုပ်ရေးအတွက် လက်နက်ပစ္စည်း၊ စက်၊ သယ်ယူပို့ဆောင်ရေးကြိယာ စသော ကုန်လုပ်တန်ဆာပလာများကို ဆိုလိုခြင်း ဖြစ်ပေသည်။ သို့ရာတွင် ထိုအရာများချည်း ရှိရုံနှင့်လည်း ကုန်ပစ္စည်းထုတ်လုပ်၍ မရသေးပေ။ ၎င်းတန်ဆာပလာများကို အသုံးပြုမည့် လူလို၏။ ကုန်လုပ်တန်ဆာပလာများကို ကျွမ်းကျင်စွာ သုံးစွဲနိုင်သော လူမရှိဘဲ၊ ကုန်ထုတ်လုပ်၍ မဖြစ်ပေ။

တစ်ဖန် ကုန်လုပ်စွမ်းအားစုထဲတွင် အောက်ပါတို့ ပါဝင်ပြန်သည်။ ယင်းမှာ

၁။ ကုန်လုပ်တန်ဆာပလာနှင့် ၂။ ကုန်လုပ်ရေးအတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသော အလုပ်သမားတို့ဖြစ်၏။

**၂။ ကုန်လုပ်ဆက်ဆံရေးဆိုသည်မှာအဘယ်နည်း။**

လူသည် အချင်းချင်း ဆက်ဆံမှု မရှိဘဲ ကုန်လုပ်ရေး အတွေ့အကြုံနှင့် ကျွမ်းကျင်မှုကို ရရှိလာခြင်း မဟုတ်ပေ။ ကုန်လုပ်တန်ဆာပလာများကို သုံးစွဲတတ်ရန်၊ ကုန်လုပ်ရေး အတွေ့အကြုံနှင့် ကျွမ်းကျင်မှုကို ရရှိရန်အတွက်၊ လူသည် အချင်းချင်း ဆက်ဆံပေါင်းသင်းရသည်။ ဤသို့ဖြင့် လူသည် လူမှုကုန်လုပ်ရေး ဖြစ်စဉ်တလျှောက်၌ ပေါင်းဖော်စည်းရုံးမိလာပေသည်။ အလုပ်တစ်ခုကို အတူတူ ဝိုင်းဝန်းလုပ်ကြရင်းဖြင့် အချင်းချင်း ဆက်ဆံလာရသည်။ သို့ရာတွင် လူသည် ကုန်လုပ်ရေးကို ပြုလုပ်ဆောင်ရွက်ရင်းဖြင့် အချင်းချင်း ပေါင်းသင်းဆက်ဆံရသော လူမှုဆက်ဆံရေး နယ်ပယ်တွင်းသို့ ရောက်ရှိလာရုံမျှမက၊ ၎င်းတို့ အသုံးပြုနေသည့် ကုန်လုပ်ကြိယာများနှင့်လည်း ဆက်ဆံလာရပေသည်။

ကုန်လုပ်ကြိယာဆိုသည်မှာ ကုန်လုပ်တန်ဆာပလာနှင့် မတူပေ။ ကုန်လုပ်ကြိယာဟူသော စကား၏ အနက်သည် ကုန်လုပ်တန်ဆာပလာ ဟူသော စကား၏ အဓိပ္ပါယ်ထက် ကျယ်ဝန်း၏။ ကုန်လုပ်ကြိယာဟု ဆိုလိုက်သည်နှင့် ပြည့်စုံသော ကုန်ချောပစ္စည်းတစ်ခုဖြစ်အောင် ထုတ်လုပ်ရာတွင် လိုအပ်သည့်ပစ္စည်းများအားလုံး ပါဝင်၏။ ကုန်လုပ်ကြိယာထဲ၌ ကုန်လုပ်တန်ဆာပလာများ (ကုန်လုပ်စွမ်းအားစု၏ အစိတ်အပိုင်း) သာမက မြေယာ၊ ကုန်ကြမ်းပစ္စည်း၊ စက်ရုံ စသည်တို့အားလုံး ပါဝင်ပေသည်။

ထို့ကြောင့် ကုန်လုပ်ရေးစနစ်ကို ဖယားဆွဲလိုက်သောအခါ အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်။

ကုန်လုပ်ရေးစနစ်

- ကုန်လုပ်ရေးစွမ်းအားစုံ
  - ကုန်လုပ်ရေးတန်ဆာပလာ စူး၊ဆောက်၊စက် သယ်ယူပို့ဆောင်ရေး စသည်
  - အလုပ်သမား
- ကုန်လုပ်ဆက်ဆံရေး
  - အချင်းချင်းဆက်ဆံရေး
  - ကုန်လုပ်ကြိယာ
    - ကုန်လုပ်တန်ဆာပလာ
    - အရင်းအနှီး၊ (မြေယာ၊စက်ရုံ၊ ကုန်ကြမ်းပစ္စည်း စသည်

သို့ဖြစ်ရာ ကုန်လုပ်ရေးကို ဆောင်ရွက်ရာတွင် ကုန်လုပ်ကြိယာများနှင့် ကိုက်ညီအောင် ကုန်လုပ်သူ အချင်းချင်း၏ ပေါင်းသင်းဆက်ဆံရေးကို စနစ်တကျ ပြုလုပ်ပေးရန်လိုသည်။ အချို့သော စီစဉ်မှုများကို ပြုလုပ်ပေးရန်လိုသည်။ လူ့အဖွဲ့ အစည်းလို လူအချင်းချင်း တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် တာဝန်ထမ်း ဆောင်ကြရန်လိုသည်။ ကုန်ချောတစ်ခု၏ တန်ဖိုးထဲတွင် အရင်းအနှီး စိုက်ထုတ်ရသူ၏ ဝေစုနှင့် အလုပ်လုပ်ပေးရသူ၏ ဝေစု စသဖြင့် ပေါ်ပေါက်လာသည်။ သို့ဖြင့် ပစ္စည်း ပိုင်ဆိုင်မှု ဆက်ဆံရေးသည်လည်း ပေါ်ပေါက်လာပေသည်။

ရှေးဟောင်း ကုန်လုပ်ရေးစနစ်တွင်မူ အဓိက ကုန်ထုတ်လုပ်သူများမှာ မုဆိုး များဖြစ်သည်။ မုဆိုးများသည် အချင်းချင်း သာမန် ပေါင်းသင်းဆက်ဆံမှုများကို ပြု လုပ်ကြ၏။ သူတို့ အမဲလိုက်သော မြေကွက်ကို အားလုံးကပင် ပိုင်ကြ၍ ရလာသော သားကောင်ကိုလည်း အများပင် ပိုင်ဆိုင်ကြသည်။ မျိုးတူစုများသည် မုဆိုးလိုက်အဖွဲ့ များဖွဲ့၍ အမဲလိုက်ကြပြီးနောက် ရလာသော ဘုံပိုင်ပစ္စည်းဖြစ်သည့် သားကောင်ကို လည်း ခွဲဝေယူကြသည်။

သို့ရာတွင် အလုပ်တာဝန် ခွဲဝေမှု ပေါ်ပေါက်လာသောအခါ ဤသို့မဟုတ် တော့ပေ။ သူတစ်ယောက်က ဤအရာကိုလုပ်လျှင် အခြားတစ်ယောက်က ထိုအရာကို

ပြုလုပ်လာရသည်။ သူတို့တစ်ဦးချင်း သုံးစွဲသည့် တန်ဆာပလာများကိုလည်း တစ်ဦးချင်း၏ ကိုယ်ပိုင်ပစ္စည်းဟု ယူဆလာကြသည်။ သို့ဖြင့် ထုတ်လုပ်ပြီးသား ထုတ်ကုန်ပစ္စည်းသည်လည်း ထုတ်လုပ်သူ၏ ကိုယ်ပိုင်ပစ္စည်း ဖြစ်လာသည်။ သူ့သဘောအရ သုံးစွဲထုခွဲနိုင်သော ပစ္စည်းဖြစ်လာသည်။ အလားတူပင် ကျွဲနွားတိရိစ္ဆာန်များ မွေးမြူသောအခါတွင်လည်း ကျွဲနွားတိရိစ္ဆာန်များသည် ဆိုင်ရာအိမ်ထောင်များ အိမ်ထောင်ဦးစီးများ၏ ပစ္စည်းဖြစ်လာသည် နောက်တွင် မြေယာသည်လည်း ပုဂ္ဂလိကပစ္စည်း ဖြစ်လာလေတော့သည်။

သို့ဖြင့် ကုန်လုပ်စွမ်းအားစုများ (မြေယာ လက်မှုပစ္စည်း စသည်)၏ ဖြစ်ပေါ်တိုးတက်မှု ယင်းဖြစ်ပေါ်တိုးတက်မှုနှင့် အတူပေါ်ပေါက်လာသော အလုပ်တာဝန်ခွဲဝေမှုတို့ကြောင့် ကုန်လုပ်ကြိယာများကို တစ်ဦးတစ်ယောက်က ပိုင်ဆိုင်မှု၊ သို့မဟုတ် တစ်ဦးချင်း အစုကလေးများက ပိုင်ဆိုင်မှုတို့ ပေါ်ပေါက်လာလေသည်။ ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှု ပေါ်ပေါက်လာလေသည်။

သို့ဖြစ်ရာ လူမှုဖြစ်ပေါ်တိုးတက်မှုတွင် အဓိက မောင်းနှင်အား အင်အားစုများ ကုန်လုပ်စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်မှုပင် ဖြစ်ပေသည်။

အဓိကအားဖြင့် ပစ္စည်းပိုင်ဆိုင်မှု ဆက်ဆံရေးသည် လူအချင်းချင်းကြားတွင် ရှိသော လူမှုဆက်ဆံရေးပင် ဖြစ်၏။ ၎င်းသည် ကုန်လုပ်ရေးမှ ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ ရုတ်တရက်ကြည့်လျှင် ပစ္စည်းပိုင်ဆိုင်မှုဆက်ဆံရေးသည် ပိုင်ရှင်နှင့် ၎င်းပိုင်သော ပစ္စည်းတို့ကြားတွင် တည်ရသော ဆက်ဆံရေးဟု ထင်စရာရှိ၏။ အမှန်အားဖြင့်ကား ပစ္စည်းပိုင်ဆိုင်မှု ဆက်ဆံရေးသည် လူ့အဖွဲ့အစည်းအတွင်းရှိ လူများအကြားတွင် တည်ရှိသော ဆက်ဆံရေးသာ ဖြစ်ပေသည်။ အရာဝတ္ထုနှင့် ပိုင်ရှင်ကြားတွင်ရှိသည့် သာမန်ဆက်ဆံရေးမျိုး မဟုတ်ဘဲ၊ လူနှင့်လူကြားတွင်ရှိသည့် ရှုပ်ထွေးသော ဆက်ဆံရေးမျိုး ဖြစ်ပေ၏။ ကုန်လုပ်ရေးတွင် လူသည် အချင်းချင်း ဆက်ဆံရသည်။ ကုန်လုပ်ကြိယာများကို ပိုင်ဆိုင်သူနှင့် အလုပ်လုပ်သူသည် ဆက်ဆံပေါင်းသင်းကြရသည်။ သို့ဖြင့် လူမှုဆက်ဆံရေးပေါ်လာသည်။ ၎င်းကို ကုန်လုပ်ဆက်ဆံရေးဟုလည်း ခေါ်ပေသည်။

ထို့ကြောင့် ပစ္စည်းပိုင်ဆိုင်မှု ဆက်ဆံရေးသည် ကုန်လုပ်ကြိယာများကို သုံးစွဲရေးကိစ္စ၊ ထုတ်ကုန်များကို ရောင်းချရေးကိစ္စတို့၌ လူအချင်းချင်း ဆက်ဆံပေါင်းသင်းပုံကို ဖော်ပြသည့် နည်းလမ်းများပင် ဖြစ်ပေသည်။ ကုန်လုပ်ရေးဖြစ်စဉ်တစ်လျှောက်၌ လူအချင်းချင်း ပေါင်းသင်းဆက်ဆံရခြင်းသည် ပစ္စည်းပိုင်ဆိုင်မှု ဆက်ဆံရေးဖြစ်သည်။

ၿငင်းကို ကုန်လုပ်ဆက်ဆံရေးဟူ၍လည်း ခေါ်ပေသည်။ သို့ဖြစ်ရာ လူ့အဖွဲ့အစည်းဖြစ်ပေါ် တိုးတက်မှု၏ တစ်စုံတစ်ခုသော အဆင့်တွင် ဖြစ်ပေါ်နေသော ကုန်လုပ်ဆက်ဆံရေးသည် ထိုအဆင့်၌ လူ့အဖွဲ့အစည်း၏ စီးပွားရေး အဆောက်အအုံ၏ ပုံသဏ္ဌာန်ကို ဆုံးဖြတ်ပေသည်။

**ခွေးစုပ်ခြယ်လှယ်ခြင်း**

ကုန်လုပ်ရေး လှုပ်ရှားဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်လာသော ထုတ်ကုန်ပစ္စည်းများကို နည်းအမျိုးမျိုးဖြင့် ခွဲဝေကြ၏။ လူ့အဖွဲ့အစည်းဝင်များကြားတွင်လည်း ဝေငှဖြန့်ဖြူးကြ၏။ ဝေငှဖြန့်ဖြူးပုံစနစ်ကား တည်ရှိဆဲ စီးပွားရေးစနစ်အပေါ်တွင် မူတည်ပေသည်။

သို့ဖြစ်ရာ ထွက်ကုန်ပစ္စည်းများ ခွဲဝေပုံ နည်းလမ်းများကို မည်သည့်အရာက အဆုံးအဖြတ်ပြုသလဲ၊ လူ့အဖွဲ့အစည်း အမျိုးမျိုးတွင် ဘာကြောင့် ထုတ်ကုန်ပစ္စည်း ခွဲဝေပုံနည်းလမ်းများ ကွဲပြား ခြားနားနေကြသလဲဆိုသည့် မေးခွန်းများ ပေါ်ပေါက်လာသည်။

ဘဝတည်မြဲမှု ကြိယာများက ခွဲဝေဖြန့်ဖြူးပုံကို အဆုံးအဖြတ်ပြုသော အရာမှာ ယေဘုယျအားဖြင့် ကုန်လုပ်ကြိယာများ ပိုင်ဆိုင်ပုံစနစ် ဖြစ်လေသည်။ တစ်နည်းပြောရလျှင် ကုန်လုပ်ဆက်ဆံရေးများက ထုတ်ကုန်ပစ္စည်းများ ခွဲဝေပုံစနစ်ကို အဆုံးအဖြတ်ပေးလေသည်။

ရှေးဟောင်းဘုံစနစ်ခေတ်ကာလတွင် ကုန်လုပ်ကြိယာများကို အများက ပိုင်ဆိုင်၏ ထုတ်လုပ်သူများက စုပေါင်းပိုင်ဆိုင်ကြ၏။ ယင်းသို့ဖြစ်ရခြင်းမှာ ကုန်လုပ်တန်ဆာပလာများက ရှေးကျသောကြောင့်ဖြစ်၏။ ရှေးကျသော လက်နက်ကြိယာများကို ကိုင်ဆောင်ရသည့်အတွက် အလုပ်တာဝန်ခွဲဝေပုံစနစ်သည်လည်း ကောင်းစွာ တိုးတက်ခြင်း မရှိသေး။ လူများသည် အသက်ရှင်သန်နေနိုင်ရေးအတွက် စုပေါင်းအလုပ်လုပ်ရ၏။ ယင်းသို့ ဘုံစုပေါင်း၍ အလုပ်လုပ်ရသဖြင့် ကုန်လုပ်ကိရိယာများကိုလည်း ဘုံစုပေါင်း၍ ပိုင်ဆိုင်ကြ၏။ တစ်ဖန် ကုန်လုပ်ရေး၏ အသီးအပွင့်များကိုလည်း အားလုံးစုပေါင်းပိုင်ဆိုင်ကြ၏။ ကုန်လုပ်ကိရိယာသည် လူတစ်ဦး သို့မဟုတ် လူတစ်စု၏ပစ္စည်း မဟုတ်သဖြင့် ထုတ်ကုန်ကိုလည်း လူတစ်ဦး၊ သို့မဟုတ် လူတစ်စုကသာ ပိုင်ဆိုင်ခြင်းမပြုပေ။

တစ်ဖန် ဆိုရှယ်လစ် လူ့အဖွဲ့အစည်း၌လည်း ကုန်လုပ်ကိရိယာများကို အများက စုပေါင်းပိုင်ဆိုင်ကြသည်။ သို့ရာတွင် ယခု တစ်ကြိမ် စုပေါင်းပိုင်ဆိုင်ခြင်းမှာ

ရှေးဟောင်းဘုံစနစ် ကာလထုန်းကလို ကုန်လုပ်တန်ဆာပလာများက ရှေးကျသည့် လက္ခဏာကိုဆောင်သောကြောင့် မဟုတ်ဘဲ၊ ကုန်လုပ်တန်ဆာပလာများက များစွာ တိုးတက် ခေတ်မီသည့် လက္ခဏာကို ဆောင်သောကြောင့်သာ ဖြစ်ပေသည်။ ခေတ်သစ် စက်မှုလုပ်ငန်း၏ တိုးတက်မှုကြောင့်သာ ရရှိလာခဲ့သောအလုပ်ကို ဘုံစုပေါင်းလုပ်ကိုင် ခြင်းကြောင့် ကုန်လုပ်ကိရိယာများကိုလည်း အများက စုပေါင်းပိုင်ဆိုင်ရန် လိုအပ်လာ သည်။ ထို့ကြောင့် ထုတ်ကုန်ပစ္စည်းကိုလည်း အများကို ခွဲဝေပေးသည်။ ဆိုရှယ်လစ် လူ့အဖွဲ့အစည်းတွင် ထုတ်ကုန်ပစ္စည်းကို 'တစ်ဦးစီ၏အလုပ်နှင့် လျော်ညီစွာ' ခွဲဝေပေး ပြီး၊ ကွန်မြူနစ်လူ့အဖွဲ့အစည်းတွင် 'တစ်ဦးစီ၏ အလိုဆန္ဒနှင့် လျော်ညီစွာ' ခွဲဝေပေး လိုက်ပေသည်။

သို့ရာတွင် လူ့အဖွဲ့အစည်း၏ သမိုင်းတစ်လျှောက်တွင် ပေါ်ပေါက်လာသော ခေတ်ကာလများတွင် ရှေးဟောင်းဘုံစနစ်ခေတ်နှင့် ဆိုရှယ်လစ်ခေတ်များမှအပ ကျန် ခေတ်ကာလများတွင် ယင်းသို့ ကုန်လုပ်ကိရိယာများကို ဘုံစုပေါင်း ပိုင်ဆိုင်သော စနစ်သည် မရှိခဲ့ဘူးပေ။ ထိုခေတ် နှစ်ခေတ်မှအပ ကျန်ခေတ်များ၌ ကုန်လုပ်ကိရိယာကို တစ်သီးပုဂ္ဂလများ၊ သို့မဟုတ် တစ်သီးပုဂ္ဂလအစုကလေးများကသာ ပိုင်ဆိုင်ကြသည်။ ထို့ကြောင့် ကုန်လုပ်ကိရိယာကို ပိုင်ဆိုင်သူများကသာ ထုတ်ကုန်ပစ္စည်းများကို ကြီးကြပ် ခွဲဝေကြ၏။ ယင်းသို့ ထုတ်ကုန်ပစ္စည်းများကို ခွဲဝေရာတွင် ကုန်လုပ်ကိရိယာကို ပိုင်သူများသည် ၎င်းတို့အကျိုးကိုသာ ကြည့်၍ ခွဲဝေကြ၏။ အခြားသူများ၏ အလုပ်မှ အသီးအပွင့်ကို ဆွတ်ယူစားသောက်ကြ၏။ ကုန်လုပ်ကိရိယာများကို မပိုင်ဆိုင်သူတို့မှာ ပိုင်ဆိုင်သူတို့အတွက် အလုပ်လုပ်ပေးကြရ၏။ ယင်းသို့ ကုန်လုပ်ကိရိယာ မပိုင်သူက ကုန်လုပ်ကိရိယာကို ပိုင်သူအတွက် အလုပ်လုပ်ပေးရခြင်းသည် သွေးစုပ်ခြယ်လှယ်ခြင်း ဖြစ်ပေသည်။

**သို့ဖြစ်လျှင် သွေးစုပ်ခြယ်လှယ်ရေးစနစ်သည် ဘယ်လိုပေါ်လာသလဲ။**

ပထမအချက်အားဖြင့် အလုပ်တာဝန် ခွဲဝေမှုစနစ်ပေါ်လာသဖြင့် ရှေးဟောင်း ဘုံကုန်လုပ်ရေးစနစ်သည် ပျောက်ကွယ်သွားသည်။ ထို့ကြောင့် ကုန်လုပ်ကိရိယာများ ကို ဘုံပိုင်ဆိုင်မှုသည်လည်း ပျောက်ကွယ်သွားကာ ၎င်းအစား တစ်ဦးချင်းပိုင်ဆိုင်မှု ရောက်လာသည်။ တစ်ဖန် ကုန်ပစ္စည်း ခွဲဝေမှုကို ကုန်လုပ်ကိရိယာ ပိုင်ဆိုင်သူများက ကြီးကြပ်သည်ဖြစ်ရာ၊ ၎င်းနှင့် တစ်ပြိုင်တည်း ကုန်ပစ္စည်း ခွဲဝေမှုတွင်လည်း ပုဂ္ဂလိက အမြတ်ခွဲဝေမှုစနစ်သည် ပေါ်ပေါက်လာသည်။ ယခင်က ကျွဲနွားတိရိစ္ဆာန်များကို ဘုံပိုင် ဆိုင်ရာမှ အိမ်ထောင်စု တစ်သီးပုဂ္ဂလအကြီးအကဲများက ပိုင်ဆိုင်လာကြသည်။ ထယ်

ယာစိုက်ပျိုးသော မြေကွက်များကိုလည်း တစ်ဦးချင်း အိမ်ထောင်များက ပိုင်ဆိုင်လာကြသည်။ လက်မှုအတတ်ပညာသည်လည်း ပေါ်ပေါက်လာသည်။ ထို့ကြောင့် လက်မှုအတတ်ပညာဖြင့် ထုတ်လုပ်သော ပစ္စည်းများသည်လည်း၊ အများပိုင်ဆိုင်မှုဘဝက ရွှေ့လျောကာ တစ်ဦးချင်းပိုင်ဆိုင်မှုအဖြစ်သို့ ရောက်ရှိလာလေသည်။

ပုဂ္ဂလိက ပိုင်ဆိုင်မှု ပေါ်လာသည်နှင့် ထုတ်ကုန်ပစ္စည်းသည်လည်း ရောင်းကုန်ပစ္စည်း ဖြစ်လာပေသည်။ ယင်းပြောင်းလဲမှုဖြစ်စဉ်သည် အရင်းရှင်လူ့အဖွဲ့အစည်းတွင် အထွဋ်အထိပ်သို့ ရောက်လေတော့သည်။ ထုတ်ကုန်ပစ္စည်းဟူသမျှသည် ရောင်းကုန်ပစ္စည်းများ ဖြစ်လာလေတော့သည်။

ထုတ်ကုန်ပစ္စည်းများကို အခြားထုတ်ကုန်ပစ္စည်းများနှင့် လဲလှယ်လိုက်သည်နှင့် တစ်ပြိုင်နက်၊ ၎င်းသည် ရောင်းကုန်ပစ္စည်းဟု ခေါ်သောအရာ ဖြစ်လာသည်။ သို့ဖြင့် အခြားထုတ်ကုန်ပစ္စည်းများဖြင့် လဲလှယ်ရေးအတွက် ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများသည်လည်း ရောင်းကုန်များ ဖြစ်လာလေသည်။ *'ကျွဲနွားတိရစ္ဆာန်များနှင့် လူသုံးကုန်ပစ္စည်းများကို တစ်ဦးတစ်ယောက်က ပိုင်ဆိုင်ခြင်းကြောင့်၊ တစ်ဦးချင်း ကုန်ဖလှယ်မှုများ၊ ထုတ်ကုန်ပစ္စည်းမှ ရောင်းကုန်အဖြစ်သို့ အသွင်ပြောင်းမှုများ ပေါ်ပေါက်လာလေတော့သည်'*ဟု အိန်ဂျယ်လ်စ်က ရေးခဲ့ပေသည်။ ရှေးဟောင်းဘုံကုန်လုပ်ရေး စနစ်ခေတ် အတွင်းကမူ၊ လူများသည် ထုတ်ကုန်ပစ္စည်းကို မျှတစွာ ခွဲဝေယူကြသည်။ အဝတ်အထည်ကို ဘုံလုပ်၍ ဘုံခွဲဝေယူကြ၏။ စပါးကို ဘုံစိုက်ပျိုး၍ ဘုံခွဲဝေယူကြသည်။ သို့ဖြင့် ထိုခေတ်တွင် 'ထုတ်ကုန်ပစ္စည်း ဖလှယ်ခြင်းစနစ်' မရှိဘဲ 'အလုပ်ဖလှယ်ခြင်းစနစ်'သာ ရှိခဲ့သည်။ သို့ရာတွင် ပုဂ္ဂလိကပစ္စည်း ပိုင်ဆိုင်မှု ပေါ်ပေါက်လာသောအခါတွင်မူ တစ်ဦးတည်း အရာဝတ္ထုတစ်ခုကို ပြုလုပ်၍ အခြား အရာဝတ္ထုတစ်ခုကို တစ်ဦးနှင့် လဲလှယ်သည့်စနစ် ပေါ်လာပေတော့သည်။ တစ်ဦးက စပါးစိုက်၍ တစ်ဦးက အထည်ယက်ကာ၊ အထည်နှင့် စပါးကို လဲလှယ်သည့်စနစ် ပေါ်လာတော့သည်။

သို့ဖြင့် ရောင်းကုန်ဖလှယ်ရေးစနစ် ဖွံ့ဖြိုးလာသည်နှင့်အမျှ ကြေးငွေသုံးစွဲမှုစနစ်သည်လည်း ပေါ်ပေါက်လာတော့သည်။ ကြေးငွေစနစ်နှင့် ဒွန်တွဲသော ရောင်းကုန်ဖလှယ်ရေးစနစ်သည် သို့ဖြင့် ရှေးဟောင်းဘုံ ကုန်လုပ်ရေးစနစ်ကို ဖြိုချရာတွင် စွမ်းအားထက်မြက်သော အင်အားစုကြီးတစ်ခု ဖြစ်လာခဲ့ပေသည်။ ပစ္စည်းပိုင်ဆိုင်မှုသည် လူတစ်စု၏ လက်ထဲသို့ စုပြုံရောက်ရှိလာခဲ့ကာ ထိုလူတစ်စုသည် ပစ္စည်းရှင်များ ဖြစ်လာကြပြီး၊ လူများစုသည် ပစ္စည်းမဲ့များ ဖြစ်လာကြသည်။ သို့ဖြင့် ပုဂ္ဂလိကပစ္စည်း ပိုင်ဆိုင်မှု၏

ရလဒ်ကား လူ့အဖွဲ့အစည်းတွင် 'ကြီးသူ'နှင့် 'ငယ်သူ' ပစ္စည်းရှိသူနှင့် ပစ္စည်းမရှိသူဟု ကွဲပြားလာခြင်းပင် ဖြစ်ပေသည်။

ဒုတိယအချက်အားဖြင့် အလုပ်တာဝန် ခွဲဝေမှုသည် အလုပ်ထုတ်လုပ်မှု ကြီးထွားဖွံ့ဖြိုးခြင်း *(ထုတ်ကုန်ပစ္စည်း အများအပြားကို ထုတ်လုပ်နိုင်ခြင်း)* ကိုလည်း ဖြစ်ပေါ်စေသည် ဟူသောအချက်ကို သတိမူသင့်ပေသည်။ ယခင်က မျိုးတူစုတစ်ခု၏ ကုန်လုပ်ရေးအလုပ်သည် ကုန်လုပ်သူများ၏ လိုအပ်ချက်များကိုသာ ဖြည့်စွမ်းနိုင်သည်။ စပါးစိုက်သူများ၏ အလုပ်သည် စိုက်ပျိုးသူတို့ စားလောက်ရုံမျှ စပါးကိုသာ ထုတ်လုပ်သည်။ သို့ရာတွင် အလုပ်တာဝန် ခွဲဝေမှုစနစ် ပေါ်ပေါက်လာသောအခါ စပါးချည်းစိုက်သူ၊ အထည်ချည်းယက်သူဟု ပေါ်လာကာ သူတို့လိုသည်ထက်ပို၍ ထုတ်လုပ်လာနိုင်ခဲ့သည်။ သို့ဖြင့် ကုန်လုပ်ကြိယာ ပိုင်ရှင်များသည် အလုပ်တစ်စုံတစ်ရာ စိုက်ထုတ်ခြင်း မရှိဘဲ၊ အပိုအလျှံပစ္စည်းများကို ခွဲဝေယူလာကြလေသည်။

ယင်းကြောင့် ဖြစ်ပေါ်လာသော ပထမဆုံးရလဒ်မှာ ကျေးပိုင်ကျွန်ပိုင်စနစ် ဖြစ်ပေသည်။ ကုန်လုပ်ကြိယာ ပိုင်ရှင်များသည် အလုပ်လုပ်သူများအဖြစ်၊ ကျေးကျွန်များကို မွေးမြူလာကြသည်။ ထို့ကြောင့် အရှင်သခင်နှင့် ကျွန်ဟူ၍ ပေါ်လာသည်။ အရှင်သခင်သည် ကျေးကျွန်တို့၏ အလုပ်ဖြင့် ရရှိသော ထုတ်ကုန်ပစ္စည်းများကို ခွဲဝေယူသည်။ ကျေးကျွန်များကိုကား အသက်နှင့်ခန္ဓာ တည်မြဲရုံလောက်ရှိသော ဝေစုကိုသာ ယူစေသည်။

သို့ဖြစ်ရာ ရှေးဟောင်းဘုံစနစ် ကွယ်ပျောက်သည်နှင့် ကျေးပိုင်ကျွန်ပိုင်စနစ် ပေါ်ပေါက်လာလေသည်။ ထို့ကြောင့် ကျေးပိုင်ကျွန်ပိုင်စနစ်သည် ပထမဆုံး ပေါ်ပေါက်သော လူလူချင်း သွေးစုပ်ခြယ်လှယ်ရေးပုံသဏ္ဍာန် ဖြစ်ပေသည်။ ကျေးပိုင်ကျွန်ပိုင်ခေတ်၌ အရှင်သခင်သည် ကုန်လုပ်ကြိယာများကိုလည်းကောင်း၊ ကျေးကျွန်များကိုလည်းကောင်း ပိုင်ဆိုင်လေသည်။ ဒုတိယ သွေးစုပ်ခြယ်လှယ်ရေးပုံသဏ္ဍာန်မှာ မြေရှင်ပဒေသရာဇ်စနစ် ဖြစ်၏။ မြေကျွန်များအား မြေရှင်ပဒေသရာဇ်များက သွေးစုပ်ခြယ်လှယ်ကြလေသည်။ သို့ရာတွင် ကျေးပိုင်ကျွန်ပိုင်ခေတ်၌ အရှင်သခင်က ကျေးကျွန်ကို ပိုင်သကဲ့သို့ မြေရှင်ပဒေသရာဇ်သည် မြေကျွန်ကို ပိုင်ဆိုင်ခြင်းကား မရှိတော့ပေ။ မြေရှင်ပဒေသရာဇ်သည် မြေကိုသာ ပိုင်ဆိုင်၍ မြေကျွန်ကို မြေယာတွင် အသက်ထက်ဆုံး လုပ်ကိုင်စေသည်။ မြေကျွန်သည် သူ့အသက်ရှင်နေနိုင်ရုံအတွက်သာ လုံလောက်သော ဝေစုကိုရရှိကာ၊ ဝေစုအများစုကို မြေရှင်ပဒေသရာဇ်အား ခွဲဝေပေးရသည်။ တတိယသွေးစုပ်ခြယ်လှယ်ရေး ပုံသဏ္ဍာန်မှာ အရင်းရှင်စနစ်ဖြစ်သည်။ အရင်းရှင်စနစ်

အတွင်း၌ အရင်းရှင်သည် လုပ်ခစားအလုပ်သမားကို သွေးစုပ်ခြယ်လှယ်သည်။ ယင်းစနစ်အတွင်း၌ အလုပ်သမားသည် လွတ်လပ်မှုရှိသော်လည်း ကုန်လုပ်ကြိယာကို ပိုင်ဆိုင်ခြင်း မရှိပေ။ အလုပ်သမားသည် မိမိ၏အလုပ်ကို အရင်းရှင်ထံသို့ ရောင်းချခြင်းဖြင့် အသက်ရှင်၍ နေရပေသည်။ ကုန်လုပ်ကြိယာပိုင်ရှင်ဖြစ်သော အရင်းရှင်ကား ထုတ်ကုန်ပစ္စည်းမှ အမြတ်ကို ခွဲဝေယူပေသည်။

သို့ဖြင့် သမိုင်းခေတ်လမ်းကြောင်းတစ်လျှောက်၌ သွေးစုပ်ခြယ်လှယ်ရေး ပုံသဏ္ဌာန်အမျိုးမျိုး ရှိခဲ့ကြလေသည်။ သို့ရာတွင် သွေးစုပ်ခြယ်လှယ်ရေးစနစ်သည် မည်သည့်ပုံသဏ္ဌာန်ကို ဆောင်ဆောင် အနှစ်သာရမှာ အတူတူပင်ဖြစ်၏။ ကုန်ထုတ်လုပ်သူသည် မိမိလိုအပ်သည်ထက်ပို၍ ထုတ်လုပ်ပေးရကာ၊ ထိုပိုလျှံသော ပစ္စည်းကို ကုန်ထုတ်ခြင်းအမှုကို မပြုလုပ်သော ကုန်လုပ်ကြိယာပိုင်ဆိုင်သူက ခွဲဝေခံစားလေသည်။ ယင်းနှင့်ပတ်သက်၍ မာ့က်စ် က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*"...လူ့အဖွဲ့အစည်းရှိ စီးပွားရေးစနစ် ပုံသဏ္ဌာန်အမျိုးမျိုးတို့၏ အခြေခံကွဲပြားချက်ကား ထုတ်လုပ်သူ (အလုပ်သမား) ထံမှ အစွန်းထွက်အလုပ်ကို မည်သို့မည်ပုံ ညှစ်ထုတ်သည်ဆိုသည့်နည်းတွင်သာ ကွဲပြားကြပေသည်။ အစွန်းထွက်အလုပ်ကို ညှစ်ထုတ်ကြသည်မှာကား အတူတူပင် ဖြစ်ပေသည်..."*

မာ့က်စ်က ပေါ်ခဲ့သော စီးပွားရေးစနစ်များ အားလုံးသည် သွေးစုပ်ခြယ်လှယ်ရာတွင် အတူတူပင်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်၏။ ကွဲပြားသည်မှာ သွေးစုပ်ခြယ်လှယ်ရေး ပုံသဏ္ဌာန်သာ ကွဲပြားခြင်းဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်၏။ ကျေးပိုင်ကျွန်ပိုင်ခေတ်က ကျေးကျွန်အလုပ်ဖြင့် သွေးစုပ်ခြင်းပြု၍၊ အရင်းရှင်စနစ်ခေတ်တွင် လုပ်ခစားအလုပ်ဖြင့် သွေးစုပ်ခြယ်လှယ်ခြင်း ပြုသည်။ ထို့ကြောင့် သွေးစုပ်ခြယ်လှယ်ခြင်းမှာ အတူတူသာဖြစ်၍ ပုံသဏ္ဌာန်သာ ကွဲပြားခြားနားကြခြင်း ဖြစ်ပေသည်။

ကုန်လုပ်ရေးဖြစ်ပေါ်တိုးတက်မှု၊ ပစ္စည်းပိုင်ဆိုင်မှု ဖြစ်ပေါ်တိုးတက်မှုတို့ကြောင့် သွေးစုပ်ခြယ်လှယ်ခြင်း ပေါ်ပေါက်လာခြင်း ဖြစ်သည်။ သွေးစုပ်ခြယ်လှယ်ခြင်းဆိုသည်မှာ ပစ္စည်းပိုင်ဆိုင်သူ လူနည်းစုက ပစ္စည်းမပိုင်ဆိုင်သူ လူများစုကြီး၏ အလုပ်၏ အသီးအပွင့်ကို ခူးယူစားသောက်ခြင်းကို ဆိုလိုသည်။ လူလူချင်း သွေးစုပ်ခြယ်လှယ်ရာမှ ပေါ်ထွက်လာသော ကုန်လုပ်ရေးစနစ်တိုင်းတွင် လူမှုထုတ်ကုန်ဖြန့်ဖြူးရေးစနစ်မှာ အလုပ်လုပ်သော လူများစုကြီးကို မသေရုံတမယ် ဖြန့်ဖြူးဝေငှသော စနစ်ဖြစ်၏။ သို့ဖြင့် လူ့အဖွဲ့အစည်းတွင် ချမ်းသာသူနှင့် ဆင်းရဲသူဟူ၍ ကွဲပြားလာလေတော့သည်။

သို့ဖြစ်ရာ အလွန်အမင်း ဆင်းရဲခြင်း၊ အလွန်အမင်း ချမ်းသာခြင်းတို့ကို

လူ့အဖွဲ့အစည်းမှ ပယ်ဖျက်လိုလျှင် လူမှုထုတ်ကုန်များအား ခွဲဝေဖြန့်ဖြူးနည်းကို ပြောင်းရုံမျှဖြင့် မလုံလောက်ပေ။ ကုန်များကို ညီမျှစွာခွဲဝေရေး အမိန့်ပြန်တမ်းတစ်ခုကို ထုတ်ရုံမျှဖြင့် အရင်းရှင်လူ့အဖွဲ့အစည်းကို ပြောင်းလဲ၍ရမည် မဟုတ်ပေ။ ယင်းမှာ ပြုပြင်ရေးသမားတို့၏ အလုပ်မျှသာ ဖြစ်ပေသည်။

**လူတန်းစားများနှင့် လူတန်းစားတိုက်ပွဲများ**

လူမှုကုန်လုပ်ရေး ဖြစ်ပေါ်တိုးတက်မှုနှင့်အတူ လူမှုကုန်လုပ်ရေး နေရာအသီးသီး၌ ဝင်ရောက်လုပ်ကိုင်နေကြသော အစုကလေးများ ပေါ်လာ၏။ ထိုအစုကလေးများအတွင်းတွင် ဆက်ဆံရေး၊ ထိုအစုကလေးများ အသီးသီးနှင့် ကုန်လုပ်ကြိယာများ၏ ဆက်ဆံရေး စသည်တို့သည်လည်း ကွဲပြားလာကြသည်။ သို့ဖြင့် ယင်းအစုကလေးများသည် နောက်တွင် လူမှုလူတန်းစားများ ဖြစ်လာသည်။ ၎င်းတို့၏ ဆက်ဆံရေးသည် လူတန်းစားများ၏ ဆက်ဆံရေး၊ လူတန်းစားအဆောက်အအုံ ဖြစ်ပေသည်။

လူတန်းစားများ တည်ရှိလာရခြင်းမှာ လူမှုကုန်လုပ်ရေးတွင် အလုပ်တာဝန်ခွဲဝေပုံစနစ် ပေါ်ပေါက်လာခြင်းကြောင့် ဖြစ်သည်။ အလုပ်တာဝန်ခွဲဝေမှု၊ ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှု အသွင်များ ပေါ်ပေါက်လာသည်။ သို့ဖြင့် လူ့အဖွဲ့အစည်းအတွင်း၌ လူတန်းစား ကွဲပြားမှုသည်လည်း ပေါ်ပေါက်လာသည်။ ယင်းနှင့်ပတ်သက်၍ **မာ့က်စ်**က အောက်ပါအတိုင်း ပြောခဲ့လေသည်။

*"...ပိုင်ဆိုင်မှု အသွင်အမျိုးမျိုး ကွဲပြားသကဲ့သို့ အလုပ်တာဝန်ခွဲဝေမှု၌ ဖြစ်ပေါ်တိုးတက်မှုအဆင့်များသည်လည်း များပြားလှပေသည်။ ဆိုလိုသည်မှာ အလုပ်တာဝန်ခွဲဝေမှုသည် ဝတ္ထုပစ္စည်းများ၊ တန်ဆာပလာများ၊ အလုပ်၏ထုတ်ကုန်များနှင့် ပတ်သက်သည့် ကိစ္စများ၌ ပုဂ္ဂိုလ်အချင်းချင်း၏ ဆက်ဆံရေးများကို အဆုံးအဖြတ်ပြုသည်ဟု ဆိုလိုပေသည်..."*

လူတန်းစားများ ဘာကြောင့်ကွဲပြားသလဲ။ ဝင်ငွေမတူ၍လော၊ အလေ့အကျင့်မတူ၍လော၊ စိတ်နေစိတ်ထား မတူ၍လော မဟုတ်ပေ။ ကုန်လုပ်ရေးဖြစ်စဉ်၌ ကုန်လုပ်ကြိယာကို ပိုင်ဆိုင်သူနှင့် အလုပ်ကို ထုတ်လုပ်သူဟူ၍ ရှိနေသလို ပိုင်ဆိုင်သူနှင့် အလုပ်လုပ်သူသည် ကုန်လုပ်ရေးဖြစ်စဉ်ထဲ၌ ပါဝင်ကြသော်လည်း ပါဝင်ပုံခြင်း၊ နေရာချင်း မတူကြပေ။ ယင်းသို့ လူမှုကုန်လုပ်ထုတ်ရေး၌ ပါဝင်ဆောင်ရွက်ကြပုံခြင်း၊ နေရာချင်းမတူသောကြောင့် လူတန်းစားများ ကွဲပြားလာရခြင်း ဖြစ်ပေသည်။ ယင်းသို့ ကုန်လုပ်ရေးတွင် ပါဝင်ဆောင်ရွက်ပုံခြင်း မတူသည့်အတွက် အလေ့အကျင့်မတူခြင်း၊ ဝင်ငွေမတူခြင်း၊

စိတ်နေသဘောထား မတူခြင်း ဖြစ်လေသည်။ လီနင်က အောက်ပါအတိုင်း ရေးခဲ့၏။

*"...လူတန်းစားများ ကွဲပြားလာရခြင်းမှာ လူမှုကုန်လုပ်ရေးအတွင်း၌ တစ်ဦးနှင့်တစ်ဦး ပါဝင်ဆောင်ရွက်ပုံခြင်း မတူသောကြောင့်ဖြစ်ပေသည်။ ကုန်လုပ်ကြိယာများနှင့် ပတ်သက်၍ အနေအထား မတူခြင်းကြောင့် ဖြစ်လေသည်..."* လူတန်းစားဆိုသည်မှာ ဘာလဲဆိုသည့် အချက်ကိုလည်း လီနင်က အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုခဲ့၏။

*"...သမိုင်းအရ ဖြစ်ပေါ်သည့် တစ်စုံတစ်ခုသော လူမှုကုန်လုပ်ရေးစနစ်အတွင်း၌ ပါဝင်ဆောင်ရွက်ပုံခြင်း ကွဲပြားခြားနားသော ကုန်လုပ်ကြိယာနှင့် ပတ်သက်သော ဆက်ဆံရေးကိစ္စများ၌ ကွဲပြားခြားနားခြင်း၊ လူမှုအလုပ် ဖွဲ့စည်းမှုတွင် ပါဝင်ဆောင်ရွက်ပုံခြင်း ကွဲပြားခြားနားခြင်း စသည်ကြောင့် ကွဲပြားခြားနားနေကြသော အသီးသီးသော လူစုများကို လူတန်းစားဟု ခေါ်ပေသည်..."*

ယင်းမှာ လူတန်းစားဆိုသော စကား၏ အဓိပ္ပါယ်ကို ရှင်းလင်းပြသော လီနင်၏ ဖွင့်ဆိုချက်ဖြစ်သည်။ ကုန်လုပ်ရေး၌ အချို့က လုပ်အားဖြင့် အလုပ်လုပ်ကြရပြီး အချို့က ဓနအားဖြင့် အရင်းစိုက်ကြသည်။ အချို့က ကုန်လုပ်ကြိယာကို ပိုင်၍ အချို့က ကုန်လုပ်ကြိယာ လက်မဲ့ဖြစ်ကြသည်။ အချို့က အလုပ်သမားများဖြစ်၍ အချို့က အရင်းစိုက်ထုတ်သူများ ဖြစ်ကြသည်။ ထို့ကြောင့် အချို့က ဝင်ငွေနည်း၍ အချို့က ဝင်ငွေများသည်။ ယင်းသို့သော နည်းများဖြင့် တစ်ခုနှင့်တစ်ခု ခြားနားကွဲပြားနေသော လူစုများသည် လူတန်းစားများပင် ဖြစ်ပေသည်။

ထိုလူတန်းစားများ ပေါ်ပေါက်လာသဖြင့် လူတန်းစားပဋိပက္ခများ၊ လူတန်းစားတိုက်ပွဲများလည်း ပေါ်ပေါက်လာလေတော့သည်။

လူမှုကုန်ထုတ်လုပ်ရေး၌ လူတန်းတစ်ခုက ခွန်အားစိုက်ထုတ်လုပ်ပေးရ၍ အခြားလူတန်းစားက အကျိုးအမြတ်ကို ဝင်ရောက်ခံစားလိုက်သည်နှင့် လူတန်းစားတစ်ခုနှင့်တစ်ခုသည် ပဋိပက္ခဖြစ်လာကြပေသည်။ ထို့ကြောင့် သွေးစုပ်ခြယ်လှယ်သူနှင့် သွေးစုပ်ခြယ်လှယ်ခြင်း ခံရသူတို့၏ ဆက်ဆံရေးသည် မရှောင်လွှဲသာဘဲ ပဋိပက္ခဖြစ်ရမည်သာ ဖြစ်ပေသည်။ ထိုမျှမက ၎င်းတို့၏ သွေးစုပ်ခြယ်လှယ်ရေးနည်းလမ်းများ အတိုက်အခံ ဖြစ်လာသည်နှင့် သွေးစုပ်ခြယ်လှယ်သူ အချင်းချင်း၏ ဆက်ဆံရေးသည်လည်း ပဋိပက္ခ ကျလာရပေတော့သည်။ တက်သစ်စ ဓနရှင်နှင့် မြေရှင်ပဒေသရာဇ်လူတန်းစားသည် သွေးစုပ်ခြယ်လှယ်ရေးနည်းလမ်းများ အတိုက်အခံဖြစ်လာကြသောကြောင့် အချင်းချင်း ပဋိပက္ခဖြစ်လာခဲ့ကြပေသည်။

သို့ဖြစ်ရာ သွေးစုပ်ခြယ်လှယ်ရေးကို အခြေခံသည့် လူ့အဖွဲ့အစည်းတွင်

ပဋိပက္ခဖြစ်သော လူတန်းစားများ ရှိနေသည်သာ ဖြစ်၏။ *'အချင်းချင်းစစ်ပြုနေသော လူတန်းစားများသည် ကုန်လုပ်ရေးနှင့် ကုန်ဖလှယ်ရေး အခြေအနေများ၏ သားကောင်မျှသာဖြစ်၏။ အချုပ်ဆိုရလျှင် ၎င်းတို့ခေတ်၌ စီးပွားရေးအခြေအနေများ၏ သားကောင်များသာ ဖြစ်ပေသည်'*ဟု အိန်ဂျယ်လ်စ်က ပြောခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ယင်းသို့သော လူ့အဖွဲ့အစည်း၌ ခေါင်းပုံဖြတ်ခြယ်လှယ်သူနှင့် ခေါင်းပုံဖြတ်ခြယ်လှယ်ခြင်းခံရသူအကြား၊ ခေါင်းပုံဖြတ်ခြယ်လှယ်သူ အချင်းချင်း၏ အကြားတွင် ပဋိပက္ခများ ရှိနေရမည်သာဖြစ်သည်။ ထို့ကြောင့်လည်း *'လူ့အဖွဲ့အစည်း၏ သမိုင်းသည် လူတန်းစား တိုက်ပွဲများ၏ သမိုင်းသာ ဖြစ်ပေသည်'*ဟု မာ့က်စ်နှင့် အိန်ဂျယ်လ်စ်တို့က ရေးသားခဲ့ခြင်းဖြစ်ပေသည်။

လူတန်းစားတိုက်ပွဲများကို ဖြစ်ပေါ်စေသော အရာများမှာ ရုပ်ကျသော လူတန်းစားအကျိုးစီးပွားများ၏ ပဋိပက္ခဖြစ်မှုများပင် ဖြစ်သည်။ လူမှုကုန်လုပ်ရေးတွင် အမျိုးမျိုးသော လူတန်းစားများသည် အမျိုးမျိုးသော နေရာ၌ ရောက်ရှိနေကြသည်။ သို့နေရာဌာနအသီးသီးတွင် ရောက်ရှိနေကြရာမှ ပေါ်ထွက်လာသော ပဋိပက္ခဖြစ်နေသည့် အကျိုးစီးပွားများကြောင့် လူတန်းစားတိုက်ပွဲများ ပေါ်ထွက်လာခြင်း ဖြစ်ပေသည်။

သို့ရာတွင် လူတန်းစား ဆက်ဆံရေးသည်လည်း ပဋိပက္ခ ဖြစ်နေကြသည် မဟုတ်ပေ။ ခေါင်းပုံဖြတ်ခြယ်လှယ်ခြင်း မရှိသော လူတန်းစား အချင်းချင်း ဆက်ဆံရေးတွင် ပဋိပက္ခ ဖြစ်စရာ အကြောင်းမရှိပေ။ လူလူချင်း ခေါင်းပုံဖြတ်ခြယ်လှယ်ခြင်းကို ဖျက်သိမ်းပြီးဖြစ်သော ဆိုရှယ်လစ်နိုင်ငံများတွင် အလုပ်သမားလူတန်းစားနှင့် လယ်သမားလူတန်းစားဟူ၍ လူတန်းစား ကွဲပြားမှုရှိသော်လည်း ယင်းလူတန်းစားများသည် ခေါင်းပုံဖြတ်ခြယ်လှယ်သော လူတန်းစားများ မဟုတ်ဘဲ မိတ်ဘက်လူတန်းစားများ ဖြစ်ကြ၏။ ထို့ကြောင့် လူတန်းစား ပဋိပက္ခများလည်း မရှိပေ။

**စီးပွားရေးစနစ် အမျိုးအစားများ**

လူ့အဖွဲ့အစည်း၏ ကုန်လုပ်ရေးစနစ် အတွင်း၌ အခြေခံအချက်ကြီး နှစ်ခုရှိ၏။ ယင်းမှာ ကုန်လုပ်တန်ဆာပလာများနှင့် ကျွမ်းကျင်သူ အလုပ်သမားများတို့ပါဝင်သော ကုန်လုပ်စွမ်းအားစုများဖြစ်၍ အခြားတစ်ခုမှာ ကုန်လုပ်ဆက်ဆံရေးဖြစ်သည်။ ကုန်လုပ်ရေးဆက်ဆံရေး တစ်ရပ်လုံးသည် လူ့အဖွဲ့အစည်း၏ စီးပွားရေး အဆောက်အအုံကြီး တစ်ခုလုံးကို စိုးမိုးခြယ်လှယ်ထားပေသည်။

လူ့အဖွဲ့အစည်း၏ စီးပွားရေး အဆောက်အအုံ သို့မဟုတ် စီးပွားရေးစနစ်ကို ပစ္စည်းပိုင်ဆိုင်မှု ဆက်ဆံရေးနှင့် လူတန်းစားဆက်ဆံရေးများ ပုံသဏ္ဌာန်ဖြင့် ဖော်ပြ

လေ့ရှိကြသည်။ စီးပွားရေးစနစ်၏ အသွင်များကို ပစ္စည်းပိုင်ဆိုင်မှု အသွင်များ၊ လူတန်းစား ဆက်ဆံရေးအသွင်များ ကုန်လုပ်ဆက်ဆံရေးအသွင်များဖြင့် ခွဲခြားကြသည်။

သမိုင်းတစ်လျှောက်တွင် ပေါ်ပေါက်ခဲ့သော ကုန်လုပ်ဆက်ဆံရေး (ဝါ) စီးပွားရေးစနစ်များမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

၁။ ရှေးဟောင်းဘုံစနစ်။ ။ ကုန်လုပ်ကြိယာများကို အများက ပိုင်သည်။ လူတန်းစားများ ကွဲပြားခြင်း မရှိသေး။ ခေါင်းစုပ်ခြယ်လှယ်ရေးလည်း မရှိသေးပေ။

**၂။ ကျေးပိုင်ကျွန်ပိုင်စနစ်။ ။** 'အရှင်သခင်'လူတန်းစားက မြေယာများနှင့် ကျွန်များကို ပိုင်ဆိုင်သည်။ ဘုံပိုင်ဆိုင်မှု ပျောက်ကွယ်ခြင်း၊ ကုန်လုပ်ကြိယာများကို လူနည်းစုက ပိုင်ဆိုင်ခြင်း၊ ထုတ်လုပ်သူများကို ကျွန်ပြုခြင်း စသည်တို့ကား ကျေးပိုင်ကျွန်ပိုင် စနစ်၏ အသွင်များဖြစ်သည်။

**၃။ မြေရှင်ပဒေသရာဇ်စနစ်။ ။** မြေကျွန်များက မြေယာတွင် အသက်ထက်ဆုံး လုပ်ကိုင်ရသည်။ မြေရှင်ပဒေသရာဇ်များအား လက်ဆောင်ပဏ္ဏာများ ပေးရသည်။ ကျွန်များ လွတ်လပ်ခြင်း၊ ကျေးပိုင် ကျွန်ပိုင်များ ပျက်စီးခြင်း၊ မြေရှင်လူတန်းစား ပေါ်ပေါက်လာခြင်း၊ ကုန်ထုတ်လုပ်သူများသည် မြေကျွန်များဖြစ်ခြင်း စသည်တို့ကား မြေရှင်ပဒေသရာဇ်စနစ်၏ အသွင်များဖြစ်သည်။

**၄။ အရင်းရှင်စနစ်။ ။** အရင်းရှင်များက ကုန်လုပ်ကြိယာများကို ပိုင်ဆိုင်ကြပြီး အလုပ်သမားများမှာ ကုန်လုပ်ကြိယာများကို လုံးဝ ပိုင်ဆိုင်ခြင်း မရှိတော့ပေ။ အလုပ်သမားသည် မိမိ၏လုပ်အားကို လုပ်ခရရေးအတွက် အရင်းရှင်ထံ ရောင်းရ၏။ မြေကျွန်များအား မြေယာများတွင် လုပ်ကိုင်စေသော စနစ် ပျက်စီးခြင်း၊ မြေရှင်ပဒေသရာဇ်များ ကျဆုံးခြင်း၊ အရင်းရှင်လူတန်းစား ပေါ်လာခြင်း၊ ထုတ်လုပ်သူများသည် အရင်းမဲ့ နေမဲ့ ပစ္စည်းမဲ့များ ဖြစ်လာခြင်း စသည်တို့ကား အရင်းရှင်စနစ်၏ အသွင်များ ဖြစ်သည်။

**၅။ ဆိုရှယ်လစ်စနစ်။ ။** ကုန်လုပ်ကြိယာများကို အများက ပြန်၍ ပိုင်ဆိုင်လာ

သည်။ လူလူချင်း ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများကို ဖျက်သိမ်းလိုက်သည်။ လူမှု ထုတ်လုပ်ရေးကို လူ့အဖွဲ့အစည်းကြီးတစ်ရပ်လုံး၏ အကျိုးအတွက် စီမံကိန်းချ လုပ်ဆောင်သည်။ အရင်းရှင်များကို ပပျောက်စေခြင်းကား ဆိုရှယ်လစ်စနစ်၏ အသွင်များ ဖြစ်သည်။

ယင်းသို့ဖြင့် စီးပွားရေးစနစ်များသည် တစ်ခုတွင်မှ တစ်ခုထွက်ပေါ်လာကြသည်။ ကုန်လုပ်စွမ်းအားစု ဖြစ်ပေါ်တိုးတက်မှုသည် တစ်ဆင့်ထက်တစ်ဆင့် မြင့်၍ ဖြစ်ပေါ်လာခဲ့၏။ စီးပွားရေးစနစ် အစီအစဉ်များသည် အောက်မှအထက်သို့ တက်သည့် အစီအစဉ် ဖြစ်၏။ ယင်းသို့အောက်မှ အထက်သို့တက်ခြင်းမှာ ကုန်လုပ်ရေးစွမ်းအားများ တိုးတက်လာသောကြောင့်ဖြစ်ပေသည်။ ဆိုရှယ်လစ်စနစ်သည် အရင်းရှင်စနစ်ထက်မြင့်သော စီးပွားရေးဖြစ်ပေါ်တိုးတက်မှုဖြစ်၏။ ဆိုရှယ်လစ်စနစ်အတွင်းတွင် လူ၏ ကုန်လုပ်ရေးစွမ်းအားသည် အရင်းရှင်စနစ်အတွင်း လူ၏ ကုန်လုပ်ရေး စွမ်းအားထက် မြင့်မားတိုးတက်ပေသည်။ အလားတူပင် အရင်းရှင်စနစ်သည် မြေရှင်ပဒေသရာဇ်စနစ်ထက် လည်းကောင်း၊ မြေရှင်ပဒေသရာဇ်စနစ်သည် ကျေးပိုင်ကျွန်ပိုင်စနစ်ထက်လည်းကောင်း၊ ကျေးပိုင်ကျွန်ပိုင်စနစ်သည် ရှေးဟောင်းဘုံစနစ်ထက်လည်းကောင်း အဆင့်မြင့်ပေသည်။ ရှေးဟောင်းဘုံစနစ် မတိုင်မီကမူကား စီးပွားရေးစနစ် ဟူ၍ မရှိပေ။ ရှေးဟောင်းဘုံစနစ်သည် အရှင်းဆုံးနှင့် ရှေးအကျဆုံး စီးပွားရေးစနစ် ဖြစ်ပေသည်။ ရှေးဟောင်းဘုံခေတ်သည် လူနှင့်လူ့အဖွဲ့အစည်း ပထမဆုံး ပေါ်ပေါက်လာသော အချိန်ပင်ဖြစ်၏။ ထိုအရင်ကမူ တိရစ္ဆာန်လောကသာ ရှိလေသည်။ လူသည် တိရစ္ဆာန်လောကမှ ခွဲထွက်လာပြီး နောက်တွင် ရှေးဟောင်းဘုံစနစ် ပေါ်ပေါက်လာလေသည်။ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုသည် ယင်းသို့ အနိမ့်မှအမြင့်သို့တက်သော ပုံသဏ္ဌာန်ဖြစ်သဖြင့် လူ့ကျင့်ဝတ်နှင့် စိတ်ဓာတ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုသည်လည်း ယေဘုယျအားဖြင့် ဤသို့ အနိမ့်မှ အမြင့်သို့ ဖြစ်ပေါ်တိုးတက်ရမည်ဟု ယူဆချက်ဖြစ်၏။

သို့ရာတွင် ဤသို့မဟုတ်ပေ။

## အခန်း ၅
# လူမှုဖြစ်ပေါ်တိုးတက်မှု၏ အခြေခံ ဥပဒေသများ

လူမှုဖြစ်ပေါ်တိုးတက်မှု၏ အရင်းအမြစ်ကျသော အကြောင်းရင်းမှာ ကုန်လုပ်စွမ်းအားစုများ ဖြစ်သည်။

သို့ဖြင့် ကုန်လုပ်စွမ်းအားစုနှင့် ကိုက်ညီသော ကုန်လုပ်ဆက်ဆံရေးသည်လည်း ပေါ်ထွက်လာသည်။ သို့ရာတွင် ကုန်လုပ်စွမ်းအားစုသစ်များ ဖြစ်ပေါ်တိုးတက်လာသည့်အလျောက်၊ ကုန်လုပ်စွမ်းအားစုဟောင်း၏ အသွင်ဟောင်းများနှင့်သာ ကိုက်ညီသော ကုန်လုပ်ဆက်ဆံရေးဟောင်းသည် ကုန်လုပ်စွမ်းအားစုသစ်များ၏ အသွင်သစ်များနှင့် မကိုက်ညီတော့ဘဲ ဖြစ်လာသည်။ ကုန်လုပ်ဆက်ဆံရေးဟောင်းသည် ကုန်လုပ်စွမ်းအားဟောင်းများ၏ ဖြစ်ပေါ်တိုးတက်မှုကို အကျိုးပြုခဲ့သော်လည်း ကုန်လုပ်စွမ်းအားစုသစ်များကို ချုပ်ချယ်ဆန့်ကျင်လေသည်။ သို့ဖြင့် ကုန်လုပ်စွမ်းအားစုသစ်များနှင့် ကုန်လုပ်ဆက်ဆံရေးဟောင်းသည် ပဋိပက္ခဖြစ်လာကား လူမှုတော်လှန်ရေးကို ဖြစ်ပေါ်စေသည်။ နောက်ဆုံးတွင် ကုန်လုပ်စွမ်းအားစုသစ်များက အနိုင်ရရှိကာ၊ ကုန်လုပ်ဆက်ဆံရေးသစ် ပေါ်ထွက်လာသည်။

ကုန်လုပ်ဆက်ဆံရေးသစ်၏ ဖြစ်ပေါ်တိုးတက်မှုထဲတွင် လူတန်းစားတိုက်ပွဲများလည်း ပါဝင်သည်။ လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးတက်မှု အဆင့်တိုင်းတွင် လူတန်းစားတစ်ခုသည် အာဏာကို သိမ်းပိုက်ပြီးနောက် အုပ်စိုးသော လူတန်းစားဖြစ်လာသည်။ အုပ်စိုးသော လူတန်းစားသည် အစိုးရအာဏာဖြင့် မိမိ၏အုပ်စိုးမှုကို တည်မြဲစေသည်။ လူမှုတော်လှန်ရေးဆိုသည်မှာ လူတန်းစားတစ်ခု၏ အုပ်စိုးမှု

ကို အခြားလူတန်းစားတစ်ခု၏ အုပ်စိုးမှုဖြင့် အစားထိုးခြင်းပင် ဖြစ်သည်။

ယခင်က ပေါ်ပေါက်ခဲ့သော တော်လှန်ရေးများသည် ခေါင်းပုံဖြတ်အမြတ်ထုတ်သော လူတန်းစားသစ်တစ်ရပ်ကိုသာ ပေါ်ထွက်စေခဲ့၏။ ပြည်သူလူထုများအား ခေါင်းပုံဖြတ်အမြတ်ထုတ်မှု အသွင်သစ်များဖြင့် မိမိတို့၏ အာဏာကို တည်စေခဲ့၏။ အလုပ်သမားလူတန်းစားက အာဏာကို သိမ်းပိုက်သည့် ဆိုရှယ်လစ်တော်လှန်ရေးတွင်ကား ခေါင်းပုံဖြတ်အမြတ်ထုတ်မှု ဟူသမျှ အပြီးသတ်ဖျက်သိမ်းပေသည်။

**ကုန်ထုတ်စွမ်းအားစုများ၏ဖြစ်ပေါ်တိုးတက်မှု**

ကုန်ထုတ်ရေး ဖြစ်ပေါ်တိုးတက်မှုသည် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု တစ်ရပ်လုံး၏ အခြေခံဖြစ်သည်။ သို့ဖြစ်လျှင် ကုန်ထုတ်ရေး ဖြစ်ပေါ်တိုးတက်မှုတို့၏ အကြောင်းရင်းများသည် ဘာလဲ၊ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှု၊ စီးပွားရေးစနစ်များ အသွင်ကူးပြောင်းမှုကို မည်သည့်ဥပဒေသများက ချုပ်ကိုင်ထားသလဲ။

ပထမတွင် ကုန်ထုတ်စွမ်းအားစုများသည် ပြောင်းလဲတိုးတက်လာကြသည်။ အလားတူပင် ကုန်ထုတ်ဆက်ဆံရေးများသည်လည်း ပြောင်းလဲလာကြသည်။ ယင်းသို့သော ပြောင်းလဲမှုများကြောင့် လူတန်းစားသစ်များလည်း ထွက်ပေါ်လာကြလေသည်။ ယင်းသို့သော ၁။ ကုန်ထုတ်စွမ်းအားစု ပြောင်းလဲမှုများ၊ ၂။ ကုန်ထုတ်ဆက်ဆံရေး ပြောင်းလဲမှုများနှင့် ၃။ လူတန်းစားတိုက်ပွဲအတွင်း ပြောင်းလဲမှုများသည် ပုံသေကားကျ ရှိသော ဥပဒေသများအရ၊ တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြပေသည်။ ယင်းဥပဒေသများကား လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု၏ အခြေခံဥပဒေသများပင် ဖြစ်ပေသည်။ ကုန်ထုတ်ရေးစနစ်တစ်ခုမှ အခြားတစ်ခုသို့ ကူးပြောင်းသော သမိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုသည် ယင်းဥပဒေသများအရသာ ဖြစ်ပေါ်ကြပေသည်။

သို့ဖြစ်ရာ ကုန်ထုတ်စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်မှုကို ပထမ စစ်ဆေးကြည့်ကြရအောင်။

သမိုင်းလမ်းကြောင်းတစ်လျှောက်တွင် ကုန်ထုတ်တန်ဆာပလာများသည် အဆင့်ဆင့် တိုးတက်ပြောင်းလဲခဲ့ကြသည်။ ရှေးဟောင်းဘုံစနစ်ခေတ်တွင် ကျောက်လက်နက်များကို အသုံးပြုလာကြသည်။ ကုန်ထုတ်စွမ်းအားစုများကို ယင်းသို့ တိုးတက်အောင် ပြုလုပ်ခဲ့ကြသူများမှာ လူများပင် ဖြစ်ကြ၏။ ထို့ကြောင့် ကုန်ထုတ်တန်ဆာပလာများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ လူသည်လည်း တိုးတက်ပြောင်းလဲလာခဲ့

လေသည်။ လူ၏ ကုန်လုပ်ရေးအတွေ့အကြုံ၊ အလုပ်ကျွမ်းကျင်မှု စသည်တို့သည် ကြွယ်ဝလာခဲ့သည်။ သို့ဖြစ်ရာ ယင်းသို့ လူ၏တိုးတက်မှု အပါအဝင် ကုန်လုပ်စွမ်းအားစုများ၏ ဖြစ်ပေါ်တိုးတက်မှုသည် လူ့ဖြစ်ပေါ်တိုးတက်မှုတွင် အခြေခံကျသောအကြောင်းရင်းကြီး ဖြစ်လေသည်။

သို့ဖြစ်၍ ကုန်လုပ်စွမ်းအားစုများသည် ဘာကြောင့်တိုးတက်လာသလဲဆိုသည့်မေးခွန်း ပေါ်လာပြန်သည်။

လူသည် သဘာဝကို အောင်နိုင်ရန် အမြဲတစေ ကြိုးစားလျက် ရှိသည်။ လူနှင့် သဘာဝသည် အမြဲတန်း အတိုက်အခံ ဖြစ်နေကြ၏။ ယင်းသို့ သဘာဝကို အောင်နိုင်ရန် ကြိုးစားရင်းဖြင့်ပင် လူသည် ကုန်လုပ်စွမ်းအားစုများကို ဖန်တီးတည်ထွင်လာရလေသည်။ ယင်းနှင့်ပတ်သက်၍ မာက်စ်က အောက်ပါအတိုင်း ရေးခဲ့သည်။

*"...လူသည် သဘာဝကို ဆန့်ကျင်တိုက်ခိုက်နေရသည်။ မိမိ၏ လိုအင်ဆန္ဒနှင့် ကိုက်ညီသော သဘာဝ၏ ကုန်ထုတ်လုပ်မှုများကို ရရှိရန်အတွက် လူသည် သူ့ခန္ဓာကိုယ်၏ သဘာဝအင်အားစုများဖြစ်သော လက်ရုံးနှင့် ခြေထောက်များ၊ ခေါင်းနှင့် လက်များကို လှုပ်ရှားနေရလေသည်။ ယင်းသို့ ပြင်ပကမ္ဘာကြီးကို တိုက်ခိုက်ရင်း ပြောင်းလဲရင်းဖြင့် လူသည် သူ၏သဘာဝကိုလည်း ပြောင်းလာခဲ့ရလေသည်..."*

ပိုမိုကောင်းမွန်စွာ နေနိုင်ရေးအတွက် လူသည် သူ၏ အတတ်ပညာကို တိုးတက်အောင်ကြိုးစားရ၏။ လက်နက်ပစ္စည်းများနှင့် ကျွမ်းကျင်မှုကို တိုးတက်အောင် ကြိုးဆရ၏။ တစ်နည်းဆိုရလျှင် ကုန်လုပ်စွမ်းအားစုများကို တိုးတက်အောင် ပြုလုပ်ရပေသည်။ ထို့ကြောင့်လည်း ကုန်လုပ်စွမ်းအားစုသည် ကုန်လုပ်ရေး၌ အလှုပ်ရှားဆုံး၊ တော်လှန်ရေးအကျဆုံးသော အချက်တစ်ရပ်ဖြစ်ခြင်း ဖြစ်ပေသည်။

ကုန်လုပ်စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်လာသောကြောင့် ကုန်လုပ်ရေး ပြောင်းလဲမှုနှင့် ဖြစ်ပေါ်တိုးတက်မှုတို့ ပေါ်ပေါက်လာခဲ့ကြသည်။ ကုန်လုပ်စွမ်းအားစုသစ်များ ပေါ်ပေါက်လာသဖြင့် ကုန်လုပ်ဆက်ဆံရေး ပြောင်းလဲမှုသည်လည်း လိုအပ်လာသည်။ လူ့အဖွဲ့အစည်း၏ သမိုင်းတစ်လျှောက်တွင် ကုန်လုပ်စွမ်းအားစုများ တိုးတက်လာခြင်းသည် အဆက်မပြတ် မှန်မှန်ကြီး ဖြစ်ပေါ်လာခဲ့ခြင်း မဟုတ်ပေ။ ရှေးလူများက ပေးခဲ့သည့် ကုန်လုပ်စွမ်းအားစုဟောင်းကို နောက်လူတိုင်းက ထပ်မံတိုးတက်အောင် ပြုလုပ်ခဲ့သည် မဟုတ်ပေ။ အချို့မှာ ရှေ့လူတို့ အမွေပေးခဲ့သော ကုန်လုပ်စွမ်းအားစုကောင်းများကို တိုးတက်အောင် လုပ်ခြင်းမရှိဘဲ၊ ဆက်လက်အရှိအတိုင်း အသုံးပြုခဲ့ကြသည်။ ထို့ကြောင့် ကုန်လုပ်ဆက်ဆံရေးသည်လည်း ကာလအတန်ကြာ

မှု ပြောင်းလဲခြင်းမရှိဘဲ ရှိနေခဲ့လေသည်။

ဥပမာအားဖြင့် ကျောက်ခေတ်ကုန်လုပ်ရေးစနစ်သည် နှစ်ထောင်ပေါင်းများစွာ ကြာရှည်ခဲ့၏။ မျိုးဆက်ပေါင်းများစွာတို့သည် ရှေးဟောင်းဘုံစနစ် သက်မွေးမှုဘဝ အတိုင်း နေထိုင်လာခဲ့ကြပေသည်။ အချို့သော လူ့အဖွဲ့အစည်းများ၌ ရေသွယ်၍ စိုက်ပျိုးသော လယ်ယာစိုက်ပျိုးခြင်းကို ပြောင်းလဲခြင်း မရှိဘဲ နှစ်ထောင်ပေါင်းများစွာ ဆက်လက် လုပ်ကိုင်ခဲ့ကြပေသည်။ သို့ဖြင့် ကုန်လုပ်စွမ်းအားစုသစ်များကို နောက်လူ များက ထပ်မံဖန်တီးခြင်း မပြုသည့်အခါများတွင်၊ ကုန်လုပ်ဆက်ဆံရေးသည်လည်း ပြောင်းခြင်းလဲခြင်းမရှိဘဲ ယခင်ကအတိုင်း ဆက်လက်တည်ရှိနေပေသည်။ သို့ရာတွင် ကုန်လုပ်စွမ်းအားစုသစ်များ ပေါ်ပေါက်လာသည်နှင့်တစ်ပြိုင်နက် ကုန်လုပ်ဆက်ဆံရေး သည်လည်း ပြောင်းသွားလေတော့သည်။

အရင်းရှင်လူ့အဖွဲ့အစည်း၏ အသွင်သဏ္ဌာန်တစ်ခုမှာ ကုန်လုပ်စွမ်းအားစု ဖြစ်ပေါ်တိုးတက်မှု လျင်မြန်ခြင်းဖြစ်၏။ ယင်းသို့လျင်မြန်ရခြင်းမှာ အရင်းရှင်များက အမြတ်အစွန်း ပိုမိုရရှိရန် နည်းလမ်းများကို ရှာဖွေကြခြင်းကြောင့် ဖြစ်ပေသည်။ အရင်းရှင်များသည် အမြတ်အစွန်း ပိုမိုရရှိနိုင်စေသော ကုန်လုပ်စွမ်းအားစုများကို တီထွင် ဖန်တီးကြပေသည်။ အရင်းရှင်ကုန်လုပ်စွမ်းအားစု ဖြစ်ပေါ်တိုးတက်မှုသည် မြေရှင်ပဒေသ ရာဇ် ခေတ်ကာလအတွင်းကပင် သန္ဓေတည်ခဲ့သည်။ မြေရှင်ပဒေသရာဇ် ဆက်ဆံရေးကို အရင်းရှင် ကုန်လုပ်ဆက်ဆံရေးက လုံးဝ အစားထိုးပြီးသည့်နောက်တွင်ကား အရင်းရှင် ကုန်လုပ်စွမ်းအားစုများ တစ်ဟုန်ထိုး တိုးတက်လာခဲ့လေသည်။ ရေအားကို အသုံးပြုခြင်း အတတ်၊ ပုံနှိပ်ခြင်းအတတ်၊ ရေကြောင်းသွားလာရေးအတတ်၊ ယန္တရားအတတ်၊ စသည့် ခေတ်လယ်ကာလတွင် ပေါ်ပေါက်ခဲ့သော တီထွင်မှုများကား အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်ရေးကို ဖန်တီးပေးသည့် အခြေအနေများပင် ဖြစ်ပေသည်။ ကုန်လုပ် ဆက်ဆံရေးများ ပြောင်းလဲပုံကို စတာလင်က အောက်ပါအတိုင်း ပြောခဲ့သည်။

"...*ကုန်လုပ်တန်ဆာပလာများ ပြောင်းလဲ ဖြစ်ပေါ်တိုးတက်သည်နှင့် အတူ၊ ကုန်လုပ်ရေးသည်လည်း ပြောင်းလဲဖြစ်ပေါ်တိုးတက်လာပေသည်။ ပထမတွင် လူ့အဖွဲ့အစည်း၏ ကုန်လုပ်စွမ်းအားစုများ ပြောင်းလဲ၍ ဖြစ်ပေါ် တိုးတက်သည်။ နောက်တွင် လူ၏ ကုန်လုပ်ဆက်ဆံရေးများ၊ စီးပွားရေး ဆက်ဆံရေးများလည်း လိုက်၍ ပြောင်းလဲလာလေသည်။ သို့ဖြစ်ရာ ကုန်လုပ် စွမ်းအားစုသည် ကုန်လုပ်ရေး၌ အလှုပ်ရှားဆုံး၊ တော်လှန်ရေး အကျဆုံးသော အချက်တစ်ရပ် ဖြစ်လာရုံမျှမက၊ ကုန်လုပ်ရေး ဖြစ်ပေါ်တိုးတက်မှုကို အဆုံး*

*အဖြတ်ပြုသောအရာလည်း ဖြစ်ပေသည်"*

ကုန်လုပ်ရေးကို ဆောင်ရွက်ရာ၌ လူများသည် သတ်မှတ်ထားသော ကုန်လုပ်ဆက်ဆံရေးများအရ ပေါင်းသင်း ဆက်ဆံလာကြရ၏။ သို့ဖြင့် ရေရှည်တွင် ကုန်လုပ်ဆက်ဆံရေးသည် ကုန်လုပ်စွမ်းအားစုများ၏ အသွင်လက္ခဏာများနှင့် ကိုက်ညီလိုက်လျောလာပေသည်။ ကုန်လုပ်စွမ်းအားစုနှင့် ကုန်လုပ်ဆက်ဆံရေးများ တစ်ခုနှင့်တစ်ခု ဆက်သွယ်နေကြပုံကို မာ့က်စ်က အောက်ပါအတိုင်း ရေးသားခဲ့၏။

> *"...လူမှုဆက်ဆံရေးများသည် ကုန်လုပ်စွမ်းအားစုများနှင့် နီးကပ်စွာဆက်သွယ်လျက် ရှိပေသည်။ ကုန်လုပ်စွမ်းအားစုသစ်များ ပိုင်ဆိုင်လာသည်နှင့် လူသည် ကုန်လုပ်ရေးစနစ်ကို ပြောင်းလာရပေသည်။ တစ်ဖန် ကုန်လုပ်ရေးစနစ်၊ သက်မွေးမှုစနစ် ပြောင်းလဲလာသည်နှင့် လူသည် သူ၏ လူမှုဆက်ဆံရေးအားလုံးကို ပြောင်းလဲလာရလေသည်။ လက်လှည့်စက်သည် မြေရှင်ပဒေသရာဇ်နှင့် တကွသော လူ့အဖွဲ့အစည်းကို ဆောင်ယူခဲ့၍၊ ရေနွေးငွေ့မောင်းစက်သည် စက်မှုအရင်းရှင်နှင့်တကွသော လူ့အဖွဲ့အစည်းကို ဆောင်ယူခဲ့လေသည်"*

**စီမံကိန်းမရှိသော သယံဇာတဖြစ်ပေါ်တိုးတက်မှု**

ကုန်လုပ်စွမ်းအားစုများနှင့် ကုန်လုပ်ဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှု၏ ထူးခြားသော အသွင်သဏ္ဍာန်တစ်ရပ်မှာ ၎င်းတို့သည် လူတစ်ဦးတစ်ယောက်၏ ရည်ရွယ်ချက်၊ သို့မဟုတ် သိစိတ်ရှိသော စီမံကိန်းဖြင့် ဖြစ်ပေါ်တိုးတက်လာခြင်း မဟုတ်ဘဲ၊ သယံဇာတအလျောက် ဖြစ်ပေါ်လာသည်ဟူသော အချက်ပင်ဖြစ်သည်။ ထို့ကြောင့် စတာလင်က ပြောခဲ့ရာ၏။

> *"...ကုန်လုပ်စွမ်းအားစုသစ်များနှင့် ကုန်လုပ်ဆက်ဆံရေးသစ်များသည် လူ၏ တမင်ပြုလုပ်ဆောင်ရွက်မှုကြောင့် ပေါ်ပေါက်လာခြင်း မဟုတ်ပေ။ လူ၏စိတ်ဆန္ဒနှင့် သီးခြားကင်းလွတ်ကာ မသိမသာ အလိုအလျောက်ဖြစ်ပေါ်တိုးတက်လာခြင်း ဖြစ်ပေသည်"*

လူသည် ကုန်လုပ်စွမ်းအားစုသစ်များ၊ အတတ်ပညာ သစ်များကို ပြုလုပ်ဖန်တီးခဲ့သည်မှာ မှန်၏။ သို့ရာတွင် သို့ဖန်တီးတီထွင်ခြင်းမှာ ခေတ်ကို ပြောင်းမည်၊ စနစ်ကို ပြောင်းမည်ဟူသော ရည်ရွယ်ချက်ကြီးဖြင့် တမင်ပြုလုပ်ဖန်တီးခဲ့ခြင်း မဟုတ်ပေ။ သူ၏တစ်ယောက်တည်း သက်သာချောင်ချိရေး၊ အကျိုးခံစားရေးအတွက်သာ

ပြုလုပ်ဖန်တီးခဲ့ခြင်း ဖြစ်ပေသည်။

ဥပမာအားဖြင့် စက်မှုလက်မှု လုပ်ငန်းရှင်များသည် သူတို့၏ စက်မှုလက်မှု လုပ်ငန်းများကို ထူထောင်ခဲ့ကြစဉ်က ကြီးမားသော ကုန်လုပ်စွမ်းအားစုသစ်များကို ဖန်တီးရန် စီမံကိန်းချလုပ်ခဲ့ခြင်း မဟုတ်ပေ။ အရင်းရှင်စနစ်ကို ထူထောင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် လုပ်ခဲ့ခြင်းလည်း မဟုတ်ပေ။ သူတို့ သက်သာချောင်ချိရေး၊ သူတို့ အကျိုးကျေးဇူးခံစားရေးအတွက် လုပ်ခဲ့ခြင်းသာ ဖြစ်ပေသည်။ သို့ဖြစ်ရာ ကုန်လုပ်စွမ်းအားသစ်များ ပေါ်လာခြင်းမှာ စီမံကိန်းများကြောင့် ပေါ်လာခြင်းမဟုတ်ဘဲ၊ ကိုယ် သက်သာမှု၊ ကိုယ့်အကျိုးကျေးဇူးခံစားရေးအတွက် ပြုလုပ်ရာမှ ပေါ်ပေါက်လာခြင်း ဖြစ်လေသည်။ သို့ဖြင့် ကုန်လုပ်စွမ်းအားစုသစ်များသည် လူ၏ သက်သာမှုကို ရှာဖွေရာမှ ပေါ်ပေါက်လာကြကာ၊ ထိုကုန်လုပ်စွမ်းအားစုသစ်များက တစ်ဖန် ကုန်လုပ်ဆက်ဆံရေး သစ်များကို ဖြစ်ပေါ်စေခဲ့ပေသည်။

ကုန်လုပ်ရေးဖြစ်စဉ်၌ လူသည် သူကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ တစ်စုံတစ်ခုသော ဆက်ဆံရေးများကို ပြုလုပ်ဆောင်ရွက်လာရပေသည်။ အရင်းရှင် သည် သူ့အား တော်လှန်မည့်လုပ်ခစား အလုပ်သမားကို မကြိုက်သော်လည်း ကုန်လုပ် ဆက်ဆံရေး သဘောအရ ဆက်ဆံလာရသည်။ စက်ရုံပိုင်ရှင်သည် သူကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ စက်မောင်းသူအလုပ်သမားကို ဆက်ဆံလာရသည်။ သို့ဖြစ်ရာ ကုန်လုပ်စွမ်းအားစု ဖြစ်ပေါ်မှုကိုလိုက်၍၊ ၎င်းနှင့် ကိုက်ညီအံကျသော ကုန်လုပ်ဆက်ဆံရေးသည်လည်း ပေါ်ပေါက်လာရပေသည်။ လူမှုကုန်လုပ်ရေးဖြစ်စဉ်၌ လူသည် ကုန်လုပ်ဆက်ဆံရေးနှင့် ခွဲ၍မရပေ။ တစ်စုံတစ်ခုသော ကုန်လုပ်ဆက်ဆံရေး နယ်ပယ်သို့ ဝင်ရောက်ခြင်းမရှိဘဲ လူသည် ကုန်ထုတ်လုပ်၍ မဖြစ်နိုင်ပေ။ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ကုန်လုပ်စွမ်းအားစုများအရ ကိုက်ညီအံကျအောင် ဖြစ် ပေါ်ပေးရသော ကုန်လုပ်ဆက်ဆံရေးနယ်ပယ်သို့ ဝင်ရောက်ရသည်သာဖြစ်ပေသည်။

ထို့ကြောင့် ကုန်လုပ်စွမ်းအားစုသစ်များ ပေါ်ပေါက်လာခြင်း၊ ယင်းနှင့်အညီ ကုန်လုပ်ဆက်ဆံရေးသစ်များ ပေါ်ပေါက်လာခြင်းတို့သည် ဆုံးဖြတ်ချက်အရ စီမံကိန်း အရ ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ သဘာဝတပေါ်ပေါက်လာခြင်းသာ ဖြစ်ပေသည်။ ယင်းမှာ ဆိုရှယ်လစ်တော်လှန်ရေးခေတ်သို့ ရောက်သည်အထိ တည်ရှိခဲ့သော လူမှု ဖြစ်ပေါ်တိုးတက်မှု အသွင်သဏ္ဌာန် ဖြစ်သည်။ ဆိုရှယ်လစ်တော်လှန်ရေး အောင်မြင် ပြီးသည့်နောက်တွင်ကား ကုန်လုပ်စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်မှု၊ ကုန်လုပ်ဆက်ဆံ ရေး ဖြစ်ပေါ်တိုးတက်မှုသည် သဘာဝတ မဟုတ်တော့ပေ။ ဆိုရှယ်လစ် ကုန်လုပ်

စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်မှု၊ ဆိုရှယ်လစ် ကုန်လုပ်ဆက်ဆံရေးများ ဖြစ်ပေါ်တိုးတက်မှုသည် စီမံကိန်းအရ စနစ်တကျ ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။

**ကုန်လုပ်ဆက်ဆံရေးပြောင်းလဲမှုများ**

ကုန်လုပ်ဆက်ဆံရေး ပြောင်းလဲမှုသည် ကုန်လုပ်စွမ်းအားစုများ ပြောင်းလဲမှုအပေါ်တွင် အမှီပြုနေသည်။ ယင်းမှာ လူမှုဖြစ်ပေါ်တိုးတက်မှု၏ ဥပဒေသ ဖြစ်သည်။ ကုန်လုပ်ရေးတွင် လူသည် သူပြုလုပ်လျက်ရှိသော ကုန်လုပ်ရေးစနစ်နှင့် ကိုက်ညီသည့် ဆက်ဆံရေးကို ထူထောင်ရမည်သာဖြစ်သည်။ ထို့ကြောင့် ကုန်လုပ်ဆက်ဆံရေးများသည် ကုန်လုပ်စွမ်းအားစုများ၏ အသွင်လက္ခဏာများနှင့် မလွဲမသွေ ကိုက်ညီအံကျရမည်ဆိုသည့်အချက်မှာ စီးပွားရေးဖြစ်ပေါ်တိုးတက်မှု၏ ယေဘူယျဥပဒေသဖြစ်ပေသည်။

သို့ဖြစ်လျှင် ကုန်လုပ်စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်မှုသည် ဘာကြောင့် ကုန်လုပ်ဆက်ဆံရေး ပြောင်းလဲမှုများကို ဖြစ်ပေါ်စေသလဲ။

လူသည် ကုန်လုပ်စွမ်းအားစုများ တိုးတက်ရန် ကြိုးစားခဲ့သည်။ ထို့ကြောင့် ကုန်လုပ်စွမ်းအားစုများသည် ရှေ့သို့ ချီတက်သောသဘော၊ လှုပ်ရှားသော သဘောရှိသည်။ ကုန်လုပ်ဆက်ဆံရေးကား တစ်စုံတစ်ခုသော ကာလအတိုင်းအတာအထိ တည်မြဲသော သဘော၊ မပြောင်းလဲသော သဘော ရှိသည်။ စီးပွားရေး အဆောက်အအုံ၊ ပိုင်ဆိုင်မှု ပုံသဏ္ဌာန်များ၊ လူမှုစနစ်များသည် ပြောင်းလဲမှုကို ခုခံသောသဘော၊ နောက်ပြန်ဆွဲသော သဘောရှိသည်။

ထို့ကြောင့် ကုန်လုပ်ဆက်ဆံရေးနှင့် ကုန်လုပ်စွမ်းအားစုများ၏ ဆက်သွယ်မှုသည် ပဋိပက္ခကျသော ဆက်သွယ်မှု ဖြစ်ပေသည်။ ကုန်လုပ်စွမ်းအားစုများက ရှေ့သို့ တိုးတက်ရန် အရှိန်ယူစဉ်၊ ကုန်လုပ်ဆက်ဆံရေးများက နဂိုအရှိအတိုင်း ရပ်နေလို၏။ ထို့ကြောင့် တစ်ချိန်၌ ကုန်လုပ်ဆက်ဆံရေးများသည် ကုန်လုပ်စွမ်းအားစုများကို ဖြစ်ပေါ်တိုးတက်မှုကို အရှိန်ပြင်းအောင် လုပ်ပေးသော်လည်း၊ အခြားတစ်ချိန်၌မူ ထိုကုန်လုပ်ဆက်ဆံရေးများသည်ပင် ကုန်လုပ်စွမ်းအားစုများ ဆက်လက်တိုးတက်ရေးကို အဟန့်အတားပြုလေသည်။ ထိုအချိန်အခါမျိုး၌ ကုန်လုပ်ဆက်ဆံရေးနှင့် ကုန်လုပ်စွမ်းအားစုများသည် တပြေးညီစွာ ဖြစ်ပေါ်ခြင်းမရှိတော့ဘဲ ပဋိပက္ခဖြစ်လာကြပေသည်။ ဥပမာအားဖြင့် မြေရှင်ပဒေသရာဇ်ကုန်လုပ်ဆက်ဆံရေးသည် နောက်ကလိုက်၍ ဖြစ်ပေါ်လာပေသည်။ မြေရှင်ပဒေသရာဇ် ကုန်လုပ်ဆက်ဆံရေးသည် မြေရှင်ကုန်လုပ်စွမ်းအားစုများ၊ ဖြစ်ပေါ်တိုးတက်မှုသည် အရှိန်အဟုန်ပြင်းစွာ ဖြစ်ပေါ်နေသဖြင့် အရင်းရှင်ကုန်လုပ်

စွမ်းအားစုသစ်များ သဏ္ဌာန်ကို ဆောင်လာကြသည်။ ယခင်က မြေကျွန်သည် နောက်၌ လုပ်ခစားအလုပ်သမားများ ဖြစ်လာသည်။ ယခင်က လက်ယက္ကန်းသည် စက်ယက္ကန်း ဖြစ်လာ၏။ သို့ဖြင့် လှုပ်ရှားသော သဘောရှိသည့် ကုန်လုပ်စွမ်းအားစု ဖြစ်ပေါ်တိုးတက်မှုသည် ရှေ့သို့ချီတက်နေချိန်တွင် မလှုပ်ရှားသော သဘောရှိသည့် ကုန်လုပ်ဆက်ဆံရေးသည် ရပ်နေသည်။

ဤအခါမျိုးတွင် မြေရှင်ပဒေသရာဇ် ကုန်လုပ်ဆက်ဆံရေးဟောင်းသည် ယခင် တုန်းကလို ကုန်လုပ်စွမ်းအားစုများ၏ ချီတက်မှုကို အားမပေးတော့ဘဲ ဟန့်တားလာ လေတော့သည်။ အလားတူပင် အရင်းရှင်ကုန်လုပ်ဆက်ဆံရေးသည် ပထမတွင် ကုန်လုပ် စွမ်းအားစုများကို အားပေးခဲ့သည်။ သို့ရာတွင် ကုန်လုပ်စွမ်းအားစု ချီတက်မှုသည် အဟုန်ပြင်းလာ၍ ဆိုရှယ်လစ်ကုန်လုပ်ဆက်ဆံရေးသစ်ကို ဖြစ်ပေါ်စေအံ့ဆဲဆဲကာလ တွင်မူကား တစ်ချိန်က ကုန်လုပ်စွမ်းအားစု ချီတက်မှုကို အားပေးခဲ့သော အရင်းရှင်ကုန် လုပ်ဆက်ဆံရေးသည် နောက်ထပ်ဖြစ်ပေါ်သော ကုန်လုပ်စွမ်းအားသစ်များ၏ ချီတက်မှုကို ဟန့်တားလာတော့သည်။ သို့ဖြင့် တည်ဆဲကုန်လုပ်ဆက်ဆံရေးများနှင့် ဖြစ်ပေါ်ဆဲ ကုန်လုပ်စွမ်းအားစုသစ်များသည် ပဋိပက္ခ ဖြစ်လာကြပေသည်။

သို့ဖြစ်ရာ ကုန်လုပ်ဆက်ဆံရေးသည် ကုန်လုပ်စွမ်းအားစုများနှင့် ကိုက်ညီ အံကျစွာ ဖြစ်ပေါ်နေသမျှ ကာလပတ်လုံး ကုန်လုပ်စွမ်းအားစုများ၏ ချီတက်မှုကို အားပေးပေသည်။ ယင်းအပေါ်တွင် အခြေခံသော လူမှုစနစ်သည်လည်း ဖွံ့ဖြိုးတိုးတက် နေသည်။ သို့ရာတွင် ကုန်လုပ်စွမ်းအားစုများ၏ ချီတက်မှုသည် တစ်စုံတစ်ခုသော အဆင့်သို့ ရောက်ရှိသွားသောအခါတွင် တည်ဆဲကုန်လုပ်ဆက်ဆံရေးများသည် ကုန်လုပ် စွမ်းအားစုများ၏ ချီတက်မှုကို ခွင့်မပြုတော့ဘဲ ဟန့်တားဖျက်ဆီးလာပေသည်။ သို့နှင့် တစ်ပြိုင်တည်း ကုန်လုပ်ဆက်ဆံရေးများကို အသွင်သစ်သို့ ပြောင်းလဲရန် လိုအပ်လာ တော့သည်။

ကုန်လုပ်စွမ်းအားစု၏ ဖြစ်ပေါ်တိုးတက်မှုသည် အတားအဆီးများ အကွေ့ အကောက်များကို ကျော်ဖြတ်လာရပေသည်။ သို့ရာတွင် ၎င်းတို့၏ ချီတက်မှုကား လူ့သမိုင်း၏ ဥပဒေသပင် ဖြစ်ပေသည်။ ကုန်လုပ်စွမ်းအားစုများ၏ ချီတက်မှုကို ဟန့်တားသော အရာဟူသမျှသည် လွင့်စင်ပျောက်ကွယ်သွားရမည်သာ ဖြစ်လေသည်။ ကုန်လုပ်ဆက်ဆံရေးသည် ကုန်လုပ်စွမ်းအားစုများ ရှေ့သို့ချီတက်မှုကို အားမပေးတော့ ဘဲ၊ ဟန့်တားလာခြင်းကား ၎င်းတို့အပေါ်တွင် မှီနေရသည့်လူမှုစနစ် ကျဆုံးတော့မည့် အချိန် နီးကပ်လာကြောင်းကို ပြသလိုက်ခြင်းပင် ဖြစ်သည်။

ယဉ်မျိုးစာအုပ်တိုက်

သို့ဖြင့် ရှေးဟောင်းဘုံစနစ်၏ ဘုံကုန်လုပ်ဆက်ဆံရေးသည် ရှေးဟောင်းကုန်လုပ်စွမ်းအားစုများ၏ ဖြစ်ပေါ်မှုနှင့် တပြေးညီစွာ ဖြစ်ပေါ်ခဲ့သည်။ သို့ရာတွင်အချိန်နှင့်အမျှ ကုန်လုပ်စွမ်းအားစုသစ်များသည် ပေါ်ပေါက်နေကြသည်။ လူသည် ကျောက်လက်နက်အစား သံလက်နက်ကို သုံးလာခြင်း၊ ထွန်ယက်စိုက်ပျိုးတတ်လာခြင်း၊ လက်မှုပညာထွန်းကားလာခြင်း စသဖြင့် ကုန်လုပ်စွမ်းအားသစ်များ ပေါ်ပေါက်လာသည့်တွင်၊ ဘုံပိုင်ဆိုင်မှုအသွင်ဖြင့် ပေါ်နေသော ကုန်လုပ်ဆက်ဆံရေးသည် ကုန်လုပ်စွမ်းအားသစ်များ ချီတက်မှုကို တားဆီးလာ၏။ နောက်ဆုံး၌လူမှုစနစ် ပြောင်းလဲလာရာ၊ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် ကျွန်များကို သွေးစုတ်ချလှယ်ခြင်းသည် ပေါ်ပေါက်လာလေတော့သည်။

အလားတူပင်၊ ကျေးပိုင်၊ ကျွန်ပိုင်စနစ်၊ ကျေးပိုင်၊ ကျွန်ပိုင်ကုန်လုပ် ဆက်ဆံရေးသည် အစပထမ၌၊ ကုန်လုပ်စွမ်းအားစုများ၏ ချီတက်မှုကို အားပေးခဲ့သည်။ သို့ရာတွင် ကုန်လုပ်စွမ်းအားစုများသည် အဆင့်မြင့်စွာဖြစ်ပေါ် တိုးတက်လာသောအခါ၌ကား၊ ၎င်းတို့သည် ကျေးပိုင်ကျွန်ပိုင်စနစ်၊ ကျေးပိုင်ကျွန်ပိုင်ကုန်လုပ် ဆက်ဆံရေးနှင့် ကိုက်ညီခြင်း မရှိတော့ပေ။ သို့ဖြင့် ကျေးပိုင်ကျွန်ပိုင်စနစ်နေရာတွင်၊ မြေရှင်ပဒေသရာဇ်စနစ် ပေါ်ပေါက်လာလေသည်။ မြေရှင်ပဒေသရာဇ် ပေါ်ပေါက်လာချိန်၌၊ သံရည်ကျိုခြင်းအတတ်၊ ထွန်သွားထွန်သံလုပ်ခြင်းအတတ်၊ ယက္ကန်းအတတ်စသော လယ်ယာစိုက်ပျိုးရေးနှင့် လက်မှုပညာအတတ် ထွန်းကားလာလေသည်။ ယင်းမှာ ကုန်လုပ်စွမ်းအားစုများ၏ ဖြစ်ပေါ်တိုးတက်မှုပေတည်း။

သို့ရာတွင် မြေရှင်ပဒေသရာဇ်စနစ်သည်လည်း ရှေ့သို့ ချီတက်နေသော ကုန်လုပ်စွမ်းအားများ၏ ဖြစ်ပေါ်တိုးတက်မှုကို တဖန့်ဟန့်တားခြင်း ပြုပြန်လေသည်။ မြေရှင်ပဒေသရာဇ်သဏ္ဍာန် စသည်တို့သည် လွတ်လပ်သော အလုပ်နှင့် မြေကျွန်စနစ်ဖျက်သိမ်းရေးကို တောင်းဆိုသော လက်မှုလုပ်ငန်း (ကုန်လုပ်စွမ်းအားစု) ကို ဟားဆီးပိတ်ပင်လာသည်။ သို့ဖြင့်မြေရှင် ပဒေသရာဇ်၏ ကုန်လုပ်ဆက်ဆံရေးနှင့် ချီတက်နေသော ကုန်လုပ်စွမ်းအားစု ဖြစ်ပေါ်တိုးတက်မှုသည် ပဋိပက္ခဖြစ်လာကြပြီးနောက်၊ မြေရှင်ပဒေသရာဇ်စနစ်၏ နေရာတွင် အရင်းရှင်စနစ်၊ အရင်းရှင် ကုန်လုပ်ဆက်ဆံရေး ပေါ်ပေါက်လာလေတော့သည်။

အစပထမတွင် အရင်းရှင်စနစ်သည် ကုန်လုပ်စွမ်းအားစုများ၏ ဖြစ်ပေါ်တိုးတက်မှုကို အားပေးခဲ့၏။ သို့ရာတွင် နောက်၌ကား ၎င်းသည် ကုန်လုပ်စွမ်းအားစုများဖြစ်ပေါ်တိုးတက်မှုကို ဟန့်တားပိတ်ပင်ခဲ့လေသည်။

အရင်ရှင်စနစ်အတွင်း၌ ကုန်လုပ်စွမ်းအားစုများအနက်၊ အထူးခြားဆုံးသော

ကုန်လုပ်စွမ်းအားစု ဖြစ်ပေါ်တိုးတက်မှုမှာ၊ အလုပ်ကို ဘုံပြုလုပ်ခြင်းဖြစ်သည်။ သေးမွှားသောတစ်ဦးချင်း ကုန်လုပ်ရေးနေရာတွင် ဓါတ်အားဖြင့် မောင်းနှင်သော စက်ယန္တယားများကို သုံးကာ ကြီးမားသော ကုန်လုပ်ငန်းကြီးများတွင် လူအများပေါင်းလုပ်ရသည့် ဘုံအလုပ် ပေါ်ပေါက်လာခဲ့လေသည်။ ဘုံအလုပ်သည် ကြီးမားသော အောင်မြင်ချက်ကြီးများ။ လူ့အဖွဲ့ယ်ကြီးတခုလုံး၏ သက်သာချောင်ချိရေးကို ဖြစ်စေသော တည်ဆောက်မှုလုပ်ငန်းကြီးများကို ပြီးမြောက်စေသည်။ သို့ရာတွင် ယင်းသို့ ကုန်လုပ်စွမ်းအားစုများ၏ ဖြစ်ပေါ်တိုးတက်မှု ရှိန်ဟုန်ကြီးမားသောအခါတွင် တသီးပုဂ္ဂလိက အမြတ်အစွန်းကိုသာ ရှေးရှုသော အရင်းရှင်ကုန်လုပ်ဆက်ဆံရေးသည် ဟန့်တားနှောင့်ယှက်ခြင်း ပြုလာလေတော့သည်။

ဘုံကုန်လုပ်ရေးသည် ပုဂ္ဂလိကအရင်းရှင် အမြတ်ခွဲဝေရေးနှင့် ပဋိပက္ခဖြစ်လာလေတော့၏။ ထို့ကြောင့် အရင်းရှင်ကုန်လုပ်ဆက်ဆံရေး အနှောင့်အဖွဲ့များကို ဖျက်ဆီးပစ်ရန် လိုအပ်လာပေသည်။ သို့ဖြင့် ဆိုရှယ်လစ်ကုန်လုပ်ဆက်ဆံရေးသည် ပေါ်လာရ၏။ ဆိုရှယ်လစ်ကုန်လုပ်ဆက်ဆံရေးသည် ကုန်လုပ်ရေးတွင် ရရှိသော အတတ်ပညာတိုးတက်မှုများကို တားထားသည့် 'အရိပ်'များအားလုံးကို ဖြုတ်ပစ်လိုက်ပေသည်။ ဘုံအလုပ်၏ ကုန်လုပ်စွမ်းအားများကိုလည်း အကန့်အသတ်မရှိ ဖွံ့ဖြိုးတိုးတက်စေပေသည်။ အလုပ်သမားများအားလည်း မိမိတို့ အကျိုးစီးပွားအတွက် လုပ်ဆောင်နိုင်စေကာ၊ ကိုယ့်ဘဝ၏ အရှင်သခင်များ ဖြစ်လာစေပေသည်။

သို့ဖြစ်ရာ၊ ကုန်လုပ်ဆက်ဆံရေးတစ်ခုမှ အခြားတစ်ခုသို့ ကူးပြောင်းသော လူ့မှုဖြစ်ပေါ်တိုးတက်မှု၏ ယေဘုယျပုံကားချပ်မှာ အောက်ပါအတိုင်းဖြစ်၏။

ပထမအချက်အားဖြင့် ကုန်လုပ်ဆက်ဆံရေးသည် ကုန်လုပ်စွမ်းအားစုများဖြစ်ပေါ်တိုးတက်မှုနှင့်အညီ ပေါ်လာကာ တဖန် ပြန်၍ စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်မှုကို အားပေးသည်။ နောက်တွင် ပြောင်းလွယ်၊ တက်လွယ်သော ကုန်လုပ်စွမ်းအားစုများ၏ ဖြစ်ပေါ်တိုးတက်မှုသည် ပြောင်းခဲ၊ တက်ခဲသော တည်ဆဲကုန်လုပ် ဆက်ဆံရေးများနှင့် ပဋိပက္ခဖြစ်လာကြသည်။ ဤတွင် တော်လှန်သော ပြောင်းလဲမှုပေါ်ပေါက်လာကာ၊ ကုန်လုပ်ဆက်ဆံရေးဟောင်းနေရာတွင် ကုန်လုပ်ဆက်ဆံရေးသစ် အစားဝင်ရောက်လာသည်။

ယင်းကား ဆက်ဆံရေးတစ်ခုမှ အခြားကုန်လုပ် ဆက်ဆံရေးတခုသို့ ပြောင်းလဲမှု၏ ယေဘုယျပုံကားချပ်ပေတည်း။ ဤတွင် ဘယ်လို ပြောင်းလဲသလဲ၊ ဘယ်အင်အားစုများက ပြောင်းလဲစေသလဲ ဆိုသည့် ပေါ်ထွက်လာပြန်ပေသည်။

**လူမှုပြောင်းလဲမှု၏မောင်းနှင်ရေးအင်အားစုသည် လူတန်းစားတိုက်ပွဲ။**

လူ့အဖွဲ့အစည်းသည်အဆင့်များကို တစ်ခုပြီးတစ်ခု ကျော်ဖြတ်ဖြစ်ပေါ်ခဲ့ရာ၊ အဆင့်တိုင်း၌ စီးပွားရေးစနစ်တစ်ခုစီ ဖြစ်ပေါ်ခဲ့သည်။ လူ့အဖွဲ့အစည်း၏ ယင်းသို့သော ဖြစ်ပေါ်မှုသည် ချောမွေ့ညီညာစွာ တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်လာသော ဖြစ်စဉ်တစ်ရပ်၊ ပြောင်းလဲမှုကလေးများ ညှိနှိုင်းမှုကလေးများဖြင့် တဖြည်းဖြည်း ပေါ်လာသော ဖြစ်စဉ်တစ်ရပ်၊ ပဋိပက္ခများ၊ တိုက်ပွဲများ စနစ်သစ်က စနစ်ဟောင်းကို အတင်းအဓမ္မ တွန်းလှန်ခြင်းများ မရှိဘဲ ပေါ်ပေါက် ဖြစ်စဉ်တရပ် မဟုတ်ပေ။ ထိုမျှမက လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုသည် တော်လှန်ရေးပေါင်းများစွာကို ကျော်ဖြတ်၍ ဖြစ်ပေါ်လာခဲ့ရသော ဖြစ်စဉ် ဖြစ်ပေသည်။ ဖြစ်ပေါ်တိုးတက်မှုကို လူတန်းစားတိုက်ပွဲများဖြင့် ရရှိလာခဲ့ခြင်းဖြစ်ပေသည်။

လူတန်းစားသစ်များ ပေါ်ပေါက်လာကြပြီးနောက် ထိုလူတန်းစားသစ်သည် လူ့အဖွဲ့အစည်းကို လွှမ်းမိုးနိုင်ရေးအတွက် တိုက်ပွဲဝင်ခဲ့ပေသည်။ အုပ်စိုးသော လူတန်းစားဟောင်းကို တွန်းလှန်ကာ အုပ်စိုးသော လူတန်းစားသစ်နှင့် ကုန်လုပ်ဆက်ဆံရေးသည် စနစ်သစ်တရပ်ကို ထူထောင်ခဲ့၏။ ယင်းသို့ဖြင့် စီးပွားရေးစနစ်သစ်သည် ပေါ်ပေါက်လာခဲ့ပေသည်။

ကုန်လုပ်စွမ်းအားများ ဖြစ်ပေါ်တိုးတက်လာသည့်အလျောက်၊ ယင်းကုန်လုပ်စွမ်းအားစုများနှင့် ကိုက်ညီအံကျသော ကုန်လုပ်ဆက်ဆံရေးသည်လည်း ပေါ်ပေါက်လာပေသည်။ ထိုသည်နှင့်တစ်ပြိုင်နက်၊ လူတန်းစားများသည် ပေါ်ထွက်ကာ ဖြစ်ပေါ်တိုးတက်လာကြသည်။

ရှေးဟောင်းဘုံစနစ်ခေတ်က၊ လူတန်းစားဟူ၍ မရှိခဲ့ပေ။ ကုန်လုပ်စွမ်းအားစုသစ်များနှင့် ကုန်လုပ်ဆက်ဆံရေးသစ်များ ဖြစ်ပေါ်တိုးတက်မှုကြောင့် ရှေးဟောင်းဘုံစနစ်ကွယ်ပျောက်သွားသောအခါတွင် လူတန်းစာများ ပေါ်လာခဲ့သည်။ ၎င်းတို့မှာ သွေးစုတ်ချယ်လှယ်သူ လူတန်းစားနှင့် သွေးစုတ်ချယ်လှယ်ခြင်းခံရသူ လူတန်းစားတို့ ဖြစ်သည်။ နောက်တဖန် ကုန်လုပ်စွမ်းအားစုများ တိုးတက်ဖြစ်ပေါ်လာ၍ ကုန်လုပ်ဆက်ဆံရေးသစ်များ (ဝါ) ပိုင်ဆိုင်မှု ပုံစံသစ်များ ထပ်မံ ပေါ်ပေါက်လာပြန်သောအခါ ကျေးကျွန်ပိုင် လူတန်းစားအဆောက်အအုံ ပေါ်လာပြန်သည်။

ကျေးကျွန်ပိုင် လူ့အဖွဲ့အစည်းအတွင်း၌ တိုးတက်လာသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ သံရည်ကျိုအတတ်လုပ်ငန်းတို့တွင် ကျေးကျွန်များမလိုတော့ဘဲ၊ လွတ်လပ်သော အလုပ်သမားများ လိုလာ၏။ ကျေးကျွန်ပိုင်နက်များသည် ပျက်စီးစပြုလာကာ၊

အဆက်မပြတ် ဖြစ်ပေါ်နေသော ကျေးကျွန်ပုန်ကန်ထကြွမှုများကလည်း ကျေးပိုင်ကျွန်ပိုင်များကို အားနည်းစေခဲ့သည်။ သို့ဖြစ်ကျေးပိုင်ကျွန်ပိုင်စနစ်နေရာတွင် မြေကျွန်စနစ် ဝင်ရောက်လာသည်။ မြေရှင်ပဒေသရာဇ်နှင့် မြေကျွန်ဟူသော လူတန်းစားသစ်များလည်း ပေါ်ပေါက်လာပေသည်။ ကျေးပိုင် ကျွန်ပိုင်စနစ်မှ မြေရှင်ပဒေသရာဇ် စနစ်သို့ ကူးပြောင်းရေးကာလမှာ များစွာ ရှည်လျားလှ၏။ ထိုကာလအတွင်းတွင် နိုင်ငံရေး ပြောင်းလဲမှုများ ပြည်တွင်းစစ်များနှင့် ပြည်ပမှ ဝင်ရောက်ကျူးကျော်သူမှုများ ဖြစ်ပွားခဲ့သည်။ ဤတိုက်ပွဲများကြောင့်မြေရှင်ပဒေသရာဇ်အနွယ်များသည် အားကောင်းလာကာ၊ ကျေးပိုင်၊ ကမန်ပိုင်စနစ် နေရာတွင် မြေရှင်ပဒေသရာဇ်စနစ် ဝင်ရောက်လာလေသည်။

တဖန် မြေရှင်ပဒေသရာဇ်စနစ် အတွင်း၌မှာပင် လက်မှုစက်မှုလုပ်ငန်းများ ပေါ်ပေါက်လာကာ ၎င်းတို့နှင့်အတူ၊ လူတန်းစားသစ်များ ပေါ်ပေါက်လာပြန်သည်။ ၎င်းတို့ကား မြို့နေ ခရိုရှင်နှင့် လုပ်ခစား လူတန်းစားများဖြစ်ပေသည်။ ဤတွင် ခရိုရှင်နှင့် မြေရှင်ပဒေသရာဇ်တို့၏ အကျိုးစီးပွားများသည် ပဋိပက္ခဖြစ်လာကြသည်။ မြေရှင်ပဒေသရာဇ်ကိုဆန့်ကျင်သော လယ်သမားများ၏ ပုန်ကန်ထကြွမှုကြီးများကလည်း မြေရှင်ပဒေသရာဇ်စနစ်ကို အားနည်းစေပေသည်။ သို့ဖြင့် ခရိုရှင်လူတန်းစားခေါင်းဆောင်သော အခြားလူတန်းစားများသည် မြေရှင်ပဒေသရာဇ်များကို တိုက်ခိုက်အောင်မြင်နိုင်ခဲ့ကြသည်။ ဤသည်နှင့် မြေရှင်ပဒေသရာဇ်စနစ် ပျောက်ကွယ်ကာ၊ အရင်းရှင်စနစ် ပေါ်ပေါက်လာလေသည်။ မြေရှင်ပဒေသရာဇ်နှင့် မြေကျွန်များနေရာတွင် အရင်းရှင်နှင့် လုပ်ခစား အလုပ်သမား ဟူသော လူတန်းစားများ ပေါ်ပေါက်လာပေသည်။

ထို့နောက်တွင် အရင်းရှင်စနစ်ကို ဆန့်ကျင်တိုက်ခိုက်သော အလုပ်သမားများ၏ တိုက်ပွဲများ ပေါ်ပေါက်လာခဲ့သည်။ ယခုအချိန်တွင် လူ့အဖွဲ့အစည်း၌ လူတန်းစားကြီး နှစ်ခု ကွဲပြားလျက်ရှိသည်၊ ၎င်းတို့ကား သွေးစုတ်ချယ်လှယ်ခြင်းခံရသူ (ဝါ) အရင်းရှင်စနစ်နှင့် အလုပ်သမားများပေတည်း။ အရင်းရှင်ခေတ်တွင် အရင်းရှင်နှင့် ပြိုင်ဘက်ဖြစ်သော သွေးစုတ်ချယ်လှယ်ရေး လူတန်းစား မရှိပေ။ ထို့ကြောင့် လူတန်းစားတိုက်ပွဲသည်လည်း သွေးစုတ်ချယ်လှယ်ခြင်း ခံရသူက၊ သွေးစုတ်ချယ်လှယ်သူအား ဦးတည်တိုက်သည့် ရှုပ်ထွေးခြင်း မရှိသော၊ ရှင်းသော လူတန်းစားတိုက်ပွဲ ဖြစ်ပေသည်။ နောက်ဆုံးတွင် အလုပ်သမားများသည် အရင်းရှင်ကို အောင်နိုင်ကာ၊ အရင်းရှင်ပိုင်ဆိုင်မှုကို ဖျက်သိမ်းလိုက်ပေသည်။

သို့ဖြင့်သမိုင်းတွင် နောက်ဆုံးဖြစ်သော သွေးစုတ်ချယ်လှယ်ရေး လူတန်းစားသည် လုံးဝ ပျောက်ကွယ်ကာ၊ လူလူချင်း သွေးစုတ်ချယ်လှယ်ခြင်းကင်းသော လူ့အဖွဲ့

အစည်း၏ အခြေခံကို ဖန်တီးနိုင်ခဲ့ပေသည်။

ထို့ကြောင့် သမိုင်းပြောင်းလဲမှုလမ်းကြောင်းတစ်လျှောက်လုံးတွင် ကုန်လုပ်ဆက်ဆံရေးစနစ်များ ပြောင်းလဲခြင်း၊ လူ့အဖွဲ့အစည်း၏ စီးပွားရေးအခြေခံ ပြောင်းလဲခြင်းတို့သည် လူတန်းစား တိုက်ပွဲများ၏ ရလဒ်သာ ဖြစ်ပေသည်။ ဤလူတန်းစားတိုက်ပွဲများသည် တည်ဆဲကုန်လုပ်ဆက်ဆံရေး အခြေခံပေါ်တွင် ပေါ်ပေါက်လာကာ၊ လူတန်းစားအောင်ပွဲတွင် အထွတ်အထိပ်သို့ ရောက်လေသည်။ ယင်းသို့ဖြင့် ကုန်လုပ်ဆက်ဆံရေးများသည် ထပ်မံပေါ်ပေါက်လာပြန်သည်။

အစိုးရနှင့်တော်လှန်ရေး

ရှေးဟောင်းဘုံစနစ် ပြိုလဲပျက်စီးသည်မှ၊ ဆိုရှယ်လစ်စနစ်အောင်မြင်သည့် အချိန်အထိ၊ လူ့အဖွဲ့အစည်း၌ သွေးစုတ်ချယ်လှယ်သူနှင့် သွေးစုတ်ချယ်လှယ်ခံရသူဟူ၍ ကွဲပြားလာခဲ့သည်။ သွေးစုတ်ချယ်လှယ်သူ လူနည်းစုသည် ပြည်သူလူများစုကြီး၏ ဂုဏ်ပေါ်တွင် ခွထိုင်လျက် သွေးစုတ်ခဲ့သည်။ သွေးစုတ်ချယ်လှယ်သူ လူတန်းစားသည် သွေးစုတ် ချယ်လှယ်ခြင်းခံရသူ၏ ခုခံမှုကို နှိမ်နင်းခဲ့သည်။ ထို့ပြင်၊ ပြိုင်ဘက်ဖြစ်သော သွေးစုတ်ချယ်လှယ်သူလူတန်းစား၏ အားပြိုင်မှုကို ခုခံကာ ၎င်း၏ သွေးစုတ်ချယ်လှယ်ရေးစနစ်ကို ကာကွယ်ပေးသေးသည်။

သို့ရာတွင် သွေးစုတ်ချယ်လှယ်သူ လူနည်းစုသည် သွေးစုတ်ချယ်လှယ်ခြင်းခံရသူ လူများစုကြီးအား ဘယ်လိုနည်းဖြင့် စိုးမိုးထားသနည်း။

သွေးစုတ်ချယ်လှယ်သူ လူတန်းစားသည် လူ့အဖွဲ့အစည်းရှိ ကျန်လူတန်းစားများကို ဖိနှိပ်ရန်အတွက် အထူးအဖွဲ့တစ်ခုကို ပိုင်ဆိုင်ကာ၊ ထိုအဖွဲ့ကို ချုပ်ကိုင်ထားပေသည်။ ထိုအဖွဲ့မှာ **အစိုးရ** ဖြစ်ပေသည်။

အစိုးရသည် လူ့အဖွဲ့အစည်းတစ်ရပ် မဟုတ်ပေ။ လူ့အဖွဲ့အစည်းအတွင်းရှိ အထူးအဖွဲ့တစ်ခုသာဖြစ်၍ ပြည်သူများအား နှိမ်နင်းရန်၊ ဖိနှိပ်ရန်အတွက် တန်ခိုးအာဏာကို တပ်ဆင်ထားသည်။ အစိုးရအာဏာသည် တည်ဆဲလူမှုစနစ်အား ထိန်းသိမ်းရေး၊ ကာကွယ်ရေးစသည့် လုပ်ငန်းများကို လုပ်ဆောင်သည်။ သက်ဦးဆံပိုင်အစိုးရ၊ စစ်အာဏာရှင်အစိုးရ၊ ဒီမိုကရေစီ အစိုးရစသည့် မည်သည့်အစိုးရမှာပင်ဖြစ်စေ ပါဝင်နေသည့် အခြေခံ အစိတ်အပိုင်းများမှာ လူ့အဖွဲ့အစည်း လူများစုကြီးအား ဖိနှိပ်ရေးတန်ဆာပလာများ ဖြစ်သည်။ ယင်းဖိနှိပ်မှု တန်ဆာပလာများမှာ စစ်တပ်၊ ပုလိပ်စသည့် လက်နက်ကိုင်များ ဖြစ်၏။ ဖိနှိပ်ရေးကိရိယာများကား၊ တရားရုံး၊ အကျဉ်း

ထောင်၊ အချုပ်ခန်း၊ ကြိုးစင်၊ သေဒဏ်စသည်တို့ ဖြစ်၏။ အစိုးရ၌ စစ်တပ်များ ပုလိပ်များအပြင်၊ အုပ်ချုပ်ရေး စက်ယန္တယားလည်း ရှိသေးသည်။ ၎င်းကို အုပ်ချုပ်ရေး အရာရှိများက မောင်းနှင်သည်။ တရားဥပဒေကို စီရင်ရန်နှင့် အဓိပ္ပါယ်ပြန်ရန်အတွက် တရားဥပဒေစနစ်လည်း ရှိသေးသည်။ ထို့ကြောင့် အစိုးရအဖွဲ့တွင် ပြည်သူများအား ကိုယ်ထိလက်ရောက် ဖိနှိပ်ရေးကိရိယာ၊ စိတ်ဓာတ်အရ ဖိနှိပ်ရေးကိရိယာများစသည်တို့ အစုံအလင်ရှိပေသည်။ ဝါဒဖြန့်ချိရေးအဖွဲ့များလည်း ရှိပေသည်။

လူ့အဖွဲ့အစည်း၌ ယင်းသို့ ပဋိပက္ခဖြစ်သော လူတန်းစားများ ကွဲပြားနေသမျှ ယင်းသို့သော အထူးအဖွဲ့တရပ် (အစိုးရတစ်ရပ်) ရှိရမည်သာ ဖြစ်၏။ လူ့အဖွဲ့အစည်း၌ ကွဲပြားလာသည့်အချိန်မှစ၍ အထူးအာဏာစက်တစ်ရပ်အနေဖြင့် အစိုးရသည် လိုအပ်လာ၏။ လူမှုပဋိပက္ခများကို တားဆီးရန် လူ့အဖွဲ့အစည်း ပြိုကွဲမှုကို တားဆီးရန်အတွက် လုံလောက်သော အင်အားနှင့် အခွင့်အာဏာကိုလည်း အပ်နှင်းထားရပေသည်။ အိန်ဂျယ်လ်စ်က အောက်ပါအတိုင်း ရေးခဲ့ပေသည်။

"အစိုးရသည် မရှည်မတွက်နိုင်သော ကာလကစ၍ တည်ရှိခဲ့သည့်အရာ မဟုတ်ပေ။ အစိုးရ၊ သို့မဟုတ် အစိုးရအာဏာမရှိဘဲ ပေါ်ပေါက်ခဲ့သော လူ့အဖွဲ့အစည်း များစွာတို့သည် ရှေးပဝေသဏီက ပေါ်ပေါက်ခဲ့ပြီး ဖြစ်ပေသည်။ တစ်စုံတစ်ခုသော စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုအဆင့်၌ လူ့အဖွဲ့အစည်းလူတန်းစားဖြင့် ကွဲအက်လာသော အခါ ထိုကွဲအက်မှုကြောင့် အစိုးရသည် မရှိမဖြစ်သော အရာတစ်ခု ဖြစ်လာပေသည်။ အစိုးရသည် လူတန်းစားပဋိပက္ခများအား ကွပ်ကဲထိန်းသိမ်းရန် ပေါ်လာရသည့်အလျောက် လူတန်းစားတိုက်ပွဲ ပြင်းထန်လာသောအခါတွင် အစိုးရသည် တန်ခိုးအရှိဆုံးသော စီးပွားရေးအားဖြင့် စိုးမိုးသော အုပ်စိုးသူလူတန်းစား၏ အစိုးရ ဖြစ်လာပေသည်။ စီးပွားရေးအရ လွှမ်းမိုးသော အုပ်စိုးသူလူတန်းစားလည်း ဖြစ်လာပေသည်။ ဤသို့ဖြင့် အဖိနှိပ်ခံ လူတန်းစားအား သွေးစုတ်ချယ်လှယ်သော နှိမ်နင်းသော နည်းလမ်းသစ်ကို ရရှိ၍လာပေသည်။ ယဉ်ကျေးသော လူ့အဖွဲ့၌ အချက်အချာကျသော ကွင်းဆက်သည် အစိုးရဖြစ်၍ ထိုအစိုးရသည်လည်း အုပ်စိုးသူလူတန်းစား၏ အစိုးရမျှသာ ဖြစ်ပေသည်"

ယင်းကား အစိုးရအား ရုပ်ဝါဒအမြင်အရ သိမြင်နားလည်ပုံဖြစ်၏။ လီနင်ကလည်း 'အစိုးရသည် လူတန်းစားအုပ်စိုးမှု၏ အင်္ဂါအစိတ်အပိုင်း။ လူတန်းစားတစ်ခုက အခြားလူတန်းစားတစ်ခုကို ဖိနှိပ်သည့်ကိရိယာမျှသာဖြစ်သည်'ဟု ပြောခဲ့ပေ၏။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း လူမှုဖြစ်ပေါ်တိုးတက်မှုအဆင့်တိုင်း၌ လူမှု စီးပွားရေးတွင် တစုံတခုသော ကုန်လုပ်ဆက်ဆံရေးနှင့် ကိုက်ညီသော လူတန်းစားသည်

လည်း လူမှုကုန်လုပ်ရေးတွင် အရေးပါသောနေရာတွင် တည်မြဲနေရန်အတွက် အခြားလူတန်းစား၏ အကျိုးစီးပွားကို ဆန့်ကျင်ရသည်။

ထို့ကြောင့် လူ့အဖွဲ့အစည်းတွင် ပဋိပက္ခဖြစ်သော လူတန်းစားများ ကွဲနေသမျှကာလပတ်လုံး တစုံတခုသော လူတန်းစားသည်လည်း အစိုးရအာဏာကို ယူကာ၊ ၎င်းကိုယ်ကို အုပ်စိုးသူလူတန်းစားအဖြစ် ထူထောင်ပေသည်။ ကျေးပိုင်ကျွန်ပိုင်လူ့အဖွဲ့အစည်း၌ ကျေးပိုင်ကျွန်ပိုင်များသည်၎င်း၊ မြေရှင်ပဒေသရာဇ်လူ့အဖွဲ့အစည်း၌ မြေရှင်ပဒေသရာဇ်များသည်၎င်း၊ အုပ်စိုးသူ လူတန်းစားများဖြစ်ခဲ့ကြ၏။ အရင်းရှင်စနစ်ကို တွန်းလှန်ပြီးနောက်တွင်ကား အလုပ်သမားလူတန်းစားသည် အုပ်စိုးသူလူတန်းစားဖြစ်လာပေသည်။

အလုပ်သမား လူတန်းစားက အုပ်စိုးသူလူတန်းစား ဖြစ်လာသည့်အခါတွင် သွေးစုတ်ချယ်လှယ်ခြင်း၊ ပြည်သူလူများကြီးစုကြီးအား သွေးစုတ်ချယ်လှယ်သူ လူနည်းစုက စိုးမိုးချယ်လှယ်ခြင်း မရှိတော့ပေ။ လူများစုကသာ လူနည်းစုကို စိုးမိုးချယ်လှယ်ပေသည်။ အလုပ်သမားလူတန်းစား အုပ်စိုးရေး၏ ရည်ရွယ်ချက်မှာ သွေးစုတ်ချယ်လှယ်ခြင်းကို ဖျက်သိမ်းခြင်းဖြင့် လူတန်းစားပဋိပက္ခများအားလုံးကို ဖျက်သိမ်းပြီးသည့်အခါတွင် အစိုးရ၏ ဖိနှိပ်ရေးအာဏာသည် မလိုတော့သော အရာဖြစ်လာပြီး နောက်ဆုံး၌ အစိုးရသည် လုံးဝ ပျောက်ကွယ်သွားမည် ဖြစ်ပေသည်။

လူတန်းစားတိုက်ပွဲ၏ သမိုင်း၌ သွေးစုတ်ချယ်လှယ်သော အုပ်စိုးသူလူတန်းစားသည် တည်ဆဲကုန်လုပ်ဆက်ဆံရေးများ၊ တည်ဆဲပစ္စည်းပိုင်ဆိုင်မှု ဆက်ဆံရေးများကို နောက်ဆုံးထိ ခုခံကာကွယ်သွားခဲ့ကြ၏။ ယင်းတည်ဆဲကုန်လုပ်ဆက်ဆံရေး တည်မြဲမှုအပေါ်၌သာ ၎င်း၏ လူတန်းစားတစ်ရပ်အနေဖြင့် တည်ရှိမှုသည် အမှီပြုနေရသောကြောင့် ဖြစ်၏။ ယင်းသို့ ကာကွယ်ရန်လည်း ၎င်းသည် အစိုးရအာဏာကို ပိုင်ဆိုင်နေပြီဖြစ်လေသည်။ သွေးစုတ်ချယ်လှယ်သော မည်သည့်အုပ်စိုးသူလူတန်းစားမှ အစိုးရအာဏာကို အလိုအလျောက် စွန့်လွှတ်ပေးခြင်း မပြုပေ။ အစိုးရအာဏာကို ဆုပ်ကိုင်ထားရန်အတွက် နည်းအမျိုးမျိုးဖြင့် ခုခံတိုက်ခိုက်သည်သာဖြစ်၏။ ထို့ကြောင့် တည်ဆဲကုန်လုပ်ဆက်ဆံရေးများကို ဖျက်ပစ်ခြင်း၏ နောက်တွင် အုပ်စိုးသူလူတန်းစား၏ အာဏာကို ဖြိုချပစ်ခြင်းသည်လည်း နောက်မှကပ်၍ လိုက်ပါလာရပေသည်။

ယင်းနှင့်အတူ အုပ်စိုးသူလူတန်းစားကို ဆန့်ကျင်နေကြသည့် လူတန်းစားများအားလုံး၊ တည်ဆဲကုန်လုပ်ဆက်ဆံရေးဟောင်းများကို ဖျက်သိမ်းလိုသူအားလုံး၊ ကုန်လုပ်ဆက်ဆံရေးသစ်များနှင့် ကုန်လုပ်စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်မှုကို တည်ဆောက်

လိုသူအားလုံးသည် အုပ်စိုးသူလူတန်းစားအား ဆန့်ကျင်သော တိုက်ပွဲတွင်းသို့ ဝင်ရောက်လာကြကာ အုပ်စိုးသူလူတန်းစား၏ အစိုးရအာဏာကို ဖျက်ပစ်လိုက်ကြပေသည်။ ထို့ကြောင့် 'လူတန်းစားတိုက်ပွဲတိုင်းလည်း နိုင်ငံရေးတိုက်ပွဲဖြစ်ပေသည်'ဟု မာ့က်စ်နှင့် အိန်ဂျယ်လ်စ်တို့က ရေးခဲ့ခြင်းဖြစ်၏။ အချုပ်တွင်ကား၊ နိုင်ငံရေးတိုက်ပွဲအားလုံးသည် လူတန်းစားများ၏ တိုက်ပွဲကို ဖော်ပြခြင်းဖြစ်ပေသည်။ ထို့ကြောင့် အစိုးရအာဏာကို သိမ်းပိုက်ရေးတိုက်ပွဲ၊ အစိုးရအား ဩဇာလွှမ်းမိုးရေးတိုက်ပွဲသည်လည်း လူတန်းစားတိုက်ပွဲပင် ဖြစ်ပေသည်။

လူ၏ စိတ်ဆန္ဒနှင့် ကင်းလွတ်စွာ ဖြစ်ပေါ်သော စီးပွားရေးဖြစ်စဉ်၊ ကုန်လုပ်စွမ်းအားစုများ လျင်မြန်စွာ ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်၊ ကုန်လုပ်စွမ်းအားစုသစ်များနှင့် ကုန် လုပ်ဆက်ဆံရေးဟောင်းများ ကိုက်ညီအံကျခြင်း မရှိတော့သည့် ဖြစ်စဉ်တို့ကြောင့် လူ့အဖွဲ့အစည်း၏ စီးပွားရေး အဆောက်အအုံတွင် တော်လှန်ရေးကျသော အဓိက ပြောင်းလဲမှုများ ပေါ်ပေါက်လာပေသည်။ သို့ရာတွင် ယင်းပြောင်းလဲမှုများသည် လက်တွေ့အားဖြင့်မူ နိုင်ငံရေးတိုက်ပွဲအသွင်မျိုးဖြင့် ပေါ်လာကြပေသည်။

ထို့ကြောင့် လူမှုတော်လှန်ရေးဟူသည် လူတန်းစားတစ်ခုထံမှ အစိုးရအာဏာ (နိုင်ငံရေးအာဏာ) ကိုအခြားလူတန်းစားတခုထံသို့ လွှဲပြောင်းခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ''တော်လှန်ရေးတိုင်း၏ အခြေခံပြဿနာသည် အာဏာပြဿနာဖြစ်ပေသည်''ဟု လီနင်က ရေးခဲ့ခြင်းဖြစ်၏။

တော်လှန်ရေးဆိုသည်မှာ တည်ဆဲကုန်လုပ်ဆက်ဆံရေးများကို ခုခံကာကွယ်ပေးနေသည့် အုပ်စိုးသူလူတန်းစားအား တွန်းလှန်ခြင်း၊ ကုန်လုပ်ဆက်ဆံရေးသစ်များကို ထူထောင်ရန် စိတ်ဝင်စားသော လူတန်းစားတစ်ခုက အာဏာသိမ်းပိုက်ခြင်းဟု အဓိပ္ပါယ်ထွက်သည်။ ထို့ကြောင့် တော်လှန်ရေးသည် တည်ဆဲကုန်လုပ်ဆက်ဆံရေးဟောင်းများကို အတင်းအဓမ္မ ဝင်ရောက်ဖျက်ဆီး၏။ ပစ္စည်းပိုင်ဆိုင်မှုပုံသဏ္ဌာန်သစ်များကို ထူထောင်ရန်အတွက် ပစ္စည်းပိုင်ဆိုင်မှုဟောင်းများကို ဖျက်ဆီး၏။ ဤသည်ကို မာ့က်စ်နှင့် အိန်ဂျယ်လ်တို့က အောက်ပါအတိုင်း ရေးခဲ့ပေသည်။

''*ကွန်မြူနစ်စနစ် တစ်ခုတည်းသာလျှင် တည်ဆဲ ပစ္စည်းပိုင်ဆိုင်မှုဆက်ဆံရေး (ကုန်လုပ်ဆက်ဆံရေးများ) ကို ဖျက်သိမ်းသည် မဟုတ်ပေ။ အတိတ်တွင် ဖြစ်ပွားခဲ့သော သမိုင်းဆိုင်ရာ ပြောင်းလဲမှုများ (တော်လှန်ရေးများ) သည်လည်း ကုန်လုပ်ဆက်ဆံရေးဟောင်းများကို ဖျက်သိမ်းခဲ့သည်သာ ဖြစ်ပေသည်။ ဥပမာအားဖြင့် ပြင်သစ်တော်လှန်ရေးသည် နေရှင်ပစ္စည်းပိုင်ဆိုင်မှုကို ထူထောင်ရန်အတွက် မြေရှင်ပဒေသရာဇ် ပစ္စည်းပိုင်ဆိုင်မှု*

ကို ဖျက်ဆီးခဲ့ပေသည်။ ထို့ကြောင့် ကွန်မြူနစ်စနစ်၏ ထူးခြားသော အသွင်သဏ္ဌာန်မှာ ယေဘုယျပစ္စည်းပိုင်ဆိုင်မှုကို ဖျက်သိမ်းခြင်း မဟုတ်ဘဲ၊ နေရှင်ပိုင်ဆိုင်မှုကိုသာ ဖျက်သိမ်းခြင်း ဖြစ်ပေသည်။''

တိုးတက်ခြင်းနှင့် သွေးစုတ်ချယ်လှယ်ခြင်း

အတိတ်တော်လှန်ရေး ပြောင်းလဲမှုကြီးများသည် သွေးစုတ်ချယ်လှယ်သော လူတန်းစားတစ်ခု၏ နေရာ၌ အခြားသွေးစုတ်ချယ်လှယ်သော လူတန်းစားတစ်ခုက အစားဝင်ရောက်လာကြောင်းကို တွေ့မြင်ခဲ့ပြီးဖြစ်သည်။ ဥပမာ ကျေးပိုင်ကျွန်ပိုင် လူတန်းစားအား မြေရှင်ပဒေသရာဇ်လူတန်းစားက အစားထိုးခဲ့သည်။ သို့ဖြစ်ရာ ယင်းသို့သော ပြောင်းလဲမှုများသည် သွေးစုတ်ချယ်လှယ်ရေးစနစ်တစ်ခုနေရာတွင် အခြားသွေးစုတ်ချယ်လှယ်ရေး စနစ်တစ်ခုနေရာတွင် အခြားသွေးစုတ်ချယ်လှယ်ရေး လူတန်းစားတစ်ခုကို အစားထိုးခြင်းမျှသာဖြစ်သည်။

ယင်းဖြစ်စဉ်တွင် သွေးစုတ်ချယ်လှယ်သူများကို တိုက်သော သွေးစုတ်ချယ်လှယ်ခြင်းခံရသည့် ပြည်သူလူထုများ၏ တော်လှန်ရေး စွမ်းအားသည်လည်း အခြားသော သွေးစုတ်ချယ်လှယ်ရေး လူတန်းစားတစ်ရပ် အာဏာရရှိရေးအတွက် အထောက်အကူပြုသော အရာသာ ဖြစ်ခဲ့လေသည်။ ထိုဖြစ်စဉ်တွင် ပြည်သူများ၏တိုက်ပွဲသည် စနစ်ဟောင်းကို ချိုးဖျက်ခဲ့သော်လည်း နောက်ထပ်သွေးစုတ်ချယ်လှယ်ရေးစနစ် တစ်ခုကို အစားထိုးရန်အတွက်သာ ဖြစ်ခဲ့ပေသည်။ ကျေးပိုင်ကျွန်ပိုင်များကို ဆန့်ကျင်သော ကျေးကျွန်များ၏ တိုက်ပွဲသည် ကျေးပိုင်ကျွန်ပိုင်စနစ်ကို ဖြိုချခဲ့သော်လည်း မြေရှင်ပဒေသရာဇ်စနစ်ကို ထူထောင်ခဲ့သည်။ အလားတူပင် မြေရှင်ပဒေသရာဇ်ကို ဆန့်ကျင်သော မြေကျွန်များ၏ တိုက်ပွဲသည် မြေရှင်ပဒေသရာဇ်စနစ်ကို ဖြိုချခဲ့သော်လည်း အရင်းရှင်စနစ်ကို ထူထောင်ခဲ့ပေသည်။ သို့ဖြစ်ရာ ပြီးခဲ့သည့် တော်လှန်ရေးများသည် ပို၍ အဆင့်မြင့်သော စနစ်သစ်တစ်ခုကို ဖန်တီးခဲ့သည်မှန်သော်လည်း ထိုစနစ်သစ်မှာ သွေးစုတ်ချယ်လှယ်ရေးစနစ်သာ ဖြစ်ပေသည်။

လူက သဘာဝကို တိုးတက်အောင်မြင်နိုင်ခြင်း၊ လူမှုကုန်လုပ်စွမ်းအားစုများ တိုးတက်လာခြင်းတို့ကြောင့် လူမှုတိုးတက်မှုသည်လည်း ဖြစ်ပေါ်လာခဲ့သည်။ သဘာဝကို အောင်နိုင်ရန် ကြိုးစားရင်းဖြင့် လူသည် ၎င်း၏ ရုပ်ဝတ္ထုလိုအပ်ချက်များကို ရရှိလာခဲ့သည်။ ၎င်း၏ တွေးခေါ်မှုများကို ကြွယ်ဝစေခဲ့သည်။ ၎င်း၏ စွမ်းရည်များကို တိုးတက်စေခဲ့သည်။ သို့ရာတွင် ယင်းသို့သော တိုးတက်မှုများသည် ပဋိပက္ခအသွင်များကို

ဆောင်ကြပေသည်။ လူသည် သဘာဝကို အောင်နိုင်လာသည်နှင့်အမျှ လူလူချင်းလည်း ဖိနှိပ်သွေးစုတ်လာခဲ့ပေသည်။ လူ့အဖွဲ့အစည်း၏ အချို့အစိတ်အပိုင်းသည် တိုးတက်မှု၏ အကျိုးကျေးဇူးကို ခံစားနေချိန်တွင် အခြားအစိတ်အပိုင်းသည် နဖူးကချွေး ခြေမကျ အောင် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်နေရသည်။ သို့ဖြင့် တိုးတက်မှုအဆင့်သစ်တိုင်းသည် သွေးစုတ်ချယ်လှယ်ရေးစနစ်သစ်များကိုသာ ယူဆောင်လာခဲ့လေသည်။ ဤသည်ကို အိန်ဂျယ်လ်စ်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*"ယဉ်ကျေးမှုသည် လူတန်းစားတစ်ခုက အခြားလူတန်းစားတစ်ခုအား သွေးစုတ်ချယ်လှယ်ခြင်းပေါ်တွင် အခြေခံသည့်အလျောက် ယဉ်ကျေးမှုဖြစ်ပေါ်တိုးတက်မှုသည်လည်း အမြဲတစေဖြစ်သော ပဋိပက္ခထဲတွင် ပေါ်ပေါက်လာခဲ့သည်။ ကုန်လုပ်ရေးတွင် ရှေ့သို့ တစ်လှမ်းလှမ်းခြင်းသည် အဖိနှိပ်ခံလူတန်းစား၏ အနေအထားကို နောက်သို့ တစ်လှမ်းဆုတ်ခြင်းပင်ဖြစ်သည်။ လူအချို့ကို အကျိုးရှိစေသော အရာများသည် အခြားလူအချို့ကို ထိခိုက်စေပေသည်။ လူတန်းစားတစ်ခု ထပ်မံလွတ်မြောက်ခြင်းသည် အခြားလူတန်းစား တစ်ခုအတွက် ဖိနှိပ်မှုသစ် ပေါ်လာခြင်းပင် ဖြစ်ပေသည်"*

သို့ဖြင့် တိုးတက်မှု ခြေလှမ်းတိုင်းသည် အလုပ်လုပ်သော ပြည်သူများ၏ သွေးချွေးများဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ ကျေးပိုင်ကျွန်ပိုင်စနစ်ကို မွေးဖွားပေးခဲ့သော တိုးတက်မှုများသည် ကျေးကျွန်များ၏ သွေးချွေးတို့ဖြင့် ပိုမို တိုးတက်လာခဲ့သည်။ ခေတ်သစ်စက်မှုလုပ်ငန်းသည် အသေးစားကုန်ထုပ်လုပ်သူကလေးများ ကျဆုံးခြင်း လယ်သမားများ မြေယာလက်မဲ့ဖြစ်ခြင်း၊ ကိုလိုနီများ ပေါ်ပေါက်လာခြင်းတို့ကြောင့် တိုးတက်လာခဲ့ခြင်း ဖြစ်ပေသည်။

သို့ဖြင့် ကုန်သွယ်စွမ်းအားစုများ တိုးတက်မှုသည် သွေးစုတ်ချယ်လှယ်ရေးကို ပိုမို တင်းကြပ်စေခဲ့ရုံသာ ဖြစ်ခဲ့သည်။ သို့ဖြစ်ခဲ့သည်မှာ ဆိုရှယ်လစ်စနစ် ပေါ်ပေါက်လာသည့်အချိန်ထိ ဖြစ်လေသည်။ ယခုရာစုနှစ်အစတွင်မူ အရင်းရှင်စနစ်သည် နယ်ချဲ့စနစ် အဆင့်သို့ ရောက်လာပြီဖြစ်၏။ လူနည်းစုလက်ဝါးကြီးအုပ် အရင်းရှင်များက ကမ္ဘာကြီး တစ်ခုလုံးကို ခွဲဝေစိုးမိုးလျက်ရှိ၏။ သို့ရာတွင် နယ်ချဲ့ခေတ်သည် ဆိုရှယ်လစ်တော်လှန်ရေးခေတ် ဖြစ်၏။ ဆိုရှယ်လစ်တော်လှန်ရေးသည် အမျိုးအစားသစ်ဖြစ်သော တော်လှန်ရေး၊ သွေးစုတ်ချယ်လှယ်မှုကို ဖျက်သိမ်းသော တော်လှန်ရေး၊ လူတန်းစားပဋိပက္ခများ မရှိသော လူ့အဖွဲ့အစည်းကို အုတ်မြစ်ချပေးသော တော်လှန်ရေးဖြစ်ပေသည်။

**ဆိုရှယ်လစ်တော်လှန်ရေး**

လူ့မှုဖြစ်ပေါ်တိုးတက်မှု ဥပဒေသများနှင့် ပတ်သတ်၍ ရုပ်ဝါဒသဘောတရား၏ အဓိကကောက်ချက်မှာ ဆိုရှစ်တော်လှန်ရေးသည် သမိုင်းဆိုင်ရာ လိုအပ်ချက်ဖြစ်သည်ဟူသော အချက်ဖြစ်သည်။ ဆိုရှယ်လစ်ဝါဒသည် မည်သည့်အင်အားစုများကို အခြေပြုသည်၊ ဆိုရှယ်လစ်ဝါဒအောင်ပွဲကို ဘယ်လိုရရှိနိုင်သည်ဆိုသည့် အချက်များကို သမိုင်းရာရုပ်ဝါဒက ထုတ်ဖော်ပြသပေသည်။

ဆိုရှယ်လစ်တော်လှန်ရေးသည် လူ့အဖွဲ့အစည်း၏ သမိုင်းတွင် ပေါ်ပေါက်ခဲ့ဘူးသော ဘယ်တော်လှန်ရေးနှင့်မှ မတူသည့် တော်လှန်ရေးဖြစ်သည်။ ခေတ်သစ်တော်လှန်ရေးတိုင်းသည် လူ့အဖွဲ့အစည်း၌ စီးပွားရေးအဆောက်အအုံကို ပြောင်းလဲပစ်သည် သာဖြစ်သည်။ ပြီးခဲ့သော တော်လှန်ရေးများသည် သွေးစုတ်ချယ်လှယ်ရေးစနစ်တစ်ခုကို ဖျက်သိမ်း၍ အခြားသွေးစုတ်ချယ်လှယ်ရေးစနစ်တစ်ခုကို တည်ထောင်သော်လည်း ဆိုရှယ်လစ်တော်လှန်ရေးမှာမူ သွေးစုတ်ချယ်လှယ်ရေးစနစ်ဟူသမျှကို အပြီးအပိုင် ဖျက်သိမ်းပေသည်။

တော်လှန်ရေးတိုင်းတွင် လူတန်းစားသစ်တစ်ခုသည် အာဏာကို သိမ်းပိုက်လိုက်၏။ မိမိကိုယ်မိမိ အုပ်စိုးသူလူတန်းစားအဖြစ် ထူထောင်၏။ ယခင်တော်လှန်ရေးများ၌ တော်လှန်ရေးအာဏာကို လူနည်းစုများက တက်ရောက်သိမ်းပိုက်ခဲ့ကြ၏။ ဆိုရှယ်လစ်တော်လှန်ရေးတွင်မူ တော်လှန်ရေးအာဏာသည် အလုပ်သမားလူတန်းစားက ခေါင်းဆောင်သည့် ပြည်သူလူထုများလက်ထဲသို့ ရောက်ရှိလာပေသည်။

တော်လှန်ရေးတိုင်းသည် လူတန်းစားတစ်ခု၏ ဖိနှိပ်မှုကို တွန်းလှန်ခြင်းဖြစ်ရာ လွတ်မြောက်ရေး တိုက်ပွဲတခုပင်ဖြစ်သည်။ ထို့ကြောင့် ဤအချက်၌ တော်လှန်ရေးတိုင်းသည် ပြည်သူလူထုကြိုက် အသွင်လက္ခဏာကို ဆောင်သည်။ သို့ရာတွင် ပြီးခဲ့သော တော်လှန်ရေးများတွင် သွေးစုတ်ချယ်လှယ်ရေးစနစ်ကို တွန်းလှန်ခြင်းမှာ အခြားသွေးစုတ်ချယ်လှယ်ရေးစနစ်သစ်တခုကို အစားထိုးရန်မျှသာ ဖြစ်ပေသည်။ စနစ်ဟောင်းကို ဖြိုခွဲ၍ စနစ်သစ် တည်ဆောက်ရေးကို အသစ်တက်လာသော သွေးစုတ်ချယ်လှယ်ရေး လူတန်းစားက ဦးစီးဆောင်ရွက်ပေသည်။ ဆိုရှယ်လစ်တော်လှန်ရေးတွင်ကား စနစ်ဟောင်းကို ပြည်သူများက ဖြိုချ၍ စနစ်သစ်ကိုလည်း ဘယ်သူ၏ ဦးဆောင်မှုမှ မပါဘဲ ပြည်သူများကိုယ်တိုင်က တည်ဆောက်ခြင်း ဖြစ်ပေသည်။

အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းရာတွင် အဓိကလိုအပ်သည့် အခြေအနေကား၊ အလုပ်သမားလူတန်းစား၏ အာဏာရှင်အဖြစ်သို့ ထူထောင်ရန်ဖြစ်

သည်။ အရင်းရှင်နိုင်ငံတော်နေရာတွင် ဆိုရှယ်လစ်နိုင်ငံတော်ကို တည်ဆောက်ရန်ဖြစ်သည်။ ဆိုရှယ်လစ်နိုင်ငံတော်ကို တည်ဆောက်ပြီးသည့်နောက်တွင် အလုပ်လုပ်သော ပြည်သူများ၏ လုပ်ငန်းကား၊ ကုန်လုပ်ဆက်ဆံရေးတွင် အရင်းရှင်ပိုင်ဆိုင်မှုကို ဖျက်သိမ်းရန် အရေးနိမ့်သော အရင်းရှင်လူတန်းစား၏ ခုခံမှုကို နှိမ်နင်းရန်၊ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အကျိုးအတွက် စီမံကိန်းကျသော ကုန်လုပ်ရေးကို ဆောင်ရွက်ရန်နှင့် နောက်ဆုံးတွင် သွေးစုတ်ချယ်လှယ်မှုကို အပြီးအပိုင် ဖျက်သိမ်းရန်တို့ ဖြစ်ပေသည်။

၁။ လူတန်းစားများ တည်ရှိမှုသည် ကုန်လုပ်ရေးဖြစ်ပေါ်မှု၏ သမိုင်းအဆင့်များ အရသာ ဖြစ်ပေါ်သည်ဆိုသည့်အချက်။

၂။ လူတန်းစားတိုက်ပွဲသည် နောက်ဆုံးတွင် ပစ္စည်းမဲ့အာဏာရှင်အဖြစ်ကို ရောက်ရှိစေသည် ဆိုသည့်အချက်။

၃။ ပစ္စည်းမဲ့အာဏာရှင်အဖြစ်သည်လည်း လူတန်းစားများ ဖျက်သိမ်းရေးနှင့် လူတန်းစားမဲ့လူ့အဖွဲ့အစည်းသို့ ရောက်ရှိရေးအတွက် ကူးပြောင်းရေးအဆင့်သာ ဖြစ်သည်ဆိုသည့် အချက်များ ဖြစ်ပေသည်။

## အခန်း ၆
## စီးပွားရေး ဥပဒေသများနှင့် ၎င်းတို့အားအသုံးချမှု

လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှု၏ အခြေခံဥပဒေသများမှာ စီးပွားရေးဥပဒေသဖြစ်သည်။ ယင်းစီးပွားရေးဥပဒေသများသည် ဒိဋ္ဌကျသော ဥပဒေများဖြစ်၍ လူ၏ စိတ်ဆန္ဒနှင့် ကင်းလွတ်၍ လှုပ်ရှားကြသည်။ ယင်းဥပဒေများ၌ တစုံတခုသော လူမှုစီးပွားရေး ဖွဲ့စည်းပုံအားလုံးကို ဖော်ပြသော သီးခြားဥပဒေများနှင့် လူမှုစီးပွားရေး ဖွဲ့စည်းပုံအားလုံးကို ဖော်ပြသော ယေဘုယျဥပဒေသများဟူ၍ ရှိပေသည်။

လူ့အဖွဲ့အစည်းအတွင်း၌ ပြောင်းလဲမှုများကို ပြုလုပ်ရန်အတွက် လူသည် စီးပွားရေးဥပဒေသများကို အသုံးချရသည်။

၁။ လူတန်းစားလူ့အဖွဲ့အစည်း၌ လူတန်းစားအကျိုးစီးပွားကို လိုက်၍ စီးပွားရေးဥပဒေသများအား အသုံးချပုံလည်း ကွဲပြားကြသည်။

၂။ တိုးတက်သောလူတန်းစားသည် လူ့အဖွဲ့အစည်း၏ ရှေ့သို့ ဖြစ်ပေါ်တိုးတက်မှုအတွက် စီးပွားရေးဥပဒေများကို အသုံးချသည်။ ဖောက်ပြန်သော လူတန်းစားများက ယင်းသို့ အသုံးချမှုကို ခုခံသည်။

၃။ ဆိုရှယ်လစ်ဝါဒ အောင်မြင်ရေးအတွက် တိုက်သော အလုပ်သမားလူတန်းစားတိုက်ပွဲသည် စီးပွားရေးဥပဒေသများအား လူတန်းစားတစ်ခု၏ အကျိုးစီးပွားအတွက် အသုံးမပြုဘဲ၊ လူ့အဖွဲ့အစည်း၏ လူများစု၏ အကျိုးစီးပွားအတွက် အသုံးပြုသည်။

၄။ ယခင်က စီးပွားရေးဖြစ်ပေါ်တိုးတက်မှု ဥပဒေသများကို အသုံးချရာတွင် သိပ္ပံနည်းကျသော အသိပညာမရှိ ဆိုရှယ်လစ်ဝါဒ တိုက်ပွဲ

ကား ယင်းစီးပွားရေးဥပဒေသများကို နားလည်သိမြင်သော သိပ္ပံနည်းကျသည့် အသိပညာ၏ လမ်းညွှန်မှုကို ခံယူသည်။

၅။ ဆိုရှယ်လစ်စနစ်ထူထောင်ပြီးနောက်တွင် စီမံကိန်းကျ ကုန်လုပ်ရေးစနစ်တကျ ဖြစ်ပေါ်မှုအတွက်စီးပွားရေးဥပဒေသများကို အသုံးပြုသည်။

**စီးပွားရေးဥပဒေသများသည်ဘာလဲ**

လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှု၏ အခြေခံဥပဒေသများမှာ စီးပွားရေးဥပဒေသများဖြစ်သည်။ သို့ဖြစ်လျှင် စီးပွားရေးဥပဒေများ၏ သဘာဝသည် ဘာလဲ၊ လူ၏အကျိုးအတွက် စီးပွားရေးဥပဒေသများကိုလည်း ဘယ်လိုအသုံးချမည်လဲ။

စီးပွားရေး ဖြစ်ပေါ်တိုးတက်မှု ဥပဒေသများကို စူးစမ်းလေ့လာသည့် တိကျသည့် သိပ္ပံပညာသည် နိုင်ငံရေးဘောဂဗေဒဖြစ်ဖြစ်၏။ **စတာလင်က** အောက်ပါအတိုင်း ရေးခဲ့ပေသည်။

"*နိုင်ငံရေး ဘောဂဗေဒသည် ကုန်လုပ်ဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှုဥပဒေသများ စူးစမ်းလေ့လာပေသည်။ နိုင်ငံရေးဘောဂဗေဒတွင် အကျုံးဝင်သည့် ပြဿနာများကား (က) ကုန်လုပ်ကြိယာများကို ပိုင်ဆိုင်မှုပုံသဏ္ဍာန်များ၊ (ခ) ကုန်လုပ်ရေးတွင် လူမှုအစုအမျိုးမျိုး၏ အခြေအနေနှင့် ထိုလူမှုအစုများ၏ အပြန်အလှန်ဆက်ဆံရေးများ၊ (ယင်းကို မာ့က်စ်က 'လူမှုလုပ်ဆောင်ချက်များ အပြန်အလှန်ဖလှယ်မှု'ဟုခေါ်၏) (ဂ) ထုတ်ကုန်များအား ဝေငှဖြန့်ဖြူးပုံစနစ် စသည်တို့ ဖြစ်ပေသည်။*"

ထို့ကြောင့် ကုန်လုပ်ကြိယာ ပိုင်ဆိုင်မှုပုံသဏ္ဍာန်များ လူတန်းစားများနှင့် လူတန်းစားဆက်ဆံရေးများ၊ ထုတ်ကုန်ဖြန့်ဖြူးပုံစနစ်များ စသည်တို့၏ ဖြစ်ပေါ်တိုးတက်မှုကို မောင်းနှင်သည့် ဥပဒေများသည် စီးပွားရေးဖြစ်ပေါ်တိုးတက်မှုဥပဒေသများ ဖြစ်ပေသည်။ စီးပွားရေးဥပဒေသများကို လေ့လာရာတွင် တစ်စုံတစ်ခုသော စီးပွားရေးကုန်လုပ်ဆက်ဆံရေးများသည် ကုန်လုပ်စွမ်းအားစုများ၏ အသွင်လက္ခဏာနှင့် ကိုက်ညီအံကျမည်ဆိုသော သဘောပေါင် ဖြစ်သည်။ ယင်းဥပဒေသကား အမြဲတည်သည်။ ယေဘုယျ ကျသည်၊ အခြေခံလည်း ဖြစ်ပေသည်။ ဤအခြေခံဥပဒေကြောင့် ကုန်လုပ်စွမ်းအားစုသစ်များ၏ အသွင်လက္ခဏာနှင့် ကိုက်ညီအံကျခြင်း မရှိတော့သည့် စီးပွားရေးစနစ်များသည် ခေတ်နောက်ကျကျန်ရစ်ခဲ့ကာ၊ အကြပ်အတည်းများ ဆိုက်ရောက်ပြီးနောက်တွင် ကုန်လုပ်စွမ်းအားစုများနှင့် ကိုက်ညီအံကျသော စီးပွားရေးစနစ်တစ်ရပ် ပေါ်ပေါက်လာပေသည်။

ထို့ကြောင့် *'အမျိုးမျိုးသော လူမှု-စီးပွားရေး ဖွဲ့စည်းပုံများသည် ၎င်းတို့၏ သီးခြားသော ဥပဒေသများကြောင့်ပင် ကွဲပြားခြားနားသွားကြသော်လည်း ၎င်းတို့သည်ပင် တစ်ဖန် ဖွဲ့စည်းပုံအားလုံးနှင့် ကိုက်ညီသော ယေဘုယျ စီးပွားရေးဥပဒေသများကြောင့် တစ်ခုကို တစ်ခု အပြန်အလှန် ဆက်သွယ်နေကြပြန်ပေသည်'*ဟု လေနင်က ပြောခဲ့ခြင်းဖြစ်၏။

သို့ဖြစ်ရာ တစ်ခုတစ်ခုသော လူမှု-စီးပွားရေး ဖွဲ့စည်းပုံ၏ သီးခြားသော ဥပဒေသများကို သိပ္ပံနည်းကျစွာ သိနားလည်ခြင်းဖြင့် ကျွန်ုပ်တို့သည် လူ့အဖွဲ့အစည်း၏ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုတစ်ရပ်လုံး၏ ယေဘုယျ ဥပဒေသများကို နားလည်လာလိမ့်မည်ဖြစ်ပေသည်။ ဥပမာအားဖြင့် အရင်းရှင်စီးပွားရေးစနစ်၏ သီးခြားသော ဥပဒေသများကို နားလည်ခြင်းဖြင့် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ စီးပွားရေးဖြစ်ပေါ်မှု ဥပဒေသများကို နားလည်လာလိမ့်မည်ဖြစ်သည်။ သီးခြားသော စီးပွားရေးဥပဒေသများသည် ခေတ်တစ်ခေတ်၏ လူမှုတိုးတက်ဖြစ်ပေါ်မှုကို နားလည်စေနိုင်၍ ယေဘုယျစီးပွားရေးဥပဒေသများကား စီးပွားရေးစနစ်တစ်ခုမှ တစ်ခုသို့ ပြောင်းလဲပုံ စသော လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စီးပွားရေးဖြစ်ပေါ်မှုလမ်းကြောင်းတစ်ခုလုံးကို နားလည်စေနိုင်မည် ဖြစ်ပေသည်။

**စီးပွားရေးဥပဒေသများ၏ဒိဋ္ဌကျသောအသွင်လက္ခဏာ**

*'စီးပွားရေး ဖြစ်ပေါ်တိုးတက်မှု ဥပဒေသများသည် ဒိဋ္ဌကျသော ဥပဒေသများ ဖြစ်သည်။ ၎င်းတို့သည် လူ၏ စိတ်ဆန္ဒနှင့် ကင်း၍ ဖြစ်ပေါ်တိုးတက်မှုများ၏ ဖြစ်စဉ်ကို ထင်ဟပ်ဖော်ပြပေသည်'*ဟု စတာလင်က ရေးခဲ့သည်။

လူ့အဖွဲ့အစည်းအတွင်း မောင်းနှင်လှုပ်ရှားနေသော စီးပွားရေးဖြစ်ပေါ်တိုးတက်မှု ဥပဒေသများ ဆိုရာ၌ အုပ်စိုးသူများ၊ အစိုးရများက ပါလီမန်များ၊ အုပ်ချုပ်ရေးအာဏာများဖြင့် ပြဋ္ဌာန်းသော ဥပဒေများကို ဆိုလိုခြင်း မဟုတ်ပေ။ ဥပဒေသည် လူ၏ စိတ်ဆန္ဒ ဖော်ထုတ်သော ပညတ်တရားဖြစ်သည်။ ဥပဒေသသည် အလိုအလျောက် လွတ်လပ်စွာ ဖြစ်ပေါ်ကာ၊ ဥပဒေမှာ လူက စီရင်ပြဋ္ဌာန်းရခြင်း ဖြစ်သည်။

သဘာဝ၏ ဥပဒေသများသည် သဘာဝရှိ အရာဝတ္ထုများ၏ ဆက်ဆွယ်ရေးကို ပြဋ္ဌာန်းသကဲ့သို့ စီးပွားရေးဥပဒေသများသည်လည်း စီးပွားရေးလုပ်ဆောင်ရာ၌ လူ အချင်းချင်း အပြန်အလှန်ဆက်ဆံရေးကို ပြဋ္ဌာန်းပေသည်။ ထို့ကြောင့် စီးပွားရေး ဥပဒေသများသည် ဒိဋ္ဌကျသော လိုအပ်ချက် ဖြစ်ပေသည်။

**စီးပွားရေးဥပဒေသများကို အသုံးချခြင်း**

စီးပွားရေးဥပဒေသများသည် လူ့စိတ်ဆန္ဒမှ ကင်း၍ လွှပ်ရှားမောင်းနှင်နေသည်ဟု ဆိုလိုက်ခြင်းဖြင့်၊ လူသည် ၎င်း၏အကျိုးအတွက်၊ ယင်းစီးပွားရေး ဥပဒေသများကို အသုံးချခြင်း မရှိ၊ ချုပ်ကိုင်နိုင်ခြင်း မရှိဟု ဆိုလိုသည် မဟုတ်ပေ။ လူသည် စီးပွားရေးဥပဒေသများကို အသုံးချနိုင်၍၊ အသုံးလည်းချဆဲပင်ဖြစ်သည်။ လူသည် ယင်းစီးပွားရေးဥပဒေသများကို ဖျက်သိမ်းခြင်း၊ ပြောင်းလဲခြင်း မပြုနိုင်သော်လည်း၊ ၎င်းတို့ကိုကား အသုံးချနိုင်ပေသည်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော စသည့် သဘာဝအင်အားစုများကို လူသည် ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း မပြုနိုင်သော်လည်း အသုံးချနိုင်သည်။ အလားတူပင် လူသည် လူမှုအသင်းအဖွဲ့၏ ဥပဒေသဖြစ်သော စီးပွားရေးဥပဒေသများကို အသုံးချနိုင်သည်။ ၎င်း၏ အကျိုးစီးပွားနှင့် ကိုက်ညီသော လူမှုပြောင်းလဲမှုများကို ပြုလုပ်ရန်အတွက် လူသည် ယင်းဥပဒေသများကို အသုံးချသည်၊ သဘာဝဥပဒေသများ ကို အသုံးချခြင်းဖြင့် သဘာဝကို ပြောင်းလဲနိုင်သကဲ့သို့ စီးပွားရေး ဥပဒေသများကို အသုံးပြုခြင်းဖြင့် လူမှုပြောင်းလဲမှုကိုလည်း ပြုလုပ်နိုင်ပေသည်၊ သို့ဖြစ်ရာ လူမှုပြောင်းလဲမှုများကို လုပ်ဆောင်သူတိုင်းသည် စီးပွားရေးဥပဒေသများကို အသုံးပြုရမည် ဖြစ်ပေသည်။ စီးပွားရေးဥပဒေသတစ်ခုသည် လူမှုပြောင်းလဲမှုများကို ပြုလုပ်နိုင်သည်ဟု ဆိုခြင်းမှာ စိတ္တဇဆန်သော သဘောတရား မဟုတ်ပေ။

သို့ရာတွင် စီးပွားရေး ဥပဒေသများကို အသုံးချရေးသည် ပြဿနာများစွာကို ပေါ်ပေါက်စေကာ၊ အခြေအနေနှင့် ကိုက်ညီအံကျဖို့ လိုပေသည်။

၁။ စီးပွားရေး ဥပဒေသများအား မည်သို့မည်ပုံ အသုံးချမည်ဆိုသည့် အချက်ကို စီးပွားရေးအကျိုးခံစားခွင့်များက ဆုံးဖြတ်သည်။ ရန်ဘက်ကျသော လူတန်းစားများ ကွဲပြားနေသည့် လူ့အဖွဲ့အစည်းတွင် လူတန်းစားအမျိုးမျိုးသည် ၎င်းတို့ အသီးသီး၏ အကျိုးခံစားခွင့်အတွက် စီးပွားရေးဥပဒေသများကို အမျိုးမျိုးအသုံးချကြသည်။ လူတန်းစား၏ အကျိုးခံစားခွင့်ကို လိုက်၍ စီးပွားရေးဥပဒေသများအား အသုံးပြုကြသည်။ စီးပွားရေးဥပဒေသများကို အသုံးပြုခြင်းတွင် လူတန်းစား အခြေခံရှိပေသည်။

သို့ဖြင့် မြေရှင်အုပ်စိုးသူကို တွန်းလှန်၍ နေရှင်သည် ပြည်သူများ၏ လှုပ်ရှားမှုကို ခေါင်းဆောင်ပြီးနောက်၊ မြေရှင်ပဒေသရာဇ် ပိုင်ဆိုင်မှုကို အရင်းရှင်ပစ္စည်းပိုင်ဆိုင်မှုဖြင့် အစားထိုးခဲ့သည်၊ မြေကျွန်စနစ်ကို လုပ်စားကျွန်စနစ်ဖြင့် အစားထိုးခဲ့သည်၊ စီးပွားရေးဥပဒေသများကို အရင်းရှင်လူတန်းစား၏ အကျိုးအတွက် အပြည့်အဝ အသုံးချ

ခဲ့သည်။ ခြုံ၍ပြောရလျှင်၊ လူတန်းစား လူ့အဖွဲ့အစည်း၌ အသီးသီးသော လူတန်းစားများသည် ၎င်းတို့၏ လူတန်းစားအကျိုးအတွက် စီးပွားရေးဥပဒေသများကို အသုံးပြုကြသည်သာ ဖြစ်လေသည်။ လူတန်းစားတစ်ခုကို ဆန့်ကျင်၍ အခြားလူတန်းစားတစ်ခု၏ အကျိုးအတွက် အသုံးပြုပေသည်။

၂။ ရေရှည်၌ ယင်းသို့ ပြည်သူများက စီးပွားရေးဥပဒေသများကို အသုံးပြုခြင်းကြောင့်၊ လူ့အဖွဲ့အစည်း၏ ရုပ်ဝတ္ထုတိုးတက်မှုကို ရရှိခဲ့ကာ၊ လူ့အဖွဲ့အစည်း ဖြစ်ပေါ်မှုကို ပို၍မြင့်သော အဆင့်သို့ ရောက်ရှိစေသည်။ သို့ရာတွင် လူတန်းစားလူ့အဖွဲ့အစည်းတွင် ယင်းသို့သော ဖြစ်ပေါ်တိုးတက်မှုသည် သဘောတူညီချက်ဖြင့် ချောချောမောမောဖြစ်ပေါ်သည် မဟုတ်ပေ။ လူတန်းစားတိုက်ပွဲဖြင့်သာ ရနိုင်သည်။

တိုးတက်သော လူတန်းစားသည် စီးပွားရေးဥပဒေသများကို လူ့အဖွဲ့အစည်း၏ ရုပ်ဝတ္ထုတိုးတက်မှုအတွက် အသုံးချ၍ ဖောက်ပြန်သော လူတန်းစားသည် ယင်းသို့ တိုးတက်သော အသုံးချမှုကို ဆန့်ကျင်သည်။ ဓနရှင်သည် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုအတွက် စီးပွားရေးဥပဒေသများကို အသုံးချရာတွင်၊ မြေရှင်ပဒေသရာဇ် မြေရှင်ပဒေသရာဇ် လူတန်းစား၏ ဆန့်ကျင်မှုကို တွေ့ခဲ့ရ၏။ ယခုအချိန်တွင် အလုပ်သမားလူတန်းစား၏ အသုံးချမှုကို ဓနရှင်က ဆန့်ကျင်လျက် ရှိပေသည်။

စီးပွားရေး ဥပဒေသများအား။ လူတန်းစားတစ်ခုက အသုံးချမှုကို အခြားလူတန်းစားတစ်ခုက တားဆီးဆန့်ကျင်၍ ရသည့်အခါ ရှိနိုင်ပေ၏။ သို့ရာတွင် စီးပွားရေးဥပဒေသများ၏ မောင်းနှင်လှုပ်ရှားမှုကိုကား၊ တားဆီး၍ မရနိုင်ချေ။

ယခုအချိန်တွင် အရင်းရှင်လူတန်းစားသည် အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းရေးကို ဆန့်ကျင်တားဆီးလျက်ရှိပေသည်။ သို့ရာတွင် ကုန်လုပ်ဆက်ဆံရေးသည် ကုန်လုပ်စွမ်းအားစုသစ်များ၏ အသွင်လက္ခဏာများနှင့် ကိုက်ညီအံကျခြင်းရှိရမည်ဆိုသည့် ဥပဒေကိုမူကား တားဆီး၍ မရပေ။ အရင်းရှင်စနစ် တည့်ရှိနေသမျှ ဘုံကုန်လုပ်ရေးနှင့် ပုဂ္ဂလိကအရင်းရှင်အမြတ်ခွဲဝေမှု ပဋိပက္ခဖြစ်နေကြဦးမည် ဖြစ်ပေသည်။ ထို့ကြောင့် မလွဲမရှောင်သာသော အကျိုးဆက်များသည် ပေါ်ပေါက်နေကြဦးမည် ဖြစ်ပေသည်။ ထို့ကြောင့်မလွဲမရှောင်သာသော အကျိုးဆက်များသည် ပေါ်ပေါက်နေကြဦးမည် ဖြစ်သည်။ အရင်းရှင်များက ဘယ်မျှတားဆီးစေတော့၊ အရင်းရှင်စနစ်အတွင်း အဖန်တလဲလဲဖြစ်သော အကြပ်အတည်းများများသည် ဆိုက်ရောက်လာကြမည်သာ ဖြစ်ပေသည်။ သူတို့လုပ်နိုင်သောအရာမှာ တစ်ခုတည်းရှိ၏။ ၎င်းကား ပေါ်လာသော အကြပ်အတည်းများကို အလုပ်လုပ်သော ပြည်သူများ၏ ကျောပေါ်သို့

ပုံချရန် ဖြစ်၏။သို့ရာတွင် ထိုသို့လုပ်ခြင်းသည်လည်း အကြမ်းဖက်မှုများကို ပိုမို ပြင်းထန်လာစေရုံမျှသာ ဖြစ်ပေလိမ့်မည်။

သို့ဖြင့် စီးပွားရေးဥပဒေသများသည် လူတန်းစားတစ်ရပ်ကို သခင်ကျင်ကာ၊ အခြားလူတန်းစားတစ်ခုအတွက် လှုပ်ရှားနေကြသည်။ အလုပ်သမားလူတန်းစားသည် အရင်းရှင်လူ့အဖွဲ့အစည်းတွင် အတိုးတက်ဆုံးလူတန်းစားဖြစ်သဖြင့် စီးပွားရေးဥပဒေသ များသည် ၎င်းဘက်သို့ မျက်နှာလိုက်နေကြရာ၊ တစ်နေ့တွင် ၎င်းသည်ပင် အောင်ပွဲခံရ မည်ဖြစ်ပေသည်။

၃။ လူတန်းစား အကျိုးခံစားခွင့်ကိုလိုက်၍ စီးပွားရေးဥပဒေသများများကို အသုံးချကြသည်။ သို့ရာတွင် အလုပ်သမားလူတန်းစားက အသုံးချလိုက်သည့်အခါတွင်မူ ယင်းသို့မဟုတ်တော့ပေ။ လူတန်းစားတစ်ခု၏ အကျိုးခံစားခွင့် သက်သက်ကို မကြည့် တော့ပေ။ လူတန်းစားတစ်ခု၏ အကျိုးခံစားခွင့်သက်သက်ကို မကြည့်တော့ပေ။ ထို့ ကြောင့် စီးပွားရေးဥပဒေသများကို အသုံးချခြင်းအတူတူတွင်၊ အလုပ်သမားလူတန်းစားက အသုံးချသောအခါတွင်မူ၊ အသွင်လက္ခဏာသစ်ကို ဆောင်လာပေသည်။

စတာလင်က အောက်ပါအတိုင်း ရေးဖူး၏။

"ပစ္စည်းမဲ့ လူတန်းစားနှင့် အခြားလူတန်းစားများ၏ ခြားနားချက်မှာ ပစ္စည်းမဲ့ သည် ၎င်း၏ လူတန်းစားအကျိုးစီးပွားကို လူ့အဖွဲ့အစည်း၏ ကျယ်ပြန့်သော လူများစု ကြီး၏ အကျိုးစီးပွားနှင့် ပေါင်းစပ်ပစ်လိုက်ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပစ္စည်းမဲ့တော်လှန်ရေးသည် သွေးစုတ်ချယ်လှယ်ရေးပုံသဏ္ဌာန်တစ်ခုကိုသာမက၊ အားလုံး ကို ဖျက်သိမ်း၍ အခြားလူတန်းစားများ၏ တော်လှန်ရေးမှာမူကား၊ သွေးစုတ်ချယ်လှယ်ရေး ပုံသဏ္ဌာန်သစ်တစ်ခုကို တည်ဆောက်သောကြောင့် ဖြစ်ပေသည်။"

ဆိုရှယ်လစ်ဝါဒတိုက်ပွဲ၌ အလုပ်သမား လူတန်းစားသည် အခြားသော လူတန်းစားများအား သွေးစုတ်ချယ်လှယ်ရန်အတွက် စီးပွားရေးဥပဒေသများကို အသုံးချ ခြင်း မဟုတ်ပေ။ သွေးစုတ်ချယ်လှယ်ရေး အသွင်သဏ္ဌာန်အားလုံးကို ဖျက်သိမ်းကာ၊ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်တင်းရန်အတွက် စီးပွားရေးဥပဒေသများကို အသုံးချခြင်း ဖြစ်ပေသည်။ အရင်းရှင် သွေးစုတ်ချယ်လှယ်မှုကို ဖျက်သိမ်း၍၊ အလုပ် သမားလူတန်းစား အကျိုးစီးပွားကို အကောင်ထည်ဖော်ခြင်းသည် သွေးစုတ်ချယ်လှယ် ရေး ပုံသဏ္ဌာန်အမျိုးမျိုးကို အဆုံးသတ်ခြင်း၊ လူတန်းစားပဋိပက္ခများကို ဖျက်သိမ်းခြင်းဟု အဓိပ္ပါယ်ထွက်၏။ လူမှုကုန်လုပ်ရေးကို အများအကျိုးအတွက် ပြုလုပ်သော လူမှု စနစ်တရပ်ဖြစ်သည့် ဆိုရှယ်လစ်စနစ်သစ်သို့ ဖွဲ့စည်းထောင်ခြင်းဟု အဓိပ္ပါယ်ထွက်၏။

ဆိုရှယ်လစ်စနစ် ထူထောင်ပြီးသည့်နောက်တွင် လူ့အဖွဲ့အစည်း၏ စီးပွားရေးဘဝတစ်ခုလုံးကို သိစိတ်ရှိသော၊ စိမံကိန်းကျသော အုပ်ချုပ်မှုအောက်တွင် ထားရှိပေသည်။ စီးပွားရေး ဥပဒေသများကား ရှေ့သို့ လှုပ်ရှားမောင်းနှင်နေကြပေသည်။ ယင်းသို့ စီးပွားရေးဥပဒေသများ မောင်းနှင်မှုကို သတိမထားပါက၊ ဆိုရှယ်လစ်စီးပွားရေး ဥပဒေသများကို ချိုးဖောက်ပါက၊ ဆိုရှယ်လစ် စီးပွားရေးစိမံကိန်းသည်လည်း အောင်မြင်နိုင်မည် မဟုတ်ပေ။

၄။ မိမိ၏ လူတန်းစား၏ အကျိုးစီးပွားအတွက်၊ စီးပွားရေး ဥပဒေသများကို အသုံးချရမည်ဟုဆိုရာ၌ ပထမဆုံး ဥပဒေသများကို တိကျစွာ နားလည်သော သိပ္ပံနည်းကျသည့် အသိပညာရှိရမည်ဟု ဆိုလိုရာ မရောက်ပေ။ လူသည် စီးပွားရေးဥပဒေသများကို သိပ္ပံနည်းကျစွာ နားမလည်မီကပင်၊ စီးပွားရေး ဥပဒေသများကို အသုံးချခဲ့သည်။ ရှေးပဝေသဏီကပ၊ လူတို့သည် ရူပဗေဒဥပဒေသများကို ကောင်းစွာ နားမလည်မီကပင်၊ အစားအစာကို ချက်ပြုတ်ရန် မီးကို အသုံးချလာနိုင်ခဲ့သည်။ ထို့အတူ စီးပွားရေး ဥပဒေသများကို ကောင်းစွာ နားမလည်သေးသော်လည်း အသုံးချနိုင်ပေသည်။ ၎င်းနှင့် ပြိုင်ဘက်ဖြစ်သော သွေးစုတ်ချယ်လှယ်သူလူတန်းစားဖြစ်သည့် မြေရှင်ပဒေသရာဇ်လက်မှ အာဏာကို လုယူစဉ်၊ ဓနရှင်လူတန်းစားသည် စီးပွားရေး ဥပဒေသများကို ကောင်းစွာ နားမလည်သေးလင့်ကစား၊ အသုံးချခဲ့ပေသည်။ ယင်းသို့ အသုံးချတတ်ခဲ့ခြင်းမှာ ၎င်း၏ လူတန်းစားအမြင်အရ ဖြစ်ပေသည်။

သို့ရာတွင် စီးပွားရေး ဥပဒေသများကို ကောင်းစွာ နားမလည်ဘဲ အသုံးချခြင်းသည်၊ ကောင်းစွာ နားလည်ပြီးမှ အသုံးချခြင်းလောက် အကျိုးမရှိပေ၊ စီးပွားရေးဥပဒေသများကို ကောင်းစွာ နားလည်ပြီးမှ အသုံးချခြင်းလောက် လူတန်းစားတစ်ခု၏ အကျိုးစီးပွားကိုသာ ကွက်ကွက်ကလေး မကြည့်တော့ဘဲ၊ လူ့အဖွဲ့အစည်း လူများစု၏ အကျိုးစီးပွားအတွက် ကြည့်တတ်လာပေသည်။

ထို့ပြင်အလုပ်သမားလူတန်းစားသည် လူမှုအသင်းအဖွဲ့၏ အရှင်သခင်များဖြစ်ရန်အတွက် အောက်ပါအချက်များလိုသည်။ ပထမ လူမှုအသင်းအဖွဲ့၏ ဥပဒေသများ စီးပွားရေး ဥပဒေသများကို ကောင်းစွာ နားလည်သိမြင်ရမည်။ ဒုတိယ စီးပွားရေးအင်္ဂါရပ်များ အားလုံး၌ လူမှုအုပ်ထိန်းမှုကို ထူထောင်နိုင်ရမည်။ ယင်းသို့ ထူထောင်နိုင်ခြင်းဖြင့် လူမှုစိမံကိန်းတစ်ရပ်နှင့်အညီ၊ စီးပွားရေးဥပဒေသများကို အသုံးချနိုင်ရမည်။ ယင်းသို့သော အခြေအနေများသည်လည်း ဆိုရှယ်လစ်စနစ်သို့ ချီတက်နေသော လူ့အဖွဲ့အစည်း၌သာ ဖြစ်ပေါ်နိုင်ပေသည်။

၅။ ပြည်သူများက ၎င်းတို့ လူမှုအသင်းအဖွဲ့၏ အရှင်သခင်များ ဖြစ်လာသောအချိန်တွင် စီးပွားရေးဥပဒေသများသည် လူမှုလုပ်ဆောင်ချက်များကို အဟန့်အတား မပြုတော့တဲ့ ပြည်သူများ၏ ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှု လိုအပ်ချက်များအားလုံးကို ပြုလုပ်ပေးနိုင်သည့် လူမှုလုပ်ဆောင်ချက်များ အားလုံးကို အဟန့်အတားမရှိ ဖွံ့ဖြိုးစေလိမ့်မည်ဖြစ်သည်။ သို့မှလည်း ပြည်သူများသည် ယင်းဥပဒေသများကို နားလည်ကာ၊ ၎င်းတို့အား လူတိုင်း၏ အကျိုးအတွက် စီမံကိန်းကျသော နည်းလမ်းများကို ချမှတ်၍ အသုံးချနိုင်စေလိမ့်မည်။ အိန်ဂျယ်လ်စ်က အောက်ပါအတိုင်း ရေးခဲ့ဘူးပေသည်။

*"လူ့အဖွဲ့အစည်းအတွင်း လှုပ်ရှားနေကြသော အင်အားစုများ အလုပ်လုပ်ပုံနှင့် သဘာဝအတွင်း လှုပ်ရှားနေကြသော အင်အားစုများ အလုပ်လုပ်ပုံတို့သည် တထေရာတည်း ဖြစ်ပေသည်။ ၎င်းအင်အားစုများကို ကျွန်ုပ်တို့ နားမလည်သေးသမျှ ၎င်းအင်အားစုများကို ထည့်သွင်းစဉ်းစားခြင်း မပြုသမျှ ၎င်းတို့၏ အလုပ်လုပ်ပုံသည် ဆင်ကန်းတောတိုးသည့်ပမာ၊ ဘာရမ်းဘာတာဖြစ်နေလိမ့်ဦးမည် ဖြစ်ပေသည်။ သို့ရာတွင် ၎င်းတို့၏ အလုပ်လုပ်ပုံ၊ ၎င်းတို့ ရွေ့လျားပြောင်းလဲပုံ စသည်တို့ကို နားလည်လာသည်နှင့် တစ်ပြိုင်နက် ၎င်းတို့ကို ကျွန်ုပ်တို့၏ စိတ်ဆန္ဒအလျောက် ချုပ်ကိုင်၍ ရလာနိုင်ပေသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များ အောင်မြင်လာရေးအတွက် အသုံးချနိုင်ပေသည်။ အထူးသဖြင့် ယနေ့ခေတ်တွင် အင်အားကြီးမားနေသော ကုန်လုပ်စွမ်းအားစုများကို ပိုမို နားလည်လာခြင်းဖြင့်၊ ၎င်းတို့အား ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ထိရောက်စွာ အသုံးချလာနိုင်ပေသည်။ ကျွန်ုပ်တို့သည် ကုန်လုပ်စွမ်းအားစုများ၏ သဘာဝနှင့် အသွင်လက္ခဏာများကို နားလည်ရန် ကြိုးစားခြင်း မပြုသေးသမျှ (ယင်းသို့ ကြိုးစားခြင်း မပြုရန်လည်း အရင်းရှင်ကုန်လုပ်ရေးစနစ်နှင့် ၎င်းတို့၏ ရှေ့နေများက ဟန့်တား ကြသည်) ဤစွမ်းအားစုများသည် ကျွန်ုပ်တို့ကို ဆန့်ကျင်ပေလိမ့်မည်။ သို့ရာတွင် ကုန်လုပ်စွမ်းအားစုများ၏ သဘာဝကို အလုပ်သမားများက နားလည်သည်နှင့် တစ်ပြိုင်နက်၊ ၎င်းစွမ်းအားစုများအား သောင်းကျန်းသော သူရဲသူဘက်များအဖြစ်မှ ကျိုးနွံလုစွာသော အစေခံများအဖြစ်သို့ ပြောင်းပစ်နိုင်ပေသည်။ ယင်းသို့ ကုန်လုပ်စွမ်းအားစုများကို ၎င်းတို့၏ သဘာဝနှင့်အညီ အသုံးချခြင်းဖြင့် စည်းကမ်းကလနားမဲ့သော ကုန်လုပ်ရေးစနစ်ကို စီမံကိန်းကျသော ကုန်လုပ်ရေးစနစ်ဖြင့် အစားထိုးလာနိုင်စေပေသည်"*

သို့ဖြစ်ရာ၊ ၎င်းတို့၏ စီးပွားရေး အကျိုးအခွင့်များအရ ပြည်သူများသည် ၎င်းတို့ ရည်ရွယ်ချက် အောင်မြင်ရေးအတွက် စီးပွားရေးဥပဒေသများကို အသုံးချနိုင်

ပေးသည်။ လူမှုပြောင်းလဲမှု ခေတ်ကြီးတိုင်းမှာပင် တိုးတက်သော လူတန်းစားသည် လူမှုစီးပွားရေးကို တော်လှန်ပြောင်းလဲပစ်ရန်အတွက် အဆင့်မြင့်ရန်အတွက်၊ စီးပွားရေး ဥပဒေသများကို အသုံးချခဲ့ကြ၏။ ဆိုရှယ်လစ်ဝါဒတိုက်ပွဲခေတ်တွင်လည်း အလုပ်သမား လူတန်းစားသည် ၎င်းတို့ လူမှုအသင်းအဖွဲ့၏ ဥပဒေသများကို နားလည်ကာ၊ လူ့အဖွဲ့ ကြီးတစ်ခုလုံး၏ အကျိုးစီးပွားအတွက်၊ စီးပွားရေး ဥပဒေသများကို အသုံးချနိုင်ပေသည်။

## အခန်း ၇
## လူမှုအပေါ်ယံ အဆောက်အအုံ

ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များသည် လူမှုဖြစ်ပေါ်တိုးတက်မှုတွင် အရေးပါအရာရောက်သော အခန်းမှ ပါဝင်သည်။ ၎င်းတို့ကို အသုံးပြုခြင်းဖြင့် လူမှုစီးပွားရေးအခြေခံသည် တိုးတက်နိုင်မှာသည်။ သို့ရာတွင် ရှုမြင်ချက်များနှင့် စီစဉ်မှုစနစ်များ၊ သည် အခြေခံနှင့် ကင်းလွတ်၍ ဖြစ်ပေါ်တိုးတက်ခြင်း မဟုတ်။ တည်ဆဲကုန်လုပ် ဆက်ဆံရေးအခြေခံပေါ်မှ ပေါ်ထွက်လာသော အပေါ်ယံ အဆောက်အအုံတစ်ခုအနေဖြင့် ဖြစ်ပေါ်တိုးတက်လာခြင်း ဖြစ်သည်။

ထို့ကြောင့် လူ့အဖွဲ့အစည်း၌ အခြေခံတခုနှင့် အပေါ်ယံအဆောက်အအုံတစ်ခုဟူ၍ ရှိစမြဲဖြစ်သည်။ စီးပွားရေးအဆောက်အအုံသည် အခြေခံဖြစ်၍၊ ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များသည် အပေါ်ယံ အဆောက်အအုံ ဖြစ်သည်။ အခြေခံအဆောက်အအုံ၏ ဖြစ်ပေါ်တိုးတက်မှုကို လူ၏ စိတ်ဆန္ဒများနှင့်ကင်းသော ဒိဋ္ဌကျသော ဥပဒေသများက အဆုံးအဖြတ်ပြုသည်။ လူ၏ သိစိတ်ရှိသော လုပ်ဆောင်မှုဖြင့် ဖန်တီးသော အပေါ်ယံ အဆောက်အအုံမှာ အခြေခံအဆောက်အအုံက ထုတ်လုပ်ပေးလိုက်သော ပစ္စည်းဖြစ်လေသည်။ အခြေခံပြောင်းလျှင် အပေါ်ယံလည်းပြောင်းသည်။ အခြေခံအဆောက်အအုံတိုင်း၌ ၎င်းနှင့်ကိုက်ညီသော အပေါ်ယံအဆောက်အအုံ ရှိသည်။

သို့ရာတွင် မာ့က်စ်ဝါဒကမူ အပေါ်ယံ အဆောက်အအုံသည် အခြေခံအဆောက်အအုံမှ တိုက်ရိုက်ဆွဲယူခြင်း မဟုတ်။ မာ့က်စ်ဝါဒက တစ်စုံတခုသော လူမှုအဆောက်အအုံ ဖြစ်ပေါ်တိုးတက်မှုကို အသေးစိတ် လေ့လာ

သည်။ ယင်းသို့ လေ့လာရာ၌ အပေါ်ယံအဆောက်အအုံနှင့် အခြေခံအဆောက်အအုံတို့၏ အညမည တုံ့ပြန်လှုပ်ရှားမှုနှင့် သမိုင်းက ပြဋ္ဌာန်းပေးလိုက်သော အပေါ်ယံအဆောက် အအုံ၏ ပုံသဏ္ဌာန်တို့ကိုပါ အသေးစိတ်လေ့လာလေသည်။

လူ့အဖွဲ့အစည်း၏ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များ

အိန်ဂျယ်လ်စ်က ရေးခဲ့ဘူး၏။

"*လူ့အဖွဲ့အစည်း၏ စီးပွားရေးဖြစ်ပေါ်တိုးတက်ခြင်း၊ ကုန်လုပ်ရေးစနစ်နှင့် ကုန်ဖလှယ်မှုပြောင်းလဲခြင်း၊ လူ့အဖွဲ့အစည်း၌ လူတန်းစားများကွဲပြားခြင်း၊ ထို လူတန်းစားများ၏ ပဋိပက္ခဖြစ်ခြင်း စသည်တို့အထဲတွင် အရေးကြီးသော သမိုင်း အဖြစ်အပျက်များ၏ မောင်းနှင်ရေးစွမ်းအားစုနှင့် အဆုံးစွန်သော အကြောင်းတရားများကို ရှာဖွေခြင်းသည် သမိုင်းဆိုင်ရာရုပ်ဝါဒ၏ အလုပ်ဖြစ်ပေသည်*"

လူမှုပြောင်းလဲမှုများ၏ အခြေခံဥပဒေများမှာလည်း ကုန်လုပ်ရေးစနစ် ပြောင်းလဲမှုများကို စိုးမိုးနေသည့် ဥပဒေသပင်ဖြစ်သည်။ ယင်းဥပဒေသအရဆိုလျှင် ကုန်လုပ်ဆက်ဆံရေးများသည် ကုန်လုပ်စွမ်းအားစုများ၏ အသွင်လက္ခဏာနှင့် ကိုက်ညီအံကျရမည်ဖြစ်သည်။ ဤဥပဒေသ၏ လှုပ်ရှားပြောင်းလဲမှုကြောင့်၊ တိုးတက်ဖွံ့ဖြိုးနေသော ကုန်လုပ်စွမ်းအားများသည် တည်ဆဲကုန်လုပ်ဆက်ဆံရေးများနှင့် လာ၍ ပဋိပက္ခဖြစ်ကြသည်။ ထို့ကြောင့် လူမှုတော်လှန်ရေး ဖြစ်ပေါ်လာကာ၊ ကုန်လုပ်ဆက်ဆံရေးစနစ်ဟောင်း ကျဆုံး၍ ကုန်လုပ်ဆက်ဆံရေး စနစ်သစ် ဖြစ်ပေါ်လာ၏။ လူတန်းစားဟောင်း ကျဆုံး၍ လူတန်းစားသစ်က အာဏာကို သိမ်းပိုက်ထူထောင်လိုက်သည်။ ဤကား စီးပွားရေးဥပဒေသများ မောင်းနှင်လှုပ်ရှားမှု၏ အစီအစဉ် ဖြစ်ပေသည်။ သို့ရာတွင် ဤပြောင်းလဲမှု အစီအစဉ်များနှင့် နောက်တွင် ထက်ချပ်ပါလာသော အရာများ ရှိသေး၏။ ယင်းကို မာ့က်စ်က ဤသို့ပြောခဲ့ပေသည်။

"*ယင်းသို့သော စီးပွားရေးစနစ် အသွင်ပြောင်းမှုများကို လေ့လာရာ၌ ကုန်လုပ်ရေး စီးပွားရေးအခြေအနေများ၏ ရုပ်အသွင်ပြောင်းမှုများနှင့် တရားဥပဒေ၊ နိုင်ငံရေး၊ ဘာသာရေး၊ အနုပညာ၊ အဘိဓမ္မာစသည့် အယူအဆရေးရာ အသွင်ပြောင်းမှုများကို ခွဲခြားသိမြင်ရန် လိုပေသည်။ လူသည် စီးပွားရေးပဋိပက္ခများကို သိမြင်နားလည်ကာ အယူအဆသစ်များဖြင့် ထိုပဋိပက္ခများကို ငြိမ်းသတ်ခဲ့ပေသည်*"။

ခေတ်လယ်ကာလက များစွာသော လူများသည် အသစ်ပေါ်ထွန်းခဲ့သော

ပရိုတက်စတင့်ဘာသာရေးအတွက် အသက်ပေါင်းများစွာကို စွန့်လွှတ်ခဲ့ကြသည်။ ပြင်းထန်သော ဘာသာရေးပဋိပက္ခများနှင့် ဘာသာရေးစစ်ပွဲများ ဖြစ်ပေါ်လာခဲ့သည်။ထိုဘာသာရေးစစ်ပွဲများကြောင့် နိုင်ငံသစ်များပေါ်ပေါက်လာကာ၊ အရင်းရှင်စနစ်သည်လည်း နိုင်မာလာခဲ့လေသည်။ ကုန်လုပ်ဆက်ဆံရေးသစ်များနှင့် လူတန်းစားသစ်များ ပေါ်ပေါက်လာသည့်အတွက် တွေးခေါ်မှုသစ်များကို ပြုလုပ်ရန်လည်း စိတ်အားထက်သန်လာကြသည်။ စီးပွားရေးပဋိပက္ခတွင် အခြေခံ၍ တွေးခေါ်မှုဟောင်းသည် ပဋိပက္ခဖြစ်လာကြသည်ဆိုသည့် အချက်ကိုလည်း လူများသိမြင်လာခဲ့ကြသည်။

ဗြိတိန်ပြည်တွင် ပြည်တွင်းစစ်ကာလက တက်သစ်စနေရှင်သည် ဘုရင်အာဏာကို ဆန့်ကျင်ကာ ပါလီမန်၏ အချုပ်အချာအာဏာအတွက် တိုက်ခဲ့သည်။ ရည်ရွယ်ချက်ကား ဘုရင့်စနစ်များကို ဆန့်ကျင်၍ ပါလီမန်စနစ်များနှင့် ပါလီမန်အစိုးရ ထူထောင်ရန် ဖြစ်လေသည်။ ထို့ကြောင့် ဗြိတိန် ပြည်တွင်းစစ်သည် ဘုရင့်အာဏာနှင့် ပါလီမန်တို့၏ တိုက်ပွဲဖြစ်သည်။ ပြူရီတန်များနှင့် သာသနာ့ဂိုဏ်းများ၏ တိုက်ပွဲဖြစ်သည်။ သို့ရာတွင် ယင်းပြည်တွင်းစစ်၌ တကယ့်အနှစ်သာရမှာ နေရှင်က ၎င်း၏ အာဏာအတွက် တိုက်ခိုက်ခြင်းပင် ဖြစ်ပေသည်။ သို့ဖြင့် နေရှင်သည် အောင်နိုင်ကာ၊ ပါလီမန်ကို လွှမ်းမိုးနိုင်ခဲ့သည်။ ပါလီမန်သည် နေရှင်က ဘုရင့်အာဏာကို တိုက်သော တိုက်ပွဲတွင် နေရှင်ဖွဲ့စည်းမှုစနစ်ဖြစ် ပေသည်။

ယေဘုယျအားဖြင့် ဆိုရလျှင် တွေးခေါ်မှုများနှင့် ဖွဲ့စည်းမှုစနစ်များ ပြောင်းရေးအတွက် တိုက်သော တိုက်ပွဲများ ပေါ်လာရခြင်းမှာ ပြည်သူများက ၎င်းတို့၏ စီးပွားရေးပဋိပက္ခများကို သိမြင်လာသောကြောင့် ဖြစ်ပေသည်။ လူတစ်စုက ကုန်လုပ်ဆက်ဆံရေးဟောင်းကို ဖျက်သိမ်းရန် ကြိုးစား၍၊ လူတစ်စုက ထိန်းသိမ်းရန် ကြိုးပမ်းသဖြင့် ပဋိပက္ခဖြစ်ရာမှ ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် ကုန်လုပ်ဆက်ဆံရေးအဟောင်းနှင့် အသစ်၊ လူတန်းစား အဟောင်းနှင့် အသစ်သို့ ပဋိပက္ခဖြစ်လာသည်နှင့် တွေးခေါ်မှုအသစ်များလည်း ပေါ်လာကာ တွေးခေါ်မှုဟောင်းများနှင့် ပဋိပက္ခ ဖြစ်လာတော့သည်။ ယင်းသို့ တွေးခေါ်မှုများ၊ စနစ်များ ပဋိပက္ခဖြစ်လာသည့်အတွက်လည်း စီးပွားရေးဖြစ်ပေါ်တိုးတက်မှုသည် တဖန် ဖြစ်ပေါ်လာရပေသည်။

ထို့ကြောင့် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုကို လေ့လာရာတွင်၊ ကုန်လုပ်ရေးစနစ်၏ အခြေခံဖြစ်ပေါ်တိုးတက်မှုနှင့် စီးပွားရေးပဋိပက္ခများကို လေ့လာရုံနှင့်လည်း မပြီးသေးချေ။ ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များ ဖြစ်ပေါ်တိုးတက်မှုကိုလည်း လေ့လာရမည် ဖြစ်ပေသည်။ လူများက ၎င်းတို့၏ အယူအဆသစ်များဖြင့် စီးပွားရေးပဋိပက္ခများအား

ငြိမ်းသတ်ပုံကိုလည်း လေ့လာရမည် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် လူ့ဘဝ တိုးတက်ရေးနှင့်မှ လူမှုဘဝ ထွက်ပေါ်လာသော ပဋိပက္ခများကို ငြိမ်းသတ်ရာ၌ လူများသည် လူမှုတွေးခေါ်မှုများ ရှုမြင်ချက်များ၊ ဖွဲ့စည်းမှုစနစ်များ၏ ဖြစ်ပေါ်တိုးတက်မှု ဖြင့်သာ ငြိမ်းသတ်နိုင်သောကြောင့် ဖြစ်ပေသည်။

သို့ဖြစ်ရာ၊ လူ့အဖွဲ့အစည်း၌ ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များကို လေ့လာသည့်အခါ၊ အောက်ပါအဓိကအချက်ကြီးနှစ်ချက်ကို ခံယူ၍ လေ့လာရမည်ဖြစ်ပေသည်။

၁။ လူမှုတိုးတက်ဖြစ်ပေါ်မှု၌ ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များသည် အရေးကြီးသော အခန်းမှ ပါဝင်ကြသည်။ ရုတ်တရက်အားဖြင့်ကြည့်လျှင် ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များသည် အဆုံးစွန်ဖြစ်သော တရားများဖြစ်သည်ဟု ထင်စရာရှိသည်။ ရှုမြင်ချက်များသည် သစ္စာတရားနှင့် ပတ်သတ်၍ လူများအား ပဲ့ပြင်သောအရာများ ဖြစ်သည်ဟု ထင်စရာရှိသည်။ ဖွဲ့စည်းမှုစနစ်များသည်လည်း လူများအား ဟိရိဩတ္တပ တရားနှင့် ပြည့်စုံစေသောဘဝသို့ ပို့ဆောင်ပေးသည့်အရာများဟု ထင်စရာရှိသည်။ အမှန်အားဖြင့် ၎င်းတို့သည် အဆုံးစွန်သော တရားများမဟုတ်ဘဲ နည်းလမ်းများသာဖြစ်ပေသည်။ ၎င်းနည်းလမ်းများဖြင့် တစ်စုံတစ်ခုသော လူမှုစီးပွားရေး ဖွဲ့စည်းပုံ တစ်ခုသည် ပေါ်ပေါက်တည်ရှိလာပေသည်၊ ၎င်းနည်းလမ်းများဖြင့် လူမှုစီးပွားရေး ဖွဲ့စည်းပုံစနစ်သည် ကျဆုံးကာ၊ အခြားတစ်ခုသည် အသစ်ပေါ်လာရပေသည်။ ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှု စနစ်များသည် လူတန်းစားတိုက်ပွဲများ၏ ဖြစ်ပေါ်တိုးတက်မှုနှင့်အညီ ပေါ်ပေါက်လာကာ၊ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု၌ အရေးပါသော အခန်းမှ ပါဝင်လာကြပေသည်။

၂။ ထို့ကြောင့်ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များသည် လူ့အဖွဲ့အစည်း၏ စီးပွားရေးဘဝနှင့် ကင်းလွတ်ဖြစ်ပေါ်သည် မဟုတ်ပေ။ ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များကို 'ပုဂ္ဂိုလ်ကျော်'များက ဖန်တီးသည့်လည်း မဟုတ်ပေ။ သို့ရာတွင် ထင်ရှားသော ပုဂ္ဂိုလ်ကြီးများ၏အရည်အချင်းများကမူ ၎င်းတို့အပေါ်တွင် ဩဇာလွှမ်းမိုးနိုင်၏။ ဥပမာ အားဖြင့် ပါလီမန်စနစ်သည် တစုံတယောက်၏ တီထွင်ချက်ကြောင့် ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ၊ ကုန်လုပ်ဆက်ဆံရေး ရုပ်အခြေအနေများကို မှီ၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့ရာတွင် ထင်ရှားသော နိုင်ငံရေးသမားကြီးများသည် ပါလီမန်စနစ်တွင် အထိုက် အလျောက် လွှမ်းမိုးနိုင်ပေသည်။ တဖန် ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှု စနစ်များသည် 'အမျိုးသားလက္ခဏာ'ကို ဖော်ပြသောအရာများလည်း မဟုတ်ပေ။ သို့ရာတွင် အမျိုးသားလက္ခဏာသည် ၎င်းတို့ကို အထိုက်အလျောက် ပြုပြင်နိုင်သည်။ ဥပမာ ဗြိတိသျှ လူမျိုးတို့၏ အမျိုးသားလက္ခဏာသည် ပါလီမန်စနစ်ကို ပြုပြင်နိုင်သည်ကား မှန်သော်

လည်း ပါလီမန်စနစ်သည် ဗြိတိသျှလူမျိုးတို့၏ အမျိုးသားလက္ခဏာသည် မဟုတ်ပေ။ ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များသည် လူများ၏ စိတ်ထဲ၌ ဖြစ်ပေါ်နေသော စိတ်ခံတ် ဆိုင်ရာဖြစ်စဉ်များက ထုတ်လုပ်လိုက်သောပစ္စည်း မဟုတ်ပေ။ အချုပ်အားဖြင့် ဆိုရလျှင် ရှုမြင်ချက်များ၊ စနစ်များ၊ ဥပဒေသများ၊ အစိုးရပုံသဏ္ဍာန်များ၏ အခြေခံသည် လူ့အဖွဲ့အစည်း၏ ရုပ်ဘဝအခြေအနေများ၊ စီးပွားရေး ဆက်ဆံရေးများ၊ လူတန်းစား အကျိုးစီးပွားများနှင့် လူတန်းစားတိုက်ပွဲများသာ ဖြစ်ပေသည်။

သို့ဖြစ်ရာ၊ ရှုမြင်ချက်များနှင့် စနစ်များကို ကုန်လုပ်ရေးစနစ်၏ ဖြစ်ပေါ်တိုး တက်မှုက ဆုံးဖြတ်ပေသည်။ တဖန် ထိုရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များသည် လူ့အဖွဲ့အစည်း၏ စီးပွားရေးအခြေခံကို ခိုင်ခန့်အောင် လုပ်ရာ၌ အရေးပါသော အခန်းမှ ပါဝင်ကြပေသည်။ စီးပွားရေးအခြေအနေဟောင်းများကို ဖျက်သိမ်း၍ စီးပွားရေး အခြေအနေသစ်များကို ဖန်တီးသော တိုက်ပွဲ၌ အရေးပါအရာရောက်သော အခန်းမှ ပါဝင်ပေသည်။

## လူမှုဘဝနှင့်လူမှုအသိ

ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ လူသည် ကုန်လုပ်ဆက်ဆံရေး နယ်ပယ်သို့ ဝင်ရောက်လာရသည်။ အလားတူပင် လူ့အဖွဲ့အစည်း၏ အမျိုးမျိုးသော စီးပွားရေး ဖွဲ့စည်းပုံများသည်လည်း လူ၏ စိတ်နှင့်ကင်းလွတ်သော ဒိဋ္ဌကျသော စီးပွားရေးဥပဒေသများအရ ဖြစ်ပေါ်သည်။ အလားတူပင် စီးပွားရေးစနစ်အတွင်း လုပ်ဆောင်ချက် ဖလှယ်မှုများသည်လည်း ယင်းသို့ဖြင့် သမိုင်းနှင့်ပတ်သတ်သော စိတ်ဝါဒသည် တကယ် ဖြစ်ပျက်နေသောအရာများကို ပြောင်းပြန်လှန်၍ မြင်ပေသည်။ လူ့အဖွဲ့အစည်း၏ ရုပ်ဝါဒအခြေခံပေါ်တွင် ရှုမြင်ချက်များသည်နှင့် ဖွဲ့စည်းမှုစနစ်များ ပေါ်တွင် အခြေခံ၍ ရုပ်ဘဝ တိုးတက်ဖြစ်ပေါ်ရသည်ဟု စိတ်ဝါဒက မြင်ပေသည်။

လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုတွင် အဓိက စေ့ဆော်ယူဆနေသမျှ လူမှုဖြစ်ပေါ်တိုးတက်မှုကို သိပ္ပံနည်းကျစွာ ကြည့်သောအရာသည် ယင်းသို့သော 'အယူအဆပုံ သဏ္ဍာန်များ'ဟု မြင်နိုင်မည် မဟုတ်တော့ပေ။ လူမှုဘဝတွင် ဖြစ်ပေါ် နေသည့် တွေးခေါ်မှုများနှင့် ရည်ရွယ်ချက်များသည် လွတ်လပ်စွာ တည်ရှိနေသည် ဟု ယူဆနေသမျှ၊ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုကို စိုးမိုးချယ်လှယ်နေသည့် ဒိဋ္ဌကျသော ဥပဒေသများကို ရှာဖွေတွေ့ရှိနိုင်တော့မည် မဟုတ်ပေ။ ဤသည်ကို အင်္ဂလိပ်သမိုင်းဆိုင်ရာတစ်ဦးဖြစ်သော ဖစ်ရှား ဆိုသူက 'ဥရောပတိုက်သမိုင်း'အမည်ရှိ

စာအုပ်နိဒါန်းတွင် ဖော်ပြရာ၌ 'သမိုင်းပညာရှင်အတွက် သေချာပေါက် နည်းလမ်းတစ်ခု သာ ရှိသည်။ ယင်းမှာ လူ၏ကံကြမ္မာ ဖြစ်ပေါ်တိုးတက်မှု၌ ကြိုတင် မြင်နိုင်စွမ်း မရှိသော အရာများကို အသိအမှတ်ပြုခြင်းပင်'ဟူ၍ ဖြစ်သည်။ တစ်နည်းဆိုရလျှင် ဖစ်ရှားသည် လူမှုအသွင်သဏ္ဌာန်ကို သိပ္ပံနည်းကျစွာ ကြည့်မြင်ခြင်း မပြုဘဲ လူ့အဖွဲ့ အစည်းဆိုင်ရာ သိပ္ပံပညာကို ငြင်းပယ်လိုက်ခြင်းပင် ဖြစ်၏။ အမှန်အားဖြင့် စီးပွားရေး ဖြစ်ပေါ်တိုးတက်မှု၊ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုသည် ဒိဋ္ဌကျသော ဥပဒေသများ အရ ဖြစ်ပေါ်ခြင်းသာဖြစ်သည်။ ယင်းအချက်ကို တွေ့ရှိခြင်းဖြင့်လည်း၊ အပေါ်ယံ အဆောက်အအုံ၏ ဖုံးကွယ်နေသော ဖြစ်ပေါ်တိုးတက်မှု ဥပဒေသများကို တွေ့ရှိလိမ့်မည် ဖြစ်ပေသည်။ ဤသည်ကို လီနင်က အောက်ပါအတိုင်း ပြောခဲ့၏။

> *"လူ့အဖွဲ့အစည်း၏ စီးပွားရေးဖွဲ့စည်းမှုကို စုပေါင်းကုန်လုပ်ဆက်ဆံရေး ဟု သိမြင်ခြင်း၊ ယင်းစီးပွားရေးဖွဲ့စည်းမှု အစီအစဉ်သည်လည်း သဘာဝ သမိုင်း၏ ဖြစ်စဉ်ဟု သိမြင်ခြင်း စသည်တို့ဖြင့် လူမှုရေးရာပညာများကို သိပ္ပံပညာပေါ်တွင် ပထမဆုံး အခြေခံချခဲ့သူမှာ မာ့က်စ်ပင် ဖြစ်ပေသည်"*

လူမှုရေးရာသည် ကုန်လုပ်ဆက်ဆံရေးများပေါ်မှ ပေါ်ထွက်လာသည်ဟု ဆိုလျှင် လူသည် ကုန်လုပ်ဆက်ဆံရေးများအရ လှုပ်ရှားနေရသော စက်ရုပ်တစ်ရုပ်သာ ဖြစ်နေတော့သည်ဟု ဆိုဖွယ်ရှိ၏။ သို့ရာတွင် ဤသို့မဟုတ်ပေ။ လူ၌ တွေးခေါ်မှုများရှိ၍ လူသည် အမြဲတမ်းသိစိတ်ဖြင့် အလုပ်လုပ်ခြင်းဖြစ်ပေသည်။ ကုန်လုပ်ဆက်ဆံရေးများက လူ၏ စိတ်ဆန္ဒမှ ကင်းလွတ်၍ ဖြစ်ပေါ်ချိန်တွင် လူ့အဖွဲ့အစည်း၏ ရှုမြင်ချက်များနှင့် စနစ်များသည် လူ၏ စိတ်ဆန္ဒမှ ကင်းလွတ်၍ ဖြစ်ပေါ်နေသည် မဟုတ်ပေ။ အမှန် အားဖြင့် ရှုမြင်ချက်များနှင့် စနစ်များသည် လူ၏ အတွေးအခေါ်နှင့် စိတ်ဆန္ဒ၏ ထုတ်ကုန်ပစ္စည်းများသာ ဖြစ်ပေသည်။ တစ်နည်းဆိုရလျှင် လူ့သိစိတ်၏ ထုတ်ကုန် ပစ္စည်းသာဖြစ်ပေသည်။ ထို့ကြောင့် တွေးခေါ်မှုများနှင့် စနစ်များကို လေ့လာသောအခါ တွင် ကျွန်ုပ်တို့သည် လူ၏ စိတ်ဆန္ဒမှ ကင်းလွတ်သော ဥပဒေသများကို လေ့လာခြင်း မဟုတ်ဘဲ၊ လူ၏စိတ်ဆန္ဒ လှုပ်ရှားမှုနယ်ပယ်ကို လေ့လာခြင်း ဖြစ်ပေသည်။

ကုန်လုပ်ဆက်ဆံရေးများ ဖြစ်ပေါ်တိုးတက်ပုံနှင့် စိတ်ဆန္ဒများ၊ တွေးခေါ်ချက် များ ဖြစ်ပေါ်တိုးတက်ပုံကို လီနင်က ခွဲခြားပြရာ၌ တွေးခေါ်မှုများ၊ ရှုမြင်ချက်များ စသည်တို့သည် '*လူ၏ သိစိတ်အရ ဖြစ်ပေါ်လာသော အယူအဆဆိုင်ရာ လူမှုဆက်ဆံ ရေးများ*'ဖြစ်၍၊ ကုန်လုပ်ဆက်ဆံရေးများကား '*လူ၏ စိတ်နှင့် ကင်းလွတ်ဖြစ်ပေါ်သော ရုပ်ဝတ္ထုဆိုင်ရာ လူမှုဆက်ဆံရေးများ ဖြစ်ပေသည်*'ဟု ဆိုခဲ့သည်။ တစ်နည်းဆိုရလျှင်

ကုန်လုပ်ဆက်ဆံရေးများသည် လူ့အသင်းအပင်း၏ အခြေခံဖြစ်၍ လူ၏ သိစိတ်နှင့် ကင်းလွတ်ဖြစ်ပေါ်သည်။ အခြားတဘက်၌ လူ၏ စိတ်တွင် ဖြစ်ပေါ်သော ရှုမြင်ချက်နှင့် ဖွဲ့စည်းမှုစနစ်တို့သည် လူ၏ သိစိတ်အရ ဖြစ်ပေါ်ကာ၊ ၎င်းတို့သည် လူမှုအသိတွင် အခြေခံဖြစ်သည်ဟု ဆိုလိုပေသည်။

ရှုမြင်ချက်များ၊ ဖွဲ့စည်းမှုစနစ်များသည် လူ၏ စိတ်ဆန္ဒနှင့်အသိမှ ပေါ်ပေါက်လာသည် မှန်သော်လည်း၊ လူ၏ စိတ်တွင် ယင်းသို့သော ရှုမြင်ချက်များ၊ ဖွဲ့စည်းမှုစနစ်များ ဖြစ်ပေါ်လာအောင် ဖန်တီးပေးလိုက်သည့် အခြေခံမှာ လူ့အဖွဲ့စည်း၏ စီးပွားရေးအဆောက်အအုံနှင့် ထိုအဆောက်အအုံမှ ပေါ်လာသော ပဋိပက္ခဖြစ်နေကြသော အကျိုးစီးပွားများ ဖြစ်ပေသည်။

*''လူသည် ၎င်း၏ ခံယူချက်များနှင့် တွေးခေါ်မှု အစရှိသည်များကို ထုတ်လုပ်သူ ဖြစ်သည်။ လူကို ယင်းသို့ထုတ်လုပ်နိုင်အောင် ဖန်တီးပေးလိုက်သည့် အရာများ ကား ကုန်လုပ်စွမ်းအားစုများ၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ၎င်းကုန်လုပ်စွမ်းအားစုနှင့် ကိုက်ညီသော ကုန်လုပ်ဆက်ဆံရေးများ ဖြစ်ပေသည်။ အသိသည် သိစိတ်ရှိ သော တည်ရှိမှုသာ ဖြစ်ပေသည်။ ၎င်းမှ လွဲ၍ အခြားဘာမျှ မဖြစ်နိုင်ပေ''*

လူ့အသိသည် အသိမျှသာဖြစ်၏။ ၎င်းသည် လူကို လိုက်၍ ကွဲပြားခြားနားနေပေသည်။ တစုံတယောက်သော သူ၏အသိသည် ထိုသူ၏အသိသာဖြစ်၏။ ထိုသူ၏ အသိကို ထိုသူရောက်ရှိနေသော လူ့အဖွဲ့အစည်း၏ ကုန်လုပ်စွမ်းအားစုအသွင်လက္ခဏာများ၊ ကုန်လုပ်ဆက်ဆံရေးများနှင့် စီးပွားရေးပဋိပက္ခများက ဆုံးဖြတ်ပေသည်။ ထို့ကြောင့် လူမှုဆက်ဆံရေးအတွင်း ပေါ်ပေါက်သောရှုမြင်ချက်များ၊ ဖွဲ့စည်းမှုစနစ်များသည် ယေဘုယျအားဖြင့် သူ ရောက်ရှိနေသော လူ့အဖွဲ့အစည်း၏ ရုပ်ကျသော စီးပွားရေးအခြေအနေများပေါ်တွင် မှီ၍ ဖြစ်ပေါ်နေရပေသည်။ *'ဘဝ၏ လူမှုရေး၊ နိုင်ငံရေးနှင့် စိတ်ဓာတ်ဆိုင်ရာ ဖြစ်စဉ်များ၏ ယေဘုယျ အသွင်လက္ခဏာကို အဆုံးအဖြတ်ပြုသောအရာမှာ ရုပ်ဘဝ အတွင်းရှိ ကုန်လုပ်ရေးစနစ်ပင် ဖြစ်ပေသည်ဟု'* မာ့က်စ်က ပြောခဲ့ပေသည်။ သို့ဖြစ် လူအချင်းချင်း ဆက်ဆံရေး၊ လူနှင့် ကုန်လုပ်ကိရိယာများ ဆက်ဆံရေး စသည်တို့သည် လူ၏ တွေးခေါ်ပုံနည်းလမ်းနှင့် လူမှုအဖွဲ့ကြီးတစ်ခုလုံးကို အဆုံးအဖြတ်ပြုလေသည်။

### သမိုင်းဆိုင်ရာရုပ်ဝါဒကိုပြဆိုသောမာ့က်စ်၏"အရင်းကျမ်း"

အရင်းကျမ်း၌ မာ့က်စ်သည် အရင်းရှင်စီးပွားရေးအဆောက်အအုံနှင့် ၎င်း၏

ဖြစ်ပေါ်တိုးတက်မှု ဥပဒေသများကို ခွဲခြမ်းစိတ်ဖြာ ပြခဲ့ရုံသာမက၊ ၎င်းဖြစ်ပေါ်မှုနှင့် ညီစွာ တွေးခေါ်မှုများ မည်သို့ဖြစ်ပေါ်လာပုံကိုလည်း ပြခဲ့သည်ဟု လီနင်က ညွှန်ပြခဲ့၏။ ၁၈၄၀ ခု နှစ်တွင် မာက်စ်သည် သမိုင်းဆိုင်ရာရုပ်ဝါဒ ခံယူချက်ကို ပြည့်စုံစေခဲ့ပြီးနောက် ယင်းကို လူ့အဖွဲ့အစည်းနှင့် ဟတ်ကြည့်ကာ တိုးချဲ့ခဲ့သည်။ နိုင်မာအောင် လုပ်ခဲ့သည်။ ဤသည်ကို လီနင်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*"မာ့က်စ်သည် လူ့အဖွဲ့အစည်း၏ စီးပွားရေးဖွဲ့စည်းမှု (ရောင်းကုန်ပစ္စည်း ထုတ်လုပ်ရေးစနစ်) ကို စစ်ဆေးကာ၊ ၎င်းဖွဲ့စည်းမှုနှင့် ဖြစ်ပေါ်တိုးတက်မှု တို့အား စိုးမိုးချုပ်ကိုင်နေသည့် ဥပဒေသများကို၊ ကျယ်ဝန်းသည့် အချက်အလက်များတွင် အခြေခံ၍၊ အသေးစိတ် ခွဲခြမ်းစိတ်ဖြာ ကြည့်ရှုခဲ့သည်။ ဤသို့ ခွဲခြမ်းစိတ်ဖြာကြည့်ရာတွင် မာ့က်စ်သည် လူ့အဖွဲ့အစည်းဝင်အချင်းချင်းကြားရှိ ကုန်လုပ်ဆက်ဆံရေးကိုသာ အထူးအာရုံစိုက် လေ့လာခဲ့သည်။ သို့ဖြင့် မာ့က်စ်သည် လူမှုစီးပွားရေး၏ ရောင်းကုန်ပစ္စည်း ဖွဲ့စည်းမှုသည် မည်သို့ ဖြစ်ပေါ်တိုးတက်သည်၊ အရင်းရှင်စီးပွားရေးသို့ မည်သို့အသွင်ပြောင်းလာမည် စသည်တို့ကို တွေ့မြင်ခဲ့ပေသည်။ ယင်းမှာ အရင်းကျမ်း၏ 'အရိုးခံအကြောင်း' ဖြစ်ပေသည်။ သို့ရာတွင် မာ့က်စ်သည် ဤမျှလောက် မရောင့်ရဲသေးပေ။ တည်ရှိသော လူ့အဖွဲ့အစည်း စီးပွားရေးဖွဲ့စည်းမှု အဆောက်အအုံနှင့် ဖြစ်ပေါ်တိုးတက်မှုကို ကုန်လုပ်ဆက်ဆံရေးများဖြင့် ဖော်ပြရင်း၊ မာ့က်စ်သည် ယင်းကုန်လုပ်ဆက်ဆံရေးများနှင့် ကိုက်ညီအံကျသော အပေါ်ယံအဆောက်အအုံကို လိုက်လံရှာဖွေပေသည်။ အရိုးခံကို အသွေးအသားဖြင့် မွမ်းမံပေသည်။ အရင်းကျမ်းသည် အရင်းရှင်လူမှုဖွဲ့စည်းပုံကြီးကို သက်ရှိသတ္တဝါတစ်ကောင်လို မြင်အောင်ပြပေ၏။ အရင်းရှင်လူမှုဖွဲ့စည်းပုံထဲ၌ နေ့စဉ်နှင့်အမျှ ဖြစ်ပျက်နေပုံ၊ ၎င်း၏ ကုန်လုပ်ဆက်ဆံရေးထဲတွင် လူတန်းစားပဋိပက္ခများ ရှိနေပုံ၊ အရင်းရှင်လူတန်းစား အုပ်စိုးမှုကို ထိန်းသိမ်းပေးသော မနေရှင်နိုင်ငံရေး အပေါ်ယံ အဆောက်အအုံကြီး တည်နေပုံ၊ လွတ်လပ်ခွင့်၊ တန်းတူညီမျှခွင့်တို့နှင့် စပ်လျဉ်း၍ မနေရှင်တို့ တွေးခေါ်ပုံ၊ မနေရှင်အိမ်ထောင်မှု ဆက်ဆံရေးများ တည်ရှိနေပုံ စသည်တို့ကို ဖော်ပြပေသည်။*

အရင်းကျမ်းသည် တစုံတခုသော လူ့အဖွဲ့အစည်း ဖွဲ့စည်းပုံကို သိပ္ပံနည်းကျစွာ လေ့လာပုံကို ပြပေသည်။ ကုန်လုပ်ဆက်ဆံရေးများ ဖြစ်ပေါ်တိုးတက်လာပုံကို

ပြပေသည်။ ယင်းကုန်လုပ်ဆက်ဆံရေးများပေါ်တွင် အပေါ်ယံ အဆောက်အအုံဖြစ်သော ရှုမြင်ချက်များနှင့် စနစ်များ မည်သို့ဖြစ်ပေါ်တိုးတက်လာပုံကိုလည်း ပြပေသည်။ ထို့ကြောင့် *'အရင်းကျမ်း ပေါ်ထွက်လာသည့်နောက်တွင်၊ သမိုင်းဆိုင်ရာ ရုပ်ဝါဒသည် အတ္တနောမတိ အတွေးအထင်တစ်ရပ်မျှ မဟုတ်တော့ဘဲ၊ သိပ္ပံနည်းကျ ထုတ်ဖော်ပြီးဖြစ်သော အယူအဆတရပ် ဖြစ်လာပေသည်'*ဟု လီနင်က ပြောခဲ့ပေသည်။

**အပေါ်ယံအဆောက်အအုံသည်**
**စီးပွားရေးအခြေခံကထုတ်လုပ်ပေးသောပစ္စည်းဖြစ်သည်**

ကုန်လုပ်ရေးစနစ် ဖြစ်ပေါ်တိုးတက်မှုကို စိုးမိုးချယ်လှယ်နေသည့် ယေဘုယျ ဥပဒေသများကို ထူထောင်ပြီးသည့်နောက်တွင်၊ သမိုင်းဆိုင်ရာ ရုပ်ဝါဒသည် လူ့အဖွဲ့အစည်း တွေးခေါ်မှုများနှင့် ဖွဲ့စည်းမှုစနစ်များ၏ တည်ရှိမှု၊ ပြောင်းလဲမှု၊ ဖြစ်ပေါ်တိုးတက်မှုတို့ကို စိုးမိုးချယ်လှယ်နေသည့် ဥပဒေသများကိုလည်း ပြဆိုခဲ့သည်။

လူ့အဖွဲ့အစည်းတစ်ခုတွင် အခြေခံအဆောက်အအုံနှင့် အပေါ်ယံအဆောက်အအုံဟူ၍ အမြဲရှိရာ၊ ယင်းနှင့်ပတ်သတ်၍ စတာလင်က အောက်ပါအတိုင်း ပြောခဲ့ဖူးပေသည်။

> *'ဖြစ်ပေါ်တိုးတက်မှု၏အဆင့်တခု၌ လူ့အဖွဲ့အစည်း၏ စီးပွားရေးအဆောက်အအုံသည် အခြေခံ ဖြစ်ပေသည်။ ၎င်းနှင့်အညီ ဖြစ်ပေါ်လာကြသော နိုင်ငံရေး၊ အနုပညာ၊ ဘာသာရေး၊ အဘိဓမ္မာနှင့် တရားဥပဒေဆိုင်ရာ တွေးခေါ်မှုများ၊ နိုင်ငံရေးစနစ်၊ တရားဥပဒေစနစ်နှင့် တရားဥပဒေဆိုင်ရာတို့ကား၊ အပေါ်ယံအဆောက်အအုံသာ ဖြစ်ပေသည်'*

လူမှုစီးပွားရေး ဖွဲ့စည်းပုံ ဖြစ်ပေါ်တိုးတက်မှု၊ ကုန်လုပ်ဆက်ဆံရေးစနစ် ဖြစ်ပေါ်မှု စသည့်တစုံတခုသော အခြေခံပေါ်တွင် ရပ်တည်ပြီးနောက်မှ၊ ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များသည် ထိုအခြေခံတစ်ခုတည်းနှင့်သာ ကိုက်ညီစွာ ဖြစ်ပေါ်လာကြခြင်း ဖြစ်သည်။ ထိုအခြေခံ တည်ရှိနေသမျှ ထိုရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များသည် လူ့အဖွဲ့အစည်းကို စိုးမိုးနေသော ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များ ဖြစ်နေကြပေသည်။ ၎င်းတို့ကား အပေါ်ယံအဆောက်အအုံ ဖြစ်လေသည်။

အပေါ်ယံအဆောက်အအုံသည် အခြေခံအဆောက်အအုံနှင့် ကိုက်ညီအံကျရ၏။ အခြေခံအဆောက်အအုံ၏ ထုတ်ကုန်ပစ္စည်း ဖြစ်၏။ အခြေခံအဆောက်အအုံ ခိုင်မာရေးနှင့် ဖြစ်ပေါ်တိုးတက်ရေးအတွက် အကျိုးပြု၏။ အပေါ်ယံ အဆောက်အအုံထဲ

တွင် ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များ ပါဝင်ကြ၍၊ ၎င်းတို့သည် အခြေခံအဆောက်အအုံ တည်ရှိနေသမျှ လူ့အဖွဲ့အစည်းကို စိုးမိုးနေသော ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များ ဖြစ်နေကြပေသည်။ တဖန် ၎င်းတို့သည် ၎င်းတို့ရပ်တည်နေသော အခြေခံအဆောက်အအုံကို ပြန်လည် ကျေးဇူးပြုကြပေသည်။ တစ်နည်းဆိုရလျှင်၊ တစ်စုံတခုသော အခြေခံပေါ်တွင် တွေးခေါ်မှုများ၊ လူမှုအသင်းအဖွဲ့များ၊ ဖွဲ့စည်းမှုစနစ်များသည် တည်ရှိနေကြကာ ၎င်းတို့သည် အခြေခံကို တည်တန့်အောင်၊ ခိုင်မာအောင် ဖွံ့ဖြိုးအောင် ပြန်၍ ကျေးဇူးပြုနေကြပေသည်။ တပြိုင်နက်တည်းမှာပင် အသစ်ဖြစ်ပေါ်နေသော လူမှုစီးပွားရေး အခြေခံပေါ်တွင် အခြားသော တွေးခေါ်မှုများနှင့် လူမှုအသင်းအပင်းများသည် ပေါ်ပေါက်နေကြပေသည်။ ၎င်းတို့ကား တည်ဆဲစီးပွားရေး အဆောက်အအုံကို ရန်ပြုနေကြသော လူတန်းစားများ၏ တော်လှန်သော အသင်းအဖွဲ့များနှင့် တွေးခေါ်မှုများပင် ဖြစ်သည်။ ဤတော်လှန်သော တွေးခေါ်မှုများနှင့် အသင်းအဖွဲ့များကား၊ တည်ဆဲအခြေခံကို တည်တန့်အောင်၊ ခိုင်မြဲအောင်၊ ဖွံ့ဖြိုးအောင် မလုပ်ကြဘဲ၊ ၎င်းအခြေခံကို ပျက်အောင် ဖျက်နေကြသည်။ စီးပွားရေးအဆောက် အအုံသစ်တခုဖြင့် အစားထိုးရန် ပြုလုပ်နေကြပေသည်။ ၎င်းတို့သည် အခြေခံအဆောက်အအုံဟောင်း ပျက်စီးသွားသည်နှင့် အပေါ်ယံအဆောက်အအုံသစ်ကို တည်ထောင်ရေးအတွက် တာဆူနေကြပေသည်။

အရင်းရှင် လူ့အဖွဲ့အစည်းအတွင်း၊ အရင်းရှင်စနစ် တည်တံ့ရေးကို အကျိုးပြုသော တွေးခေါ်မှုများ၊ ဖွဲ့စည်းမှုစနစ်များနှင့် အစိုးရဟူ၍ ရှိပေသည်။ အမှန်အားဖြင့် အရင်းရှင်လူတန်းစားသည် အရင်းရှင်စနစ်ကို အကျိုးပြုသော တွေးခေါ်မှုနှင့် စနစ်များပါသည့် အပေါ်ယံအဆောက်အအုံကို တည်ဆောက်ခဲ့သည်။ အရင်းရှင်လူ့အဖွဲ့အစည်း၌ ယင်းအပေါ်ယံ အဆောက်အအုံသည် စွမ်းအားကြီး၍၊ တက်ကြွသော အင်အားစု ဖြစ်ပေသည်။ ထိုအချိန်တွင် အရင်းရှင်စနစ်ကို ဖျက်သိမ်း၍ ဆိုရှယ်လစ်စနစ်ကို တည်ထောင်မည့် ဆိုရှယ်လစ်တွေးခေါ်မှုများနှင့် အသင်းအဖွဲ့များ ပေါ်ပေါက်လာလေသည်။

အပေါ်ယံအဆောက်အအုံသည် လွန်မင်းစွာ ရှုပ်ထွေးသော လူမှုဖွဲ့စည်းပုံဖြစ်၏။ ခေတ်တိုင်း၌ အပေါ်ယံအဆောက်အအုံ၏ ဖြစ်ပေါ်တိုးတက်မှုတွင်၊ ၎င်း၏ ပုံသဏ္ဍာန်အား ဩဇာလွှမ်းမိုးနေသည့် အရာများစွာ၊ အကြောင်းအချက်များစွာကို တွေ့ရပေသည်။ ၎င်းတို့ကား အပေါ်ယံအဆောက်အအုံတွင် ပါဝင်သည့်အရာများ အချင်းချင်း၏ အပြန်အလှန် လှုပ်ရှားမှုတို့ ဖြစ်သည်။ သို့တိုင်အောင် အပေါ်ယံအဆောက်

အဒုံသည် စီးပွားရေးအခြေခံမှ ပေါ်ထွက်လာသည် ဆိုသည့်အချက်ကား လူမှုဖြစ်ပေါ် တိုးတက်မှု၏ ထာဝရဥပဒေသအဖြစ် တည်ရှိလျက်နေပေသည်။

*'ရုပ်ဝတ္ထုထုတ်လုပ်ရေး အသွင်လက္ခဏာပြောင်းသည်နှင့်အမျှ အသိဉာဏ် ပညာ ထုတ်လုပ်ရေး အသွင်လက္ခဏာလည်း ပြောင်းသည်ဆိုသည့်အချက်ကို တွေးခေါ် မှု၏ သမိုင်းက ပြသခဲ့ပေသည်'*ဟု မာ့က်စ်နှင့် အိန်ဂျဲလ်စ်တို့က ရေးခဲ့၏။ မှန်ပေသည်။ အပေါ်ယံအဆောက်အအုံသည် အခြေခံအဆောက်အအုံ၏ ထုတ်ကုန်ပစ္စည်းသာ ဖြစ်၏။ အခြေခံအဆောက်အအုံထဲတွင် လူ့အဖွဲ့အစည်း၏ စီးပွားရေးအဆောက်အအုံနှင့် စုပေါင်း ကုန်လုပ်ဆက်ဆံရေးများ ပါဝင်ပေသည်။ ကုန်လုပ်ဆက်ဆံရေးဆိုရာတွင်၊ ကုန်လုပ်စွမ်း အားစုများ မပါဝင်သည်ကို သတိပြုသင့်၏။

ကုန်လုပ်ရေး ပြောင်းလဲမှုများ အတတ်ပညာ ပြောင်းလဲမှုများသည် လူ့အဖွဲ့ အစည်း၏ အသိဉာဏ်ပညာဘဝနှင့် စနစ်များ၏ ပုံသဏ္ဌာန်ကို ဩဇာလွှမ်းမိုးလျက် ရှိပေသည်။ သိပ္ပံပညာတွေ့ရှိချက်များက လူမှုတွေးခေါ်မှုများတွင် ဩဇာလွှမ်းမိုးသည့် နည်း အပါအဝင်၊ နည်းမျိုးစုံဖြင့် အသိဉာဏ်ပညာကို ဩဇာလွှမ်းမိုးနေကြသည်။ ကုန်လုပ်ရေးအတတ်ပညာ ပြောင်းလဲမှု၊ သိပ္ပံပညာတွေ့ရှိမှုမျိုးက ရှုမြင်ချက်များ၊ စနစ်များပေါ်တွင် မည်သို့မည်ပုံ ဩဇာလွှမ်းမိုးသည်ဆိုသည့် နည်းလမ်းများမှာ၊ ကုန်လုပ် ဆက်ဆံရေးစနစ်ကို လိုက်၍ ကွဲပြားခြားနားပေသည်။

စတာလင်က ဤသို့ပြောခဲ့၏

> *"အပေါ်ယံ အဆောက်အအုံသည် ကုန်လုပ်ရေးနှင့် တိုက်ရိုက်ဆက် သွယ်နေသည် မဟုတ်ပေ။ လူ၏ ကုန်လုပ်ရေး လုပ်ဆောင်မှုနှင့် တိုက်ရိုက် ပတ်သတ်နေသည် မဟုတ်ပေ။ စီးပွားရေးစနစ်မှ တစ်ဆင့်၊ အခြေခံ အဆောက်အအုံမှတဆင့် ဝိုက်သွယ်၍ ဆက်သွယ်နေခြင်းသာ ဖြစ်ပေ သည်"*

အပေါ်ယံအဆောက်အအုံသည် ကုန်လုပ်ရေးနှင့် တိုက်ရိုက်ဆက်သွယ်သည် မဟုတ်ဟူသော စကား၏ အနက်အဓိပ္ပာယ်မှာ ဤသို့ဖြစ်၏။ ဥပမာ ဓါတ်အားဖြင့် မောင်းနှင်သော စက်မှုအတတ်ပညာ ဆိုပါစို့၊ ၎င်းသည် ကုန်လုပ်စွမ်းအားစု ဖြစ်၏။ ယင်းကုန်လုပ်စွမ်းအားစုဖြစ်သော စက်မှုအတတ်သည် အရင်းရှင်ခေတ်တွင်လည်း ရှိခဲ့၏။ ဆိုရှယ်လစ်ခေတ်တွင်လည်း ရှိနေဦးမည်ဖြစ်၏။ သို့ဖြစ်ရာ၊ အပေါ်ယံအဆောက်အအုံ သည် ကုန်လုပ်စွမ်းအားစု (ဥပမာ စက်မှုပညာ) ပေါ်တွင်သာ အမှီသဟဲပြုနေရသည် ဆိုလျှင်၊ အရင်းရှင် အပေါ်ယံအဆောက်အအုံနှင့် ဆိုရှယ်လစ် အပေါ်ယံအဆောက်အအုံ

သည့် ဘာမျှခြားနားခြင်း မရှိတော့ဘဲ အတူတူသာ ဖြစ်နေတော့မည်ဖြစ်၏။ ထို့ကြောင့် အပေါ်ယံအဆောက်အအုံသည် ကုန်လုပ်စွမ်းအားစုအပေါ်မှ တိုက်ရိုက်မဆက်သွယ်ဘဲ ကုန်လုပ်ဆက်ဆံရေးမှတစ်ဆင့် ဆက်သွယ်သည်ဟု ဆိုရခြင်းဖြစ်၏။ ထို့ကြောင့် *'အပေါ်ယံ အဆောက်အအုံသည် ကုန်လုပ်စွမ်းအားစုများနှင့် တိုက်ရိုက်ဆက်သွယ်နေသည် မဟုတ်ပေ။ အခြေခံဖြစ်သော ကုန်လုပ်ဆက်ဆံရေးမှတစ်ဆင့်သာ ဆက်သွယ်နေပေသည်'*ဟု စတာလင်က ပြောခဲ့ခြင်း ဖြစ်ပေသည်။

**အပေါ်ယံအဆောက်အအုံသည်အခြေခံအဆောက်အအုံနှင့်အတူပြောင်းသည်**

သို့ဖြစ်ရာ၊ အပေါ်ယံအဆောက်အအုံသည် စီးပွားရေးအခြေခံ၏ ထုတ်ကုန်ပစ္စည်းဖြစ်၏။ ထို့ကြောင့် ၎င်းသည် အခြေခံအဆောက်အအုံနှင့်အတူ လိုက်၍ ပြောင်းလဲပေသည်။ မည်သည့်လူ့အဖွဲ့အစည်း၌ပင်ဖြစ်စေ၊ ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှု စနစ်များသည် ထိုလူ့အဖွဲ့အစည်း၏ စီးပွားရေးအဆောက်အအုံနှင့် အမြဲတမ်း ကိုက်ညီအံကျသောပေသည်။ သို့ဖြင့် အပေါ်ယံအဆောက်အအုံသည် အခြေခံအဆောက်အအုံ၏ အရိပ်ဖြစ်၍ အခြေခံအဆောက်အအုံကို ထင်ဟပ်ပေသည်။ ဤသည်နှင့် ပတ်သက်၍ စတာလင်က အောက်ပါအတိုင်း ပြောခဲ့၏။

> *"အခြေခံအဆောက်အအုံတိုင်းတွင် ၎င်းနှင့်ကိုက်ညီသော အပေါ်ယံအဆောက်အအုံ ရှိပေသည်။ မြေရှင်ပဒေသရာဇ်စနစ်၏ အခြေခံအဆောက်အအုံတွင် ၎င်း၏ အပေါ်ယံအဆောက်အအုံ ရှိပေသည်။ ၎င်း၌ ၎င်းနှင့် ကိုက်ညီသော နိုင်ငံရေးနှင့် တရားဥပဒေစနစ်များ၊ ရှုမြင်ချက်များနှင့် စနစ်များ ရှိပေသည်။ အရင်းရှင် အခြေခံအဆောက်အအုံတွင်လည်း ၎င်းနှင့် ကိုက်ညီသော အပေါ်ယံ အဆောက်အအုံရှိ၏။ ဆိုရှယ်လစ် အခြေခံအဆောက်အအုံတွင်လည်း ထို့အတူပင် ဖြစ်ပေသည်။ အခြေခံအဆောက်အအုံပြောင်းလျှင်၊ ပျက်လျှင်၊ အပေါ်ယံ အဆောက်အအုံလည်း ပြောင်းရ၏။ ပျက်ရ၏။ အခြေခံအဆောက်အအုံသစ် ပေါ်လာလျှင်၊ ၎င်းနှင့်ကိုက်ညီသော အပေါ်ယံအဆောက်အအုံလည်း ပေါ်လာလေသည်"*

သို့ဖြစ်ရာ၊ အပေါ်ယံအဆောက်အအုံသည် အခြေခံအဆောက်အအုံကို ကျော်လွန်၍ မတည်နိုင်ပေ။ ခေတ်တစ်ခေတ်၏ ရှုမြင်ချက်များ စနစ်များသည် စီးပွားရေးစနစ်ကို ကျော်လွန်၍ တည်ရှိခြင်း မပြုနိုင်သဖြင့် ၎င်းတို့သည် အချုပ်တွင်

ယာယီတည်သော အရာများသာ ဖြစ်ပေသည်။ 'အပေါ်ယံအဆောက်အအုံသည် *စီးပွားရေး အခြေခံအဆောက်အအုံတစ်ရပ် တည်ရှိလှုပ်ရှားနေသော ခေတ်တခေတ်၏ ထုတ်ကုန်မျှသာဖြစ်၍ အခြေခံအဆောက်သည်တွင် ၎င်းအပေါ်ယံအဆောက်အအုံလည်း ပျောက်ကွယ်ရလေသည်'*ဟု စတာလင်က ဆက်၍ ပြောခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မြေရှင်ပဒေသရာဇ် ရှုမြင်ချက်များနှင့် စနစ်များကို အရင်းရှင် ရှုမြင်ချက်များ၊ စနစ်များနှင့် ခွဲခြားသိနိုင်ခြင်း ဖြစ်ပေသည်။ မြေရှင်ပဒေသရာဇ်ခေတ်တွင် မြေကျွန် တစ်ယောက်အဖို့ မြေရှင်၏ နယ်မြေမှ ထွက်သွားခြင်းသည် ရာဇဝတ်မှုဖြစ်၍ ထိုပြစ်မှုကို မြေရှင်တရားဥပဒေအရ အပြစ်ပေးခြင်းပြုသည်။ အရင်းရှင် ရှုမြင်ချက်များတွင်မူ ယင်းသည် တသီးပုဂ္ဂလိက လွတ်လပ်ခွင့်ကို ချုပ်ချယ်ထားခြင်းဟု မြင်ပေသည်။ အရင်းရှင် ရှုမြင်ချက်တွင် အရင်းရှင်သည် အလုပ်သမားများကို ငှားရမ်းစေခိုင်းခြင်းဖြင့် အမြတ်ထုတ် ယူပိုင်ခွင့်ရှိ၏။ ယင်းကို အရင်းရှင် တရားဥပဒေစနစ်ကလည်း ခွင့်ပြုပေသည်။ ဆိုရှယ်လစ် ရှုမြင်ချက်တွင်မူ ထိုသို့ မဟုတ်တော့ပေ။ ဆိုရှယ်လစ်ရှုမြင်ချက်သည် လူတစ်ယောက်က အခြားလူတစ်ယောက်၏ အလုပ်အား သွေးစုပ်ချယ်လှယ်ခြင်းကို ခွင့်မပြုပေ။ ယင်းသို့ဖြင့် ရှုမြင်ချက် တစ်ခုနှင့် တစ်ခု၊ စနစ်တစ်ခုနှင့်တစ်ခုသည် ကွာခြားနေကြပေသည်။

**အပေါ်ယံအဆောက်အအုံအတွင်းရှိပဋိပက္ခများ**

တွေးခေါ်မှုများ ရှုမြင်ချက်များ၏ စနစ်များသည် လူ့အဖွဲ့အစည်း၏ စီးပွားရေး အဆောက်အအုံတွင် အခြေခံသည်ဟု ဆိုခဲ့၏။ သို့ရာတွင် ထိုစီးပွားရေး အဆောက်အအုံ၌ အတွင်းပဋိပက္ခများ ရှိ၏။ သို့ဖြစ်၍ ၎င်းအပေါ်တွင် မှီခိုနေရသော အပေါ်ယံအဆောက် အအုံတွင်လည်း အတွင်းပဋိပက္ခများ ရှိလေသည်။ အခြေခံအဆောက်အအုံဟု ပေါ်ထွက် လာသော အပေါ်ယံအဆောက်အအုံသည် မပြိုကွဲသော၊ စည်းလုံးညီညွတ်သော၊ အရာ မဟုတ်ပေ။ ၎င်းတွင်ပဋိပက္ခများ ပြီးပြွမ်းလျက်ရှိပြီး၊ ထိုအပေါ်ယံအဆောက်အအုံ တွင် တိုက်ပွဲများ ဖြစ်ပေါ်လျက် ရှိတတ်ပေသည်။ စနစ်နှင့် တွေးခေါ်မှုများ စသည့် အပေါ်ယံအဆောက်အအုံတွင် ပေါ်ပေါက်နေသည့် ပဋိပက္ခများ၊ တိုက်ပွဲများသည် အချုပ်တွင် စီးပွားရေးဘဝ၊ အခြေခံအဆောက်အအုံတွင် ပေါ်ပေါက်နေသည့် ပဋိပက္ခများ၊ တိုက်ပွဲများ၏ အရောင်ရိုက်ခတ်မှုသာ ဖြစ်ပေသည်။

တစ်စုံတခုသော စီးပွားရေး အခြေခံပေါ်ရှိ၊ အပေါ်ယံအဆောက်အအုံတွင် ၎င်းနှင့် ကိုက်ညီအံကျစွာ ဖြစ်ပေါ်လာရသည့် တိုက်ပွဲများ၊ ငြင်းခုန်မှုများ၊ ပေါ်ပေါက်လာ တတ်ပေသည်။ ထိုပဋိပက္ခများ၊ ငြင်းခုန်မှုများမှတဖန်၊ အပေါ်ယံအဆောက်အအုံသည်

ဖြစ်ပေါ် တိုးတက်လာသည်။ နိုင်ငံရေးနှင့် အယူအဆရေးရာများ တိုးတက်ဖွံ့ဖြိုးလာသည်။ အခြေခံ အဆောက်အအုံသစ် ပေါ်လာသောအခါတွင်လည်း ငြင်းခုန်မှုသစ်များသည် ငြင်းခုန်မှုဟောင်းများနေရာတွင် ဝင်ရောက်လာသည်။ သို့ဖြင့် တွေးခေါ်မှုများ၊ စနစ်များနှင့် ပတ်သတ်၍ ခေတ်လည်ကာလက ပေါ်ပေါက်ခဲ့သော ငြင်းခုန်မှုများသည် ယနေ့အရင်းရှင် လူ့အဖွဲ့အစည်းတွင် ခေတ်မမီတော့ဘဲ ဖြစ်လာပေသည်။

အခြေခံအဆောက်အအုံသည် လူတန်းစားများ ကွဲပြားနေသော လူ့အဖွဲ့အစည်းဖြစ်လျှင် အပေါ်ယံအဆောက်အအုံတွင် ပေါ်သည့် ငြင်းခုန်မှုများသည် လူတန်းစားတိုက်ပွဲများကို ထင်ဟပ်ဖော်ပြပေသည်။ ထို့ကြောင့် အပေါ်ယံအဆောက်အအုံသည် ဆန့်ကျင်ဘက်ဖြစ်နေကြသော လူမှုရည်ရွယ်ချက်များကို ထင်ဟပ်ဖော်ပြသည့် ငြင်းခုန်မှုများ၊ တိုက်ပွဲများကို ဖြတ်သန်း၍ ထွက်ပေါ်လာပေသည်။ တွေးခေါ်မှုသစ်များနှင့် စနစ်သစ်များသည် ယင်းသို့သော တိုက်ပွဲများ၊ ငြင်းခုန်မှုများကို ဖြတ်သန်း၍ ဖြစ်ပေါ်တိုးတက်လာခြင်းဖြစ်၏။ တွေးမှုဟောင်း၊ စနစ်ဟောင်းများသည်လည်း ယင်းတိုက်ပွဲများကို ဖြတ်သန်း၍ ပျက်စီးသွားကြခြင်း ဖြစ်ပေသည်။

အပေါ်ယံအဆောက်အအုံဟောင်း ဖျက်သိမ်း၍၊ အပေါ်ယံအဆောက်အအုံသစ်ကို တည်ဆောက်သည်ဟု ဆိုရာ၌ အဟောင်းများကို လုံးဝ ဖျက်သိမ်း၍၊ အသစ်များကိုချည်း တည်ဆောက်ခြင်းမျိုး မဟုတ်ပေ။ ရှုမြင်ချက်ဟောင်း၊ ဖွဲ့စည်းမှုစနစ်ဟောင်းများ အတွင်းရှိ အဖျက်သဘောဖြစ်သော အရာများကိုသာ ဖျက်သိမ်းခြင်းဖြစ်၍ အပြုသဘောရှိသော အရာများကိုမူ ထိန်းသိမ်းကာ တိုးတက်ပျံ့ပွားစေပေသည်။

ဥပမာ ဥရောပတိုက်၌ ရောမတရားဥပဒေများထဲရှိ အပြုသဘောအရာများကို ထိန်းသိမ်းထားပြီးနောက် ထိုမှတဆင့် ခေရှင်တရားဥပဒေများကို စီရင်ပြဌာန်းခဲ့ခြင်း ဖြစ်ပေသည်။ ယင်းသို့ဖြစ်ရသည်မှာ တရားဥပဒေတွင် ဖော်ပြထားချက်များသည် ကျေးပိုင်ကျွန်ပိုင် လူ့အဖွဲ့အစည်းရှိ လူ့ဆက်ဆံရေးအတွက် တန်ဖိုးရှိရုံမျှမက၊ မည်သည့် ရောင်းကုန်ထုတ်လုပ်ရေး လူ့အဖွဲ့အစည်းအတွင်းရှိ လူ့ဆက်ဆံရေးအားလုံးအတွက် တန်ဖိုးရှိသော အရာများ ပါဝင်သောကြောင့် ဖြစ်ပေသည်။ အလားတူပင် ခေါမအနုပညာသည် ကျေးပိုင်ကျွန်ပိုင် လူ့အဖွဲ့အစည်းတွင်း၌ ပေါ်ထွက်လာခြင်း ဖြစ်ပေသည်။ သို့ရာတွင် ကျေးပိုင်ကျွန်ပိုင် လူ့အဖွဲ့အစည်း ပျက်စီးသွားသော်လည်း ခေါမအနုပညာသည် တိမ်ကောပျောက်ကွယ်ခြင်း မရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ခေါမအနုပညာသည် ကျေးပိုင်ကျွန်ပိုင် လူ့အဖွဲ့အစည်း၏ ဘဝအမြင်နှင့် လူမှုဆက်ဆံရေးကို ဖော်ပြခဲ့ရုံမျှမက၊ မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို တွေ့မြင်နိုင်သည့် ဘဝအမြင်နှင့် လူမှုဆက်ဆံ

ရေးများကို ဖော်ပြသောကြောင့် ဖြစ်ပေသည်။

**သမိုင်းဆိုင်ရာ ရုပ်ဝါဒနှင့် ၎င်းနှင့်ဆန့်ကျင်ဘက် "သရုပ်ပျက် မာ့က်စ်ဝါဒ"**

လူ့အဖွဲ့အစည်းတွင် စိုးမိုးနေသည့် ရှုမြင်ချက်များ၊ ဖွဲ့စည်းမှုစနစ်များသည် လူ့အဖွဲ့အစည်း၏ စီးပွားရေး အဆောက်အအုံနှင့် ကိုက်ညီအံကျစွာ ဖြစ်ပေါ်လာသည် ဆိုသော အချက်မှ အပေါ်ယံအဆောက်အအုံ၏ ဖြစ်ပေါ်တိုးတက်မှု ဥပဒေသဖြစ်သည်။ သို့ရာတွင် ယင်းဥပဒေသများကို စက်ယန္တယားဆန်ဆန် အဓိပ္ပါယ်ပြန်ဆို၍ မဖြစ်ပေ။ ရှုမြင်ချက်နှင့် ဖွဲ့စည်းမှုစနစ်တို့ ပါဝင်သည့် ရှုပ်ထွေးသော အပေါ်ယံအဆောက်အအုံ သည် အလိုအလျောက် ဖြစ်ပေါ်လာသော ထုတ်ကုန်ပစ္စည်း မဟုတ်ပေ။ ပြည်သူများ၏ တိုက်ပွဲများ၊ သိစိတ်ရှိသော လှုပ်ရှားမှုများ၏ ရလာဒ်သာ ဖြစ်ပေသည်။ သိစိတ်ရှိသော လှုပ်ရှားမှုများသည်လည်း ကုန်လုပ်ဆက်ဆံရေးကို အခြေခံ၍ ဖြစ်ပေါ်လာကြခြင်း ဖြစ်ပေသည်။ စီးပွားရေးဖွဲ့စည်းမှု ပုံသဏ္ဍာန် လူတန်းစားအဆောက်အအုံ၊ လူတန်းစား ဆက်ဆံရေးများတို့ကို အခြေခံ၍ ရှုမြင်ချက်များစနစ်များ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။

အခြားအရာများကဲ့သို့ပင် လူ့အဖွဲ့အစည်းကိုလေ့လာရာတွင်လည်း နိုင်မာတိ ကျစွာလေ့လာရမည်သာဖြစ်ပေ၏။ ၎င်း၏ ရှုပ်ထွေးသော ဖြစ်ပေါ်တိုးတက်မှုအတိုင်းလေ့ လာရမည်ဖြစ်၏။ 'လောကတွင် စိတ္တဇဆန်သောအမှန်တရားဟူ၍ မရှိ၊ အမှန်တရား သည် နိုင်မာတိကျပေသည်'ဟု အိန်ဂျယ်လ်စ်ကပြောခဲ့၏။ ထို့ကြောင့်မာ့က်စ်ဝါဒသည် အပေါ်ယံအဆောက်အအုံကို လေ့လာရာတွင် ဝိုးတဝါးရမ်းရော်မှန်းဆ၍ လေ့လာခြင်း မပြုပေ။ လူ့အဖွဲ့အစည်းတိုင်း ခေတ်တိုင်းတွင် မည်သို့ဖြစ်ပေါ်တိုးတက်သည်ကို တိကျစွာ လေ့လာပေသည်။

အချို့မာက်စ်ဝါဒသမား အခေါ်ခံသူတို့ကမူ တွေးခေါ်မှုတိုင်း၊ စနစ်တိုင်းသည် စီးပွားရေးလိုအပ်ချက်အရ ဖြစ်ပေါ်သည်ဟု မာက်စ်ဝါဒက ယူဆကြောင်းဖြင့် အဓိပ္ပါယ် ပြန်ကြ၏။ ဤသည်မှာ 'သရုပ်ပျက်မာ့က်စ်ဝါဒသမား'၏ အမြင်သာဖြစ်၏။ မာ့က်စ် ဝါဒ၏ ဆိုလိုချက်ကား ဤသို့မဟုတ်ပေ။ ရှုမြင်ချက်များ၊ ဖွဲ့စည်းမှုစနစ်များသည် တစ်စုံတခု သောစီးပွားရေးဖြစ်ပေါ်တိုးတက်မှုအခြေခံတွင် ပေါ်ထွက်လာခြင်းဖြစ်ပြီး၊ တဖန် ထိုရှုမြင်ချက်များ၊ ဖွဲ့စည်းမှုစနစ်များသည် လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှု၊ စီးပွားရေးဖြစ်ပေါ် တိုးတက်မှုကို တဖန်ပြန်၍ ဖြစ်ပေါ်တိုးတက်စေအောင် ကျေးဇူးပြုသည် ဟု မာ့က်စ်ဝါဒက ယူဆပေသည်။

အပေါ်ယံအဆောက်အအုံနှင့်အခြေခံအဆောက်အအုံတို့၏အညမညတုံ့ပြန်လှုပ်ရှားမှု

ဤပြဿနာ၌ အရေးကြီးသော အချက်နှစ်ချက်ရှိ၏။ ပထမအချက်ကား သမိုင်းဆိုင်ရာရုပ်ဝါဒကို သေချာကျနစွာ နားလည်ရန်ဖြစ်၏။ များစွာသောသူတို့သည် သမိုင်းဆိုင်ရာရုပ်ဝါဒက ကောင်းစွာ နားမလည်ကြပေ။ ၎င်းတို့က သမိုင်းဆိုင်ရာ ရုပ်ဝါဒသည် သမိုင်းဆိုင်ရာဖြစ်ပေါ်တိုးတက်မှုနှင့် အယူအဆများ ဖြစ်ပေါ်တိုးတက်မှု တို့သည် တခြားစီဖြစ်သည်ဆိုသည့်အချက်ကို ငြင်းပယ်သဖြင့် ၎င်းသည် အသိဉာဏ် ကင်းမဲ့သော အယူအဆတစ်ရပ်မျှသာ ဖြစ်သည်ဟု ဆိုကြ၏။ ၎င်းတို့၏ စွပ်စွဲချက်ကို အိန်ဂျယ်လ်က ချေပခဲ့ရာ၌ *'သမိုင်းဆိုင်ရာအချက်တစ်ခုသည် စီးပွားရေးအကြောင်း အချက်များကြောင့် ပေါ်ပေါက်လာသည်နှင့် ထိုသမိုင်းဆိုင်ရာအချက်သည် တုံ့ပြန်ကျေးဇူး ပြုနိုင်သည်၊ ၎င်းဖြစ်ပေါ်စေသော အကြောင်းရင်းကိုလည်း ပြန်၍ ကျေးဇူးပြုသည်ဆိုသည့် အချက်ကို စွပ်စွဲသူ လူကြီးလူကောင်းများ မေ့နေကြပေသည်'*ဟု ပြောခဲ့ပေသည်။

ဥပမာအားဖြင့် တိုင်းပြည်တစ်ပြည်၏ နိုင်ငံရေးစနစ်များနှင့် တရားဥပဒေများ သည် တည်ဆဲစီးပွားရေးအခြေအနေများ၏ ထုတ်ကုန်ပစ္စည်းများသာ ဖြစ်ပေသည်။ စီးပွားရေးအခြေခံကို နားမလည်ဘဲ အဆိုပါ နိုင်ငံရေးစနစ်များ တရားဥပဒေများ၏ အစနှင့် ဖြစ်ပေါ်တိုးတက်ပုံကို နားမည်နိုင်မည် မဟုတ်ပေ။ ယင်းသို့ စီးပွားရေးဆက်ဆံမှု များ အခြေခံပေါ်တွင် ပေါ်ပေါက်လာသည့် နိုင်ငံရေးစနစ်များနှင့် တရားဥပဒေများသည် တဖန်ပြန်၍ သမိုင်းအဖြစ်အပျက်များ လမ်းကြောင်းကိုငှ်း၊ တိုင်းပြည်ဘဝကိုလည်း ကောင်း၊ တိုင်းပြည်၏ စီးပွားရေးဘဝကိုငှ်း ပြန်၍ သြဇာလွှမ်းမိုးပြန်ပေသည်။ ဗြိတိသျှ ပါလီမန်စနစ်သည် အရင်းရှင်စီးပွားရေးအခြေခံပေါ်မှ ပေါ်ထွက်လာသော စနစ်ဖြစ်၏။ သို့ရာတွင် ပါလီမန်စနစ်သည် ဗြိတိသျှနိုင်ငံရေးစနစ်နှင့် စီးပွားရေးနယ်ပယ်ကို တဖန်ပြန် ၍ သြဇာလွှမ်းမိုးခြင်း ပြုပြန်လေသည်။ (ဥပမာ ဗြိတိသျှပါလီမန်အက်ဥပဒေ) အိန် ဂျယ်လ်စ်က အောက်ပါအတိုင်း ရေးခဲ့ဖူး၏။

> *''သမိုင်း၌ အဆုံးစွန်သော အဆုံးအဖြတ်ကို ပေးသည့်အရာမှာ ထုတ် လုပ်ခြင်းနှင့် တဖန်ပြန်၍ ထုတ်လုပ်ခြင်းပင်ဖြစ်၏။ မာ့က်စ်နှင့် ကျွန်ုပ်တို့သည် ဤအထိမျှသာ ပြော၏။ ထို့ထက်မပိုပေ။ ဤပြောဆိုချက်ကို၊ စီးပွားရေး တစ်ခုတည်းသာ ပဓါနကျသည် လိုရာဆွဲ၍ အဓိပ္ပါယ်ကောက်ကြပါလျှင် ကျွန်ုပ်တို့ဆိုလိုချက်ကို အဓိပ္ပါယ်မဲ့ အောင်လုပ်ခြင်းသာဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့ဆိုလိုသည်ကား စီးပွားရေးအခြေအနေသည် အခြေခံ၊ ထိုအခြေခံ ပေါ်မှ အပေါ်ယံအဆောက်အအုံတို့ ရှိ၍၊ ထို အပေါ်ယံအဆောက်အအုံ*

သည်ပင် တဖန်ပြန်၍ သမိုင်းတိုက်ပွဲလမ်းကြောင်းနှင့် အခြေခံ အဆောက် အအုံကိုပြန်၍ ကျေးဇူးပြုသည်ဟု ဆိုလိုရင်းဖြစ်ပေသည်။ ကျွန်ုပ်တို့အမြင်၌ စီးပွားရေးအခြေအနေများသည် သမိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုကို အဆုံးစွန် ဖန်တီးပေးသော အရာများဖြစ်သည်ဟု ယူဆသည်။ နိုင်ငံရေး၊ တရားဥပဒေ၊ အသိလိမ္မာ၊ ဘာသာရေး၊ စာပေ၊ အနုပညာစသည်တို့ ဖြစ်ပေါ် တိုးတက်မှုသည် စီးပွားရေးဖြစ်ပေါ်တိုးတက်မှုတွင် အခြေခံသည် ယူဆသည်။ သို့ရာတွင် ၎င်းတို့အားလုံးသည်လည်း တဖန်ပြန်၍ အချင်း ချင်း ကျေးဇူးပြုကာ၊ စီးပွားရေးအခြေခံကိုလည်း ပြန်၍ ကျေးဇူးပြုပေသည်။ စီးပွားရေးအခြေအနေသည်သာ တစ်ခုတည်းသောအကြောင်း၊ တစ်ခုတည်း သော လှုပ်ရှားစေဆော်သည့် အရာဖြစ်၍ အခြားအရာများကား လှုပ်ရှား ခြင်း မရှိသောအကျိုးတရားဟု ကျွန်ုပ်တို့က ယူဆခြင်း မပြုပေ''

**ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များ၏ပုံသဏ္ဌာန်ကို သမိုင်းကပြဌာန်းခြင်း**

ဒုတိယအချက်အားဖြင့် ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များသည် စီးပွားရေး အခြေအနေများ၏ ထုတ်ကုန်ပစ္စည်းဟု အိန်ဂျယ်လ်စ်က ပြောခဲ့၏။ သို့ရာတွင် သူ၏ ဆိုအမိန့်သည် ယေဘုယျသဘောမျှသာ ဖြစ်ပေသည်။ စီးပွားရေးအခြေအနေသည် ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များကိုဖြစ်ပေါ်စေသော အကြောင်းရင်းကြီးတစ်ခုမျှသာ ဖြစ်၍၊ ၎င်းတစ်ခုတည်းနှင့်လည်း မပြည့်စုံသေးပေ။ ရှုမြင်ချက်များ၊ ဖွဲ့စည်းမှုစနစ်များ ကိုဖြစ်ပေါ်စေရာ၌ အခြားအကြောင်းများစွာလည်း ရှိသေး၏။ ၎င်းတို့ကား ထိုဖွဲ့စည်းမှု စနစ် ထိုဖွဲ့စည်းမှုစနစ်နှင့် ရှုမြင်ချက်များဖြစ်ပေါ်ရာ တိုင်းပြည်ရှိ လူမျိုးများ၏ အသွင် လက္ခဏာများ၊ ထုံးတမ်းစဉ်လာများ၊ ထိုတိုင်းပြည်ခေါင်းဆောင်များ၏ အနေအထားနှင့် တကွ၊ ထိုတိုင်းပြည်၏ သမိုင်းအစဉ်အလာတို့ဖြစ်ပေသည်။

ဥပမာအားဖြင့် တရားဥပဒေဆိုင်ရာ ရှုမြင်ချက်များသည် စီးပွားရေးအခြေအနေ များကို အမြဲတမ်း ထင်ဟပ်ဖော်ပြကြသည်သာဖြစ်၏။ သို့ရာတွင်စီးပွားရေး အခြေအနေ တစ်ခုတည်းသာမက၊ အခြားအကြောင်းများလည်းရှိသေးကြောင်းကို အိန်ဂျယ်လ်စ်က ဤသို့ ပြောခဲ့ပေသည်။

''တရားဥပဒေဆိုင်ရာ တွေးခေါ်မှုများသည် စီးပွားရေးအခြေအနေများ ကို အမြဲတစေ ထင်ဟပ်ဖော်ပြပေသည်။ သို့ရာတွင် ယင်းတရားဥပဒေ ဆိုင်ရာ တွေးခေါ်မှုများ ဖြစ်ပေါ်လာသည့် ပုံသဏ္ဌာန်ကား ကွဲပြားခြားနား

ကြပေသည်။ ဗြိတိသျှတရားဥပဒေစနစ်သည် စီးပွားရေးဖြစ်ပေါ်မှုနှင့် သာမက၊ အမျိုးသားဖြစ်ပေါ်တိုးတက်မှုတစ်ရပ်လုံးနှင့်အညီ ဤအခြေသို့ ရောက်၍ လာခဲ့ခြင်းဖြစ်၏။ ဗြိတိသျှလူမျိုး၏ ဖြစ်ပေါ်တိုးတက်မှုမှာ မြေရှင်ပဒေသရာဇ်ပုံသဏ္ဍာန်ကို ထိန်းသိမ်းကာ ဓနရှင်အနှစ်သာရသို့ ကူးပြောင်းလာခြင်းဖြစ်၏။ ထို့ကြောင့် ဗြိတိသျှတရားဥပဒေစနစ်သည် လည်း မြေရှင်ပဒေသရာဇ်ပုံသဏ္ဍာန်ထဲတွင်၊ ဓနရှင်အနှစ်သာရကို ထည့်ခဲ့ သော တရားဥပဒေစနစ်သည်သာ ဖြစ်လေသည်။ မြေရှင်ပဒေသရာဇ် နာမည်ထဲတွင် ဓနရှင်အဓိပ္ပါယ်ကို ထည့်သွင်းခြင်းသာဖြစ်၏။ ဥရောပ တွင်လည်း ရောမတရားဥပဒေသည် ဤအတိုင်းပင်ဖြစ်ခဲ့၏။ ပြင်သစ်ဓနရှင် တော်လှန်ရေးပေါ်ပေါက်လာပြီးသည့်နောက် ဖြစ်ပေါ်လာသော ပြင်သစ် တရားမကိုကျင့်ထုံးဥပဒေသည် ရောမတရားဥပဒေစနစ်ကို အခြေခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။

ဤသည်ကိုကြည့်၍ တရားဥပဒေဆိုင်ရာ ခံယူချက်များနှင့် ကိုကျင့်ထုံးဥပ ဒေများသည် စီးပွားရေးအခြေအနေများ၏ တိုက်ရိုက်ထုတ်ကုန်ပစ္စည်းအဖြစ် ပေါ်လာခြင်း မဟုတ်ဘဲ၊ ယခင်တည်တွင်ပြီးဖြစ်သော တရားဥပဒေဆိုင်ရာ ခံယူချက်များနှင့် ရှိပြီး ကိုကျင့်ထုံးဥပဒေများကို မှီငြမ်းပြု၍ ရေးချဲ့ခဲ့ခြင်းဖြစ်၏။ ခေတ်ဟောင်းတရားဥပဒေ စနစ်များကို ခေတ်နှင့် ကိုက်ညီသော ပုံသဏ္ဍာန်များအဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်ပေသည်။

အဘိဓမ္မာနယ်ပယ်တွင်လည်း ထို့အတူဖြစ်ကြောင်းကို အိန်ဂျယ်လ်စ်က ညွှန် ပြခဲ့ပေသည်။ ၎င်းက ပြောရာ၌–

*''စီးပွားရေးဖြစ်ပေါ်တိုးတက်မှုသည် ရှုမြင်ချက်များ၊ စနစ်များ စသည့် အပေါ်ယံ အဆောက်အအုံဖြစ်ပေါ်လာရေးအတွက် ပဓာနဖြစ်သည်ဟု ကျွန်ုပ် ခံယူပါသည်၊ သို့ရာတွင် ယင်းသို့ ဖြစ်ပေါ်လာရေးအတွက် စီးပွားရေး အခြေအနေများသာမက၊ အခြားအခြေအနေများလည်း လိုအပ်သေးသည် ကိုလည်း သတိမူသင့်ပေသည်။ ဥပမာအားဖြင့် ခေတ်တစ်ခေတ်၏ အဘိဓမ္မာသည်၊ ထိုခေတ်၏ စီးပွားရေး အခြေအနေများကို အခြေခံ၍ ဖြစ်ပေါ်လာသည်မှန်သော်လည်း ရှေးဘိုးဘွားများလက်ထက်က ကျန်ရစ်ခဲ့ သော တည်ဆဲအဘိဓမ္မာအယူအဆများကိုလည်း အခြေခံခဲ့သေးသည်''*

သို့ဖြစ်ရာ တိုင်းပြည်တစ်ပြည်၏ ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များသည် တိုင်းပြည်တစ်ပြည်၏ ခေတ်တစ်ခေတ်ရှိ စီးပွားရေးအခြေအနေများမှသာ ထွက်ပေါ်လာ

သည်ဟု တိုက်ရိုက်ကောက်ချက်ချ၍ မရနိုင်ပေ။ ၎င်းတို့သည် ထိုတိုင်းပြည်၏ ခေတ်အဆက်ဆက်ရှိ စီးပွားရေးအခြေအနေများ၊ အမျိုးသားရေးလက္ခဏာများ၊ ဓလေ့ထုံးစံများ၊ သမိုင်းအစဉ်အလာများ အားလုံးတို့ကို အခြေခံ၍ ပေါ်ထွက်လာလေသည်။

ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်ကို လေ့လာရာတွင် အခြေခံကျသော အချက်ကား ၎င်းတို့သည် လွတ်လပ်စွာ သီးခြားဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ၊ လူ့အဖွဲ့အစည်း၏ စီးပွားရေးအခြေအနေများပေါ်တွင် အခြေခံ၍ ပေါ်ထွက်လာသည်ဆိုသော ယေဘုယျအချက်ပင်ဖြစ်၏။ ကျွန်ုပ်တို့၏ပြဿနာကား တစ်စုံတခုသောတိုင်းပြည်ရှိ ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုဖြစ်ပေါ်တိုးတက်မှု၏ သီးခြားသော အသွင်သဏ္ဌာန်များကို ဆုံးဖြတ်ရန်နှင့် ထိုရှုမြင်ချက်များ ဖွဲ့စည်းမှုစနစ်များသည်၊ ထိုတိုင်းပြည်၏ သမိုင်းခေတ်တစ်ခေတ်တွင် မည်သို့ ပါဝင်ဆောင်ရွက်သည်ဆိုသည့်ပြဿနာကို လေ့လာရန်ဖြစ်သည်။ ဤပြဿနာကို ဖြေရှင်းရာ၌ ယေဘုယျ ပုံသေကားကျနည်းများဖြင့် ဖြေရှင်း၍ မရနိုင်ပေ။ တကယ့်အကြောင်းအချက်များများဖြင့်သာ စပ်ဟပ်ဖြေရှင်းရမည် ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ အလုပ်ကား၊ သမိုင်းဖြစ်စဉ်ကို ကောက်ချက်ဆွဲ၍ သမိုင်းဖြစ်ပေါ်မှုယေဘုယျများကို ချမှတ်ရန် မဟုတ်ပေ။ ထိုမှုများကို သမိုင်းဖြစ်စဉ် ပြောင်းလဲရေးအတွက် လက်တွေ့အသုံးချရန် ဖြစ်ပေသည်။ ထို့ကြောင့် စီးပွားရေးအခြေအနေများကို အခြေခံ၍ ရှုမြင်ချက်များ၊ စနစ်များ စတင်ပေါ်ပေါက်လာပုံ၊ အဖြစ်အပျက်များတွင် ၎င်းတို့ မည်သို့ ပါဝင်ဆောင်ရွက်ပုံတို့ကို လေ့လာရမည် ဖြစ်ပေသည်။ ဤမှုများအား လက်တွေ့တွင် ဘယ်လိုကျင့်သုံးသည်ကို မာ့က်စ်သည် ၎င်း၏ သမိုင်းဆိုင်ရာကျမ်းများ ဖော်ပြခဲ့ပေသည်။

'လူဝီဘိုနာပတ်၏ ၁၈ ကြိမ်မြောက်နှစ်ပတ်လည်'အမည်ရှိကျမ်း၌ ၁၉ ရာစုနှစ်လည် ပြင်သစ်လူ့အဖွဲ့အစည်း၌၊ စီးပွားရေးနှင့် လူတန်းစားဆက်ဆံရေး အခြေခံပေါ်တွင် ရှုမြင်ချက်များ၊ ဖွဲ့စည်းမှုစနစ်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးပဋိပက္ခများနှင့် တွေးခေါ်မှုများ မည်သို့ပေါ်ပေါက်လာပုံ၊ နိုင်ငံရေးနှင့် အယူအဆရေးတိုက်ပွဲများက ပြင်သစ်ပြည်၏ စီးပွားရေးနှင့် လူတန်းစားများ၏ ကံကြမ္မာ တဖန်ပြန်၍ မည်သို့ ချယ်လှယ်ပုံ စသည်တို့ကို မာ့က်စ်က ဖော်ပြခဲ့ပေသည်။

ယင်းသို့ နိုင်ငံရေးနှင့် အယူအဆရေးရာများကို နားလည်ခြင်း၊ ၎င်းတို့အခြေခံနှင့် ၎င်းတို့၏ ဩဇာတိက္ကမကိုနားလည်ခြင်းတို့သည် ယနေ့အချိန်၌ လက်တွေ့ပါလစီကို ချမှတ်ရာတွင် များစွာ အရေးကြီးပေသည်။

အခန်း(၈)

## လူတန်းစားတွေးခေါ်မှုနှင့် လူတန်းစားအုပ်စိုးမှု

အပေါ်ယံအဆောက်အအုံသည် အခြေခံအဆောက်အအုံ၏ ပုံပန်းကျအောင် ပြုလုပ်ရာတွင်၎င်း၊ ခိုင်မာအောင် ပြုလုပ်ရာတွင်၎င်း၊ ကူညီခြင်းဖြင့် အခြေခံအဆောက်အအုံကို အကျိုးပြုသည်သည်။ သွေးစုတ်ချယ်လှယ်ခြင်းတွင် အခြေခံသည့် လူ့အဖွဲ့အစည်း၌ အပေါ်ယံအဆောက်အအုံသည် အုပ်စိုးသူလူတန်းစား၏ အကျိုးစီးပွားကို ထင်ဟပ်ဖော်ပြ၍ အကျိုးလည်းပြုသည်။ ထို့ကြောင့် သွေးစုတ်ချယ်လှယ်ခြင်းကို အခြေခံသည့် လူ့အဖွဲ့အစည်းတွင် စိုးမိုးနေသည့် ရှုမြင်ချက်များမှာ အုပ်စိုးသူလူတန်းစား၏ ရှုမြင်ချက်များသာ ဖြစ်သည်။ ၎င်းရှုမြင်ချက်များကို အုပ်စိုးသူလူတန်းစား၏ ကိုယ်စားလှယ်ဖြစ်သော ပညာရှင်များက ဖန်တီးပေးကြသည်။

တော်လှန်ရေးကာလ၌ တော်လှန်သော ရှုမြင်ချက်သစ်များ၊ စနစ်သစ်များ ပေါ်ပေါက်လာသည်။ ၎င်းတို့ကို တော်လှန်သော လူတန်းစားက ဖန်တီးသည်။ လူ့အဖွဲ့အစည်းဟောင်း၏ အင်အားစုများကို တိုက်ခိုက်ရာတွင်၊ ဤရှုမြင်ချက်သစ်များ၊ စနစ်သစ်များကို အသုံးပြုသည်။

လူမှုအခြေခံမှုများ၊ စနစ်သစ်များ၊ ပေါ်လစီများ၊ ရှုမြင်ချက်များနောက်တွင် လူတန်းစားအကျိုးစီးပွားများ အမြဲတန်း ကိန်းဝပ်နေသည်ဟု မာ့က်စ်ဝါဒက သင်ကြားပေးသည်။ တော်လှန်သော ရှုမြင်ချက်သစ်များ၊ စနစ်သစ်များသည် လူ့အဖွဲ့အစည်းအား ပြောင်းပစ်ရေးတွင် မည်သို့မည်ပုံ အရေးပါသည်ကို မာ့က်စ်ဝါဒက သင်ကြားပေးသည်။

အပေါ်ယံအဆောက်အအုံသည် အခြေခံအဆောက်အအုံကိုအကျိုးပြုသည်

စီးပွားရေးစနစ်တစ်ခုသည် လူ့အဖွဲ့အစည်း၏ အခြေခံဖြစ်ရာ၊ ယေဘုယျအားဖြင့် ရှုမြင်ချက်များနှင့် စနစ်သစ်များသည်လည်း ထိုစီးပွားရေးအခြေခံနှင့် ကိုက်ညီစွာဖြစ်ပေါ် တိုးတက်လာခဲ့ကြ၏။ သို့ဖြစ်ရာ၊ ထိုရှုမြင်ချက်များနှင့် စနစ်များ၏ အလုပ်သည်ဘာလဲ။ ထိုအပေါ်ယံအဆောက်အအုံသည် အခြေခံအဆောက်အအုံကို ဘယ်လိုပြုသလဲဆိုသည့်မေးခွန်းများ ပေါ်လာပေသည်။

လူသည် ကုန်လုပ်ဆက်ဆံရေးနယ်ပယ်သို့ ဝင်ရောက်ခြင်းမရှိဘဲ၊ ကုန်လုပ်ရေးကို ဆောင်ရွက်၍ မရပေ။ ကုန်လုပ်ဆက်ဆံရေးများသည်လည်း ၎င်းနှင့် ဆီလျော်သော ရှုမြင်ချက်များ စနစ်များမရှိဘဲ၊ မတည်ရှိနိုင်ပေ။ ဤသည်ကို စတာလင်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*"အပေါ်ယံအဆောက်အအုံသည် အလွန်တက်ကြွလှုပ်ရှားသော အင်အားစုတစ်ရပ်ဖြစ်လာကာ၊ အခြေခံအဆောက်အအုံကို ခိုင်မာအောင် အားပေးလျက်ရှိနေပေသည်။ အပေါ်ယံအဆောက်အအုံဖြစ်လာရခြင်းမှာ၊ အခြေခံအဆောက်အအုံအား အကျိုးပြုရန်၊ ၎င်းအား ခိုင်မာအောင်ပြုလုပ်ရန်၊ ဟောင်းနွမ်း၍ သေပန်းပွင့်နေသော အခြေခံအဆောက်အအုံဟောင်းနှင့်အတူ ၎င်း၏ အပေါ်ယံအဆောက်အအုံဟောင်းကို ဖျက်ဆီးပစ်ရန် ဖြစ်ပေသည်"*

ထို့ကြောင့် စီးပွားရေးအခြေခံ ဖြစ်ပေါ်သည်၌ ၎င်းအခြေခံကို တိုးတက်ခိုင်မာအောင် ပြုလုပ်ပေးသော ရှုမြင်ချက်များ၊ ဖွဲ့စည်းမှုစနစ်များစသည့် အပေါ်ယံအဆောက်အအုံတို့လည်း ပေါ်ပေါက်လာရသည်။ ဤအပေါ်ယံ အဆောက်အအုံသည် စီးပွားရေးစနစ်တစ်ခုကို တည်ဆောက်၍ ခိုင်မာအောင် လုပ်နေသော လူတန်းစား၏ တိုက်ပွဲများ၊ ပဋိပက္ခများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်လေသည်။ သို့ဖြင့် အပေါ်ယံအဆောက်အအုံသည် အခြေခံအဆောက်အအုံကို ပုံသဏ္ဌာန်ပေါ်အောင်၊ ခိုင်မာအောင် ပြုလုပ်ရင်းဖြင့် ၎င်းကို အကျိုးပြုလျက်ရှိပေသည်။

သို့ဖြစ်ရာ၊ လူမှုကုန်လုပ်ရေးကို ဆောင်ရွက်ရန်၊ ၎င်းနှင့်ဆီလျော်သော ကုန်လုပ်ဆက်ဆံရေးကို ထိန်းသိမ်းရန်၊ ခိုင်မာစေရန်၊ တိုးတက်စေရန်အတွက် ပထမအားဖြင့် နိုင်ငံရေးနှင့် တရားဥပဒေဆိုင်ရာရှုမြင်ချက်များ၊ စနစ်များ စသည့် အပေါ်ယံအဆောက်အအုံတစ်ခု ရှိရန်လိုသည်။ အစိုးရနှင့် တရားဥပဒေများသည် ပစ္စည်းပိုင်ဆိုင်မှုကို ထိမ်းသိမ်းကာကွယ်ပေးရသည်။ နိုင်ငံရေးနှင့် တရားဥပဒေရှုမြင်ချက်များ၊ စနစ်

များမှာ လူမှုစနစ်ကို ပုံသဏ္ဌာန်ဖော်၍ ခိုင်မာအောင် ပြုလုပ်ရန်ဖြစ်ပေသည်။

ရောမပြည်သူများသည် ၎င်းတို့၏ ကျေးပိုင်ကျွန်ပိုင် အင်ပိုင်ယာကြီး ခိုင်မြဲစေရန်အတွက်၊ ဘုရင်ငယ်များကို အစားထိုးသည့် သမ္မတနိုင်ငံစနစ်ကို ပထမ ထူထောင်ခဲ့ကြသည်။ သမ္မတနိုင်ငံစနစ်သည် လူမှုပဋိပက္ခများကို ဟန့်တားထိန်းသိမ်း၍မရဘဲ ဖြစ်လာသည့်အခါတွင်၊ ဗဟိုမှချုပ်ကိုင်သော စစ်အာဏာရှင်အဖြစ်ကို ထူထောင်ခဲ့ကြသည်။ သို့ဖြစ် ရောမခေတ်ကျေးပိုင် ကျွန်ပိုင်အင်ပိုင်ယာသည် ခိုင်မြဲလာခဲ့ပေသည်။

ကျေးပိုင်ကျွန်ပိုင်စနစ် ကျဆုံး၍ မြေရှင်ပဒေသရာဇ်ပေါ်ပေါက်လာသည့်အခါ၌ အစိုးရပုံသဏ္ဌာန်လည်း ပြောင်းလဲလာခဲ့၏။ ဥရောပတဝှမ်းတွင် တည်ထောင်ခဲ့သည့် ဘုရင့်နိုင်ငံငယ်များ၊ နယ်ရှင်ပယ်ရှင်စနစ်များ၊ မြို့စားရွာစား စနစ်များအား မြေရှင်ပဒေသရာဇ် အုပ်စိုးရေးပုံသဏ္ဌာန်များအဖြစ်သို့ တိုးချဲ့ခဲ့၏။ မြေရှင်ပဒေသရာဇ်နယ်ပယ်များ ဖြစ်လာခဲ့ကြ၏။ သို့ဖြင့် ၎င်းတို့သည် မြေရှင်ပဒေသရာဇ်ဆက်ဆံရေးကို ကာကွယ်ထိန်းသိမ်းကြပေသည်။

ထို့နောက်တွင် တက်သစ်စ ဓနရှင်သည် မြေရှင်ပဒေသရာဇ်စနစ်၊ မြေရှင်ပဒေသရာဇ်အုပ်စိုးမှုနှင့် ပဋိပက္ခဖြစ်လာကြသည်။ ထိုပဋိပက္ခ၏ ထုတ်ကုန်ပစ္စည်းအဖြစ် အမျိုးသားသမ္မတနိုင်ငံများ၊ ပါလီမန်နိုင်ငံများ၊ ဥပဒေဖြင့် အုပ်ချုပ်သော ဧကရာဇ်စနစ်များ ပေါ်ပေါက်လာခဲ့ကြသည်။ ၎င်းတို့အားလုံးသည် ဓနရှင်၏အကျိုးစီးပွားကို ကာကွယ်ကာ လူ့အဖွဲ့အစည်း၏ အရင်းရှင်အခြေခံအဆောက်အအုံကို ပုံသဏ္ဌာန်ဖော်၍ ခိုင်မာအောင် လုပ်ပေးပေသည်။

အလုပ်သမားလူတန်းစား၏ ရည်ရွယ်ချက်မှာ ဒီမိုကရေစီ ဆိုရှယ်လစ်နိုင်ငံကို ထူထောင်ရန် ဖြစ်၏။ ၎င်းသည် အရင်းရှင်စနစ်၏ အကြွင်းအကျန်များကို ဖျက်သိမ်း၍ ဆိုရှယ်လစ်ပစ္စည်းပိုင်ဆိုင်မှုကို ကာကွယ်ကာ၊ ဆိုရှယ်လစ်တည်ဆောက်ရေးလုပ်ငန်းကို ဦးတည်ပေသည်။ သို့ဖြစ်ရာ အပေါ်ယံအဆောက်အအုံ၏ ဩဇာတိက္ကမမပါဘဲ ကျေးပိုင်ကျွန်ပိုင်စီးပွားရေးစနစ်ကို ဖျက်သိမ်းခြင်းပြုနိုင်မည် မဟုတ်ပေ။ အလားတူပင် မြေရှင်ပဒေသရာဇ် စီးပွားရေးစနစ်၊ အရင်းရှင်စီးပွားရေးစီးပွားရေးတို့ကိုလည်း ဖျက်သိမ်းနိုင်မည် မဟုတ်ပေ။ အပေါ်ယံအဆောက်အအုံဖြစ်သော အစိုးရနိုင်ငံရေးနှင့် တရားဥပဒေဆိုင်ရာ ရှုမြင်ချက်များ၊ စနစ်များဖြင့်သာ စီးပွားရေးစနစ်သစ်တစ်ခုသည် ဖြစ်ပေါ်ဖွံ့ဖြိုးနိုင်၍ စီးပွားရေးစနစ်ဟောင်းကို ဖျက်သိမ်းနိုင်ပေသည်။ အစိုးရ၏ အသွင်လက္ခဏာနှင့် ပုံသဏ္ဌာန် ၎င်းတို့၏ အမျိုးမျိုးသော ပြောင်းလဲမှုများစသည်တို့သည် သက်ဆိုင်ရာ တိုင်းပြည်၏ ထုံးတမ်းစဉ်လာနှင့် အမျိုးသားဘဝအတွင်းရှိ အမျိုးမျိုးသော အခြေအနေ

များပေါ်တွင်သာ တည်ပေသည်။ ၎င်းတို့၏ ပုံသဏ္ဌာန်ကို သက်ဆိုင်ရာ တိုင်းပြည်တွင် ပေါ်ပေါက်နေသည့် သီးခြားသော ပတ်ဝန်းကျင်အခြေအနေများက သမိုင်းအရ အဆုံး အဖြတ် ပြုပေသည်။ သို့ရာတွင် ၎င်းတို့သည် တစ်စုံတခုသော စီးပွားရေးအခြေခံကို အကျိုးပြုသည်ဆိုသော အဓိက စည်းကမ်းချက်အောက်တွင် ပေါ်ပေါက်လာကြခြင်း ဖြစ်ပေသည်။

ဘာသာရေး၊ အဘိဓမ္မာ၊ စာပေနှင့် အနုပညာလှုပ်ရှားမှုများသည်လည်း ထို့အတူပင်ဖြစ်၏။ လူ့အဖွဲ့အစည်းသည်၊ နိုင်ငံရေး၊ တရားဥပဒေ စသည်တို့ မရှိလျှင် မဖြစ်ပေါ်နိုင်သကဲ့သို့ ၎င်းတို့ရှိလျှင်လည်း ဖြစ်ပေါ်တိုးတက်ခြင်း မရှိပေ။ အပြန်အလှန် အားဖြင့်၊ တရားဥပဒေနှင့် နိုင်ငံရေးသည် စီးပွားရေးအခြေခံနှင့် ကင်းလွတ်တည်ရှိခြင်း မပြုနိုင်ပေ။ အပေါ်ယံအဆောက်အအုံ၏ အဆိုပါ အစိတ်အပိုင်းများသည်လည်း အခြေခံ အဆောက်အအုံကို ပုံသဏ္ဌာန်ဖော်ပြခြင်း၊ ခိုင်မာအောင်လုပ်ပေးခြင်းအားဖြင့် အကျိုးပြု ပေသည်။

အဘိဓမ္မာ၏ သမိုင်း၌ အဘိဓမ္မာဆိုင်ရာ ရှုမြင်ချက်များသည် တစ်စုံတခုသော လူမှုစနစ်၏ ခိုင်မာရေးနှင့် ဖြစ်ပေါ်တိုးတက်မှုအတွက် လိုအပ်သည်နှင့်အညီ ခေတ် အဆက်ဆက်၌ ပေါ်ပေါက်လာခဲ့ကြသည်။ မြေရှင်ပဒေသရာဇ်ခေတ်ဦးကာလ၌ ဩဂုတ် စတင်းက အစိုးရသည် ခရစ်ယာန်ဘာသာ၏ လက်အောက်ခံဖြစ်ရမည်။ လောကီကိစ္စ များသည် လောကုတ္တရာကိစ္စများ၏ လက်အောက်ခံဖြစ်ရမည်ဟု သင်ကြားခဲ့ဘူးသည်။ ဤသင်ကြားချက်များသည် ကျေးပိုင်ကျွန်ပိုင် စစ်အာဏာရှင်စနစ် အကြွင်းအကျန်များကို ဖျက်သိမ်းရာတွင် များစွာ အထောက်အကူပြုခဲ့ကြ၏။ ဩဂုတ်စတင်းသည် လောကီ တန်ခိုးအာဏာများထံ အညံ့ခံရန် သင်ကြားခြင်းမပြုဘဲ၊ လောကီတန်ခိုး အာဏာသည် ၎င်းထက်စွမ်းသော အခြားတန်ခိုးအာဏာများ၏ လက်အောက်ခံဖြစ်ရမည်ဟု သင်ကြားခဲ့ ပေသည်။ နောင်နှစ်ပေါင်းများစွာ ကြာသည့်အခါတွင်မူ မြေရှင်ပဒေသရာဇ် အဘိဓမ္မာ ပညာရှင်တစ်ဦးဖြစ်သူ အက်ကွိနာ့စ်က ‘သဘာဝကျသော’ အဘိဓမ္မာတစ်ရပ်ကို သင်ကြားပို့ချခဲ့ပြန်သည်။ ၎င်းအလိုအရ ရုပ်ဘဝသည် ပို၍ အရေးကြီးသော နေရာတွင် ရှိသည်။ အစိုးရသည် မည်သည့်တန်ခိုးအာဏာလက်အောက်တွင်မှ မရှိသော လောကီ တန်ခိုးအာဏာစက်တစ်ခုဖြစ်သည်ဟု ဟောပြောခဲ့သည်။ သူ ဟောပြောခဲ့သည့်အချိန် ကား မြေရှင်ပဒေသရာဇ်စနစ်သည် အပြည့်အဝ ခိုင်မာစွာ အခြေစိုက်ပြီးသည့်အချိန် ဖြစ်၏။ သူ၏ ဟောပြောချက်များသည် မြေရှင်ပဒေသရာဇ်စနစ် ခိုင်မာရေးကို များစွာ အထောက်အကူပြုခဲ့ပေသည်။

ခေတ်ရှင်ပေါ်ထွန်းလာသည့်တွင်၊ အဘိဓမ္မာအမျိုးအစားသစ်များ ပေါ်ပေါက်လာကြ၏။ အဘိဓမ္မာဆရာများက သိပ္ပံပညာနှင့် ဆင်ခြင်တုံတရားသည် အချုပ်အချာကျသောအရာ ဖြစ်သည်ဟု ပြောခဲ့ကြ၏။ သို့ဖြင့် ဟောင်းနွမ်းသော မြေရှင်ပဒေသရာဇ်တွေးခေါ်မှုများကို ဝေဖန်တိုက်ခိုက်လာခဲ့ကြလေသည်။ ၎င်းတို့က အသိပညာ၏ အခြေခံအရာများကို ထပ်မံ စစ်ဆေးကြည့်ခဲ့ကြပြန်ကာ အသိပညာနယ်ပယ်ကို မည်သို့မည်ပုံ တိုးချဲ့ရမည်၊ လူ့အဖွဲ့ကြီးကို မည်သို့မည်ပုံ တိုးတက်အောင်လုပ်မည်ဟု ကြံဆောင်ခဲ့ကြပြန်သည်။ သို့ဖြင့် ၎င်းအယူအဆများသည် မြေရှင်ပဒေသရာဇ်စနစ်ကို ဖယ်ရှားကာ အရင်းရှင်လူတန်းစားကို အကျိုးပြုခဲ့ကြပြီး၊ အရင်းရှင်စနစ်ကို ခိုင်မာအောင် ပြုလုပ်ပေးခဲ့ကြပေသည်။

အရင်းရှင်စနစ် ပြိုလဲပျက်စီး၍ ဆိုရှယ်လစ်စနစ် ပေါ်ပေါက်လာသော ယနေ့အချိန်တွင်မူ၊ ခေတ်ရှင်အဘိဓမ္မာပညာရှင်များသည် ဒဿနိကတစ်မျိုးကို ပြောလာကြပြန်သည်။၎င်းတို့က ဆင်ခြင်တုံတရားဆိုသည်မှာ အလကား၊ အသိပညာဆိုသည်မှာလည်း အဓိပ္ပါယ်မရှိ၊ ရုပ်ဝတ္ထုတိုးတက်မှုဆိုသည်မှာလည်း အမှန်တရား မဟုတ်၊ ၎င်းတို့သည် လူများအား ဒုက္ခ-သုခများကိုသာ ဖြစ်စေနိုင်သည်ဟု ပြောလာကြပြန်သည်။ ဤအဆိုအမိန့်များမှာ သေနေသော အရင်းရှင်စနစ်ကို ကာကွယ်ထိန်သိမ်းရန် ကြိုးပမ်းခြင်းမျှသာ ဖြစ်လေသည်။

အလားတူပင် ခေတ်လည်ကာလတွင် ပေါ်ခဲ့သည့် တေးသီချင်းများ၊ ပုံဝတ္ထုများနှင့် ဘာသာရေးအနုပညာတို့သည်လည်း မြေရှင်ပဒေသရာဇ်စနစ်ကို ခိုင်မာလာအောင် လုပ်ပေးခဲ့ကြ၏။ ခေတ်သစ်ပြဇာတ်များ၊ ဝတ္ထုများသည်လည်း အလားတူပင် မြေရှင်ပဒေသရာဇ်စနစ်၊ မြေရှင်ပဒေသရာဇ်တွေးခေါ်မှုများကို တိုက်ဖျက်ရာတွင် များစွာအထောက်အကူပြုခဲ့ကြကာ၊ အရင်းရှင်စနစ်ကို ခိုင်မာအောင် ပြုလုပ်ပေးခဲ့ကြ ပြန်သည်။

အမှန်အားဖြင့် အပေါ်ယံ အဆောက်အအုံများက အခြေခံအဆောက်အအုံများကို အကျိုးပြုရင်း ဖြစ်ပေါ်တိုးတက်ပုံကို သိပ္ပံနည်းကျ လေ့လာရသည့်ကိစ္စမှာ ကြီးမားခက်ခဲသော လုပ်ငန်းတစ်ခုဖြစ်၏။ ဤသို့ သိပ္ပံနည်းကျစွာ လေ့လာနိုင်ရန်မှာ သမိုင်း၊ အဘိဓမ္မာ၊ ဘာသာရေး၊ အနုပညာနှင့် စာပေတို့တွင် သိပ္ပံပညာ၏ အလုပ်ပင်ဖြစ်ပေသည်။ အပေါ်ယံအဆောက်အုံသည် အခြေခံအဆောက်အအုံကို အကျိုးပြုရန်ကြီးထွားတိုးတက်လာကာ၊ ၎င်း၏အစိတ်အပိုင်းများ (ဘာသာရေး၊ အဘိဓမ္မာ၊ နိုင်ငံရေး၊ စာပေ) တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြပုံ၊ လူမှုအလုပ်များကို မည်သို့ ဆောင်ရွက်နေကြပုံ စသည်တို့ကို ဖော်ပြပေသည်။ အပေါ်ယံအဆောက်အအုံ၏ အရေးအကြီးဆုံး

အချက်အချာအကျဆုံး အစိတ်အပိုင်းတစ်ခုကား၊ အစိုးရနှင့် နိုင်ငံရေးစနစ်များ စသည်တို့ ပေတည်း။ ၎င်းတို့၏ ဖြစ်ပေါ်တိုးတက်မှုနှင့်အတူ တရားဥပဒေဆိုင်ရာ ရှုမြင်ချက်များ၊ တရားဥပဒေစနစ်များနှင့်၊ အိမ်ထောင်ရေးစနစ်များ၏ ဖြစ်ပေါ်တိုးတက်မှုသည် ထပ်ချပ်ပါ၍ လာကြသည်။ တဖန်၎င်းတို့နှင့်အတူ လူ့ကျင့်ဝတ်ဆိုင်ရာ တွေးမှုများခေါ်များ ပေါ်ပေါက်လာကြပြန်သည်။ နောက်အရေးကြီးသည့် အစိတ်အပိုင်းများကား၊ ဘာသာရေးရှုမြင်ချက်များနှင့် ဘာသာရေးစနစ်များပင်ဖြစ်၏။ နောက်အရေးကြီးသည့် အစိတ်အပိုင်းကား၊ အဘိဓမ္မာဆိုင်ရာရှုမြင်ချက်များ၊ အနုပညာနှင့် စာပေတွေးခေါ်မှုများ၊ လူ့အဖွဲ့အစည်း၏ အသိဉာဏ်ဘဝနှင့် ယဉ်ကျေးမှုဆိုင်ရာဘဝများနှင့်ပတ်သတ်သော စနစ်များ၏ ဖြစ်ပေါ်တိုးတက်မှုတို့ပင်ဖြစ်ပေသည်။

၎င်းတို့အားလုံးသည် အပေါ်ယံအဆောက်အအုံတွင် တုံ့ပြန်လှုပ်ရှားနေကြသည့် အစိတ်အပိုင်းများဖြစ်ကြ၏။ ၎င်းတို့သည် သီးခြားလွတ်လပ်စွာ ဖြစ်ပေါ်တိုးတက်လာသည်ဟု ထင်ဖွယ်ရှိသော်လည်း စီးပွားရေးအခြေအနေပေါ်တွင် တစ်ခုနှင့်တစ်ခု ဆက်စပ်ပေါ်ပေါက်လာကြသည့် အစိတ်အပိုင်းများသာ ဖြစ်ပေသည်။

### အုပ်စိုးသူလူတန်းစားနှင့် အုပ်စိုးနေသောတွေးခေါ်မှုများ

ရှေးဟောင်းဘုံစနစ် ကွယ်ပျောက်ခဲ့သည်မှစ၍ လူ့အဖွဲ့အစည်းသည် ပဋိပက္ခဖြစ်နေသော လူတန်းစားများ၏၊ သွေးစုတ်ချယ်လှယ်သူများနှင့် သွေးစုတ်ချယ်လှယ်ခံရသူများ စသဖြင့် ကွဲပြားလာခဲ့သည်။ ထိုလူတန်းစားများသည် စီးပွားရေးဖြစ်ပေါ်တိုးတက်မှု၏ ထုတ်ကုန်ပစ္စည်းများ ဖြစ်ကြပေသည်။ တစ်စုံတခုသော ဖြစ်ပေါ်တိုးတက်မှုအဆင့်တွင် လူ့အဖွဲ့အစည်း၏ စီးပွားရေးအဆောက်အအုံ၊ တစ်စုံတခုသော ကုန်လုပ်ဆက်ဆံရေးများ စသည်တို့နှင့်ကိုက်ညီစွာ လူတန်းစားတစ်ခုသည် စီးပွားရေးတွင် အုပ်စိုးသောနေရာသို့ ရောက်ရှိလာကာ၊ လူ့အဖွဲ့အစည်း၏ ခေါင်းဆောင်လူတန်းစားဖြစ်သော အုပ်စိုးသူလူတန်းစား ဖြစ်လာပေသည်။

ထို့ကြောင့် လူ့အဖွဲ့အစည်း၏ စီးပွားရေးအဆောက်အအုံကို ထင်ဟပ်သည့် ရှုမြင်ချက်များ၊ စနစ်များသည် စီးပွားရေးအဆောက်အအုံပေါ်တွင် လွှမ်းမိုးသော အုပ်စိုးသူ လူတန်းစား၏ အကျိုးစီးပွားများကို ထင်ဟပ်ဖော်ပြနေပေသည်။ ထို့ကြောင့် 'ခေတ်တိုင်းတွင် လွှမ်းမိုးနေသော တွေးခေါ်မှုများသည် အုပ်စိုးသူလူတန်းစား၏ တွေးခေါ်မှုများသာ ဖြစ်ပေသည်'ဟု မာ့က်စ်နှင့်အိန်ဂျယ်လ်တို့က ပြောခဲ့ခြင်းဖြစ်ပေသည်။

သို့ဖြစ်ရာ စီးပွားရေး အခြေခံပေါ်တွင် ပေါ်ပေါက်လာကာ၊ ထိုစီးပွားရေးအခြေ

ခံကို ထင်ဟပ်ဖော်ပြသည့် ရှုမြင်ချက်များ၊ စနစ်များစသည့် အပေါ်ယံအဆောက်အအုံသည် တစ်စုံတခုသော အုပ်စိုးသူလူတန်းစား၏ အုပ်ချုပ်မှုလွှမ်းမိုးမှုက ထုတ်လုပ်ပေးလိုက်သော ပစ္စည်းမျှသာ ဖြစ်ပေသည်။ ဤသည်ကို မာ့က်စ်နှင့် အိင်ဂျယ်လ်စ်က အောက်ပါအတိုင်း ရေးခဲ့၏။

*"လွှမ်းမိုးနေသောတွေးခေါ်မှုများသည် လွှမ်းမိုးနေသော ရုပ်ဆက်ဆံရေးများကို ဖော်ပြချက်များပင်ဖြစ်သည်။ လူတန်းစားတစ်ခုအား အုပ်စိုးသူလူတန်းစားဖြစ်အောင် လုပ်ပေးနိုင်သည့် ဆက်ဆံရေးများကို ဖော်ပြခြင်းဖြစ်သည့်အလျောက် ၎င်းလူတန်းစား လွှမ်းမိုးရေးကို အထောက်အကူပြုသည့် တွေးခေါ်မှုများသာ ဖြစ်ပေသည်"*

သို့ဖြစ်ရာ၊ အပေါ်ယံအဆောက်အအုံက၊ အခြေခံအဆောက်အအုံကို အကျိုးပြုသည်ဆိုခြင်းမှာ အချုပ်တွင်၊ အုပ်စိုးသူလူတန်းစားကို အကျိုးပြုခြင်းသာ ဖြစ်ပေသည်။ လူတန်းစားတစ်ခုက လွှမ်းမိုးနေသည့် စီးပွားရေးစနစ်တစ်ခုကို ခိုင်မာအောင်ပြုရာတွင် အရေးပါအရာရောက်သည့် တွေးခေါ်မှုများ၊ စနစ်များသည် လူတန်းစားတစ်ခုက ၎င်း၏ အုပ်စိုးမှု ခိုင်မာတည်မြဲရေးအတွက် အသုံးပြုသည့် တန်ဆာပလာ၊ အသုံးပြုသည့် လက်နက်မျှသာ ဖြစ်ပေသည်။

တစ်စုံတခုသော စီးပွားရေးစနစ်တစ်ခုကို ခိုင်မာအောင်ပြုလုပ်ရာတွင် ခေါင်းဆောင်နေရာမှ ပါဝင်ရသော လူတန်းစားဟူ၍ ရှိ၏။ ထိုလူတန်းစားကား၊ အုပ်စိုးသူလူတန်းစားပင်ဖြစ်သည်။ တည်ဆဲစီးပွားရေးစနစ်အတွင်း၌ ၎င်းနှင့်လျော်ညီသော ရှုမြင်ချက်များ၊ စနစ်များကို ဖြစ်ပေါ်တိုးတက်အောင် အဓိကပြုသူမှာ ထိုလူတန်းစားပင် ဖြစ်ပေသည်။ ရှုမြင်ချက်များ၊ တွေးခေါ်ချက်များသည် ပစ္စည်းပိုင်ဆိုင်မှုပုံသဏ္ဌာန်နှင့် လူမှုဆက်ဆံအခြေခံများပေါ်မှ ပေါ်ထွက်လာခြင်းဖြစ်၏။ အုပ်စိုးသူလူတန်းစားသည် ၎င်း၏ ကိုယ်ပိုင်ရှုမြင်ချက်များကို ယင်းသို့ ဖွဲ့စည်းရာ၌၊ တည်ဆဲရှုမြင်ချက်များ၊ စနစ်များကို လုံးဝပစ်ပယ်၍ ဖွဲ့စည်းခြင်း မဟုတ်ပေ။ တစ်စုံတခုသော လူတန်းစားက ဖွဲ့စည်းဖြစ်ပေါ်စေခဲ့သော ရှုမြင်ချက်များ၊ စနစ်များသည် တည်ဆဲရှုမြင်ချက်ဟောင်းများ၊ စနစ်ဟောင်းများ ဆီမှပင် ပေါ်ထွက်လာကြပြီး၊ တဆင့်တဆင့်သို့ ရောက်ရှိလာသည့် အချိန်တွင်၊ ထိုရှုမြင်ချက်ဟောင်းများ၊ ဖွဲ့စည်းမှုစနစ်ဟောင်းများနှင့် လုံးဝ လမ်းခွဲကြလေတော့သည်။ သို့ဖြင့် တစ်စုံတခုသော ခေတ်၏ ရှုမြင်ချက်များ၊ ဖွဲ့စည်းမှုစနစ်များ၏ ပုံသဏ္ဌာန်သည် ယခင်တည်ရှိခဲ့သော ရှုမြင်ချက်ဟောင်းများ၊ ဖွဲ့စည်းမှုစနစ်ဟောင်းများ၏ ပုံသဏ္ဌာန်များမှ ပေါ်ထွက်လာခဲ့ကြပေသည်။ သို့ရာတွင် ၎င်းတို့၏ အနှစ်သာရ

ကား၊ ထိုခေတ်ရှိ အုပ်စိုးသူလူတန်းစား၏ ဘဝရပ်တည်မှု အခြေအနေများမှ ပေါ်ထွက်လာကာ ၎င်းတို့ကို ထင်ဟပ်ဖော်ပြပေသည်။ သို့ဖြင့် စာပေအနုပညာ၊ ဘာသာရေး၊ အဘိဓမ္မာ၊ နိုင်ငံရေး စသည့် အပေါ်ယံအဆောက်အအုံများ၏ ဖြစ်ပေါ်တိုးတက်မှုသည် ပထမဦး ပုံသဏ္ဍာန်ဟောင်းများအား အနှစ်သာရသစ် သွင်းပေးခြင်းဖြစ်ကာ၊ နောက်မှ အနှစ်သာရသစ်၏ တောင်းဆိုချက်အရ ပုံသဏ္ဍာန်ပြောင်းလာကြခြင်း ဖြစ်ပေသည်။ ဤသည်ကို မာ့က်စ်က အောက်ပါအတိုင်း ရေးခဲ့၏။

*"စိတ်နေစိတ်ထားများ၊ တွေးထင်ချက်များ၊ တွေးခေါ်ပုံနည်းလမ်းများ၊ ဘဝရှုမြင်ချက်များ စသည့်အပေါ်ယံ အဆောက်အအုံကြီးတစ်ခုလုံးသည် ပစ္စည်းပိုင်ဆိုင်မှု ပုံသဏ္ဍာန်များ၊ ဘဝတည်မြဲမှု အခြေအနေများ စသည်တို့မှ ပေါ်ထွက်လာခြင်းဖြစ်၏။ လူတန်းစားတစ်ရပ်လုံးသည် ၎င်း၏ ရုပ်အခြေအနေများ၊ လူမှုဆက်ဆံရေးများထဲမှနေ၍ အပေါ်ယံအဆောက်အအုံကို ဖန်တီးခြင်းဖြစ်ပေသည်"*

တဖန် မာ့က်စ်နှင့် အိန်ဂျယ်လ်တို့က ၎င်းတို့၏ ဂျာမန်အယူဝါဒသဘောတရား ဟူသော ကျမ်းတွင် အောက်ပါအတိုင်း ရေးသားခဲ့ပေသည်။

*"သို့ဖြင့်၊ လူတန်းစားတစ်ခုသည် လူ့အဖွဲ့အစည်းကို လွှမ်းမိုးချယ်လှယ်သော ရုပ်အင်အားစုဖြစ်လာသည်နှင့် လွှမ်းမိုးချယ်လှယ်သော အသိဉာဏ်ပညာ အင်အားစုလည်းဖြစ်လာပေတော့သည်။ ရုပ်ဝတ္ထုထုတ်လုပ်ရေး ကြိယာများကို ပိုင်ဆိုင်သည့် လူတန်းစားသည် တပြိုင်နက်တည်းမှာပင် စိတ်ဓာတ်ထုတ်လုပ်ရေးကြိယာများ ကင်းမဲ့သူ၏ တွေးခေါ်မှုများသည် ထိုလူတန်းစား၏ လက်အောက်ခံ ဖြစ်လာလာရပေတော့သည်။"*

ဤကား အုပ်စိုးသူလူတန်းစား၏ အယူအဆများသည် လူ့အဖွဲ့အစည်းတွင် ဘယ်လို လွှမ်းမိုးလာပုံကို ပြခြင်းဖြစ်၏။ အယူအဆလွှမ်းမိုးမှုသည် လူတန်းစားလွှမ်းမိုးမှုတွင် အဓိကကျသော အချက်တစ်ရပ် ဖြစ်ပေသည်။ အုပ်စိုးသူလူတန်းစားသည် ၎င်း၏ ရုပ်ဝတ္ထုအုပ်စိုးမှုတည်မြဲရန်အတွက် လူများ၏ စိတ်ကိုလည်း လွှမ်းမိုးအုပ်စိုးထားရမည်ဖြစ်၏။ ထိုအုပ်စိုးသူလူတန်းစားသည် လူ့အဖွဲ့အစည်း၏ အသိဉာဏ်ပညာ အင်အားစုများကို ၎င်း၏ အကျိုးစီးပွားအတွက် စုစည်းထားရမည် ဖြစ်၏။ ၎င်း၏ အုပ်စိုးခြင်းသည်သာ မှန်ကန်တရားကြောင်းကို ပြဆိုသည့် တွေးခေါ်မှုများအား ဝါဒဖြန့်ချိခြင်း ပြုလုပ်မည်ဖြစ်၏။ သို့အားဖြင့် ၎င်း၏ အုပ်စိုးမှုကို ဆန့်ကျင်သည့်တွေးခေါ်မှုများကို ချေဖျက်ပစ်မည် ဖြစ်ပေသည်။

## အသိဉာဏ်ပညာရှင်များ၏အခန်းကဏ္ဍ

အုပ်စိုးသူလူတန်းစား၏ တွေးခေါ်မှုများသည် လူ့အဖွဲ့အစည်းကို အုပ်စိုးလွှမ်းမိုးနေသော တွေးခေါ်မှုများသာဖြစ်သည်ဟုဆိုရာ၌ အုပ်စိုးသူလူတန်းစားဝင်အားလုံး၊ ထိုတွေးခေါ်မှုများကို ပြုလုပ်ဖွဲ့စည်းကြသည် မဟုတ်ပေ။ စီးပွားရေးစနစ်၊ လူတန်းစားအုပ်ချုပ်ရေးစနစ်ကို ခိုင်မာအောင် ပြုလုပ်ရာ၌ အုပ်ချုပ်ရေးလုပ်ငန်း တာဝန်များသပ်သပ် လုပ်ဆောင်ရသူများရှိသကဲ့သို့ အသိဉာဏ်ပညာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရသူများ ရှိ၏။

အုပ်ချုပ်သူများနှင့် အရာရှိများသည် လူတန်းစားမဟုတ်သကဲ့သို့ အသိဉာဏ်ပညာရှင်များသည်လည်း လူတန်းစားတစ်ခု မဟုတ်ပေ။ ယင်းသို့သော တတ်ကျွမ်းသူအစိတ်အပိုင်းများသည် အကျိုးထူး အခွင့်ထူးများ ခံစားကြကာ၊ သီးခြားအစုကလေးများဖွဲ့၍ နေတတ်ကြသည်။ သို့ရာတွင် အသိဉာဏ်ပညာရှင်များသည် တစ်ချိန်တခါ၌ 'အုပ်စိုးသူလူတန်းစားကို ဆန့်ကျင်ရန်ပြုတတ်သည့်'အခါများ ရှိတတ်ပေသေးသည်။ သို့ရာတွင် လက်တွေ့ပဋိပက္ခဖြစ်လာသည့်အခါများ၌ အသိဉာဏ်ပညာရှင်များသည် တွေဝေယိမ်းယိုင်သွားတတ်ကြသည်ဟု မာ့က်စ်နှင့်အိန်ဂျယ်လ်တို့က ညွှန်ပြခဲ့ကြသည်။ အသိဉာဏ်ပညာပညာရှင်သည် သီးခြားသော လူတန်းစားအကျိုးစီးပွားရှိသည့် လူတန်းစားများအနက်၊ လူတန်းစားတစ်ခုခု၏ အသိဉာဏ်ပညာဆိုင်ရာကိုယ်စားလှယ်၊ အတွေးအခေါ် ကိုယ်စားလှယ်မျှသာ ဖြစ်ပေသည်။

လူမှုပြောင်းလဲမှုတွင် တက်ကြွစွာ ပါဝင်သည့် လူတန်းစားတိုင်း၌၊ ၎င်း၏ အသိဉာဏ်ပညာဆိုင်ရာ ကိုယ်စားလှယ်များ ရှိပေသည်။ အုပ်စိုးသော လူတန်းစားတွင် အသိဉာဏ်ပညာဆိုင်ရာ ကေဒါများ ရှိပေသည်။ ၎င်းတို့သည် တစ်စုံတခုသော ခေတ်ကာလတစ်ခု၌ လူ့အဖွဲ့အစည်း၏ လွှမ်းမိုးသော အသိဉာဏ်ပညာဆိုင်ရာ အင်အားစုဖြစ်လာကြကာ၊ စိတ်နေစိတ်ထားများ၊ တွေးထင်ချက်များ၊ ဘဝရှုမြင်ချက်များ၊ အတွေးအခေါ်များကို ဖွင့်ဆိုတိုးချဲ့ကြပေသည်။

ယနေ့ခေတ်တွင် အသိဉာဏ်ပညာရှင်အမျိုးမျိုး၊ တွေ့ကြုံမှုပညာရှင် အသီးသီးတို့သည် သူတို့ကိုယ်စားပြုသော လူတန်းစားအတွက်၊ တွေးခေါ်မှုများ၊ အသိဉာဏ်ပညာများကို ဖွဲ့စည်းပေးနေကြသည်။ ဘုရားမဲ့ဝါဒသမားများနှင့် ခရစ်ယာန်များသည် ၎င်း၊ ဆိုရှယ်ဒီမိုကရက်များနှင့် ကွန်ဖာဆေးတစ်များသည်၎င်း၊ သူတို့အားလုံးသည် အရင်းရှင်လူတန်းစားကို ကိုယ်စားပြုကြ၏။ ထို့ကြောင့် သူတို့သည် အရင်းရှင်စနစ်ဘက်မှ နေ၍ ရှုမြင်ချက်များ၊ အတွေးအခေါ်များကို ထုတ်လုပ်ပေးနေကြပေသည်။

၁၈၄၈ ခု ပြင်သစ်ဓနရှင်ပေါက်စ လူတန်းစား၏ စာပေနှင့် နိုင်ငံရေးကိုယ်စားလှယ်များနှင့်ပတ်သတ်သည့် ရေးသားထားချက်ထဲ၌ အသိဉာဏ်ပညာရှင်နှင့် ၎င်းတို့ ကိုယ်စားပြုသည့် လူတန်းစားတို့ မည်သို့မည်ပုံ ဆက်သွယ်နေသည်ကို မာ့က်စ်က အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့ဖူးပေသည်။

> *"ဤကုန်စုံဆိုင်ရှင်ကလေးများ(ဓနရှင်ပေါက်စများ)၏ သဘောတရားရေးဆရာများအားလုံးသည် ဆိုင်ပိုင်ရှင်ကလေးများ။ သို့မဟုတ် ဆိုင်ပိုင်ရှင်ကလေးများ၏ ရှေ့နေရှေ့ရပ်များချည်း မဟုတ်ပေ။ ပညာအရည်အချင်း အရသာ ကြည့်မယ်ဆိုလျှင်၊ ကုန်စုံဆိုင်ရှင်ကလေးများ (ဓနရှင်ပေါက်စများ)နှင့် ၎င်းတို့၏ သဘောတရားရေးဆရာများ၏ အရည်အချင်းသည် မိုးနှင့် မြေကြီးလို ကွာခြားလှပေသည်။ သို့ရာတွင် သူတို့သည် ဓနရှင်ပေါက်စ လူတန်းစား၏ ကိုယ်စားလှယ်များဖြစ်လာရခြင်းမှာ၊ သူတို့၏ စိတ်ကူးမျှော်မှန်းချက်နှင့် ဓနရှင်ပေါက်စလူတန်းစား၏ ရုပ်ဘဝအဖြစ်အပျက်သည် တထပ်တည်းကျနေသောကြောင့် ဖြစ်ပေသည်။ ဓနရှင်ပေါက်စ လူတန်းစားက ရုပ်ဘဝတွင်တွေ့ရသည့် ပြဿနာမျိုးများကို သူတို့၏ စိတ်ဘဝတွင် တွေ့ရှိနေသောကြောင့်ဖြစ်ပေသည်။ သို့ဖြင့် ဓနရှင်ပေါက်စ လူတန်းစားနှင့် ၎င်း၏ သဘောတရားရေးဆရာများသည် တူညီသော ပြဿနာများကို ကြုံတွေ့လာကြခြင်းဖြင့် တပေါင်းတစည်းတည်း ဖြစ်လာပေသည်။"*

သို့ဖြစ်ရာ၊ အုပ်စိုးသူလူတန်းစား၏ အသိဉာဏ်ပညာရှင်များအားလုံးသည် အုပ်စိုးသူလူတန်းစားဝင်များချည်း မဟုတ်ကြပေ။ သူတို့အားလုံးသည် အုပ်စိုးသူလူတန်းစားထဲမှ ပေါက်ဖွားလာကြကာ၊ အုပ်စိုးသူလူတန်းစားအခွင့်အရေးများကို ခံစားနေကြခြင်း မဟုတ်ပေ။ မြေရှင်ပဒေသရာဇ်ခေတ်က၊ ပဒေသရာဇ်များ၏ အသိဉာဏ်ပညာရှင်များသည် လယ်သမားထဲမှ အများအပြား ပေါ်ထွက်လာခဲ့ဖူး၏။ အရင်းရှင်လူတန်းစား၏ အသိဉာဏ်ပညာရှင် အများအပြားသည်လည်း ဓနရှင်ပေါက်စလူတန်းစားထဲမှ ပေါ်ထွက်လာခဲ့ကြဖူး၏။ အချို့မှာ အလုပ်သမားများထဲမှပင် ပါဝင်ကြပေသည်။ ထို့ကြောင့် *'အုပ်စိုးသူလူတန်းစားသည် အုပ်စိုးခြင်းခံရသူ လူတန်းစားထဲမှ တော်သော ပုဂ္ဂိုလ်များကို မွေးထုတ်အသုံးချတတ်လေလေ၊ ၎င်းသည် ကြောက်စရာကောင်းလေလေ'* ဟု မာ့က်စ်က ပြောခဲ့ခြင်းဖြစ်ပေသည်။

သို့ရာတွင် တစ်ချိန်တခါတွင်လည်း အသိဉာဏ်ပညာရှင်လည်း တော်လှန်

သော လူတန်းစားဘက်သို့ ပါလာသည့်အခါလည်း ရှိပေသည်။ အုပ်စိုးသူလူတန်းစားသည် ပြိုကွဲပျက်စီးလျက်ရှိပြီး လူတန်းစားတစ်ခု အသစ်ပေါ်ထွန်းလာသည့် တစ်ချိန်တခါတွင် အုပ်စိုးသူလူတန်းစားအနွယ်ထဲမှ အသိဉာဏ်ပညာရှင်များ တော်လှန်သောလူတန်းစားဘက်သို့ ပါလာသည့်အခါလည်း ရှိတတ်ပေသေးသည်။ လူတန်းစားတိုင်းတွင် ၎င်းတို့၏ အသိဉာဏ်ပညာ ကိုယ်စားလှယ်များ ရှိတတ်၏။ ထို့ကြောင့် လူတန်းစားအားလုံး ပါဝင်လှုပ်ရှားသည့် ကြီးမားသော လူမှုပြောင်းလဲမှုကြီးများ ပေါ်ပေါက်လာသည့်အခါမျိုးတွင်၊ အသိဉာဏ်ပညာရှင်များအားလုံးသည်လည်း စုပေါင်းပါဝင်လာကြကာ၊ ကြီးကျယ်သည့် တီထွင်ဖန်တီးသော တွေးခေါ်မှုများသည်လည်း ပေါ်ပေါက်လာကြ၏။ ထိုအချိန်တွင် အသိဉာဏ်ပညာဘဝသည် လူတန်းစားတစ်ခုကိုသာမကတော့ဘဲ၊ လူတန်းစားအားလုံးကို ကိုယ်စားပြုလာပေသည်။

လူမှုစနစ်တစ်ရပ်ကို ခေါင်းဆောင်နေသည့် လူတန်းစားသည် ၎င်း၏တွေးခေါ်မှုများကို စနစ်တကျ ပြုလုပ်ဖွဲ့စည်းရုံးမှုနှင့် မလုံလောက်သေးပေ။ ၎င်းတွေးခေါ်မှုများကို လူ့အဖွဲ့အစည်းတစ်ရပ်လုံးက လက်ခံလာအောင် လုပ်ရန်လည်း လိုအပ်ပေသေး၏။ ဤနေရာတွင် တော်လှန်သော အသိဉာဏ်ပညာရှင်များ၊ တော်လှန်သော အတွေးအခေါ် တော်လှန်သော ဝါဒဖြန့်ချီမှု စသည့် အခန်းကဏ္ဍသည် များစွာ အရေးကြီးပေသည်။ လူမှုစနစ်ဟောင်း ပြိုလဲနေသောအချိန်တွင်၊ အုပ်စိုးသူလူတန်းစား၏ တွေးခေါ်မှုသည်လည်း အစွမ်းသတ္တိ လျော့နည်းလာ၏။ ပြည်သူများ၏ ပိုင်းပယ်ခြင်းကို ခံလာခဲ့ရ၏။ မြေရှင်ပဒေသရာဇ်စနစ်နှင့် အရင်းရှင်စနစ်သည် ဤနည်းအတိုင်း ကျဆုံးလာခဲ့ကြပေ၏။ ဤအခါတွင် အုပ်စိုးသူလူတန်းစားသည် အကြောက်အကန် ခုခံကာ၊ တွေးခေါ်မှုသစ်များ၊ ရှုမြင်ချက်သစ်များကို 'အန္တရာယ်'ရှိသည်ဟု ယူဆလာကြတော့သည်။ အခြားတဘက်တွင်ကား၊ ပေါ်ထွန်းနေသော၊ သစ်လွင်သော တော်လှန်သော လူတန်းစားသည် စနစ်ဟောင်းကို ဆန့်ကျင်သော လှုပ်ရှားမှုကြီးတစ်ခုလုံးကို ခေါင်းဆောင်ပေသည်။

## အပေါ်ယံအဆောက်အအုံပုံသဏ္ဍာန်ပြောင်းလဲပုံ

ယင်းသို့ တော်လှန်ရေးကျသော ကာလများတွင်၊ ရုပ်ကျသော ကုန်လုပ်စွမ်းအားစုများသည် တည်ဆဲကုန်လုပ်ဆက်ဆံရေးများနှင့် ပဋိပက္ခဖြစ်လာကြ၏။ ထို့ကြောင့် တည်ဆဲပစ္စည်းပိုင်ဆိုင်မှုအခြေခံ၊ စီးပွားရေးအခြေခံပေါ်တွင် တည်ဆောက်ထားသော အပေါ်ယံအဆောက်အအုံသည်လည်း ယိုင်လဲစပြုလာပေသည်။ ထိုအခါများ၌ ယခင် ရုပ်ကျသော ကုန်လုပ်စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်မှုကို အကျိုးပြုခဲ့သော ပစ္စည်း

ပိုင်ဆိုင်မှု ဆက်ဆံရေးသည် ကုန်လုပ်စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်မှုကို အကျိုးပြုခဲ့သော ပစ္စည်းပိုင်ဆိုင်မှုဆက်ဆံရေးသည် ကုန်လုပ်စွမ်းအားစုများ တိုးတက်မှုကို အဟန့်အတား ပြုလာတော့၏။ လူမှုစိတ်ဓာတ် စသည့် အပေါ်ယံ အဆောက်အအုံသည်လည်း ခေတ်မမီတော့ဘဲ ဖြစ်လာ၏။ သစ်လွင်သော၊ တော်လှန်သော တွေးခေါ်မှုများလည်း ပေါ်ပေါက်လာလေတော့သည်။ ဤသည်ကို မာ့က်စ်နှင့် အိန်ဂျယ်လ်စ်တို့က အောက်ပါ အတိုင်း ပြောခဲ့၏။

*"လူ့အဖွဲ့အစည်းကို တော်လှန်ပြောင်းလဲပစ်သည့် တွေးခေါ်မှုများကို လူများက ပြောလာသည့်အခါတိုင်း၊ ၎င်းတို့စကားများ၏ အဓိပ္ပာယ်မှာ လူ့အဖွဲ့ဟောင်းရှိ တည်ရှိမှုအခြေအနေဟောင်းများ ပျက်စီးသည်နှင့်အတူ၊ တွေးခေါ်မှုဟောင်းများလည်း ပျက်စီးလျက်ရှိကြောင်း၊ ၎င်းတို့နေရာတွင် တွေးခေါ်မှုသစ်များ ဝင်ရောက်လာခြင်းဖြစ်ကြောင်း ရည်ရွယ်ရင်းဖြစ်ပေသည်။ တော်လှန်သော တွေးခေါ်မှုတစ်ရပ် ပေါ်ပေါက်လာခြင်းသည် တော်လှန်သော လူတန်းစားတစ်ရပ် ပေါ်ပေါက်လာခြင်း၏ ရှေ့ပြေးနိမိတ် ဖြစ်ပေသည်"*

လူမှုအသွင်သဏ္ဍာန် ပြောင်းလဲမှု (စီးပွားရေးစနစ် ပြောင်းလဲမှု) ကို ဖြစ်ပေါ်စေသည့် လူတန်းစားတိုက်ပွဲသည် ကုန်လုပ်ဆက်ဆံရေးစနစ်ထဲ၌ နေရာအသီးသီးတွင် ရောက်ရှိနေကြသော လူတန်းစားများ၏ စီးပွားရေးအကျိုးများ၏ ပဋိပက္ခများကို အခြေခံ၍ ထွက်ပေါ်လာခြင်း ဖြစ်၏။ ထို့ကြောင့် လူတန်းစားတိုက်ပွဲသည် အခြေခံ၌ စီးပွားရေး သဘောကို ဆောင်၏။ သို့ရာတွင် နိုင်ငံရေးနှင့် တရားဥပဒေများနယ်တွင်၎င်း၊ ဘာသာ ရေးနှင့် အဘိဓမ္မာနယ်ပယ်တွင်၎င်း၊ စာပေနှင့် အနုပညာနယ်ပယ်တွင်၎င်း၊ အားလုံးသော နယ်ပယ်များ၌လည်း၊ လူတန်းစားတိုက်ပွဲသည် ဖြစ်ပွားလျက် ရှိပေသည်။ လူတန်းစား တစ်ခုက အခြားတစ်ခုအား စီးပွားရေးဖြင့် ဖိနှိပ်ခြင်း၊ အာဏာဖြင့် ဖိနှိပ်ခြင်း စသည့် နည်းတို့ဖြင့်သာ လူတန်းစားတိုက်ပွဲသည် ဖြစ်ပွားနေရုံမက၊ တွေးခေါ်မှုပဋိပက္ခများ ဖြစ်ပွားသည့်နည်းဖြင့်လည်း လူတန်းစားတိုက်ပွဲသည် ဖြစ်ပွားလျက် ရှိပေသည်။ အိန် ဂျယ်လ်စ်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*"နိုင်ငံရေး၊ ဘာသာရေး၊ အဘိဓမ္မာ သို့မဟုတ်၊ မည်သည့် အယူအဆ နယ်ပယ်တွင်မဆို ဖြစ်ပွားသည့်သမိုင်းဆိုင်ရာတိုက်ပွဲအားလုံးတို့သည်၊ အမှန်အား ဖြင့်၊ လူမှုလူတန်းစားများ၏ တိုက်ပွဲကို ထင်ရှားဖော်ပြခြင်းသာ ဖြစ်ပေသည်။ တဖန်၊ ထိုလူတန်းစားများ၏ တည်ရှိမှု၊ တိုက်ခတ်မှု စသည်တို့ကိုလည်း*

*စီးပွားရေးအခြေအနေ ဖြစ်ပေါ်မှုအဆင့်က ဆုံးဖြတ်ဖန်တီးပေသည်။''*

ထို့ကြောင့် ကုန်လုပ်ဆက်ဆံရေးနှင့် ၎င်းနှင့်ညီသော စိတ်ဓာတ်ပုံသဏ္ဌာန်များကြားတွင် ကွဲပြားခြားနားမှု ရှိသကဲ့သို့ ရန်ဘက်ကျသော လူတန်းစားများ၏ ရုပ်ကျသော လူတန်းစားများ၏ ရုပ်ကျသော စီးပွားရေးအကျိုးများကြားထဲတွင်လည်း ကွဲပြားခြားနားမှုများ ရှိကြ၏။ သို့ရာတွင် အဆုံးအဖြတ်ပြုရမည့်ကာလသို့ ရောက်သည့်အခါ၌ မျက်နှာပြင်အောက်တွင်ရှိနေသော စီးပွားရေးအကျိုးများ၊ ရည်မှန်းချက်များသည် ဘွားဘွားကြီး ပေါ်လာကြပေသည်။ ယင်းနှင့်ပတ်သတ်၍ မာ့က်စ်က ရေးခဲ့၏။

*''လူတစ်ယောက်၏ ဘဝကိုကြည့်မြင်ရာ၌ ထိုလူ ဘာပြောသလဲဆိုသည့်အချက်(အပြော)နှင့် ထိုလူ ဘာလုပ်သလဲဆိုသည့်အချက် (အလုပ်)ကို ခွဲခြားကြည့်ရန်လိုသကဲ့သို့ သမိုင်းဆိုင်ရာတိုက်ပွဲများကို ကြည့်မြင်ရာတွင်လည်း နိုင်ငံရေးပါတီများ၏ စကားလုံးများ၊ စိတ်ကူးများနှင့် ထိုပါတီများ၏ တကယ့်အကျိုးစီးပွားများကို ခွဲခြားကြည့်ရန်လိုပေသည်။ သို့ဖြင့် အင်္ဂလန်တိုရီပါတီဝင်များသည် ဧကရာဇ်စနစ်၊ ခရစ်ယာန်သာသနာနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အစဉ်အလာများကို ခင်မင်တွယ်တာပါသည်ဟု ဆိုကြသော်လည်း၊ တကယ်အကြပ်တည်း တွေ့လာသောအခါတွင် သူတို့စိတ်ကူးမျှော်မှန်းခဲ့သော အရာမှာ ထိုအရာများမဟုတ်ဘဲ မြေပိုင်ရှင်များ မြေငှားခရရေးသာ ဖြစ်ပေသည်။''*

လူတန်းစားတိုက်ပွဲများကြောင့် အုပ်စိုးသူလူတန်းစားဟောင်းကျဆုံးသည့်အချိန်၌ စီးပွားရေးအခြေခံ အဆောက်အအုံပြောင်းသည်နှင့်အတူ အပေါ်ယံ အဆောက်အအုံကြီးတစ်ရပ်လုံးသည်လည်း ပြောင်းလဲသွားရပေသည်။ စီးပွားရေးနယ်တွင် အုံကြွမှုများ၊ အခြေခံလူမှုဆက်ဆံရေးနယ်ပယ်တွင် အုံကြွမှုများ စသည်တို့ကြောင့်၊ လူ့အဖွဲ့အစည်း၏ တွေးခေါ်မှုများ၊ စနစ်များစသည့် လူမှုစိတ်ဓာတ်နယ်ပယ်တစ်ရပ်လုံးတွင်လည်း အုံကြွမှုများ ပေါ်ပေါက်လာ၏။ ကုန်လုပ်ဆက်ဆံရေး၏လူမှုအခြေခံ၌ အသစ်သည် အဟောင်းကို အနိုင်ယူသကဲ့သို့ ရှုမြင်ချက်များ၊ စနစ်များ စသည့် အပေါ်ယံအဆောက်အအုံတစ်ခုလုံးတွင်လည်း အသစ်သည် အဟောင်းကို အနိုင်ယူရန် လိုအပ်ပေသည်။ ဆက်ဆံရေးဟောင်းများကို သုတ်သင်ရှင်းလင်းပြီးနောက်၊ အသစ်ကို ပုံဖော်ရန်၊ ခိုင်မာအောင် လုပ်ရန်အတွက် ရှုမြင်ချက်များ၊ စနစ်များ ပြောင်းလဲမှုသည် လိုအပ်ပေသည်။ ယင်းသို့ အဟောင်းကို ငြင်းဖျက်ခြင်းအားဖြင့်သာလျှင်၊ ကုန်လုပ်ဆက်ဆံရေးဖြစ်စဉ် ဖွံ့ဖြိုးမှုသည် ဖြစ်နိုင်ပေလိမ့်မည်။ မာ့က်စ်က အောက်ပါအတိုင်း ရေးခဲ့၏။

“လူသည် သူအောင်မြင်ရရှိထားသည့် အရာကိုဘ ယ်တော့မှ မစွန့်လွှတ်ပေ။ သို့ရာတွင် ကုန်လုပ်စွမ်းအားစုများကို ရရှိအောင် ပြုလုပ်ပေးလိုက်သည့် လူမှုပုံသဏ္ဌာန်ကိုကား စွန့်ပစ်တတ်လေသည်။ ဆိုလိုသည်မှာ ကုန်လုပ်စွမ်းအားစုများသည် ၎င်းတို့ကို မွေးထုတ်ပေးလိုက်သော လူမှုပုံသဏ္ဌာန်နှင့် ကိုက်ညီခြင်းမရှိတော့ဘဲ ဖြစ်လာသည်နှင့်တပြိုင်နက်၊ ထိုလူမှုပုံသဏ္ဌာန်ကို ဖျက်ဆီးပြောင်းလဲ ပစ်လိုက်တော့သည်။”

ယင်းသို့ အစဉ်အလာလူမှုပုံသဏ္ဌာန်ကို ဖျက်ဆီးလိုက်ပြီးနောက်၊ လူသည် လူမှုပုံသဏ္ဌာန်ထဲတွင် ပါဝင်သည့် ‘ယဉ်ကျေးသော အသီးအပွင့်များ’ ကိုမူ ထိန်းသိမ်းထားလိုက်၏။ မသင့်လျော်သော အရာများကို ဖျက်လိုက်ပြီး၊ သင့်လျော်သောအရာများကို ထိန်းသိမ်းထားလိုက်၏။ ထိုအဟောင်းထဲမှ ထိန်းသိမ်းထားလိုက်သော အနှစ်သာရများကို ပုံသဏ္ဌာန်သစ်များဖြင့် မွမ်းမံထားလိုက်လေသည်။ သို့ဖြင့် ကုန်လုပ်ရေးနှင့်တကွ ယဉ်ကျေးမှု အစရှိသည့်အရာများသည် အဟောင်းထဲမှ အကောင်းများကို ထိန်းသိမ်းထားခြင်းဖြစ်ပြီး၊ ထိုသို့ ထိန်းသိမ်းထားသော အဟောင်းထဲမှ အကောင်းကို ပုံသဏ္ဌာန်သစ်များဖြင့် မွမ်းမံထားခြင်းဖြင့် တိုးတက်ဖွံ့ဖြိုးလာကြခြင်းဖြစ်၏။

**စနစ်များ၊ တွေးခေါ်မှုများနှင့် လူတန်းစားများ။**

သို့ဖြစ်လျှင်၊ အခြေခံအဆောက်အအုံနှင့် အပေါ်ယံ အဆောက်အအုံတို့နှင့် ပတ်သတ်သည့် မာ့က်စ်ဝါဒသဘောတရားမှ မည်သည့်ကောက်ချက်များကို ထွက်ပေါ်လာသနည်း။

ပထမအချက်အားဖြင့် လူ့အဖွဲ့အစည်းတွင် လွှမ်းမိုးနေသည့် ရှုမြင်ချက်များနှင့် စနစ်များသည် တစုံတခုသော စီးပွားရေးအဆောက်အအုံ၏ ထုတ်ကုန်ပစ္စည်းဖြစ်သည်ဆိုလျှင်၊ ၎င်းရှုမြင်ချက်များနှင့် စနစ်များသည်လည်း ၎င်းတို့ အခြေခံသည့် လူမှုစနစ်များနှင့်အညီ ပြောင်းလဲရမည်ဟု အဓိပ္ပာယ်ထွက်၏။ ၎င်းတို့သည် ထာဝရသစ္စာကို ဖော်ပြခြင်း မပြုနိုင်၊ ထာဝရမတည်နိုင်ဟု အဓိပ္ပာယ်ထွက်၏။ လူ့အဖွဲ့အစည်းရှိ တစုံတခုသော စီးပွားရေးအဆောက်အအုံနှင့် ကိုက်ညီအံကျသောအမြင်များ၊ အကျိုးစီးပွားများကိုသာ ဖော်ပြခြင်းပြုနိုင်သည်ဟု အဓိပ္ပာယ်ထွက်၏။ ထို့ပြင် ဤအမြင်၊ ဤအကျိုးစီးပွားများသည်လည်း လူတန်းစားကွဲသည့် လူ့အဖွဲ့အစည်း၌ သွေးစုတ်ချယ်လှယ်သော အုပ်စိုးသူလူတန်းစား၏အမြင်၊ အကျိုးစီးပွားမျှသာဖြစ်သည်ဟု အဓိပ္ပာယ်ထွက်၏။

ရှေးရောမတိုင်းသားများခေတ်ကဆိုလျှင်၊ ၎င်းတို့၏ တရားဥပဒေကို ထာဝရ

ဘုရားသခင်၏ ဗျာဒိတ်ထားခြင်းခံရသူများက ပြဋ္ဌာန်းခဲ့သည်ဟု ယူဆခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့၏ တရားဥပဒေများသည်လည်း ပြောင်းလဲခြင်း မရှိနိုင်၊ ထာဝရတည် နိုင်သည်ဟု ယူဆခဲ့ကြသည်။ သို့ရာတွင် မာ့က်စ်ဝါဒအမြင်တွင်မူ ယင်းတရားဥပဒေ များသည် ကျေးပိုင်ကျွန်ပိုင်လူ့အဖွဲ့အစည်း၏ တရားဥပဒေများသာဖြစ်သည်ဟု ယူဆ သည်။ ပိုင်ဆိုင်သူလူတန်းစားများ၏ အကျိုးအခွင့်များကိုသာ ကာကွယ်ပေးသည့် တရားဥပဒေများဟု မာ့က်စ်ဝါဒက မြင်သည်။ အလားတူပင် ယနေ့ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုရှိ စနစ်များသည် ခရစ်ယာန်သာသနာ၏ အဆုံးအမ၊ ဒေသနာကို အကောင်အထည်ဖော်ခြင်း၊ အနောက်တိုင်း၏ တန်ဖိုးများကို အကောင်အထည်ဖော်ခြင်း၊ ပုဂ္ဂိုလ်လွတ်လပ်ခွင့်ကို အကောင်အထည်ဖော်ခြင်းဖြစ်သည်ဟု ဆိုကြ၏။ ထို့ကြောင့် ၎င်းတို့သည်လည်း ထာဝရတည်သောအရာ၊ ပြောင်းလဲခြင်းမရှိနိုင်သော အရာဖြစ်သည် ဟု ဆိုကြသည်။ မာ့က်စ်ဝါဒအမြင်၌မူ ၎င်းတို့အားလုံးသည် အရင်းရှင်စီးပွားရေးစနစ်ကို အခြေခံသော အရင်းရှင်လူ့အဖွဲ့အစည်း၏ စနစ်များသာဖြစ်၍ အုပ်စိုးသော အရင်းရှင် လူတန်းစား၏အကျိုးစီးပွားများကို ဖော်ပြချက်များသာဖြစ်သည်ဟု ယူဆ၏။ ခရစ်ယာန် သာသနာ၏ဒေသနာ၊ အနောက်တိုင်း၏ တန်ဖိုး၊ ပုဂ္ဂိုလ်လွတ်လပ်ခွင့် စသည်တို့ကား၊ အချုပ်၌ အရင်းရှင်အဆုံးအမ၊ အရင်းရှင်တန်ဖိုး၊ အရင်းရှင်ပုဂ္ဂိုလ်လွတ်လပ်မှုမျှသာ ဖြစ်သည်ဟု မာ့က်စ်ဝါဒက ယူဆပေသည်။

ထို့ကြောင့်၊ မာ့က်စ်ဝါဒက စနစ်များ၊ တွေးခေါ်မှုများ၏အခြေခံသည် စီးပွားရေး အခြေခံ၊ လူတန်းစားအခြေခံဖြစ်သည်ဟုယူဆကာ ဖွဲ့စည်းမှုစနစ်၊ တွေးခေါ်မှုများသည် လည်း 'မြတ်သောအရာ'များဖြစ်သည်ဟု မယူဆခြင်းဖြစ်ပေသည်။ ဤသည်ကို လီနင် က အောက်ပါအတိုင်းရေးခဲ့၏။

*"လူကျင့်ဝတ်၊ ဘာသာရေး၊ နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ စကားလုံးများ၊ ကြွေကြော်ချက်ချက်များ၊ ကတိဝန်ခံချက်များနောက်ကွယ်တွင် လူတန်းစားများ ၏ အကျိုးစီးပွားများရှိသည်ကို တွေ့မြင်ခြင်းမရှိသေးသမျှ ကာလပတ်လုံး၊ လူများသည် လိမ်လည်ခြင်းနှင့် ကိုယ့်ကိုယ်ကို လိမ်လည်ခြင်း၏ မိုက်မဲတွေ ဝေသော သားကောင်များသာဖြစ်နေပေလိမ့်ဦးမည်။ ဟောင်းနွမ်းသော စနစ်တိုင်းသည် အုပ်စိုးသူလူတန်းစားများ၏ အတင်းအကြပ်ပြုမှုသောကြောင့် တည်ရှိနေသည်ကို မမြင်သေးသမျှ ကာလပတ်လုံး၊ ပြုပြင်ပြောင်းလဲရေးကို ထောက်ခံကြသူများသည်လည်း စနစ်ဟောင်းကို ကာကွယ်သူများ၏ လိမ် လည်ခြင်းကို ခံနေကြရဦးမည်သာဖြစ်ပေသည်၊ ဤလူတန်းစားများ၏ ခုခံမှု*

*ကို ရိုက်ချိုးရန်မှာ နည်းလမ်းတစ်ခုသာရှိ၏။ ၎င်းကား မိမိ၏ လူမှုအနေ အထားအရ၊ စနစ်ဟောင်းကို ရှင်းလင်းပြီး စနစ်သစ်ကို ထူထောင်မည့် အင်အားစုများကို ရှာဖွေရန်၊ ပညာပေးရန်နှင့် တိုက်ပွဲအတွက် စည်းရုံး လှုံ့ဆော်ရန်ပင် ဖြစ်ပေသည်။*

လူတန်းစားများသည်လည်း တည်ဆဲလူမှုစနစ်ကို မကျေမနပ်ဖြစ်လာသည့် အခါတွင်၊ ထိုစနစ်ကို ဆန့်ကျင်တိုက်ခိုက်လာကြ၏။ သို့နှင့် တပြိုင်နက်တည်းမှာပင် တည်ဆဲစနစ်ကို ကာကွယ်ပေးနေသည့်စနစ်များ၊ တရားဥပဒေများ၊ ထုံးစံများ၊ မူများ၊ ရှုမြင်ချက်များကို တွေ့ရှိလာကာ၊ ထိုအရာအားလုံးသည် သူတို့အား နှိပ်ကွပ်နေသည် ကို တွေ့လာရပေသည်။

သို့ဖြင့် ပေါ်ထွန်းစအချိန်က၊ အင်္ဂလိပ်ဓနရှင်သည် ပထမမြောက်ချားလ်(စ်) ဘုရင်နောက်လိုက် ဘုရင့်ဂိုဏ်းသားများ၏ ခုခံကာကွယ်မှုကို တွေ့ခဲ့ရလေသည်။ အင်္ဂလိပ်ဓနရှင်၏ စီးပွားရေးနယ်ချဲ့မှုသည် ဘုရင့်လက်ဝါးကြီးအုပ်လုပ်ငန်းများ၊ ဘဏ္ဍာ တော်ခွန်များ၏ ဖိနှိပ်မှုကို ကြုံတွေ့ခဲ့လာရလေသည်။ ထို့ကြောင့်အင်္ဂလိပ်ဓနရှင်သည် ထိုအရာများကို ဖယ်ရှားရန်ကြိုးစားရင်းဖြင့် အစိုးရနှင့်၎င်း၊ တရားဥပဒေများနှင့်၎င်း အတိုက်အခံဖြစ်လာလေတော့သည်။ ထို့ကြောင့် အင်္ဂလိပ်ဓနရှင်သည် သာသနာပိုင်များ၊ ဘုရင့်ဂိုဏ်းဝင်ပညာရှင်များက 'ထာဝရဘုရားသခင်ကပေးသော အခွင့်အာဏာ'ကို ချိုးဖောက်သူအဖြစ် ရှုံ့ချခံခဲ့ရခြင်းဖြစ်လေသည်။

အလားတူပင် ယနေ့အရင်းရှင်နိုင်ငံများရှိ အလုပ်သမားလူတန်းစားသည် လုပ်ခပိုရရေး၊ အလုပ်ချိန်လျှော့ရေးအတွက် တိုက်ခိုက်လာသည့်တွင် အရင်းရှင်လူတန်း စား၏ တရားဥပဒေများ၊ စနစ်များ၏ ခုခံဖိနှိပ်မှုကို ကြုံတွေ့လာရလေတော့သည်။ သူတို့ကိုယ်စားပြုခွင့်မရှိသော ဖိနှိပ်မှုကို ကြုံတွေ့လာရလေတော့သည်။

ယေဘုယျအားဖြင့်ဆိုလျှင်၊ အုပ်စိုးသူလူတန်းစားကို မိမိ၏ အကျိုးစီးပွားနှင့် အညီ အတိုက်အခံပြုလာသည့် လူတန်းစားသည် အုပ်စိုးသူလူတန်းစား၏စနစ်များ၊ တွေးခေါ်မှုများနှင့်လည်း အတိုက်အခံပြုလာရလေတော့သည်။ လူ့အဖွဲ့အစည်း၏ တည် ဆဲစနစ်များ၊ တွေးခေါ်မှုများသည် ထိုလူ့အဖွဲ့အစည်း၏ စီးပွားရေးအဆောက်အအုံ၊ ထိုအဆောက်အအုံကို စိုးမိုးနေသည့် အုပ်စိုးသူလူတန်းစား၏ အကျိုးစီးပွား စသည်တို့ကို ကာကွယ်သည့်တာဝန်ကို လုပ်ဆောင်ကြောင်း လူတန်းစားတိုက်ပွဲများ၏သမိုင်းက ပြသခဲ့ပြီးဖြစ်ပေသည်။

ထို့ကြောင့် နောက်ကွယ်ရှိ လူတန်းစားအကျိုးစီးပွားများ၊ ရုပ်ဝတ္ထု အကျိုးစီး

ပွားများ၊ စီးပွားရေးအကျိုးများနှင့်တကွ ကြေငြာချက်များ၊ မူများ၊ စနစ်များနှင့် ပေါ်လစီများအားလုံးကို ကြည့်ရန် မာ့က်စ်ဝါဒက သင်ကြားခဲ့ခြင်းဖြစ်၏။ အလုပ်သမားလူတန်းစားအားဆန့်ကျင်၍ အရင်းရှင်လူတန်းစားအား အကျိုးပြုသည့် ရှုမြင်ချက်များ၊ စနစ်များကို လေးစားခြင်း မပြုရုံမက၊ ဖျက်ဆီးပစ်ရန် မာ့က်စ်ဝါဒက သင်ကြားခဲ့၏။ အလုပ်သမားလူတန်းစားက ခေါင်းဆောင်သည့်အလုပ်လုပ်သော ပြည်သူများ၏ ကျယ်ပြန့်သော မဟာမိတ်ဖွဲ့အဖြစ် စုစည်းနိုင်ရေးအတွက်၎င်း၊ တွေးခေါ်မှုသစ်များ၊ စနစ်သစ်များအတွက်၎င်း တိုက်ခိုက်ရန် မာ့က်စ်ဝါဒက သင်ကြားခဲ့၏။ အရင်းရှင်၏ အာဏာကို ချိုးဖျက်၍ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းကို တည်ဆောက်ရန် မာ့က်စ်ဝါဒက သင်ကြားခဲ့၏။

ထို့ကြောင့်၊ အခြေခံအဆောက်အအုံနှင့် အပေါ်ယံအဆောက်အအုံတို့ ဆက်သွယ်ပုံနှင့်ပတ်သတ်သည့် မာ့က်စ်ဝါဒသဘောတရား၏ ဒုတိယနိဂုံးချုပ်ချယ်သည့် လူ့အဖွဲ့အစည်းပြောင်းလဲရေးတွင် တော်လှန်သော တွေးခေါ်မှုသစ်များ၊ စနစ်သစ်များ၏ အရေးပါအရာရောက်သော အခန်းကဏ္ဍနှင့် သက်ဆိုင်ပေသည်။

အပိုင်း(၃)

# ဆိုရှယ်လစ်စနစ်နှင့်ကွန်မြူနစ်စနစ်

## အခန်း(၉)
## ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ပါတီ

ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ အခြေခံမှာ ကုန်လုပ်ကိရိယာများကို ဘုံပိုင်ဆိုင်ခြင်းဖြစ်သည်။ အလုပ်လုပ်သော ပြည်သူများသည် အုပ်စိုးသူဖြစ်သည်။ ထို့အဖွဲ့အစည်းတွင် သွေးစုတ်ချယ်လှယ်မှုမရှိ၊ ကုန်လုပ်ရေး၏ ရည်ရွယ်ချက်မှာ သူ့အလိုဆန္ဒများကို ဖြည့်စွမ်းရန်ဖြစ်သည်။

ဆိုရှယ်လစ်စနစ်သည် ကွန်မြူနစ်စနစ်၏ ပထမဆင့်ဖြစ်သည်။ ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေးတွင် အောက်ပါအဆင့်များ ပါဝင်သည်။

၁။ မိမိအလုပ်အလျောက် အကျိုးခံစားခွင့်ရှိသောအဆင့်မှ မိမိ၏ အလိုဆန္ဒအလျောက် အကျိုးခံစားခွင့်ရှိသော အဆင့်သို့ ကူးပြောင်းခြင်း။

၂။ အလုပ်ကို စေ့ဆော်ဖန်တီးသည့် အရာများ လိုအပ်လျက်ရှိသည့် အဆင့်မှ အလုပ်သည် လူ့ဘဝ၏ အဓိကလိုအပ်ချက် တရပ်ဖြစ်လာသည့် အဆင့်သို့ ကူးပြောင်းခြင်း။

၃။ အလုပ်တာဝန်ခွဲဝေမှုစနစ်ကြောင့် လူ၏ စွမ်းရည်များ တိုးစေသည့် အဆင့်မှ လူတိုင်းဝင်း၏ စွမ်းရည်များကို ပြည့်ဝစွာ ထက်မြက်စေသည့် အဆင့်သို့ ကူးပြောင်းခြင်း။

၄။ ပြည်သူပိုင်ပစ္စည်း၊ သမဝါယမပစ္စည်းတို့ တည်ရှိခြင်း၊ လူတန်းစားများ တည်ရှိခြင်း၊ စသည့်အဆင့်မှ ကုန်လုပ်ဆက်ဆံ ကိရိယာများအားလုံးနှင့် ထုတ်ကုန်ပစ္စည်းအားလုံးကို လူအားလုံးက ပိုင်ဆိုင်ခြင်း၊ ထုတ်ကုန်ပစ္စည်းများကို ရောင်းကုန်အဖြစ် ဝေငှဖြန့်ဖြူးခြင်း မပြုသည့်အဆင့်သို့ ကူးပြောင်းခြင်း စသည်တို့ ပါဝင်သည်။

ဤသို့သော အဆင့်ကူးပြောင်းမှုများ ဖြစ်ပေါ်ရေးအတွက် အောက်ပါ အချက်များ လိုသည်။

၁။ ဘုံကုန်လုပ်ရေးကို တိုးချဲ့ခြင်း။

၂။ ရောင်းကုန်ဖြန့်ဖြူးခြင်းစနစ်အား ထုတ်ကုန်ပစ္စည်းကို တစ်ခုတည်းသော လူမှုစီးပွားရေးဗဟိုဌာနက ချုပ်ကိုင်သည့်စနစ်ဖြင့် အစားထိုးခြင်း။

၃။ အလုပ်ချိန်လျှော့ခြင်း။ အရွယ်ရောက်သူတိုင်း မသင်မနေရ စက်မှုသိပ္ပံပညာရေးကို ပြဌာန်းခြင်း။ ရုပ်ဝတ္ထုအဆင့်အတန်းကို တိုးမြှင့်ခြင်း။ စသည်တို့ဖြင့် လူတိုင်း၏ အဖက်ဖက်မှ စွမ်းရည်များကို ဖွံ့ဖြိုးစေသည့် ယဉ်ကျေးမှု အဆင့်အတန်းကို တိုးတက်စေခြင်း စသည်တို့ဖြစ်သည်။

## ဘုံကုန်လုပ်ရေးနှင့် ဘုံပိုင်ဆိုင်မှု

အဓိကကျသော ကုန်လုပ်ကြိယာများကို ဘုံပိုင်ဆိုင်သည့် ကုန်လုပ်ဆက်ဆံရေးသစ်များကို ထူထောင်ခြင်း၊ စီးပွားရေးအခြေခံသစ်ကို ထူထောင်ခြင်းသည် ဆိုရှယ်လစ်ဝါဒဖြစ်၏။ ကုန်လုပ်ရေးကို ဤသို့ ဖွဲ့စည်းလိုက်ခြင်းဖြင့် လူလူချင်း သွေးစုတ်ချယ်လှယ်ခြင်းသည် အပြီးအပိုင် ပျောက်ကွယ်သွားမည် ဖြစ်၏။ ယင်းသို့ ဖြစ်နိုင်ရန်မှာလည်း အလုပ်လုပ်သော ပြည်သူများအားလုံးနှင့်တကွသော အလုပ်သမားလူတန်းစား၏ နိုင်ငံရေးအာဏာသိမ်းရေးတိုက်ပွဲဖြင့်သာ အောင်မြင်နိုင်၏။ ထိုအာဏာဖြင့် သွေးစုတ်ချယ်လှယ်မှုဆက်ဆံရေးများ အားလုံးကို ဖျက်သိမ်းပစ်ရမည်ဖြစ်၏။

ဆိုရှယ်လစ်စနစ်နှင့်အတူ၊ စက်ရုံများ၊ အလုပ်ရုံများ၊ သတ္တုတွင်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် အခြားကုန်လုပ်ကြိယာများအား အရင်းရှင်များက ပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်ရမည်ဖြစ်၏။ ကုန်သန်းရောင်းဝယ်ရေးနှင့် ဘဏ္ဍာရေးစနစ်တစ်ရပ်လုံးကို အရင်းရှင်များလက်မှ သိမ်းယူပစ်ရမည်ဖြစ်၏။ ထို့နောက်မှသာ၊ အလုပ်သမားများသည် အရင်းရှင်အမြတ်အစွန်းအတွက် ကျွန်ခံရသောအဖြစ်မှ လွတ်မည်ဖြစ်၏။ အသေးစားကုန်ထုတ်သူသည် မြေရှင်ပဒေသရာဇ်များ၊ ဘဏ်ပိုင်ရှင်များ၊ ပွဲစားများ၏ ခေါင်းပုံဖြတ်ခြင်းမှ လွတ်ကင်းမည်ဖြစ်၏။ တန်နိုးကြီးသော အနည်းစုလက်ဝါကြီးအုပ်လုပ်ငန်းများက အမြတ်အများဆုံးရရှိရေးအတွက် ပြုလုပ်ခြင်းကြောင့် ဖြစ်ပေါ်ရသည့် ပြည်သူလူများစုကြီး၏ ဆင်းရဲခြင်း၊ ချွတ်ခြုံကျခြင်း၊ အလုပ်သမားလူတန်းစား၏ တန်ဘိုးများ ပျက်စီးခြင်း စသည်တို့သည်လည်း ပျောက်ကွယ်သွားတော့မည်ဖြစ်၏။ အရင်းရှင်က အမြတ်မထုတ်နိုင်တော့သည့်အတွက် မည်သည့်ကုန်လုပ်တန်ဆာမှလည်း အသုံးမပြုဘဲ ပစ်ထားခြင်းခံ

ရတော့မည် မဟုတ်ပေ။ လုပ်အားကို ဝယ်ခြင်းဖြင့် အရင်းရှင်တွင် အမြတ်အစွန်းမထွက်နိုင်တော့သည့်အတွက်၊ မည်သည့်အလုပ်သမားမှလည်း အလုပ်လက်မဲ့ ဖြစ်တော့မည် မဟုတ်ပေ။ လောဘတက်သော သွေးစုပ်ချယ်လှယ်မှုမရှိခြင်းကြောင့် မည်သည့်မြေယာမှလည်း ပြုန်းတီးတိမ်ကောခြင်းရှိတော့မည် မဟုတ်ပေ။ အစားအစာ ထုတ်လုပ်ရေးသည်လည်း ဥပေက္ခာပြုခြင်း ခံရတော့မည် မဟုတ်ပေ။ စားကုန်သောက်ကုန်များအား သိုလှောင်ထားခြင်း ဖျက်ဆီးပစ်ခြင်းတို့လည်း ရှိတော့မည်မဟုတ်ပေ။ အခြေခံ အကြောင်းရင်းဖြစ်သော အရင်းရှင်အမြတ်ခွဲဝေမှုကို ဖျက်သိမ်းပြီးဖြစ်၍ စီးပွားရေး အကြပ်အတည်းများလည်း ရှိတော့မည်မဟုတ်ပေ။ အဓိကကျသော ကုန်လုပ်ကြိယာများကို ဘုံပိုင်ဆိုင်မှုပြုလုပ်လိုက်သဖြင့် ထိုမှ ထွက်ပေါ်လာသော ကုန်လုပ်ဆက်ဆံရေးသစ်များသည်လည်း ကုန်လုပ်ရေးကို ဟန့်တားဖျက်ဆီးတော့မည်မဟုတ်ပေ။ ထို့မျှမက၊ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ လိုအပ်ချက်များကို ဖြည့်စွမ်းရန်အတွက် ကုန်လုပ်ရေးဖြစ်ပေါ်မှုကိုလည်း လွယ်ကူလာလိမ့်မည် ဖြစ်ပေသည်။

ကုန်လုပ်ရေးသည် အမြတ်အစွန်းအတွက် ထုတ်လုပ်ခြင်းမဟုတ်တော့ဘဲ လူများ၏ လိုအင်ဆန္ဒ လူ့အဖွဲ့အစည်းတစ်ခုလုံး၏အကျိုး၊ လူတိုင်း၏ သက်သာချောင်ချိရေးအတွက် ထုတ်လုပ်ခြင်းဖြစ်တော့မည် ဖြစ်၏။ ဆိုရှယ်လစ်ကုန်လုပ်ရေး၏ အဓိကရည်ရွယ်ချက်သည် လူနည်းစု၏ အမြတ်အစွန်းအတွက် မဟုတ်ပေ။ လူများစု၏ အဆင့်အတန်းကို မြှင့်တင်ရေးဖြစ်ပေသည်။

ဆိုရှယ်လစ်ကုန်လုပ်ရေးတွင် အခြားသူ၏အလုပ်ဖြင့် ထုတ်သော ထုတ်ကုန်ကို ခွဲဝေအမြတ်ယူမည့် သွေးစုတ်ချယ်လှယ်သူ မရှိတော့ပေ။ ဘုံထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်သူများကိုယ်တိုင်က ရောင်းချကာ၊ အောက်ပါတို့အတွက် အသုံးချပေသည်။ ၎င်းတို့မှာ (က) အသုံးပြုပြီး၍ ဟောင်းနွမ်းသွားသော ကုန်လုပ်ကြိယာများနေရာတွင် အစားသွင်းရန်အတွက် ကုန်လုပ်ကြိယာများ ထုတ်လုပ်၍ ကုန်လုပ်ရေးကို တိုးချဲ့ရန် (ခ) လူမှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန် (ဂ) ဆိုရှယ်လစ်တိုင်းပြည်အား အရင်းရှင်ကမ္ဘာက ဝိုင်းရံထားသည့်အတွက် နိုင်ငံတော်ကာကွယ်ရေးအင်အားစုများကို ထားရှိရန် (ဃ) လူ့အဖွဲ့စည်းတွင် ပုဂ္ဂိုလ်တိုင်းအား သုခချမ်းသာ ခံစားရေးနည်းလမ်းများကို ဖန်တီးပေးရန်အတွက် အသုံးချရမည်ဖြစ်၏။ ဆိုရှယ်လစ်စနစ်က အရင်းရှင်စနစ်ထက် သာလွန်ခြင်းမှာ ဆိုရှယ်လစ်စနစ်သည် စုပေါင်းလူမှုစနစ်တစ်ခုလုံးကို တိုးမြှင့်နိုင်သောကြောင့် ဖြစ်ပေသည်။ စတာလင်က အောက်ပါအတိုင်း ရေးခဲ့ဖူး၏။

''*အဘယ်ကြောင့် အရင်းရှင်စနစ်သည် မြေရှင်ပဒေသရာဇ်စနစ်ကို*

ချေမှုန်းအောင်မြင်ခဲ့သနည်း။ အကြောင်းမူကား အရင်းရှင်စနစ်သည် အလုပ်ထုတ်လုပ်မှုကို အဆင့်အတန်းမြင့်မားအောင် ဖန်တီးပေးနိုင်သောကြောင့် ဖြစ်ပေသည်။ မြေရှင်ပဒေသရာဇ်အောက်တွင် ထုတ်လုပ်သည်ထက် အရင်းရှင်စနစ်အောက်တွင် ထုတ်ကုန်အရည်အတွက် ပိုမိုများပြားစွာ ထုတ်လုပ်နိုင်သောကြောင့် ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုရှယ်လစ်စနစ်သည် အရင်းရှင်ထက် စီးပွားရေးကို အောင်မြင်နိုင်သနည်း။ အကြောင်းမူကား ၎င်းသည် အရင်းရှင်စီးပွားရေးစနစ်ထက် အဆင့်မြင့်သော စံပြအလုပ်များနှင့် အဆင့်မြင့်သော အလုပ်ထုတ်လုပ်မှုကို ဖန်တီးပေးနိုင်သောကြောင့် ဖြစ်ပေသည်။ လူ့အဖွဲ့အစည်းအား အရင်းရှင်စနစ်ထက် ထုတ်ကုန်ပစ္စည်းများကို ပိုထုတ်ပေးနိုင်က ပို၍ကြွယ်ဝ အောင်လုပ်ပေးနိုင်သောကြောင့် ဖြစ်ပေသည်။ ပို၍မြင့်သော အလုပ်ထုတ်လုပ်မှုအခြေခံ၊ စားသုံးသူပစ္စည်းနှင့် ထုတ်ကုန်ပစ္စည်းများ အလျှံပယ်ပေါ်များခြင်း အခြေခံကြွယ်ဝ၍ ယဉ်ကျေးသော အခြေခံပေါ်တွင်သာ ဆိုရှယ်လစ်စနစ်ကို တည်ဆောက်နိုင်ပေသည်''

လီနင်ကလည်း အောက်ပါအတိုင်း ရေးသားခဲ့ဖူး၏။

''အရင်းရှင်စနစ်ထက် သာလွန်သော လူမှုစနစ်တစ်ရပ်ကို တည်ဆောက်ရေးဟူသော အခြေခံလုပ်ငန်းသည် ဆိုရှယ်လစ်တော်လှန်ရေးတိုင်းတွင် ရှေ့တန်းသို့ တက်လာပေသည်၊ ယင်းလုပ်ငန်းကား လူ၏ အလုပ်ထုတ်လုပ်မှုကို မြှင့်တင်ခြင်း ဖြစ်ပေသည်။''

ဤရည်ရွယ်ချက် အောင်မြင်ရေးအတွက်ဆိုရှယ်လစ် လူ့အဖွဲ့အစည်းသည် စက်ယန္တရားများ၊ စက်ယန္တရားဆောက်လုပ်ရေးနှင့် အကြီးစားစက်မှုလုပ်ငန်းကို တပ်ဆင်ရမည်ဖြစ်ပေသည်။ အမှန်အားဖြင့် ယင်းကုန်လုပ်တန်ဆာပလာများသည် အရင်းရှင်စနစ်အောက်မှာကတည်းကပင် ဖန်တီးခဲ့ပြီးဖြစ်၏။ သို့ရာတွင် ဆိုရှယ်လစ်စနစ်အတွင်း၌မူ ဘုံအလုပ်၏ အစွမ်းသတ္တိများကို အရင်းရှင်အမြတ်ခွဲဝေမှုအောက်တွင် မထားတော့ဘဲ လွတ်လပ်စွာ ဖြစ်ပေါ်တိုးတက်စေရန် ခွင့်ပြုထားပေသည်။

ဆိုရှယ်လစ်ကုန်လုပ်ရေးစနစ်တွင် ကုန်လုပ်ကြိယာများ ထုတ်လုပ်ရေးနှင့် သုံးစွဲရေးနည်းလမ်းများ ထုတ်လုပ်ရေးဟူသော ကုန်လုပ်ရေး၏ အဓိကအစိတ်အပိုင်း နှစ်ခုကို ညီမျှအောင်ပြုလုပ်ထားပေသည်။ ပထမတွင် ကုန်လုပ်ရေးကြိယာများ ထုတ်လုပ်ရေးကို တိုးချဲ့သည်။ ကုန်လုပ်ကြိယာများကို တိုးချဲ့လိုက်သဖြင့် စားသုံးကုန်များကို ပိုမို ထုတ်လုပ်နိုင်လာသည့်အခါကျမှ သုံးစွဲရေးနည်းလမ်းများကို တဖန် ထုတ်လုပ်

ပေးသည်။ သို့ဖြင့် ဆိုရှယ်လစ်ကုန်လုပ်ရေးစနစ်တွင် ထုတ်လုပ်မှုနှင့်စားသုံးမှုကို ညီမျှအောင် ပြုလုပ်ထားပေးသည်။

ထို့ကြောင့်၊ ဆိုရှယ်လစ် လူ့အဖွဲ့အစည်း၏သဘောမှာ အဓိကကျသော ကုန်လုပ်ကြိယာများကို အများက ပိုင်ဆိုင်ခြင်း၊ ကုန်လုပ်ရေးဦးတည်မှု၊ လူ့အဖွဲ့အစည်း အား လမ်းညွှန်မှု စသည်တို့ကို အလုပ်လုပ်သော ပြည်သူများက ပြုလုပ်ခြင်း၊ ကုန် လုပ်ရေးကို မြင့်မားသော စက်မှုသိပ္ပံပေါ်တွင် အခြေခံခြင်း၊ ယင်းသို့ဖြင့် လူ့အဖွဲ့အစည်း၏ ရုပ်ဝတ္ထုနှင့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်စွမ်းခြင်း စသည်တို့ဖြစ်၏။

## အရင်းရှင်ခေတ်မှ ကွန်မြူနစ်ခေတ်သို့ကူးပြောင်းရေးကာလဖြစ်သော ဆိုရှယ်လစ်ခေတ်

ဆိုရှယ်လစ် လူ့အဖွဲ့အစည်းထူထောင်ပြီးသည့် အချိန်တွင်လူ့အဖွဲ့အစည်း သည် မည်သို့ ဆက်လက်ဖြစ်ပေါ်တိုးတက်သနည်း။ ကုန်လုပ်ရေးကို ဆိုရှယ်လစ် အခြေခံပေါ်တွင် တည်ပြီးသည့်အချိန်၊ လူလူချင်း သွေးစုတ်ချယ်လှယ်မှု ကွယ်ပျောက် သည့်အချိန်သည် ကွန်မြူနစ်လူ့အဖွဲ့အစည်းသို့ ကူးပြောင်းရေးအဆင့် စတင်ခြင်း ဖြစ်သည်ဟု မာ့က်စ်က ပြောခဲ့သည်။ ထို့ကြောင့် ဆိုရှယ်လစ်လူ့အဖွဲ့အစည်းသည် ထာဝရတည်သော လူမှုစနစ်တစ်ခုမဟုတ်ဘဲ၊ ပို၍ အဆင့်မြင့်သော လူမှုစနစ်ဖြစ်သည့် ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေးအတွက် အဆင့်မျှသာဖြစ်သည်ဟု မာ့က်စ်ကယူဆခဲ့၏။ ဆိုရှယ်လူ့အဖွဲ့အစည်းသည် 'ကွန်မြူနစ် လူ့အဖွဲ့အစည်း၏ ပထမအဆင့်'ဟု မာ့က်စ်က ခေါ်ခဲ့ပေသည်။ တနည်းအားဖြင့် လူတန်းစားတစ်ခုက သွေးစုတ်ချယ်လှယ်သော လူ့အဖွဲ့အစည်းမှ လူတန်းစားမဲ့ လူ့အဖွဲ့အစည်းသို့ ကူးပြောင်းရာတွင် အဆင့်တစ်ခုမျှ သာဖြစ်သည်ဟု ယူဆ၏။ ဤသည်ကို မာ့က်စ်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

> *''အရင်းရှင်လူ့အဖွဲ့အစည်းနှင့် ကွန်မြူနစ်လူ့အဖွဲ့အစည်း အစည်း အကြားတွင် တော်လှန်သောအသွင် ပြောင်းလဲရေးကာလတစ်ခုရှိပေသည်။ ထိုကာလမှာ ဆိုရှယ်လစ်ခေတ်ဖြစ်၏။ ထိုခေတ်သည် ကွန်မြူနစ်ခေတ်သို့ မရောက်သေးဘဲ၊ အရင်းရှင် လူ့အဖွဲ့အစည်း အတွင်းမှ ထိုးထွက်လာကာ စသာ ရှိသေး၏။ ထို့ကြောင့် ဆိုရှယ်လစ်ခေတ်သည် စီးပွားရေးတွင်၎င်း၊ လူ့ကျင့်ဝတ်တွင်၎င်း၊ အသိဉာဏ်ပညာတွင်၎င်း၊ ၎င်းသန္ဓေယူရာ သားအိမ် ဖြစ်သည့် အရင်းရှင်လူ့အဖွဲ့အစည်းဟောင်း၏ မွေးမှတ်များ ရှိနေဦးမည်သာ ဖြစ်ပေသည်။''*

တဖန်လီနင်ကလည်း အောက်ပါအတိုင်း ပြောခဲ့၏။

*"ဆိုရှယ်လစ်စနစ်ကို ကွန်မြူနစ်လူ့အဖွဲ့အစည်း၏ ပထမအဆင့်၊ သို့မဟုတ် အောက်ဆုံးအဆင့်ဟု မာ့က်စ်က ခေါ်ခဲ့၏။ ကုန်လုပ်ကိရိယာများသည် ဘုံပိုင်ဆိုင်မှုဖြစ်လာသည့် အခန်းကဏ္ဍတွင်၊ ၎င်းသည် ပြီးပြည့်စုံသည့် ကွန်မြူနစ်စနစ်မဟုတ်သေးသော်လည်း ကွန်မြူနစ်စနစ်ဟူသော စကားလုံး၏ အနက်ထင်လာပြီးဖြစ်သည်။ ဤနေရာတွင်လည်း မာ့က်စ်သည် ရုပ်ကျသော အနုပဋိလောမကိုင်၊ ဖြစ်ပေါ်တိုးတက်မှု ရုပ်ဝါဒသဘောအမြင်ကိုင်၊ အမြဲတစေကျင့်သုံးကာ၊ ကွန်မြူနစ်စနစ်သည် အရင်းရှင်စနစ်အတွင်းမှ ပေါ်ထွက်လာသည်ဟု ယူဆပေသည်။ ဤနေရာတွင် မာ့က်စ်သည် ကွန်မြူနစ်စနစ်၏ စီးပွားရေးရင့်မာမှုအဆင့်ကို ခွဲခြမ်း စိတ်ဖြာ၍ ကြည့်ပေသည်။"*

သို့ဖြစ်ရကား၊ အရင်းရှင် လူ့အဖွဲ့စည်းမှ ထိုးထွက်လာသည့် ဆိုရှယ်လစ်စနစ်သည် မည်သည့်အချက်များတွင် '၎င်းသန္ဓေယူရာ သားအိမ်ဖြစ်သော အရင်းရှင်လူ့အဖွဲ့အစည်းဟောင်း၏ မွေးမှတ်များ' ကျန်ရစ်ခဲ့သနည်း။ မည်သည့်အချက်များတွင် ၎င်းသည် ကူးပြောင်းရေးယာယီအသွင် လက္ခဏာကိုဆောင်သနည်း။ ၎င်းချို့ယွင်းချက်များကို ဘယ်လို ကျော်လွှားမည်နည်း။

## အလုပ်အကျွေးပြုခြင်းမှ လိုအင်ဆန္ဒများဖြည့်စွမ်းရေးသို့

၁။ ကုန်လုပ်ရေးတွင်၎င်း၊ ထုတ်ကုန်ပစ္စည်းများဖြန့်ဝေမှုတွင်၎င်း၊ ဆိုရှယ်လစ်စနစ်သည် ၎င်း၏ ကူးပြောင်းရေး ယာယီအသွင်လက္ခဏာကို ဖော်ပြပေသည်။

အရင်းရှင်စနစ်အောက်တွင် ဖြစ်ပေါ်တိုးတက်သည့် ကုန်လုပ်စွမ်းအားစုများ၏ အသွင်လက္ခဏာနှင့် ကိုက်ညီသော ကုန်လုပ်ဆက်ဆံရေးများကို ဆိုရှယ်လစ်စနစ်က ယူဆောင်လာခဲ့၏။ သို့ယူဆောင်ရင်း ကုန်လုပ်စွမ်းအားစုများကို တိုးချဲ့လာခဲ့သည်။ ဆိုရှယ်လစ်စနစ်သည် အရင်းရှင်စနစ်အောက်တွင် ရရှိခဲ့သော ကုန်လုပ်စွမ်းအားစုများကို အခြေပြု၍ တိုးတက်ဖြစ်ပေါ်ပေသည်။ ဆိုရှယ်လစ်စနစ်၏ ကုန်လုပ်ရေးရည်ရွယ်ချက်သည် လူ့အဖွဲ့အစည်း၏ ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှုလိုအပ်ချက်အားလုံးများကို ချက်ခြင်းလက်ငင်း ဖြည့်စွမ်းပေးနိုင်မည် မဟုတ်သေးပေ။ သို့ဖြည့်စွမ်းနိုင်ရန်လည်း ကုန်လုပ်စွမ်းအားစုများသည် လုံလောက်သည့်အခြေသို့ မရောက်သေးပေ။ ထို့ကြောင့် ရည်ရွယ်ချက်တွင် ကုန်လုပ်ရေးသည် လူတိုင်း၏ လိုအပ်ချက်များကို ညီမျှဝေငှစွာ ဖြည့်စွမ်းပေးရေး

ဖြစ်သော်လည်း ကုန်လုပ်စွမ်းအားစုများ လုံလောက်အောင် ဖြစ်ပေါ်တိုးတက်ခြင်း မရှိသေးသဖြင့် ရည်ရွယ်ချက်အတိုင်း ဖြစ်နိုင်ဦးမည် မဟုတ်ပေ။ သို့ရာတွင် ဆိုရှယ်လစ်စနစ်အတွင်းတွင် လူတိုင်းသည် ဘုံထုတ်ကုန်ပစ္စည်းကို ၎င်းပါဝင်လုပ်ဆောင်သည့် အလုပ်၏ အရည်အတွက်နှင့် အရည်အချင်းအရ ခွဲဝေခံစားခွင့်ရှိမည်ဖြစ်၏။ ထို့ကြောင့် လူတိုင်းသည် သူလိုသလောက် မရသေးသော်လည်း သူလုပ်သလောက်တော့ ရပေသည်။

ဆိုလိုသည်မှာ ဆိုရှယ်လစ်ခေတ်တွင် လူအားလုံးသည် ညီတူညီမျှခံစားခွင့်ရှိကြဦးမည် မဟုတ်ပေ၊ ပို၍လုပ်သူသည် ပို၍ရရှိမည်ဖြစ်၏။ တဖန် ညီမျှသောအလုပ်ကို လုပ်ကြသူချင်းအတူတူဖြစ်သော်လည်း လိုအပ်ချက်ခြင်းကား ကွာခြားနေကြဦးမည်ဖြစ်၏။ ဥပမာ အလုပ်သမားချင်းအတူတူဖြစ်သော်လည်း၊ တစ်ယောက်က အိမ်ထောင်ရှိ၍၊ တစ်ယောက်က လူလွတ်ဖြစ်လျှင် လိုအပ်ချက်ခြင်း တူကြမည်မဟုတ်ပေ။

ဆိုရှယ်လစ်ခေတ်အဆင့်၌ ကုန်လုပ်ရေးကို ကန့်သတ်ထားချက်များ ရှိနေဦးမည်ဖြစ်ပေသည်။ ဆိုရှယ်လစ်စနစ်၏ အခြေခံမူမှာ 'မိမိအစွမ်းရှိသလောက် လုပ်၍၊ မိမိလုပ်သလောက် ခံစားစေခြင်း'ပင်ဖြစ်၏။ သို့ရာတွင် ကွန်မြူနစ်ကုန်လုပ်ရေး၌မူကား၊ ကုန်လုပ်ရေးကို ကန့်သတ်ချက်များ မရှိတော့ဘဲ၊ အတိုင်းအဆမရှိ တိုးတက်စေမည်ဖြစ်သည်။ ထို့ကြောင့် ကွန်မြူနစ်စနစ်၏ အခြေခံမူမှာ' မိမိ အစွမ်းရှိသလောက် လုပ်၍၊ မိမိ အလိုရှိသလောက် ခံစားခြင်း'ပင်ဖြစ်ပေသည်။

### အလုပ်သည်ဝန်ထုပ်ဖြစ်နေခြင်းမှအလုပ်သည်ဘဝ၏အဓိကလိုအပ်ချက်ဖြစ်လာခြင်း

၂။ အရင်းရှင်ခေတ်၌ အလုပ်လုပ်ရသူသည် အလုပ်လုပ်သလောက် ခံစားခွင့်မရှိကြ။ ထို့ကြောင့် အလုပ်ကို လုပ်ရသော်လည်း စိတ်မဝင်စားကြဘဲ၊ အလုပ်ကို တာဝန်ကြီးတစ်ခု ကြီးလေးသော ဝန်လုပ်ဝန်ပိုးကြီးတစ်ခုဟု ယူဆခဲ့ကြ၏။ သမ္မာကျမ်းစာတွင်မူ၊ အလုပ်ကို 'အာဒမ်၏ကျိန်စာ'ဟုပင် ခေါ်ခဲ့၏။ သို့ရာတွင် ဆိုရှယ်လစ်စနစ်အတွင်း၌ ဤသို့ မဟုတ်တော့ပေ။ အလုပ်ကို ရောင်းဝယ်၍မရတော့ပေ၊ အလုပ်သမားသည် မိမိလုပ်အားကို ရောင်းချရသည့်အတွက် အခကြေးငွေ မရတော့ဘဲ၊ သူပါဝင်လုပ်ဆောင်ခဲ့သည့်အလျောက်၊ ဘုံထုတ်ကုန်များကို ခွဲဝေခံစားခွင့်ရရှိလာပေသည်။ ထို့ကြောင့် သူသည် ကုန်ပို၍ ထုတ်နိုင်လေလေ၊ ဝေစု ပို၍ ရလာလေလေ ဖြစ်၏။ ဆိုဗီယက်ယူနီယံတွင် အလုပ်အပေါ်သဘောထားပုံကို စတာလင်က အောက်ပါအတိုင်း ရေးခဲ့၏။

ယဉ်မျိုးစာအုပ်တိုက်

*'ငါတို့ဘဝသည် တိုးတက်လာပေပြီ။ ပို၍ ပျော်ရွှင်ဖွယ်ကောင်းလာပေပြီ။ ဘဝသည် ပို၍ ပျော်စရာကောင်းလာသည့်တွင် အလုပ်သည်လည်း ပို၍ တွင်ကျယ်လာပေသည်။ ဆိုရှယ်လစ်တိုင်းပြည်၌ အလုပ်လုပ်သူကို လေးစားကြ၏။ အလုပ်လုပ်သူသည် သွေးစုတ်ချယ်လှယ်သူအတွက် မဟုတ်ဘဲ၊ သူ့ကိုယ်ပိုင်အတွက် သူကိုယ်စားပြုသော လူတန်းစားအတွက်၊ လူ့အဖွဲ့အစည်းအတွက် အလုပ်လုပ်ခြင်းဖြစ်ပေသည်။ အလုပ်လုပ်သူသည် တိုင်းပြည်၏ လွတ်လပ်သောပြည်သား၊ တနည်းအားဖြင့် ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်လာပေသည်။ အလုပ်ကောင်းစွာလုပ်၍ လူ့အဖွဲ့အစည်းကို အကောင်းဆုံး အကျိုးပြုနိုင်သူသည် ဂုဏ်ကျက်သရေနှင့်ပြည့်စုံသည့် အလုပ်သူရဲကောင်းဖြစ်ပေသည်'*

ဆိုရှယ်လစ်ခေတ်၌ အလုပ်သည် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု မဟုတ်တော့သော်လည်း၊ အလုပ်ကိုပို၍ လုပ်နိုင်ရန်အတွက် လှုံ့ဆော်ပေးသော 'အားဆေး' လိုသေး၏။ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတွင် ယင်းအားဆေးကား 'အလုပ်လုပ်သလောက် ခံစားခြင်း' ဟူသော အခြေခံမူဖြစ်၏။ ပို၍ အလုပ်လုပ်သည်နှင့် ပို၍ အကျိုးခံစားရမည်ကို သိကြသဖြင့်၊ ပို၍ အလုပ်လုပ်လာကြ၏။ ထိုမျှမက၊ လူမှုဆက်ဆံရေးနယ်ပယ်တွင်လည်း အလုပ်သမားကို'သူရဲကောင်း'အဖြစ် အသိအမှတ်ပြုသဖြင့် ပို၍ လုပ်အားရှိလာကြပေသည်။ လူမှုဆက်ဆံရေးနယ်တွင် အလုပ်သမားကို နေရာပေး၍ အရေးတယူဆက်ဆံခြင်းသည်လည်း၊ အလုပ်ပိုလုပ်ရေးအတွက် 'အားဆေး'တစ်ပါးဖြစ်ပေသည်။

ကွန်မြူနစ်စနစ်သို့ ရောက်သည့်အခါတွင်၊ အလုပ်နှင့်ပတ်သတ်သော သဘောတရားတစ်ရပ် ပေါ်ထွက်လာပေသည်။ 'အလုပ်သည် ဘဝတည်မြဲရေး နည်းလမ်းတစ်ခုမျှသာမဟုတ်တော့ဘဲ၊ ဘဝ၏ အဓိက လိုအပ်ချက်တရပ်' ဖြစ်လာတော့သည်။ လူများသည် 'ငါးတို့ အစွမ်းရှိသလောက်' အလုပ်လုပ်လာကြ၏။ ဘဝတည်မြဲရုံလောက်သာ အလုပ်လုပ်ကြခြင်းမျိုး မဟုတ်တော့ဘဲ ဘဝ၏ အဓိကလိုအပ်ချက်၊ မရှိမဖြစ်သော ကိစ္စတစ်ရပ်အနေဖြင့် အလုပ်လုပ်ကြခြင်းမျိုးဖြစ်လာ၏။ ယင်းသို့သော အလုပ်နှင့်ပတ်သတ်သည့် သဘောထားမျိုးသည် ဆိုရှယ်လစ်စနစ်တွင်လည်း မရှိနိုင်သေးပေ။ ကွန်မြူနစ်စနစ်တွင်မှသာ ဖြစ်ပေါ်လာနိုင်၏။ လူသည် အစွမ်းရှိသလောက် အလုပ်လုပ်ကာ၊ လိုသလောက် အကျိုးရှိစေခြင်းဖြင့် အလုပ်သည် စိတ်မပါတပါဖြင့် မလုပ်ချင်လုပ်ချင် လုပ်ရမျိုးမဟုတ်တော့ဘဲ၊ ပျော်ရွှင်မှုတစ်မျိုးအနေဖြင့် အလုပ်လုပ်လာခြင်းမျိုး ဖြစ်လာလိမ့်မည်ဖြစ်၏။

အရင်းရှင်စနစ်အောက်၌ကား၊ လူသည် စိတ်မပါ့တပါဖြင့် အလုပ်လုပ်ရကာ၊ ငါးတို့ တသက်တာအချိန်၏ သုံးပုံတစ်ပုံ သို့မဟုတ်၊ သုံးပုံတစ်ပုံကျော်ကျော်ကို အခြား

သူများအတွက် လုပ်ပေးခဲ့ရ၏။ အလုပ်မှ အနားယူသည့်အခါကျမှသာ လူတစ်ယောက်သည် အချိန်ကို သူ့ကိုယ်ရေးကိုယ်တာကိစ္စအတွက် အသုံးချရတော့၏။ အလုပ်လုပ်နေစဉ်ကာလတွင်ကား၊ သူသည် သူတပါးအတွက်၊ အသက်ရှင်လာရသူလို ဖြစ်နေပေတော့သည်။ ထို့ကြောင့် အရင်းရှင်စနစ်လက်အောက်မှ အလုပ်သမားများ အလုပ်တွင် စိတ်မပါပုံကို ရောဘတ်–ထရက်ဆဲလ် ဆိုသူကရင်း၏ 'ဘောင်းဘီစုတ်ဝတ်သော လူ့အကျိုးတော်ဆောင်ဝါဒသမားများ' အမည်ရှိစာအုပ်တွင် အောက်ပါအတိုင်း ရေးခဲ့ရ၏။

"*အလုပ်သမားများသည် နံနက်ခင်း အလုပ်ခွင်သို့ရောက်သည်နှင့် နေ့လည် မြန်မြန်ဖြစ်ပါစေဟု ဆုတောင်းကြ၏။ နံနက်စာစားပြီး၍ အလုပ်စလုပ်သည်နှင့် ညစာစားချိန် ရောက်စေချင်ကြ၏။ ညစာစားပြီးသည်နှင့် စနေနေ့နေ့လည်ကို ရောက်စေချင်ကြ၏။ ဤနည်းဖြင့်သူတို့သည် တစ်နေ့ပြီးတစ်နေ့၊ တစ်နှစ်ပြီးတစ်နှစ် အချိန်တွေ မြန်မြန်ကုန်ပါစေဟု ဆုတောင်းနေကြ၏။ သို့အချိန်မြန်မြန်ကုန်ပါစေဟု ဆုတောင်းခြင်းမှာ၊ သူတို့ကိုယ်တိုင် သူတို့သေတွင်းမြန်မြန်ရောက်ပါစေဟု ဆုတောင်းသည်နှင့်အတူတူပင်ဖြစ်ကြောင်းကိုမူကား မသိရှာကြပေ*"။

ကွန်မြူနစ်စနစ်အောက်တွင်မူ၊ ပြည်သူများ၏အချိန်အားလုံးကို ၎င်းတို့၏ အကျိုးအတွက် အသုံးပြုကြ၏။ သူတို့ ဘဝတသက်တာတစ်ခုလုံးကို သူတို့ကိုယ်ပိုင် ပျော်ရွှင်မှုများအတွက် အသုံးပြုနိုင်ပေကြပေသည်။

**လူ၏အစွမ်းသတ္တိများကိုပိတ်ပင်တားမြစ်ထားခြင်းမှအစွမ်းကုန်ဖွံ့ဖြိုးတိုးတက်ရေးသို့**

၃။ ပုဂ္ဂိုလ်များအား အလုပ်တာဝန်ခွဲဝေမှုစနစ်၏ လက်အောက်ခံအဖြစ်ထားရှိခြင်းသည် ဆိုရှယ်လစ်စနစ်၏ ယာယီအသွင်ကူးပြောင်းရေးလက္ခဏာ၏ တတိယအချက်ဖြစ်သည်။ အလုပ်တာဝန်ခွဲဝေမှုသည် ကုန်လုပ်ရေးတိုးတက်မှု၏ အခြေခံအသွင်သဏ္ဍာန်တစ်ရပ်ဖြစ်၏။ သို့ရာတွင် အရင်းရှင်လူ့အဖွဲ့အစည်းတွင် အလုပ်တာဝန်ခွဲဝေမှုဆိုသည့်စကား၏ အဓိပ္ပာယ်သည်အလုပ်ကို ခွဲခြားထားရုံမျှမကတော့ဘဲ၊ လူကို ခွဲခြားထားခြင်းလည်း ဖြစ်၏။ ကုန်လုပ်ကြိယာများကို ကုန်လုပ်ထုတ်လုပ်သူများက မပိုင်ကြဘဲ၊ ကုန်ထုတ်လုပ်သူများကိုသာ ကုန်လုပ်ကြိယာများက ပိုင်ဆိုင်ကြ၏။ ဆိုရှယ်လစ်စနစ်တွင်ကား ဤသို့ မဟုတ်တော့ပေ။ ကုန်လုပ်ကြိယာများကို ဘုံပိုင်ဆိုင်မှုပြုလုပ်ထားသည့် ဆိုရှယ်လစ်စနစ်သည် အလုပ်သမားအားကုန်လုပ်ကြိယာ၏ ကျွန်၊ စက်ယန္တရား၏ ကျွန်အဖြစ် မရောက်ရှိစေတော့ဘဲ ကုန်လုပ်ကြိယာ၏ သခင်၊ စက်ယန္တရား၏ သခင်

အဖြစ်သို့ ရောက်ရှိလာစေပေသည်။ ထို့ကြောင့် အရင်းရှင်စနစ်အောက်တွင် ဟန့်တား ပိတ်ပင်ထားသော အစွမ်းသတ္တိများကို တိုးတက်ဖွံ့ဖြိုးလာစေပေသည်။

စက်မှုကုန်လုပ်ရေးဖြစ်ပေါ်တိုးတက်မှုသည် စက်မှုသိပ္ပံကို ကျွမ်းကျင်သော အလုပ်သမား၊ အဘက်ဘက်မှ ဝင်ရောက်ဆောင်ရွက်နိုင်သော အလုပ်သမားကို တောင်း ဆိုချိန်တွင်၊ အရင်းရှင်စနစ်သည် အလုပ်သမားအား ဘက်တစ်ဘက်တွင်သာ ကျွမ်းကျင် သည့် အလုပ်သမားဖြစ်အောင် ပြုလုပ်ခဲ့ကြောင်းဖြင့် မာ့က်စ်က ညွှန်ပြခဲ့ကာ ၎င်းက ဆက်လက်၍ အောက်ပါအတိုင်း ပြောခဲ့ဖူးသည်။

*"ခေတ်သစ်စက်မှုလုပ်ငန်းသည် ကုန်လုပ်ရေး၏ စက်မှုအခြေခံကိုသာ ပြောင်း လဲစေမည်မဟုတ်၊ အလုပ်သမား၏ အလုပ်၊ အလုပ်ဖြစ်စဉ်တွင်း လူမှုစုပေါင်းမှုကိုလည်း ပြောင်းလဲစေပေသည်။ ထို့ကြောင့် ခေတ်သစ်စက်မှုလုပ်ငန်းသည် အလုပ်အမျိုးမျိုးတွင် ကျွမ်းကျင်သူ၊ အလုပ်လျှင်မြန်ဖျက်လက်မှု စသည်တို့ကိုလည်း လိုအပ်ပေသည်။ သို့ဖြစ်၍ ခေတ်သစ်စက်မှုလုပ်ငန်းသည် အလုပ်တစ်ခုတည်းကိုသာ ထပ်တလဲလဲ လုပ်နေရသဖြင့် ချိနဲ့၍ လူလားမမြောက်ဖြစ်နေသော ဘက်တစ်ဘက်တွင်သာ ကျွမ်းကျင်သည့် ယခု လက်ရှိအလုပ်သမားနေရာတွင် အသိဉာဏ်ပြည့်စုံ၍ အဘက် ဘက်မှ ကျွမ်းကျင်သော အလုပ်သမားများကို အစားထိုးပေးပေသည်။"*

စက်မှုလုပ်ငန်းဖြစ်ပေါ်တိုးတက်မှုသည် မြင့်မားလာသည်နှင့်အမျှ ယင်းသို့ အဘက်ဘက်မှ ကျွမ်းကျင်သော အလုပ်သမားများလည်း လိုအပ်လာပေသည်။ သို့ရာ တွင် အရင်းရှင်ကုန်လုပ်ရေးကား၊ အဘက်ဘက်မှ ကျွမ်းကျင်သော အလုပ်သမားကို လည်ညှစ်၍ သတ်ပစ်ပေသည်။ ဆိုရှယ်လစ်စနစ်တွင် အလုပ်သမားကို အလုပ်တာဝန် ခွဲဝေမှုအောက်တွင် ထားရှိခြင်းဖြင့် အဘက်ဘက်မှပြည့်စုံသော အလုပ်သမားများ ဖြစ်လာအောင် ဖန်တီးပေသည်။

**မြို့နှင့်တောနယ်ခြားနားချက်**

**ဉာဏအလုပ်နှင့်ကာယအလုပ်ခြားနားချက်တို့ကိုဖျက်သိမ်းခြင်း**

အလုပ်တာဝန်ခွဲဝေမှုစနစ်ကြောင့် ပထမဆုံး အကျိုးသက်ရောက်မှုများမှာ မြို့နှင့် တော နယ်ခြားနားချက်၊ ဉာဏအလုပ်နှင့် ကာယအလုပ်တို့၏ ခြားနားချက်ပင်ဖြစ် ၏။ အရင်းရှင်လူ့အဖွဲ့အစည်းတွင် ယင်းသို့သော တောနယ်နှင့် မြို့ခြားခြင်း ဉာဏ အလုပ်နှင့် ကာယအလုပ်နှင့် ခြားနားခြင်းသည် ကြီးမားသော ပဋိပက္ခကို ဖြစ်စေ၏။ ခေတ်သစ်စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ငွေချေးစနစ်တို့ ပေါ်ပေါက်လာသဖြင့်

တောနယ်များသည် ဆင်းရဲနွမ်းပါးလာကာ၊ တဖြည်းဖြည်း ချုတ်ခြုံကျလာခဲ့သည်။ ညာဏ(ဉာဏ်ပညာအား)အလုပ်နှင့် ကာယအလုပ်သည်လည်း တစ်ခုနှင့် တစ်ခု ဆန့်ကျင်ကွဲပြားလာကြ၏။ ညာဏ (ဉာဏ်ပညာအား)အလုပ်သည် သွေးစုတ်ချယ်လှယ်သူ လူတန်းစား၏ ပညာရှင်ကိုယ်စားလှယ်များ၏ အလုပ်ဖြစ်လာကာ၊ ကာယအလုပ်သမားများအား သွေးစုတ်ချယ်လှယ်ရာတွင် အကူအညီပေးခဲ့၏။ တောနယ်သည် မြို့များအတွက် အလုပ်လုပ်ပေးခဲ့ရ၏။ ကာယအလုပ်သမားသည် ညာဏအလုပ်သမားအတွက် အလုပ် လုပ်ပေးခဲ့ရသည်။ မြို့သည် တောနယ်ကို သွေးစုတ်ချယ်လှယ်၏။ ထို့ကြောင့် မြို့နှင့် တောနယ် ခြားနားချက် ညာဏအလုပ်သမားနှင့် ကာယအလုပ်သမား ခြားနားချက်သည် အကျိုးစီးပွားများ၏ ဆန့်ကျင်ဘက်ကျမှု၊ ပဋိပက္ခဖြစ်မှုတို့ကို ဖော်ပြပေသည်။

ဆိုရှယ်လစ်စနစ်တွင်ကား မြို့နှင့် တောနယ်၊ ညာဏအလုပ်သမားနှင့် အလုပ်သမား၏ ဆန့်ကျင်ပဋိပက္ခဖြစ်မှု လုံးဝ မရှိတော့ပေ။ ကုန်လုပ်ရေးတစ်ရပ်လုံးကို ဆိုရှယ်လစ်အခြေခံပေါ်တွင် တည်ဆောက်လိုက်သဖြင့် မြို့နှင့်တောတို့၏ ပဋိပက္ခဖြစ်မှု ညာဏအလုပ်သမားနှင့် ကာယအလုပ်သမားတို့၏ အကျိုးစီးပွားခြင်းပ ဋိပက္ခဖြစ်မှုတို့သည် ကွယ်ပျောက်သွားကြ၏။ ထို့မျှမက၊ စက်မှုလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုး တိုးတက်မှုကို ကူညီကာ မြို့နှင့် တောနယ်သည်လည်း ပူးပေါင်းဆောင်ရွက်လာခဲ့ကြ၏။ အလားတူ ညာဏအလုပ်သမားသည်လည်း သွေးစုတ်ချယ်လှယ်သူများ၏ ကိုယ်စားလည် မဟုတ်တော့ဘဲ၊ အလုပ်လုပ်သော ပြည်သူများထဲမှ တိုးထွက်လာကာ၊ ပြည်သူတစ်ရပ်လုံးကို အကျိုးပြုလာတော့သည်။

သို့တိုင်အောင်၊ မြို့နှင့် တောနယ် ကွဲပြားချက်၊ ဉာဏပညာအလုပ်သမားနှင့် ကာယအလုပ်သမားတို့၏ ကွဲပြားချက်ကား၊ ပျောက်ကွယ်ဦးမည် မဟုတ်ပေ၊ တော်တော်နှင့်လည်း ပျောက်ကွယ်ဦးမည် မဟုတ်ပေ။ သို့ရာတွင် ထိုကွဲပြားချက်များသည် ပဋိပက္ခများအဖြစ် တည်ရှိတော့မည် မဟုတ်တော့ဘဲ၊ အဓိက ခြားနားချက်အဖြစ်သာ တည်ရှိတော့မည်ဖြစ်၏။ တောနယ်သည် မြို့ထက် စီးပွားရေးအရရော၊ ယဉ်ကျေးမှုအရရော၊ နောက်ကျကျန်ရစ်ခဲ့ဦးမည် ဖြစ်၏။ ဉာဏအလုပ်သမားသည် အလုပ်လုပ်သော ပြည်သူထဲမှ တိုးထွက်လာသည် မှန်သော်လည်း၊ အစုကလေးကလေးတစ်စုအဖြစ် ကာယအလုပ်သမား ကွဲပြားတည်ရှိနေဦးမည် ဖြစ်၏။ သူတို့နှစ်ဦးသည် ကိုယ့်ငန်းကိုယ့်တာဝန်မှ တာဝန်အသီးသီးကို ထမ်းဆောင်ကြမည် ဖြစ်ပေသည်။

ဆိုရှယ်လစ်ကုန်လုပ်ရေး ဖြစ်ပေါ်တိုးတက်လာသည်နှင့်အမျှ ယင်းသို့သော အဓိကခြားနားချက်များသည်လည်း တဖြည်းဖြည်း ပျောက်ကွယ်သွားရမည် ဖြစ်၏။

သို့ရာတွင် မြို့နှင့်တောနယ်ခြားနားချက်၊ ဉာဏအလုပ်သမားနှင့် ကာယအလုပ်သမား၏ ခြားနားချက်၊ ဉာဏအလုပ်သမားနှင့် ကာယအလုပ်သမား၏ ခြားနားချက်အားလုံး လုံးဝ ကွယ်ပျောက်သွားမည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ သဘာဝအလျောက်ပင်၊ မြို့သည် တောနယ်နှင့်ရင်း၊ ဦးနှောက်အလုပ်သည် လက်ရုံးအားကိုးအလုပ်နှင့်ရင်း၊ ခြားနားသကဲ့သို့ရင်း၊ ဘတ်(စ်)ကား မောင်းခြင်းနှင့် တွင်ခုံလှည့်ခြင်းသည် ခြားနားသကဲ့သို့ ရင်း၊ သဘာဝအလျောက် ခြားနားခြင်းမျိုးကား ရှိနေလိမ့်ဦးမည် ဖြစ်ပေသည်။ သို့ရာတွင် တောနယ်များတွင် လူသုံးပစ္စည်းကို မြို့များနှင့်အညီ ဖြည့်ပေးလိုက်သည်တွင် အဆိုပါ အဓိကကွဲပြားချက်များ ပျောက်ကွယ်သွားမည် ဖြစ်ပေသည်။ (ဥပမာ လျှပ်စစ်၊ သယ်ယူ ပို့ဆောင်ရေး၊ စားသုံးကုန်၊ ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ) လယ်ယာစိုက်ပျိုးရေးကို စက်မှုတပ်ဆင်ပေးလိုက်သည်နှင့် အဓိက ကွဲပြားချက်များ ပျောက်ကွယ်သွားမည် ဖြစ်ပေသည်။ အလုပ်သမား၏ အဆင့်အတန်းကိုလည်း အင်ဂျင်နီယာများ၊ ကျွမ်းကျင်သူ များ၊ သိပ္ပံပညာရှင်များအဖြစ်သို့ မြှင့်တင်ပေးလိုက်ခြင်းဖြင့် အသိဉာဏ်ပညာရှင်များ သည်လည်း အစုကလေးတစ်ခုအနေဖြင့် သီးခြားတည်ရှိနေတော့မည် မဟုတ်ပေ။

ယင်းသို့သော ဖြစ်စဉ်မျိုးကား၊ ကွန်မြူနစ်စနစ်၏ ပထမအဆင့်ဖြစ်သည့် ဆိုရှယ်လစ် လူ့အဖွဲ့အစည်းအတွင်း၌ တဖြည်းဖြည်း ဖြစ်ပေါ်လာနိုင်၏။ ကွန်မြူနစ် စနစ်သို့ ရောက်လာသည့်အခါတွင်မူကား မြို့နှင့် တောနယ် အလုပ်သမားနှင့် ကာယ အလုပ်သမားတို့၏ ကွဲပြားချက်များ ပျောက်ကွယ်သွားတော့မည် ဖြစ်ပေသည်။ ဆိုလို သည်မှာ၊ လူတိုင်းလိုသလောက် ခံစားနိုင်သော၊ အလုပ်သည် ဘဝ၏ အဓိကလိုအပ် ချက်ဖြစ်သော၊ လူများအား အလုပ်တာဝန်ခွဲဝေမှုအောက်တွင် ထားရှိခြင်း မရှိတော့သော ကွန်မြူနစ်လူ့အဖွဲ့အစည်းတွင် လူတိုင်း၏ အစွမ်းသတ္တိများကို အတိုင်းအဆမရှိ တိုးတက် ဖွံ့ဖြိုးစေသော အခြေအနေများ ပေါ်ပေါက်လာလိမ့်မည်ဟု ဆိုလိုပေသည်။ ထို့ကြောင့် မာ့က်စ်နှင့် အိန်ဂျယ်လ်စ်တို့က "*ကွန်မြူနစ်ခေတ်သို့ ရောက်သည့်အချိန်၌၊ ကျွန်ုပ် လူ့အသင်းအဝင်းကြီးတစ်ခု ပေါ်ပေါက်လာပေလိမ့်မည်။ ထိုအသင်းအဝင်းကြီး၌ လူတိုင်း ၏ လွတ်လပ်စွာ ဖြစ်ပေါ်တိုးတက်မှုသည် လူအားလုံး၏ လွတ်လပ်စွာ ဖြစ်ပေါ်တိုးတက် မှုသည် လူအားလုံး၏ လွတ်လပ်စွာ ဖြစ်ပေါ်တိုးတက်မှုအတွက် ပဏာမအဆင့်တစ်ခု ဖြစ်လာပေသည်*"ဟု ပြောခဲ့ခြင်း ဖြစ်ပေသည်။

ပစ္စည်းပိုင်ဆိုင်မှု ပုံသဏ္ဍာန်ကွဲပြားခြင်း၊
လူတန်းစားကွဲပြားခြင်းမှပြည်သူများ၏တစ်ခုတည်းသောအသင်းအပင်းကြီးသို့

၄။ ဆိုရှယ်လစ်စနစ် အတွင်းတွင် ပစ္စည်းပိုင်ဆိုင်မှု ပုံသဏ္ဍာန် ကွဲပြားခြားနားခြင်းနှင့် လူတန်းစားများ ကွဲပြားခြားနားခြင်းတို့ ရှိနေကြသေး၏။ ဤသည်မှာ ဆိုရှယ်လစ်စနစ်၏ စတုတ္ထကူးပြောင်းရေး ယာယီအသွင်လက္ခဏာ ဖြစ်ပေသည်။ လူလူချင်း သွေးစုတ်ချယ်လှယ်မှုကို ဖျက်သိမ်းသည့် ဆိုရှယ်လစ်စနစ်သည် သွေးစုတ်ချယ်လှယ်သူ လူတန်းစားကို ဖျက်သိမ်းခဲ့၏။ ထို့ကြောင့် လူတန်းစားပဋိပက္ခများကိုလည်း ဖျက်သိမ်းပြီး ဖြစ်ခဲ့ပေသည်။ သို့ရာတွင် လူတန်းစားများ အားလုံးကို ဖျက်သိမ်းခြင်း မဟုတ်သေးပေ။ ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၌ အလုပ်သမားနှင့် လယ်သမားဟူ၍ ယေဘုယျအားဖြင့် လူတန်းစားနှစ်ခု ကျန်ရှိနေဦးမည်ဖြစ်၏။ ဤသည်မှာ 'လူ့အဖွဲ့အစည်းဟောင်းမှ ပါလာသော အမွေပါအမှတ်များ'ဖြစ်ပေသည်။

အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်လာခြင်းမှာ၊ တသီးပုဂ္ဂလ ကုန်ထုတ်လုပ်သူများကို ခေါင်းပုံဖြတ်ခြင်း၊ ၎င်းတို့အား ကုန်လုပ်ကြိယာမဲ့ဖြစ်စေခြင်း၊ ၎င်းတို့အား လုပ်ခစားအလုပ်သမားများအဖြစ်သို့ ကျရောက်စေခြင်းနှင့်အတူ၊ အရင်းကို အနည်းငယ်မျှ လုပ်ငန်းရှင်ကြီးများ၏ လက်ထဲတွင် စုစည်းထားခြင်းတို့ကြောင့်ဖြစ်၏။ ထို့ကြောင့် ဆိုရှယ်လစ်စနစ် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာသည့် အလုပ်သမားလူတန်းစား၏ ပထမဆုံး အလုပ်မှာ၊ အရင်းရှင်လုပ်ငန်းကြီးများကို သိမ်းခြင်း၊ ၎င်းတို့၏ ပိုင်ဆိုင်မှုကို ပြည်သူပိုင်ဆိုင်မှုအဖြစ်သို့ ပြောင်းခြင်း၊ စသည်တို့ ဖြစ်၏။ ဗြိတိန်တွင် အရင်းရှင်စနစ်သည် လယ်ယာစိုက်ပျိုးရေးတွင်ရော၊ စက်မှုလုပ်ငန်းတွင်ပါ တသီးပုဂ္ဂလကုန်ထုတ်များကို ခေါင်းပုံဖြတ်ခဲ့၏။ ထို့ကြောင့် ဗြိတိန်တွင် အရင်းရှင်စက်မှုလုပ်ငန်းသာမက၊ အရင်းရှင်စနစ် လယ်ယာ စိုက်ပျိုးရေးသည်လည်း ပေါ်ပေါက်လာ၏။ အချို့တိုင်းပြည်များတွင်မူ အရင်းရှင်စနစ်သည် စက်မှုလုပ်ငန်းကိုသာ ဖွံ့ဖြိုးစေခဲ့၍ လယ်ယာစိုက်ပျိုးရေးကိုမူ လယ်သမားစီးပွားရေးစနစ်အဖြစ် ကျန်ရစ်ခဲ့သည်။ လယ်ယာကုန်လုပ်ရေးကို လုပ်ခစားအလုပ်သမားဖြင့် မပြုလုပ်ဘဲ အလတ်တန်းစား လယ်ရှင်ကလေးများဖြင့် ပြုလုပ်စေခဲ့၏။ ဤအခြေအနေများအောက်တွင် အရင်းရှင်နှင့်တကွ အရင်းရှင် ပိုင်ဆိုင်မှု၊ မြေရှင်ပဒေသရာဇ်နှင့်တကွ မြေရှင်ပဒေသရာဇ် ပိုင်ဆိုင်မှုတို့ကို ဖျက်သိမ်းရမည် ဖြစ်သော်လည်း လယ်သမားလူတန်းစားကိုမူ ဖျက်သိမ်း၍ မဖြစ်နိုင်သေးပေ။

ထို့ကြောင့် အလုပ်သမားလူတန်းစားသည် အရင်းရှင်စနစ်နှင့် မြေရှင်ပဒေသရာဇ်စနစ်ကို တိုက်ဖျက်ရာတွင် ကျယ်ပြန့်သော လယ်သမား လူတန်းစားနှင့်

မဟာမိတ် ဖွဲ့စည်းတည်ထောင်ရန် လို၏။ ဤသည်ကို အိန်ဂျယ်လ်စ်က အောက်ပါအတိုင်း ပြောခဲ့ပေသည်။

*"အစိုးရအာဏာကို ကျွန်ုပ်တို့သိမ်းပိုက်သည့်အချိန်၌ ကျွန်ုပ်တို့သည် အလတ်တန်းစား လယ်သမားကလေးများအား ဖျက်သိမ်းရေးကို တွေးပင်မတွေးအပ်ပေ။ အလတ်တန်းစား လယ်သမားလေးများနှင့် ပတ်သက်သည့် ကျွန်ုပ်တို့ လုပ်ငန်းကား၊ ၎င်း၏ ကိုယ်ပိုင်လုပ်ငန်းကို သမဝါယမလုပ်ငန်းများအဖြစ် ပြုလုပ်ပေးရန်ဖြစ်၏။ သို့ပြုလုပ်ရာတွင်လည်း အတင်းအကြပ်မဖြစ်စေရဘဲ၊ စံပြအဖြစ် ပြုလုပ်ပေးကာ ဤလုပ်ငန်း အောင်မြင်ရေးအတွက် အကူအညီပေးခြင်းဖြင့်သာ ပြုလုပ်အပ်ပေသည်။"*

သို့ဖြစ်ရာ၊ ဆိုရှယ်လစ်စနစ်တွင် လယ်သမားလူတန်းစားနှင့် လယ်သမားကုန်လုပ်ရေးသည် တည်ရှိနေဦးမည်ဖြစ်၏။ ထို့ကြောင့်ဆိုရှယ်လစ် တော်လှန်ရေးကာလ၌၊ တောနယ်များတွင် လုပ်ရမည့်အလုပ်များမှာ (က) မြေရှင်ပဒေသရာဇ် စနစ်ကို ဖျက်သိမ်းခြင်း၊ (ခ) အရင်းရှင်လယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာစိုက်ပျိုးရေးတွင် လုပ်ခစားအလုပ်စနစ်ကို ဖျက်သိမ်းခြင်း၊ (ဆိုဗီယက်ယူနီယံတွင် ကုလတ်များကို ဖျက်သိမ်းခြင်းမျိုး)နှင့် (ဂ) အလတ်တန်းစားလယ်သမား၏ ပိုင်ဆိုင်မှုကို ပြည်သူ့ပိုင်ဆိုင်မှုအဖြစ် ပြောင်းလဲခြင်း မပြုသေးဘဲ၊ အသေးစားတစ်ဦးချင်း လယ်သမားကုန်လုပ်ရေးကို အကြီးစား သမဝါယမကုန်လုပ်ရေးသို့ ပြောင်းလဲခြင်း၊ တစ်ဦးချင်း လယ်သမားပိုင်ဆိုင်မှုကို သမဝါယမ ပိုင်ဆိုင်မှုအဖြစ်သို့ ပြောင်းလဲခြင်း စသည်တို့ ဖြစ်ပေ၏။

ဆိုရှယ်လစ်တော်လှန်ရေး ကာလ၌ တောနယ်များတွင် လုပ်ရမည့် ဖော်ပြပါ အလုပ်များနှင့်အတူ၊ အောက်ပါအချက်များ ပေါ်ထွက်လာ၏။

(က) ပထမမှာ ဆိုရှယ်လစ်ပစ္စည်းပိုင်ဆိုင်မှု ပုံသဏ္ဍာန်နှစ်မျိုး ဖြစ်၏။ ဆိုရှယ်လစ် ပိုင်ဆိုင်မှုပုံသဏ္ဍာန် နှစ်မျိုးမှာ ( ပြည်သူလူထုတစ်ရပ်လုံးက ပိုင်ဆိုင်သော) နိုင်ငံတော်ပစ္စည်းပိုင်မှု ပုံသဏ္ဍာန်၊ သို့မဟုတ်၊ (စုပေါင်းလယ်ယာများ သမဝါယမများက ပိုင်ဆိုင်သော) သမဝါယမပစ္စည်း ပိုင်ဆိုင်မှုပုံသဏ္ဍာန်နှင့် စုပေါင်းလယ်ယာများ၏ ပစ္စည်းပိုင်ဆိုင်မှုပုံသဏ္ဍာန်တို့ ဖြစ်ပေသည်။

၎င်းတို့ နှစ်မျိုးစလုံးသည် ဆိုရှယ်လစ်ပစ္စည်းပိုင်ဆိုင်မှု ပုံသဏ္ဍာန်များဖြစ်သည်။ ၎င်းပစ္စည်းပိုင်ဆိုင်မှု ပုံသဏ္ဍာန်များအရ၊ စုပေါင်းသော ကုန်လုပ်သူများက ကုန်လုပ်ကြိယာများကို ဘုံပိုင်ဆိုင်ကြကာ၊ ထုတ်ကုန်ပစ္စည်းများကိုလည်း အများက ရောင်းချကြ၏။ မည်သည့်သွေးစုတ်ချယ်လှယ်သူအတွက်မှ မဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင်အတွက် အလုပ်

လုပ်ကြကာ၊ ၎င်းတို့၏ အလုပ်အလျောက် အကျိုးခံစားခွင့်ရှိကြ၏။ ထို့ကြောင့် ၎င်းတို့ နှစ်မျိုးစလုံးသည် ဆိုရှယ်လစ်ပစ္စည်း ပိုင်ဆိုင်မှုပုံသဏ္ဌာန်ကို ဆောင်ပေသည်။ ထိုနှစ်မျိုးတွင် ခြားနားချက်ကား၊ ပြည်သူများအားလုံးပိုင်သော နိုင်ငံပိုင်လုပ်ငန်း၊ ပြည်သူပိုင်လုပ်ငန်း ဖြစ်ခြင်းနှင့် နောက်တစ်မျိုးက လူတစ်စုကပိုင်သော သမဝါယမလုပ်ငန်းဖြစ်ခြင်းသာ ဖြစ်ပေသည်။

၁။ ပစ္စည်းပိုင်ဆိုင်မှု ပုံသဏ္ဌာန်နှစ်မျိုးရှိသဖြင့် လူတန်းစားလည်း နှစ်မျိုးသာ ရှိတော့၏။ ၎င်းတို့မှာ၊ ပြည်သူတစ်ရပ်လုံးကပိုင်သော ပြည်သူပိုင်လုပ်ငန်းများတွင် အလုပ်လုပ်သော အလုပ်သမားနှင့် သမဝါယမလုပ်ငန်းများကို စုပေါင်းပိုင်ဆိုင်သူများ ဖြစ်သော လယ်သမားများဖြစ်၏။

ဆိုရှယ်လစ် လူ့အဖွဲ့အစည်းတွင်ရှိသည့် လူတန်းစားများသည် လူတန်းစားသစ်များ ဖြစ်ကြ၏။ ဆိုရှယ်လစ်အလုပ်သမားလူတန်းစားသည် အရင်းရှင်ခေတ် အလုပ်သမား လူတန်းစားကဲ့သို့ ကုန်လုပ်ကြိယာပိုင်ဆိုင်ခြင်း မရှိသော၊ လုပ်အားကို ရောင်းချရသော၊ သွေးစုတ်ချယ်လှယ်ခံရသော ပစ္စည်းမဲ့ မဟုတ်တော့ပေ။ ဆိုရှယ်လစ်ခေတ် အလုပ်သမား လူတန်းစားသည် အလုပ်သမားလူတန်းစားသစ်ဖြစ်၏။ ပြည်သူများနှင့် အတူ ကုန်လုပ်ကြိယာများကို စုပေါင်းပိုင်ဆိုင်သော အလုပ်သမားလူတန်းစားသစ်ဖြစ်၏။ ဆိုရှယ်လစ်လယ်သမား လူတန်းစားသည်လည်း မြေရှင်များနှင့် ပွဲစားများ၏ သွေးစုတ်ချယ်လှယ်မှုမှ လွတ်မြောက်လာသော လယ်သမားလူတန်းစားသစ် ဖြစ်လာ၏။ ၎င်းသည် ၎င်း၏အလုပ်နှင့် ခနဥစ္စာကို တစ်ဦးချင်းအလုပ်ပေါ်တွင်၎င်း၊ ခေတ်နောက်ကျသော တန်ဆာပလာများကို၎င်း အခြေခံခြင်းမပြုတော့ဘဲ၊ စုပေါင်းအလုပ်နှင့် ခေတ်မှီသော တန်ဆာပလာများကိုသာ အခြေခံ၏။ ၎င်း၏ စီးပွားရေးသည်လည်း ပုဂ္ဂလိကပိုင်ဆိုင်မှုတွင် အခြေမခံဘဲ၊ စုပေါင်းပိုင်ဆိုင်မှုပေါ်တွင် အခြေခံပေသည်။

သို့ဖြင့် ဆိုရှယ်လစ်ခေတ်သို့ ရောက်သောအခါတွင် အလုပ်သမားလူတန်းစားနှင့် လယ်သမားလူတန်းစားသည် အလုပ်သမားလူတန်းစားသစ်နှင့် လယ်သမားလူတန်းစားသစ်ဟူ၍ ဖြစ်လာကြ၏။ ၎င်းတို့သည် ဆိုရှယ်လစ်ကုန်လုပ် ဆက်ဆံရေးသစ်များမှ ပေါ်ထွက်လာခြင်း ဖြစ်ပေသည်။ ထိုအခါတွင် အလုပ်သမားလူတန်းစားနှင့် လယ်သမားလူတန်းစားသည် ရန်ဘက်လူတန်းစားများ မဟုတ်တော့ဘဲ မိတ်ဘက် လူတန်းစားများ ဖြစ်လာကြ၏။ ၎င်းတို့အချင်းချင်း သွေးစုတ်ချယ်လှယ်မှုလည်း မရှိကြတော့ဘဲ အပြန်အလှန် အကျိုးရှိသော စီးပွားရေးဖလှယ်မှုများကို ပြုလုပ်လာကြပေသည်။

အလုပ်သမားသည် ခေါင်းဆောင်လူတန်းစား ဖြစ်၏။ ဆိုရှယ်လစ်စနစ်

ထူထောင်ရေးတွင် အဆုံးအဖြတ်ပေးသော ခေါင်းဆောင်သော အခန်းကဏ္ဍမှ ပါဝင်၏။ အဘယ်ကြောင့်ဆိုသော် အလုပ်သမားသည် ၎င်း၏ လူတန်းစားရပ်တည်မှုအရ၊ အရင်းရှင်စနစ် ဆန့်ကျင်ရေးတိုက်ပွဲတွင် ခေါင်းဆောင်အင်အား ဖြစ်သောကြောင့် ဖြစ်၏။ အလုပ်သမားသည် ၎င်း၏လူတန်းစား ရပ်တည်အရ၊ ပို၍မြင့်သော ပိုင်ဆိုင်မှုပုံသဏ္ဍာန်ဖြစ်သည့် ဆိုရှယ်လစ်ပိုင်ဆိုင်မှု (ဝါ) ပြည်သူ့ပိုင်ဆိုင်မှုနှင့် ဆက်စပ်နေသောကြောင့်ဖြစ်၏။ သမဝါယမပိုင်ဆိုင်မှုနှင့် ပြည်သူ့ပိုင်ဆိုင်မှုတို့ အတူတကွတည်ရှိနေခြင်း လယ်သမားလူတန်းစားနှင့် အလုပ်သမားလူတန်းစားဟူ၍ လူတန်းစားနှစ်ခု တည်ရှိခြင်းသည် ဆိုရှယ်လစ် ကုန်လုပ်ရေး ဖြစ်ပေါ်တိုးတက်မှုကို လွယ်ကူစေပေသည်။ တပြိုင်တည်းမှာပင်၊ အဆင့်မြင့်သော ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေးသည် တစ်မျိုးတည်းသော ပိုင်ဆိုင်မှုပုံသဏ္ဍာန်နှင့် လူတန်းစားကွဲပြားမှု ဖျက်သိမ်းရေးတို့ကို ရှေးရှုလျက် ရှိပေသည်။

'အစွမ်းရှိသလောက်လုပ်၍၊ လိုသလောက်ခံစားခြင်း'ဟူသည့် ကွန်မြူနစ်ဝါဒ၏ အခြေခံမူ၏အဓိပ္ပာယ်ကား ကုန်လုပ်ရေးအားလုံးကို ပြည်သူတစ်ရပ်လုံး၏ ကျယ်ပြန့်သည့် အသင်းအပင်းကြီးထဲသို့ စုစည်းပေးလိုက်ခြင်းဖြစ်ပြီး တဖန် ထိုပြည်သူအသင်းအပင်းကြီးက၊ ပြည်သူများ၏ လိုအပ်ချက်များနှင့် လျော်ညီစွာ ကုန်လုပ်ရေးကို စီမံကိန်းချ ဆောင်ရွက်ခြင်း။ တဖန် ထို'အခြေအသင်းအပင်းကြီး'ကပင် ဘုံထုတ်ကုန်ပစ္စည်းကို ပြည်သူများ၏ လိုအပ်ချက်များနှင့်အညီ ဝေငှဖြန့်ဖြူးခြင်းဟု အဓိပ္ပါယ်ထွက်ပေသည်။ ထိုအချိန်တွင် အစိုးရကုန်လုပ်ရေးနှင့် သမဝါယမကုန်လုပ်ရေးတို့ကို ကုန်လုပ်ရေးအသွင် သဏ္ဍာန်တစ်ခုတည်းအဖြစ်သို့ ပူးပေါင်းပြီးသား ဖြစ်နေရမည်ဖြစ်၏။ ကွန်မြူနစ်လူ့အဖွဲ့အစည်းသည် လူတန်းစားမဲ့ လူ့အဖွဲ့အစည်းဖြစ်၏။ ထိုအဖွဲ့အစည်းတွင် လူတိုင်းသည် တစ်ခုတည်းသော ဘုံကုန်လုပ်ရေးအဖွဲ့ကြီးအတွင်းတွင် အစွမ်းရှိသလောက် အညီအမျှ အလုပ်လုပ်ကြပြီး၊ အလိုရှိသလောက် အညီအမျှ အကျိုးခံစားကြပေသည်။

**ကွန်မြူနစ်စနစ်သို့ကူးပြောင်းရေးတွင်**
**ကုန်လုပ်စွမ်းအားစုများနှင့်ကုန်လုပ်ဆက်ဆံရေးများ၏ပဋိပက္ခ**
**ရောင်းကုန်ထုတ်လုပ်ရေးကိုဖျက်သိမ်းခြင်း**

ကွန်မြူနစ်စနစ်၏ ပထမအဆင့်မှ ပို၍မြင့်သော အဆင့်သို့ ကူပြောင်းရေး၌၊ ကုန်လုပ်ဆက်ဆံရေးတွင်၎င်း၊ ပစ္စည်းပိုင်ဆိုင်မှု ပုံသဏ္ဍာန်တွင်၎င်း၊ ပြောင်းလဲ ဆိုရှယ်လစ်ပစ္စည်းပိုင်ဆိုင်မှု ပုံသဏ္ဍာန်နှစ်မျိုးကို ကွန်မြူနစ် ပစ္စည်းပိုင်ဆိုင်မှု ပုံသဏ္ဍာန်တစ်မျိုးဖြစ်အောင် ပြောင်းလဲရမည်ဖြစ်ရာ၊ ကုန်လုပ်ဆက်ဆံရေးလည်း ပြောင်းလဲရမည်

ဖြစ်၏။ ကုန်လုပ်စွမ်းအားစုများသည် ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတွင် တရှိမလတ် ဖြစ်ပေါ်တိုးတက်မှုကို ဟန့်တားနှောင့်ယှက်လာတော့၏။ လူတစ်စုပိုင် ပစ္စည်းပိုင်ဆိုင်မှုနှင့် အများပိုင်ဆိုင်မှုဟူ၍ နှစ်ခုရှိခြင်း၊ သမဝါယမ သို့မဟုတ် စုပေါင်းလယ်ယာစိုက်ပျိုးရေးနှင့် အများပိုင် စက်မှုလုပ်ငန်းဟူ၍ နှစ်ခုရှိနေခြင်းသည် ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတွင် ကုန်လုပ်ရေးအစိတ်အပိုင်း နှစ်မျိုးရှိသည်ကို ပြ၏။ ပြည်သူပိုင်လုပ်ငန်းအစိတ်အပိုင်းတွင် လူ့အဖွဲ့အစည်းတခုလုံးကို ကိုယ်စားပြုသည့် ပြည်သူ့ အခွင့်အာဏာရှိသူများက ကုန်လုပ်ရေးကို ချုပ်ကိုင်၏။ လူတစ်စုပိုင်လုပ်ငန်း အစိတ်အပိုင်းတွင် လူတစ်စုကပင် ကုန်လုပ်ရေး တစ်ရပ်လုံးကို ချုပ်ကိုင်၏။

ဆိုရှယ်လစ်စနစ်သည်၊ ယင်းသို့ ပြည်သူပိုင်လုပ်ငန်း အစိတ်အပိုင်းတို့ကို အခြေခံ၍ ချီတက်၏။ လယ်သမားများအား ၎င်းတို့ပစ္စည်းများကို စုပေါင်းစေကာ၊ ဆိုရှယ်လစ်စုပေါင်း လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို ဆောင်ရွက်ရန် အလုပ်သမား လူတန်းစားက ဆွဲဆောင်သိမ်းသွင်း၏။ အထူးသဖြင့် လယ်သမားလူတန်းစား အင်အားကြီးမားသည့် တိုင်းပြည်များ၌ ဤအချက်သည် ဆိုရှယ်လစ်ကုန်လုပ်ရေး ဖြစ်ပေါ်တိုးတက်မှုအတွက် အဓိက လိုအပ်ချက် ဖြစ်ပေသည်။

သို့ရာတွင် ပြည်သူ့ကုန်လုပ်ရေးနှင့် သမဝါယမကုန်လုပ်ရေး၊ ပြည်သူ့အစိတ်အပိုင်းနှင့် ပုဂ္ဂလိကအစိတ်အပိုင်းစသည့် ကုန်လုပ်ရေး အစိတ်အပိုင်းနှစ်ခုသည် အမှတ်တစ်ခုသို့ ရောက်သည်တွင် ကုန်လုပ်ရေးကို တားဆီးချုပ်ချယ်လာတော့သည်။ သို့ဖြင့် ဆိုရှယ်လစ် ကုန်လုပ်ဆက်ဆံရေးသည် ကုန်လုပ်စွမ်းအားစုများ၏ တောင်းဆိုချက်နှင့် မကိုက်ညီတော့ဘဲ ဖြစ်လာသည်။ သို့ကြောင့် ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေး ဖြစ်ပေါ်လာပေသည်။ သို့ရာတွင် ဘာကြောင့် ထိုသို့ဖြစ်ရသလဲ။ ယင်းနှင့်ပတ်သတ်၍ ပြဿနာနှစ်ရပ် ထွက်လာ၏။

၁။ ပမထအချက်အားဖြင့်၊ ကုန်လုပ်ရေး၌ အစိတ်အပိုင်းနှစ်ခု ကွဲနေခြင်းကြောင့်၊ စားသုံးကုန်များထုတ်လုပ်ရေးတွင် ရောင်းကုန်ထုတ်လုပ်ရေးစနစ် ကျန်၍နေသေးသည်။ ဆိုရှယ်လစ်စနစ်တွင် လုပ်အားသည် ရောင်းကုန် မဟုတ်တော့ပေ။ နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေးနှင့် မပတ်သက်လျှင်၊ ကုန်လုပ်ကြိယာများသည်လည်း ရောင်းကုန် မဟုတ်တော့ပေ။ သို့ရာတွင် စားသုံးကုန်များကိုကား ရောင်းကုန်ပစ္စည်းအဖြစ် ဆက်လက်ထုတ်လုပ် နေရသေး၏။ ယင်းသို့ စားသုံးကုန်များကို ရောင်းကုန်ပစ္စည်းအဖြစ် ဆက်လက်ထုတ်လုပ် နေရခြင်းမှာ၊ လယ်ယာစိုက်ပျိုးရေးတွင် သမဝါယမလုပ်ငန်းနှင့် စက်မှုလုပ်ငန်းတွင် ပြည်သူပိုင်လုပ်ငန်းဟူ၍၊ လုပ်ငန်းနှစ်ခု ဒွန်တွဲတည်ရှိနေခြင်းကြောင့်

ဖြစ်၏။ ပုဂ္ဂလိကအစု လုပ်ငန်းမှထုတ်လုပ်သော ပစ္စည်းကိုပုဂ္ဂလိက အစုများကရောင်းချဖြန့်ဖြူးသဖြင့်၊ ထိုပုဂ္ဂလိက အစုသည် ၎င်း၏ထုတ်ကုန်ကို ရောင်းကုန်ပစ္စည်းအဖြစ်ထုတ်လုပ်ရတော့၏။ ဤသည်ကိုစတာလင်က အောက်ပါအတိုင်း ရေးခဲ့၏။

*''မြို့နှင့်တောနယ်၏ စီးပွားရေးဆက်သွယ်မှုကို ခိုင်မြဲစေရန်၊ စက်မှုလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်း၏ စီးပွားရေးဆက်သွယ်မှုကို သေချာစေရန်အတွက်၊ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတွင်၊ ရောင်းကုန်ပစ္စည်းထုတ်လုပ်ရေး (ရောင်းခြင်း ဝယ်ခြင်းဖြင့် ဖလှယ်မှု)ကို တစုံတခုသောကာလအထိ ခွင့်ပြုထားရဦးမည် ဖြစ်ပေသည်။ လယ်သမားလူတန်းစားသည် မြို့နှင့်ဆက်သွယ်သည့်အခါတွင်၊ ဤစီးပွားရေးဆက်သွယ်မှုပုံသဏ္ဍာန်ကိုသာ လက်ခံနိုင်ပေသည်။ ယခုအချိန်၌ စုပေါင်းလယ်ယာ-လယ်သမားသည် မြို့နှင့်ဆက်သွယ်သည့်အခါတွင်၊ ရောင်းခြင်း၊ ဝယ်ခြင်းဖြင့် ကုန်ဖလှယ်မှုဖြစ်သော ရောင်းကုန်ပစ္စည်း ဆက်ဆံရေးမှအပ အခြားမည်သည့် စီးပွားရေးဆက်ဆံမှုမျိုးကို အသိအမှတ်ပြုလိမ့်မည် မဟုတ်ပေ''*

ထို့ကြောင့် ဆိုရှယ်လစ် လူ့အဖွဲ့အစည်း၌ စားသုံးကုန်ထုတ်လုပ်ရေးတွင်၊ ရောင်းကုန်ပစ္စည်း ထုတ်လုပ်ရေးကို ဆက်လက်လုပ်ဆောင် နေရဦးမည် ဖြစ်သည်။ 'မိမိ၏အလုပ်အလျောက် အကျိုးခံစားခြင်း'ဟူသော ဆိုရှယ်လစ်စနစ် အခြေခံမှုသည် ကုန်ဖြန့်ဖြူးရေးကို စိုးမိုးနေသမျှ ကာလပတ်လုံး၊ စားသုံးကုန်ထုတ်လုပ်ရေးကို ရောင်းကုန်ပစ္စည်းအဖြစ် ဆက်လက်ထားရှိ၍ ရဦးမည်ဖြစ်၏။ သို့ရာတွင်၊ ကုန်လုပ်ရေးတိုးတက်မှု (ကုန်လုပ်စွမ်းအားစု တိုးတက်မှု)သည် ထုတ်ကုန်ပစ္စည်းများကို အလိုရှိသလောက် ဝေငှပေးနိုင်သော အခြေသို့ ရောက်ရှိလာသော အခါတွင်မူ၊ ရောင်းကုန်ပစ္စည်း ထုတ်လုပ်ရေး၊ ရောင်းခြင်း၊ ဝယ်ခြင်းဖြင့် ဖလှယ်ရေးစသော ကုန်လုပ်ဆက်ဆံရေးများသည် တိုးတက်သော ကုန်လုပ်စွမ်းအားများနှင့် မကိုက်ညီတော့ပေ။ ဆိုရှယ်လစ် ကုန်လုပ်ဆက်ဆံရေးသည် ကွန်မြူနစ် ကုန်လုပ်စွမ်းအားစု ဖြစ်ပေါ်တိုးတက်မှုကို အဟန့်အတားဖြစ်လာတော့၏။ 'ထို့ကြောင့် ရောင်းကုန်ပစ္စည်း ဖြန့်ဖြူးဝေငှခြင်းသည် ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းသည့်အခါမျိုးတွင် မသင့်လျော်တော့ပေ။ ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စနစ်သို့ ကူပြောင်းခြင်းသည် ရောင်းကုန်ပစ္စည်း ဖလှယ်ရေးကို အဆုံးသတ်ခြင်းပေသည်'ဟု စတာလင်က ပြောခဲ့၏။

ထို့ကြောင့် ပုဂ္ဂလိကအစုလုပ်ငန်း သို့မဟုတ် သမဝါယမလုပ်ငန်းနှင့် ပြည်သူပိုင်လုပ်ငန်းနှစ်ခု ဒွန်တွဲနေသည့် ဆိုရှယ်လစ်စနစ်အား၊ ပြည်သူ့အသင်းအပင်းကြီး

တစ်ခုတည်းကသာ လုပ်ငန်းအားလုံးကို ချုပ်ကိုင်သည့် ကွန်မြူနစ်စနစ်ဖြင့် အစားထိုးရမည် ဖြစ်ပေသည်။

၂။ ဒုတိယအချက်အားဖြင့် လယ်ယာစိုက်ပျိုးရေးတွင် ပုဂ္ဂလိက အစုလုပ်ငန်း သို့မဟုတ် သမဝါယမလုပ်ငန်းနှင့် စက်မှုလုပ်ငန်းတွင် ပြည်သူပိုင်လုပ်ငန်းဟု နှစ်ခု ခွန်တွဲတည်ရှိနေခြင်းကြောင့် တစ်ခုတည်းသော လူမှုစီးပွားရေးဌာနက ချုပ်ကိုင်နိုင်ခြင်းမရှိ ထို့ကြောင့်ကုန်လုပ်ရေးတစ်ရပ်လုံးကို တိုက်ရိုက်စီမံကိန်း ချမှတ်နိုင်ခြင်း မရှိပေ။ ထို့ကြောင့် ဆိုရှယ်လစ်ပိုင်ဆိုင်မှု အသွင်လက္ခဏာ နှစ်မျိုးရှိခြင်း။ ကုန်လုပ်ရေး အစိတ်အပိုင်းနှစ်မျိုး ရှိခြင်းသည် အစပထမတွင် ဆိုရှယ်လစ်ကုန်လုပ်ရေးကို ဖြစ်ပေါ်တိုးတက်စေခဲ့သော်လည်း ရေရှည်တွင် အဟန့်အတားဖြစ်လာသည်။ ဤသည်ကို စတာလင်က အောက်ပါ အတိုင်း ရေးခဲ့၏။

*''ယင်းသို့ကုန်လုပ်ရေး အစိတ်အပိုင်း နှစ်ခုရှိခြင်းသည် အမျိုးသား စီးပွားရေး တစ်ရပ်လုံး၊ အထူးသဖြင့်လယ်ယာစိုက်ရေး လုပ်ငန်းတစ်ခုလုံး အား အစိုးရစီမံကိန်း အောက်တွင် အပြည့်အဝ ထားရေးကို အဟန့်အတား ဖြစ်စေပေသည်။ သို့ဖြင့် ကုန်လုပ်စွမ်းအားစုများ၏ ဖြစ်ပေါ်တိုးတက်မှုကို အဟန့်အတား ဖြစ်စေသည်။ ဤအချက်ကို မမြင်သူသည် ခွင့်မလွှတ်နိုင် သော မျက်စေ့ကန်းနေသူသာ ဖြစ်ပေသည်။''*

ဆိုရှယ်လစ် စီးပွားရေးအခြေခံကို ချမှတ်ခြင်းဖြင့်၊ ကုန်လုပ်စွမ်းအားစုနှင့် ကုန်လုပ်ဆက်ဆံရေးများ အကြားတွင် ပဋိပက္ခ မရှိဟု ယူဆခြင်းသည် မှားယွင်းကြောင်း ဖြင့် စတာလင်က ညွှန်ပြခဲ့၏။ အမှန်အားဖြင့်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်အတွင်း၌လည်း ကုန်လုပ်စွမ်းအားစုများနှင့် ကုန်လုပ်ဆက်ဆံရေးများကြားတွင် ပဋိပက္ခသည် ရှိမြဲရှိ၍ နေပေသေးသည်။ ဤပဋိပက္ခကို ဖြေရှင်းရန်မှာ ပိုင်ဆိုင်မှုအားလုံးကို လူ့အဖွဲ့အစည်း တစ်ခုလုံး၏ ပိုင်ဆိုင်မှုအဖြစ် ပြောင်းခြင်းဖြင့် ကုန်လုပ်ဆက်ဆံရေးကို လူ့အဖွဲ့အစည်းတစ်ခု လုံး၏ ပိုင်ဆိုင်မှုအားလုံးကို လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ပိုင်ဆိုင်မှုအဖြစ် ပြောင်းခြင်း ဖြင့် ကုန်လုပ်ဆက်ဆံရေးကို ပုံသဏ္ဌာန်ပြောင်းလဲရန်ပင် ဖြစ်ပေသည်။ ယင်းကား ကွန်မြူနစ်စနစ်ပင် ဖြစ်တော့၏။ ယင်းကား၊ ပုံသဏ္ဌာန်တစ်ခုမှ အခြားတစ်ခုသို့ လုံးလုံးလျားလျားဖြစ်သည့် ပြောင်းလဲခြင်း၊ ဆိုရှယ်လစ်စီးပွားရေးမှ ပို၍ အဆင့်မြင့်သော စီးပွားရေးဖြစ်သည့် ကွန်မြူနစ်စနစ်သို့ ကူးပြောင်းပင်ဖြစ်သည်။ သို့ရာတွင်ဆိုရှယ်လစ်စနစ် မှ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေးသည် အခြားသော ကူပြောင်းရေးပုံသဏ္ဌာန်များသို့ တော်လှန်ရေးများ၊ အုံကြွမှုများဖြင့် ပေါ်ပေါက်ခြင်း မဟုတ်ဘဲ၊ လူမှုသဘောတူညီချက်

အရ တဖြည်းဖြည်း ကူးပြောင်းလာခြင်းသာ ဖြစ်ပေ၏။ လူ့အဖွဲ့အစည်းတွင် ရန်ဘက်ကျသော လူတန်းစားများ မရှိတော့သည့်အတွက်၊ ယင်းသို့ သဘောတူညီချက်အရ ကူးပြောင်းခြင်းသည် လူ့အဖွဲ့အစည်းဝင်များအားလုံး၏ အကျိုးစီးပွားများနှင့် ကိုက်ညီပေသည်။

ထို့ကြောင့်ကွန်မြူနစ်စနစ်၏ ပထမဆင့်ဖြစ်သော ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတွင် စားသုံးကုန်များကို ပစ္စည်းအဖြစ် ထုတ်လုပ်ရဦးမည်ဖြစ်၏။ အဆင့်မြင့်သော ကွန်မြူနစ်စနစ်သို့ ရောက်မှသာလျှင်၊ စားသုံးကုန်ကို ရောင်းကုန်ပစ္စည်းအဖြစ် ထုတ်လုပ်ခြင်းမှ ရပ်စဲတော့မည် ဖြစ်ပေသည်။ အလားတူပင် ဆိုရှယ်လစ်စနစ်တွင် ပုဂ္ဂလိကကအစု၊ သို့မဟုတ်၊ သမဝါယမ ပိုင်ဆိုင်မှုနှင့် ပြည်သူ့ပိုင်ဆိုင်မှုဟူ၍ရှင်း။ စုပေါင်းလယ်ယာကုန်ထုတ်ရေး အစိတ်အပိုင်းနှင့် ပြည်သူပိုင် စက်မှုကုန်ထုတ်ရေး အစိတ်အပိုင်းဟူ၍ရှင်း။ အလုပ်သမားနှင့် လယ်သမားဟူ၍ရှင်း ရှိရဦးမည်ဖြစ်၏။ ကွန်မြူနစ်စနစ်သို့ ရောက်မှသာလျှင်၊ ပြည်သူပိုင်ဆိုင်မှု တစ်ခုတည်း။ ကုန်လုပ်ရေးအသင်းကပင် တစ်ခုတည်းရှိကာ၊ လူတန်းစားများ ပျောက်ကွယ်သွားမည် ဖြစ်ပေသည်။

**ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စနစ်သို့ကူးပြောင်းရေးအတွက်အခြေအနေများ**

ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေးအတွက်၊ အနည်းဆုံး အခြေအနေ သုံးရပ်လိုသည်ဟု စတာလင်က ညွှန်ပြခဲ့၏။ ၎င်းတို့ကား (၁) လူအားလုံး၏ လိုအင်ဆန္ဒများကို ဖြည့်စွမ်းနိုင်ရန်အတွက် ကုန်လုပ်ရေးမြှင့်တင်ခြင်း၊ (၂) ပြည်သူတစ်ရပ်လုံး၏ အသင်းအပင်းကြီးလက်တွင်း၌ ကုန်လုပ်ရေးတစ်ရပ်လုံးနှင့် ထုတ်ကုန်ပစ္စည်းများကို စုစည်းခြင်းနှင့် (၃) အလုပ်ကို ဘဝ၏ အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်လာစေရန်နှင့် လူအား အလုပ်တာဝန် ခွဲဝေမှုအောက်တွင် ထားရေးကို ပယ်ဖျက်ရန်တို့အတွက် လိုအပ်သော အခြေအနေများကို ဖန်တီးခြင်း စသည်တို့ ဖြစ်၏။

ဤအခြေအနေများကို ဆိုရှယ်လစ် လူ့အဖွဲ့အစည်း အတွင်းတွင် တဖြည်းဖြည်း ဖန်တီးယူရမည်ဖြစ်၏။

၁။ ပထမ အခြေအနေမှာ၊ ဘုံကုန်လုပ်ရေး ဌာနခွဲများ အားလုံးကို အဆက်မပြတ် တိုးချဲ့ရန်ဖြစ်၏။ သို့ဖြင့် အများအပြား ထုတ်လုပ်ရေးကို သာမက၊ အလျှံပယ် ထုတ်လုပ်ရေးကို ဖြစ်ပေါ်စေနိုင်သည်။

၂။ ဒုတိယအခြေအနေမှာ ရောင်းကုန်ပစ္စည်း ဝေငှဖြန့်ဖြူးရေးကို အခြားစနစ်တစ်ခုဖြင့် အစားထိုးရန်ဖြစ်၏။ ထိုစနစ်သစ်အောက်၌ ဗဟိုအစိုးရ၊ သို့မဟုတ် အခြားသော

စီးပွားရေးဗဟိုဌာနသည် လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက် ဘုံကုန်လုပ်ရေး၏ ထုတ်ကုန်ပစ္စည်းကို ချုပ်ကိုင်သည်။

၃။ တတိယအခြေအနေမှာ လူ့အဖွဲ့အစည်းဝင် အားလုံးတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းတို့ကို အပြည့်အဝ ဖြစ်နိုင်သည့် ယဉ်ကျေးမှုတိုးတက် ဖွံ့ဖြိုးရေးကို ပြုလုပ်ရန်ဖြစ်၏။ သို့ဖြင့် လူအဖွဲ့အစည်းဝင် အားလုံးတို့သည် လူမှုဖြစ်ပေါ်တိုးတက်မှုကို ဖြစ်စေရန် လုံလောက်သည့် ပညာရေးကို ရရှိသော အခြေအနေ၊ ၎င်းတို့၏ အလုပ်ကို လွတ်လပ်စွာ ရွေးချယ်နိုင်သော အခြေအနေ စသည်တို့ကို ရရှိစေနိုင်သည်။

ဤသို့ဖြစ်မြောက်ရန်မှာ–

(က) အလုပ်ချိန်ကို အနည်းဆုံး ခြောက်နာရီ၊ နောက်ငါးနာရီသို့ လျှော့ချရန်လိုသည်။ ယင်းသို့ဖြင့် လူ့အဖွဲ့အစည်းဝင်များ အားလုံး၌ အဘက်ဘက်မှ ပညာရေးရရှိရန် အချိန်ပိုရလာသည်။ ဆိုရှယ်လစ်ကုန်လုပ်ရေးနှင့် အလုပ်ချိန်လျှော့ရေးသည် အခြေခံဆောက်ရွက်ချက် ဖြစ်၏။ ဤအချက်မရှိဘဲ လူ၏ကိုယ်စွမ်းဉာဏ်စွမ်းကို တိုးတက်အောင် မပြုလုပ်နိုင်ပေ။

(ခ) အရွယ်ရောက်သူတိုင်း မသင်မနေရ စက်မှုသိပ္ပံပညာရေးစနစ်ကို ချမှတ်ပေးရန် လိုသည်။ သို့ဖြင့် လူ့အဖွဲ့အစည်း၏ ကုန်လုပ်ရေး အတတ်ပညာများ၊ အခြေခံမှုများကို သိနားလည်လာမည်။ မိမိနှစ်သက်ရာ အလုပ်ကို ရွေးချယ်နိုင်သည်။

(ဂ) အိုးအိမ်အခြေအနေ၊ နေထိုင်မှုအခြေအနေကို လုံးဝ တိုးတက်ပြောင်းလဲပစ်ရန် လိုသည်။ အလုပ်သမားများ၏ လုပ်ခကို အနည်းဆုံး နှစ်ဆတိုးပေးရန် လိုသည်။ စားသုံးကုန်များ၏ ဈေးနှုန်းကို လျှော့ချပေးရန် လိုသည်။ လုပ်ခတိုးခြင်းနှင့် ကုန်ဈေးနှုန်းလျှော့ခြင်းကို နှစ်ခုစလုံး လုပ်နိုင်က ပိုကောင်းမည်။

သို့ဖြစ်ရာ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းဝင်အားလုံး၏ လိုအပ်ချက်များကို အပြည့်အဝ ဖြည့်စွမ်းနိုင်သည့်ထိ ကုန်လုပ်ရေးကို ချဲ့ခြင်း ဖြစ်ပေသည်။ လူအား အလုပ်တာဝန်ခွဲဝေခြင်း မပြုတော့ဘဲ ၎င်း၏ အလိုအလျောက် ကိုယ်စွမ်းဉာဏ်စွမ်းကို လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြစ်၏။ အလုပ်သည် အသက်မွေးဝမ်းကြောင်းအတွက် မဟုတ်တော့ဘဲ ဘဝ၏ လိုအပ်ချက်၊ ဘဝ၏ ပျော်ရွှင်ရေးအတွက် ဖြစ်လာစေခြင်းဖြစ်၏။ ဘုံပိုင်ဆိုင်မှုသည် လူ့အဖွဲ့အစည်း၏ အခြေခံဖြစ်ခြင်း၊ ဘဝတည်မြဲရေးနှင့် ပျော်ရွှင်ရေးနည်းလမ်းအားလုံးတို့ကို လူ့အဖွဲ့အစည်းက ပြုလုပ်ပေးခြင်းဟု အဓိပ္ပါယ်ထွက်ပေသည်။

## အခန်း(၁၀)
## ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေး၌ မောင်းနှင်ရေးအင်အားစုများ

ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးနှင့် ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေးတွင် လူတန်းစားတိုက်ပွဲ ရှိနေသေးသည်။ ပထမ၌ အလုပ်သမားနှင့် လယ်သမားလူတန်းစားသည် သွေးစုတ်ချယ်လှယ်သူ လူတန်းစားများအားလုံးကို အပြီးအပိုင် သုတ်သင်ရန် တိုက်ပွဲဆင်နွှဲသည်။ နောက် သွေးစုတ်ချယ်လှယ်မှု၏ အကျိုးသက်ရောက်မှုများနှင့် အကြွင်းအကျန်များကို ဖျက်သိမ်းပစ်ရန်အတွက် တိုက်ပွဲဆင်နွှဲသည်။

ဤတိုက်ပွဲ၌ ဆိုရှယ်လစ်အပေါ်ယံ အဆောက်အအုံ၏ ရှုမြင်ချက်များ၊ စနစ်များသည် အရေးပါအရာရောက်သော အခန်းမှ ပါဝင်သည်။

၁။ ဆိုရှယ်လစ် အခြေခံတည်ဆောက်ရေးနှင့် ထိုတည်ဆောက်မှု ခိုင်မာစေရေးအတွက် သိစိတ်ရှိခြင်း။

၂။ အလုပ်လုပ်သော ပြည်သူများ ပါဝင်လာခြင်း၊

၃။ ဘုံအကျိုးစီးပွားတွင် အခြေခံသည့် ဝေဖန်ရေးနှင့် ကိုယ့်ကိုကိုယ်ဝေဖန်ရေးရှိခြင်း၊

၄။ ကွန်မြူနစ်စနစ်ဟူသော ပို၍ အဆင့်မြင့်သော လူမှုစနစ်ကို ကူးပြောင်းရန် ရည်ရွယ်ခြင်း စသည် တို့ကြောင့် ဆိုရှယ်လစ် အပေါ်ယံ အဆောက်အအုံသည် အခြားအပေါ်ယံအဆောက်အအုံများနှင့်မတူ၊ ခြားနားသည်။

ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးနှင့် ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေးတွင် အစိုးရသည် အလုပ်လုပ်သော ပြည်သူများ၏ အာဏာစက်တစ်ရပ်

အဖြစ် များစွာ အရေးပါသည်။ ပါတီသည် ၎င်းတို့၏တပ်ဦးအဖြစ် များစွာ အရေးပါသည်။

လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှု၏ယေဘုယျဥပဒေသ

လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှု၏ ယေဘုယျဥပဒေသကို မာ့က်စ်က အောက်ပါအတိုင်း ပြောခဲ့၏။

''ဘုံကုန်လုပ်ရေး၌ လူသည် ၎င်း၏ စိတ်ဆန္ဒများနှင့်ကင်းကာ၊ ကုန်လုပ်ဆက်ဆံရေးနယ်သို့ ဝင်ရောက်ခဲ့ရ၏။ ကုန်လုပ်ဆက်ဆံရေးသည်လည်း ရုပ်ကျသော ကုန်လုပ်စွမ်းအားစုများ၏ ဖြစ်ပေါ်တိုးတက်မှုနှင့်အညီ ပေါ်ပေါက်ရ၏။ ဤကုန်လုပ်ဆက်ဆံရေးများကို စုပေါင်းဖွဲ့စည်းထားခြင်းသည် လူ့အဖွဲ့အစည်း၏ စီးပွားရေးအဆောက်အအုံပင် ဖြစ်၏။ လူ့အဖွဲ့အစည်းသည် တကယ့်အခြေခံအုတ်မြစ် ဖြစ်၏။ ထိုအခြေခံမှနေ၍ တရားဥပဒေနှင့် နိုင်ငံရေးအဆောက်အအုံသည် လူမှုသိစိတ်နှင့် လျော်ညီစွာ ဖြစ်ပေါ်လာခဲ့ပေသည်''

''ရုပ်ဘဝ၏ ကုန်လုပ်ရေးစနစ်က၊ လူမှု၊ နိုင်ငံရေးနှင့် အသိဉာဏ်ပညာဘဝစသည်တို့ကို ယေဘုယျအားဖြင့် ဖန်တီးပေးသည်။ လူ၏ဘဝကို အသိက ဖန်တီးသည် မဟုတ်ဘဲ လူ၏အသိကိုသာ ဘဝက ဖန်တီးပေသည်။ တစုံတခုသော ဖြစ်ပေါ်တိုးတက်မှုအဆင့်၌၊ လူ့အဖွဲ့အစည်း၏ ရုပ်ကျသော ကုန်လုပ်စွမ်းအားစုများသည် တည်ဆဲကုန်လုပ်ဆက်ဆံရေးများ၊ သို့မဟုတ်၊ ပစ္စည်းပိုင်ဆိုင်မှု ဆက်ဆံရေးများနှင့် ပဋိပက္ခဖြစ်လာကြလေသည်။ ဤဆက်ဆံရေးသည်လည်း ကုန်လုပ်စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်မှု ပုံသဏ္ဌာန်များကို အဟန့်အတား၊ အချုပ်အချယ် ဖြစ်လာပေတော့သည်။ ဤသည်နှင့် တပြိုင်နက် လူမှုတော်လှန်ရေးတရပ်သည် စတင်လာပေသည်။ စီးပွားရေးအခြေခံ ပြောင်းလဲမှုနှင့် အပေါ်ယံအဆောက်အအုံ တစ်ခုလုံးသည်လည်း လျင်မြန်စွာ ပြောင်းလဲလာပေတော့သည်''

''လူမှုစနစ်တစ်ခုထဲ၌ ကုန်လုပ်စွမ်းအားစုများ ဆက်လက်ဖြစ်ပေါ်တိုးတက်စေရန် နေရာရှိနေသမျှ ကာလပတ်လုံး၊ ထိုလူမှုစနစ်သည် ပျက်စီးလိမ့်ဦးမည် မဟုတ်ပေ။ ကုန်လုပ်ဆက်ဆံရေးသစ်များ တည်ရှိရေးအတွက် ရုပ်အခြေအနေများသည် လူ့အဖွဲ့အစည်းဟောင်း၏ သားအိမ်ထဲတွင် ရင့်မာခြင်း မရှိသေးသမျှ ကာလပတ်လုံး၊ ကုန်လုပ်ဆက်ဆံရေးများလည်း ပေါ်လာဦးမည် မဟုတ်ပေ။ ထို့ကြောင့် လူ့အနွယ်ကြီးသည် သူနိုင်သော ဓာတ်ကိုသာ ကပြပေသည်။ သူဖြေရှင်းပေးနိုင်သော ပြဿနာကိုသာ

ဖန်တီးပေးသည်။ ၎င်းအား ဖြေရှင်းပေးနိုင်သော ရုပ်အခြေအနေများ ပေါ်ပေါက်လာသည်။ သို့မဟုတ် ပေါ်ပေါက်လျက် ရှိနေသည့်အချိန်ကျမှသာ ပြဿနာသည်လည်း ထင်ရှားစွာ ပေါ်လာပေတော့သည်''။

''ကုန်လုပ်ရေး လူမှုဖြစ်စဉ်၏သမိုင်း၌ နောက်ဆုံးဖြစ်သည့် ပဋိပက္ခပုံသဏ္ဌာန်မှာ ခေတ်ရှင်ကုန်လုပ်ဆက်ဆံရေးပင် ဖြစ်ပေသည်။ ထိုပဋိပက္ခသည် တစ်ဦးတစ်ယောက်ချင်းကြားတွင် ပေါ်ပေါက်သည့် ပဋိပက္ခ မဟုတ်ဘဲ၊ တစ်ဦးချင်းများကို စုပေါင်းထားသည့် ဘဝ၏ လူမှုအခြေအနေများမှ ပေါ်ထွက်သော ပဋိပက္ခ ဖြစ်ပေသည်။ တပြိုင်နက်တည်းမှာပင်၊ ခေတ်ရှင်လူ့အဖွဲ့အစည်း၏ သားအိမ်တွင်း၌ ဖြစ်ပေါ်လျက်ရှိသည့် ကုန်လုပ်စွမ်းအားစုများသည် ထိုပဋိပက္ခများကို ဖြေရှင်းနိုင်ရေးအတွက် ရုပ်အခြေအနေများကို ဖန်တီးလျက် ရှိပေသည်။ ထို့ကြောင့်၊ ဤလူမှုဖွဲ့စည်းပုံသည် လူ့အဖွဲ့အစည်း၏သမိုင်း မပေါ်မီ ခေတ်ဦးကို နိဂုံးချုပ်လိုက်ပေသည်''

ဖော်ပြပါ မာ့က်စ်၏ ရေးသားချက်သည် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုကို မောင်းနှင်နေသည့် အခြေခံဥပဒေများကို ယေဘုယျအကျဆုံး၊ သိပ္ပံနည်းအကျဆုံး၊ အတိကျဆုံး ဖော်ပြလိုက်ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် အထက်ပါ ရေးသားချက်များသည် ယနေ့အချိန်ထိ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုကို နားလည်ရေးအတွက် သော့ချက်ဖြစ်၏။ ဤရေးသားချက်ထဲတွင် ရှေးဟောင်းဘုံစနစ် ပျက်စီးချိန်မှစ၍ ကုန်လုပ်ရေးတွင် မည်သို့ 'ပဋိပက္ခအသွင်များ' ဆောင်လာကြပုံ၊ တော်လှန်ရေးများကို ဖြတ်သန်း၍ ဖြစ်ပေါ်တိုးတက်လာပုံ၊ ကုန်လုပ်စွမ်းအားစုများသည် တည်ဆဲကုန်လုပ်ဆက်ဆံရေးများနှင့် ပဋိပက္ခဖြစ်လာသောအခါတွင် တော်လှန်ရေးသည် မည်သို့ လိုအပ်လာပုံ စသည်တို့ကို မာ့က်စ်က ဖော်ပြခဲ့၏။ ဤဖြစ်ပေါ်တိုးတက်မှု၏ မောင်းနှင်ရေးအင်အားစုသည် လူတန်းစားတို့၏ တိုက်ပွဲဖြစ်ကြောင်း အဆင့်များစွာကို ကျော်ဖြတ်ခဲ့ပြီးနောက်၊ နောက်ဆုံးတွင် ဆိုရှယ်လစ်တော်လှန်ရေး၌ အလုပ်သမားလူတန်းစား၏ အောင်ပွဲနှင့်အတူ၊ လူတန်းစားတိုက်ပွဲသည် အထွတ်အထိပ်သို့ ရောက်လာခဲ့ကြောင်း၊ အရင်းရှင်ပစ္စည်း ပိုင်ဆိုင်မှုဖျက်သိမ်းခြင်း၊ ကုန်လုပ်ကိရိယာများကို ဘုံပိုင်ဆိုင်မှု ပြုလုပ်ခြင်းအားဖြင့် လူမှုပဋိပက္ခများ မရှိတော့သော လူတန်းစားမဲ့လူ့အဖွဲ့အစည်းကို ကူးပြောင်းရေးအတွက် ပထမအဆင့်ဖြစ်လာကြောင်းဖြင့် မာ့က်စ်က ဖော်ပြခဲ့၏။

သို့ဖြင့် လူတန်းစားများ ကွဲပြားခြင်း၊ လူတန်းစားတိုက်ပွဲများဖြစ်ခြင်း စသည်တို့သည် တစုံတခုသော သမိုင်းခေတ်ကာလတွင်သာ ရှိခဲ့ပေသည်။ လူတန်းစားတိုက်ပွဲများရှိသော ရှည်ကြာသည့် သမိုင်းခေတ်ကာလကြီးကို မာ့က်စ်က 'လူ့အဖွဲ့အစည်း၏

သမိုင်းမပေါ်မီခေတ်ဦး'ဟု ခေါ်ခဲ့ပေသည်။ ဆိုရှယ်လစ်စနစ်အောင်မြင်ခြင်းသည် လူ့အဖွဲ့အစည်း၏ သမိုင်းမပေါ်မီ ခေတ်ဦးကို အဆုံးသတ်လိုက်ပေသည်။ လူ့အဖွဲ့အစည်း၏ သမိုင်းသည် ထိုအချိန်ကျမှ အစပြုလာလေတော့သည်ဟု ဆိုခဲ့၏။ ထိုချိန်မှ စ၍ လူမှုကုန်လုပ်ရေးတစ်ရပ်လုံးသည် သိစိတ်ရှိသော လူမှုထိန်းချုပ်မှုအောက်တွင် ဖြစ်ပေါ်လာပေတော့သည်။

သို့ရာတွင်၊ ဤသို့ဆိုခြင်းအားဖြင့် လူမှုဖြစ်ပေါ်တိုးတက်မှု ဥပဒေသများသည် လှုပ်ရှားမောင်းနှင်ခြင်း မရှိကော့ဟု အဓိပ္ပါယ်မထွက်ပေ။ ကုန်လုပ်ရေးကို ဆောင်ရွက်သည်နှင့် လူသည် ကုန်လုပ်စွမ်းအားစုများ၏ အသွင်လက္ခဏာနှင့် ကိုက်ညီအံကျခြင်းရှိသော ကုန်လုပ်ဆက်ဆံရေးနယ်ပယ်သို့ ဝင်ရောက်ဆောင်ရွက်ရမည်ဆိုသည့် ဥပဒေသကား၊ တည်ရှိမြဲ တည်ရှိနေပေသည်။ လူ၏အသိကို၊ ၎င်း၏လူမှုဘဝက ဖန်တီးသည်ဆိုသည့် ဥပဒေသသည်လည်း တည်ရှိမြဲ တည်ရှိနေပေသည်။ ကုန်လုပ်ရေးဖြစ်ပေါ်တိုးတက်သည်နှင့် လူမှုလုပ်ငန်းတာဝန်သစ်များ ဖြစ်ပေါ်တိုးတက်သည်ဆိုသည့် ဥပဒေသသည်လည်း တည်ရှိမြဲ တည်ရှိနေပေသည်။ သို့ရာတွင် လူမှုဖြစ်ပေါ်တိုးတက်မှု ဥပဒေသများဖြစ်ပေါ် တိုးတက်မှုသည် လူတန်းစားပဋိပက္ခများ၊ စီးပွားရေးအကြပ်အတည်းများ၊ စီးပွားရေးပျက်ကပ်များ စသည်တို့ကို ဖြတ်သန်းခြင်း မပြုတော့ဘဲ၊ စုပေါင်းသည့် လူ့အနွယ်ကြီး၏ သိစိတ်အရ၊ လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက် ဖြစ်ပေါ်တိုးတက်လာပေသည်။

မိမိ၏ ဘုံအကျိုးစီးပွားတွင် အခြေခံကာ၊ အချင်းချင်း ပေါင်းစည်းလာသည်နှင့် လူသည် မိမိ၏ လူမှုလမ်းကြောင်းကို ပိုင်နိုင်စွာ ထိန်းချုပ်နိုင်လာပေသည်။

## အရင်းရှင်စနစ်မှ ကွန်မြူနစ်စနစ်သို့ကူးပြောင်းရေးတွင် လူတန်းစားတိုက်ပွဲဥပဒေသများ

အရင်းရှင်စနစ်မှ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရာတွင် လူတန်းစားတိုက်ပွဲ မရှိတော့ပေ။ ယင်းသို့ လူတန်းစားတိုက်ပွဲကို တဖြည်းဖြည်း စွန့်လွှတ်ခြင်း၊ ရန်ဘက်ကျသော လူတန်းစားများကို ဖေ့စပ်ပေးခြင်း၊ လူတန်းစားပူးပေါင်းရေးကို ဆောင်ရွက်ခြင်းကြောင့် မဟုတ်ပေ။ အလုပ်သမားလူတန်းစားက သွေးစုတ်ချယ်လှယ်လူများအားလုံးကို အပြီးအပိုင် အောင်မြင်အောင် လူတန်းစားတိုက်ပွဲ ဆင်နွှဲရင်း၊ ပထမဦး ရန်ဘက်ကျသော လူတန်းစားများကို ဖျက်သိမ်းခြင်းဖြစ်ကာ၊ နောက်တွင်လူတန်းစားအားလုံးကို ဖျက်သိမ်းပြီးဖြစ်သောကြောင့် ဖြစ်ပေသည်။

ဆိုရှယ်လစ်စနစ် အောင်မြင်ရေးအတွက် အဓိကလိုအပ်ချက်မှာ၊ အလုပ်လုပ်

သော ပြည်သူများကို ခေါင်းဆောင်လျက်၊ အလုပ်သမားလူတန်းစားက အာဏာကို သိမ်းပိုက်ခြင်းပင်ဖြစ်၏။ ထို့နောက်တွင် အလုပ်သမားလူတန်းစားနှင့် ၎င်း၏ မဟာမိတ်များ တာဝန်မှာ အရင်းရှင် သွေးစုတ်ချယ်လှယ်မှုနှင့် အခြားသော သွေးစုတ်ချယ်လှယ်ရေး ပုံသဏ္ဍာန်အားလုံးကို ဖျက်သိမ်းကာ ကုန်လုပ်ရေးတစ်ရပ်လုံးကို ဆိုရှယ်လစ်အခြေခံပေါ်တွင် တည်ဆောက်ရန်ဖြစ်၏။ အလုပ်သမားလူတန်းစားက အာဏာသိမ်းပိုက်ပြီးနောက်တွင်၊ အရင်းရှင်စီးပွားရေးပုံသဏ္ဍာန်နှင့် အရင်းရှင်စနစ်မတိုင်မီ စီးပွားရေး ပုံသဏ္ဍာန်များသည် အတော်အတန် ကျန်ရှိနေဦးမည်ဖြစ်၏။ အရင်းရှင်ကြီးလုပ်ငန်းများကို နိုင်ငံပိုင်ပြုလုပ်ပြီးသည့်နောက်မှာပင်၊ တိုင်းပြည်များစွာတွင် အရင်းရှင်ပေါက်စလုပ်ငန်းများ၊ အသေးစား ရောင်းကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို ချက်ခြင်း နိုင်ငံပိုင်မလုပ်နိုင်သေးဘဲ ချန်ထားရဦးမည် ဖြစ်ပေသည်။

ထို့ကြောင့် အလုပ်သမား လူတန်းစားက အာဏာရရှိပြီးသည့်နောက်တွင်ပင်၊ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲရဦးမည် ဖြစ်ပေသည်။ ဤတိုက်ပွဲတွင် အောက်ပါစီးပွားရေး လုပ်ငန်းသုံးရပ်ကို လုပ်ဆောင်ရမည်ဖြစ်၏။

၁။ ဆိုရှယ်လစ်အစိုးရ စက်မှုလုပ်ငန်းများကို တိုးချဲ့ရန်။

၂။ အရင်းရှင် လုပ်ငန်းအကြွင်းအကျန်များကို တင်းကြပ်သော အစိုးရအုပ်ထိန်းမှုအောက်တွင် ထားရှိရန်၊ သို့ထားရင်းဖြင့် အရင်းရှင်လုပ်ငန်း အကြွင်းအကျန်များကို လူမှုရေးရာအားဖြင့် အသုံးကျသောဘက်သို့ ရောက်ရှိအောင် ဦးတည်ပေးရန်၊ နောက်မှ အရင်းရှင်လုပ်ငန်း အကြွင်းအကျန်များကို တဖြည်းဖြည်း ဖျက်ဆီးကာ၊ အစိုးရ သို့မဟုတ် သမဝါယမလုပ်ငန်းဖြင့် အစားထိုးရန်။

၃။ အသေးစား ကုန်ထုတ်သူများအား ခေတ်မီသော ကုန်လုပ်တန်ဆာပလာများ တပ်ဆင်နိုင်အောင် အားပေးကူညီရန်၊ သို့ဖြင့် ၎င်းတို့၏ ထုတ်လုပ်မှုနှင့် ဘဝအဆင့်အတန်းတိုးမြှင့်ရေးအတွက်၊ ၎င်းတို့ကား သမဝါယမကုန်ထုတ်လုပ်သူများတွင် ပါဝင်လာအောင် သိမ်းသွင်းရန် စသည်တို့ဖြစ်၏။

ဤစီးပွားရေးလုပ်ငန်းများကို အပြည့်အစုံ ဆောင်ရွက်ပြီးစီးခြင်းကား၊ ဆိုရှယ်လစ်စီးပွားရေး အဆောက်အအုံကို အပြည့်အစုံ တည်ဆောက်ပြီးခြင်းမည် ဖြစ်ပေသည်။ ထိုအခါတွင် အဓိကကျသော ကုန်လုပ်ကြိယာများအား ဘုံပိုင်ဆိုင်မှု ပြုလုပ်ပြီး၍ လူလူချင်း သွေးစုတ်ချယ်လှယ်ရေးကိုလည်း ဖျက်သိမ်းပြီးဖြစ်ပေလိမ့်မည်။

ဤဖြစ်စဉ်သည် အလုပ်သမားလူတန်းစားနှင့် ၎င်း၏ မဟာမိတ်များက၊ ကျဆုံးသော အရင်းရှင်လူတန်းစားအား တိုက်ခိုက်သည့် ဒလစပ်ဖြစ်သော လူတန်းစား

တိုက်ပွဲဖြစ်စဉ်ပင်ဖြစ်၏။ *'ပစ္စည်းမဲ့ အာဏာရှင်စနစ်အောက်တွင် လူတန်းစားတိုက်ပွဲ ပပျောက် သွားမည် မဟုတ်ပေ။ လူတန်းစားတိုက်ပွဲသည် ပုံသဏ္ဌာန်တစ်မျိုးကို ဆောင်လာခြင်းသာဖြစ်သည်'*ဟု လီနင်က ပြောခဲ့၏။

အမှန်အားဖြင့်၊ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးဖြစ်စဉ် ပြင်းထန်၍၊ အကြိတ်အနယ်ဖြစ်သော၊ လူတန်းစားတိုက်ပွဲများ၏ ဖြစ်စဉ်ဖြစ်၏။ လက်မဲ့ဘဝသို့ အရောက်ခံရသော အရင်းရှင်ကြီးများသည် ၎င်းတို့ဆုံးရှုံးသွားသော နေရာများကို ပြန်လည်ရရှိရန်အတွက် ၎င်းတို့အစွမ်းရှိသမျှ ခုခံတိုက်ခိုက်ကြ၏။ စီးပွားရေး အခက်အခဲ တိုင်း၊ ကွဲပြားမှုတိုင်းကို အခွင့်ကောင်းယူကာ အသုံးချကြ၏။ အထူးသဖြင့် ဖျက်သိမ်းခြင်း မခံရသေးသော အသေးစားအရင်းရှင်စနစ် အစိတ်အပိုင်းရှိ သွေးစုတ်သူ လူတန်းစားနှင့် တွေ့ဝေယိမ်းယိုင်တတ်သော အသေးစားကုန်ထုတ်သူကလေးများကို အမိအရ စည်းရုံး ကြ၏။ သို့ဖြင့် ဆိုရှယ်လစ်စနစ်သည် ခိုင်မာလာသည်နှင့်အမျှ အရင်းရှင်၏ ခုခံမှုသည် လည်း ပြင်းထန်လာပေသည်။ စတာလင်က ပြောခဲ့ဖူး၏။

*'ချုပ်ငြိမ်းအံ့ဆဲဆဲ လူတန်းစားများက တိုက်ပွဲမှ အလိုအလျောက် ဆုတ်ခွာ သွားသော အဖြစ်အပျက်ဟူ၍ သမိုင်းတွင် တစ်ခါမျှ မရှိခဲ့ဘူးပေ။ ဤအချက်သည် လူတန်းစားတိုက်ပွဲကို ပြင်းထန်စေသော အကြောင်းရင်းဖြစ်၏။ ချုပ်ငြိမ်းအံ့ဆဲဆဲ လူတန်းစားများက ခုခံခြင်းမှာ ကျွန်ုပ်တို့ထက် အင်အားကောင်း၍ မဟုတ်ပေ။ ဆိုရှယ်လစ် စနစ်က အင်အားကောင်းလာကာ၊ ၎င်းတို့က လျင်မြန်စွာ အားနည်းလာသောကြောင့် အကြောက်အကန် ခုခံကြခြင်း ဖြစ်ပေသည်။ သို့နည်းလာသောကြောင့်လည်း၊ ၎င်းတို့ ဘုံးဘုံးလဲကျ ဆုံးရမည့်အချိန်သည် နီးကပ်လာကြောင်းကို သိမြင်လာကာ၊ ၎င်းတို့ အာဏာအတွင်းရှိ နည်းလမ်းများ၊ အင်အားစုများကို သုံးကာ၊ မီးကုန်ယမ်းကုန် ကြံကြခြင်း ဖြစ်ပေသည်'*။

တစုံတခုသော တိုင်းပြည်တစ်ပြည်တွင်၊ ဆိုရှယ်လစ်စနစ်အောင်မြင်မှုသာ လူတန်းစားပဋိပက္ခများနှင့် လူတန်းစားစစ်ပွဲများ ပပျောက်သွားမည်ဖြစ်၏။ သို့တိုင်အောင် ဆိုရှယ်လစ်စနစ်သည် (ယခုအချိန်မှာကဲ့သို့) တိုင်းပြည်အချို့တွင်သာ အောင်မြင်လျက် ရှိနေပါက၊ ပြင်ပမှ အရင်းရှင်အင်အားစုများသည် ၎င်းတို့တတ်နိုင်သမျှ နည်းလမ်းများဖြင့် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးကို တိုက်ဖျက်နေရဦးမည် ဖြစ်သည်။ သို့ရာတွင် ပြည်ပအရင်းရှင်အင်အားစုများသည် ဆိုရှယ်လစ်တိုင်းပြည်တွင်းမှ ပုဂ္ဂိုလ်အချို့၏ ထောက် ခံမှုကိုကား ရနိုင်တော့မည် မဟုတ်ပေ။

သို့တိုင်အောင်၊ သွေးစုတ်ချယ်လှယ်သူ လူတန်းစားများအားလုံးနှင့် ၎င်းတို့ကို

ဆန့်ကျင်သော တိုက်ပွဲအားလုံးပပျောက် သွားခြင်းအားဖြင့် ဆိုရှယ်လစ် တိုင်းပြည်များတွင် သွေးစုတ်ချယ်လှယ်ရေးစနစ်၏ ဆိုးကျိုးများသည် ပပျောက်သွားဦးမည်ပေ။ ပင်မပစ္စည်းကြီး ပျက်သွားသော်လည်း အရိပ်အရောင် အငွေ့အသက်များအား တစုံတခုသောကာလထိ ကျန်ရစ်ဦးမည် ဖြစ်၏။

ဆိုရှယ်လစ်ခေတ်တွင် တစုံတခုသော ကာလထိကျန်ရစ်နေဦးမည့် အရင်းရှင်စနစ်၏ အငွေ့အသက်အရိပ်အရောင်တို့ကား (က) လူများအား အလုပ်တာဝန် ခွဲဝေမှု စနစ်အောက်တွင် ဆက်လက်ထားရှိသော စနစ်နှင့် (ခ) အယူအဆ အကြွင်းအကျန်များ (အချို့လူများတွင် အရင်းရှင်ဝေ့ခေါ် ရှုမြင်ချက်များ ကျန်ရှိနေခြင်း)တို့ ဖြစ်၏။ ဤအယူအဆ အကြွင်းအကျန်များကို တိုက်ဖျက်ရန်နည်းလမ်း သုံးမျိုးရှိ၏။ ၎င်းတို့ကား

(က) ဆိုရှယ်လစ် တည်ဆောက်ရေးကို အားသွန်ခွန်စိုက်လုပ်သော စီးပွားရေးနည်းလမ်း

(ခ) အောက်မှ အထက်ရှိ အစိုးရနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ အားလုံးတွင် ဒီမိုကရေစီဒေသန္တရနည်းကို အသုံးပြုသောနိုင်ငံရေး နည်းလမ်းနှင့်

(ဂ) လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးအား ဆိုရှယ်လစ်ပညာရေး ပုံသွန်းလောင်းခြင်းဖြစ်သော အယူအဆဆိုင်ရာ နည်းလမ်းတို့ ဖြစ်ပေသည်။

ထိုတိုက်ပွဲသည် ဘယ်လိုတိုက်ပွဲမျိုးလဲ၊ လူတန်းစား တိုက်ပွဲတခုလော။ မှန်၏။ ၎င်းကား လူတန်းစားတိုက်ပွဲတစ်မျိုးပေတည်း။ အလုပ်သမား လူတန်းစားက ခေါင်းဆောင်၍ အလုပ်သမား လူတန်းစားနှင့် လယ်သမားလူတန်းစားဟူသော လူတန်းစားများက ဆင်နွှဲသော တိုက်ပွဲဖြစ်သည့်အတွက်၊ ၎င်းသည် လူတန်းစားတိုက်ပွဲ ဖြစ်ပေသည်။ သို့ရာတွင် ထိုတိုက်ပွဲသည် လူတန်းစားများ အချင်းချင်းတိုက်ကြသော တိုက်ပွဲမျိုး မဟုတ်ပေ။ လူတန်းစားတစ်ခုက အခြားလူတန်းစားတစ်ခုအား ဦးတည်တိုက်သောတိုက်ပွဲမျိုး မဟုတ်ပေ။ အတိတ်မှ သွေးစုတ်ချယ်လှယ်မှု၏ အကြွင်းအကျန်များကို ဦးတည်တိုက်သော တိုက်ပွဲသာဖြစ်၏။ ဤတိုက်ပွဲ၏ ပုံသဏ္ဌာန်သည် အင်အားကို အသုံးပြုခြင်း မဟုတ်ဘဲ နမူနာပြခြင်း၊သိမ်းသွင်းခြင်း၊ စသည့် ပုံသဏ္ဌာန်သာ ဖြစ်၏။ ဝေဖန်ရေးနှင့် ကိုယ့်ကိုကိုယ် ဝေဖန်ရေးကို အသုံးပြုသည့် ပုံသဏ္ဌာန်သာ ဖြစ်၏။ သို့ရာတွင် ဆိုရှယ်လစ်တိုင်းပြည်တစ်ပြည်အား၊ ရန်လိုသော အရင်းရှင်တိုင်းပြည်များက ဝိုင်းရံထားသည့် အခါတွင်ကား အင်အားကို အသုံးပြုပေသည်။

လူတန်းစာမဲ့ ကွန်မြူနစ် လူ့အဖွဲ့အစည်းတွင်၊ လူသည် လူမှုလမ်းကြောင်း တစ်ခုလုံးကို သိစိတ်အပြည့်အဝဖြင့် ထမ်းချုပ်မည်ဖြစ်၏။ လူသည် ထိုအခါတွင်

၎င်း၏ လူမှုအဖွဲ့၏ အရှင်သခင် ဖြစ်လာပေလိမ့်မည်။

**ဆိုရှယ်လစ်လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှုတွင်**
**အပေါ်ယံအဆောက်အအုံ၏အခန်းကဏ္ဍ**

မာ့က်စ်ဝါဒအမြင်တွင် နိုင်ငံရေး၊ လူမှုရေးနှင့် အသိဉာဏ်ပညာ ဘဝတို့ကို ယေဘုယျအားဖြင့် ဆုံးဖြတ်ဖန်တီးသည့်အရာမှာ ရုပ်ဘဝ၏ ကုန်လုပ်ရေးစနစ်ဖြစ်၏။ ထို့ကြောင့် လူ့အဖွဲ့အစည်း၏ တစုံတခုသော စီးပွားရေး အဆောက်အအုံ အခြေခံပေါ်မှ ၎င်းနှင့် ကိုက်ညီအံကျသော စနစ်များ၊ ရှုမြင်ချက်များ စသည့် အပေါ်ယံအဆောက်အအုံ ပေါ်ထွက်လာသည်ဟု ယူဆ၏။ သို့ဖြင့် အခြေခံအဆောက်အအုံ၏ ထုတ်ကုန်ဖြစ်သော အပေါ်ယံအဆောက်အအုံသည် အခြေခံအဆောက်အအုံကို အကျိုးပြုရန်၊ ၎င်းကို ပုံသဏ္ဍာန်ဖော်ရန် ခိုင်မြဲအောင်လုပ်ရန်နှင့် ကုန်လုပ်ဆက်ဆံရေးဟောင်း၏ အကြွင်းအကျန်များကို ဖျက်သိမ်းပေးရန်၊ တည်ရှိလာရခြင်း ဖြစ်သည်။ အပေါ်ယံအဆောက်အအုံ၏အလုပ် ၎င်း၏အခန်းကဏ္ဍသည် ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတွင်လည်း ထိုနည်း အတိုင်းပင် ဖြစ်၏။

ယေဘုယျအားဖြင့်ဆိုလျှင် ရှုမြင်ချက်များ ဖြစ်ပေါ်တိုးတက်ခြင်း မရှိဘဲ ဆိုရှယ်လစ်စနစ် ပေါ်ပေါက်မလာနိုင်ပေ။ ဆိုရှယ်လစ် ရှုမြင်ချက်များသည် အရင်းရှင်စနစ်အား ဆန့်ကျင်တိုက်ပွဲဝင်ရန် ပြည်သူလူထုအား လှုံ့ဆော်စည်းရုံးကာ၊ အောင်မြင်မှု လမ်းကြောင်းကို ပြသခဲ့၏။ အလုပ်သမားလူတန်းစားနှင့် ၎င်း၏မဟာမိတ်များက အာဏာကို သိမ်းပိုက်ပြီးသောခါတွင် ၎င်းတို့သည် လူ့အဖွဲ့အစည်းအတွင်းရှိ စနစ်များကို ဆိုရှယ်လစ် စနစ်တည်ဆောက်ရေးနှင့် ကိုက်ညီသော စနစ်များအဖြစ်သို့ ပြောင်းလဲခဲ့၏။ သို့ဖြင့် ဆိုရှယ်လစ် ရှုမြင်ချက်များသည် လူ့အဖွဲ့အစည်းကို လွှမ်းမိုးချယ်လှယ်သော ရှုမြင်ချက်များ ဖြစ်လာကြ၏။ ထို့ကြောင့် အရင်းရှင်စနစ် ဆန့်ကျင်ရေး ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး တိုက်ပွဲသည် အဆုံးတွင် အပေါ်ယံအဆောက်အအုံဟောင်းတစ်ခု လုံးကို အသွင်ပြောင်းစေခဲ့သည်ဟု မာ့က်စ်က ရေးခဲ့ခြင်းဖြစ်၏။ ဤသည်နှင့်တပြိုင်တည်း၊ ဆိုရှယ်လစ် ရှုမြင်ချက်၊ စနစ်စသည့် အပေါ်ယံအဆောက်အအုံ ဖြစ်ပေါ်လာလေတော့ သည်။ ယင်းအပေါ်ယံ အဆောက်အအုံ၏ တာဝန်မှာ ဆိုရှယ်လစ်စီးပွားရေး တည် ဆောက်ရေး ခိုင်မာစေရေး၊ အရင်းရှင်စနစ် အကြွင်းအကျန်များကို ဖျက်သိမ်းရေးတို့ ဖြစ်ပေသည်။

လူမှုဖြစ်ပေါ်တိုးတက်မှုတွင် အပေါ်ယံအဆောက်အအုံ၏ အပြုသဘောရှိသော

အခန်းကဏ္ဍ၊ တက်ကြွသော အခန်းကဏ္ဍကို မာ့က်စ်ဝါဒက အမြဲတမ်း ညွှန်ပြခဲ့သည်။ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးတွင် ဆိုရှယ်လစ်ရှုမြင်ချက်များနှင့် စနစ်များသည် အတက်ကြွဆုံး အခန်းကဏ္ဍမှ ပါဝင်ခဲ့ပေကြသည်။ လူမှုလုပ်ငန်းများ အောင်မြင်ရေးအတွက် ပြည်သူများအား ညွှန်ပြခဲ့ သိမ်းသွင်းခဲ့၊ စုစည်းရုံးခဲ့ကြသည်။

အရင်းရှင် အပေါ်ယံအဆောက်အအုံဖြစ်သည့် ရှုမြင်ချက်များနှင့် စနစ်များကား အရင်းရှင်များကား အရင်းရှင်ပစ္စည်းပိုင်ဆိုင်မှု ဆက်ဆံရေးကို ကာကွယ်ထိန်းသိမ်းရန် တည်ရှိခဲ့ကြခြင်း ဖြစ်ပေသည်။ ၎င်းတို့သည် သွေးစုတ်ချယ်လှယ်ရေးကို အကျိုးပြုကြသည်။ လူများစုအားဖြင့် ဖိနှိပ်လိမ်လည်ခြင်း ပြုသည်။ ဆိုရှယ်လစ်ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များကား သွေးစုတ်ချယ်လှယ်ရေးကို ဖျက်ဆီးရန်၊ လူနည်းစုအား ဖိနှိပ်ရန်နှင့် ပြည်သူများအား ဉာဏ်အလင်းရောင်ပေးရန် တည်ရှိခြင်း ဖြစ်ပေသည်။

သို့ဖြစ်ရာ၊ ဆိုရှယ်လစ် အပေါ်ယံအဆောက်အအုံတွင် ထူးခြားသော သစ်လွင်သော အသွင်လက္ခဏာများ ရှိ၏။ ထို့ကြောင့် ၎င်းသည် လူတန်းစား သွေးစုတ်ချယ်လှယ်ရေးတွင် အခြေခံသော လူ့အဖွဲ့အစည်းဟောင်းများရှိ အပေါ်ယံအဆောက်အအုံနှင့် နှိုင်းယှဉ်လျှင် အမျိုးအစားသစ်ဖြစ်သော အပေါ်ယံအဆောက်အအုံတစ်ခုဖြစ်ပေသည်။ လူ့အဖွဲ့အစည်းဟောင်းတွင်မူ၊ အုပ်စိုးသူလူတန်းစားက လူ့အဖွဲ့အစည်း၏၊ လူများစုကြီးကို သွေးစုတ်ချယ်လှယ်ရာ၌ အပေါ်ယံအဆောက်အအုံက အကျိုးပြုခဲ့၏။ ဆိုရှယ်လစ် လူ့အဖွဲ့အစည်းတွင်ကား၊ သွေးစုတ်ချယ်လှယ်မှုဖျက်သိမ်းရေး၊ သွေးစုတ် ချယ်လှယ်ခြင်း မရှိသော စီးပွားရေးစနစ်ကို ခိုင်မာရေး၊ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှု လိုအပ်ချက်များကို အများဆုံး ဖြည့်စွမ်းနိုင်ရေးတို့ကို အပေါ်ယံအဆောက်အအုံက အကျိုးပြုပေသည်။ ဤသည်တို့ကား ဆိုရှယ်လစ်အပေါ်ယံအဆောက်အအုံ၏ အနှစ်သာရ ဖြစ်၏။ ဆိုရှယ်လစ် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုနှင့် အပေါ်ယံအဆောက်အအုံအခန်းကဏ္ဍ ဖြစ်ပေသည်။

သို့ဖြစ်လျှင် ဆိုရှယ်လစ် အပေါ်ယံအဆောက်အအုံ၏ ထင်ရှားသော အသွင်သဏ္ဌာန်သစ်များသည် ဘာလဲ။

**၁။ ဆိုရှယ်လစ်ရှုမြင်ချက်များ၊ ဖွဲ့စည်းမှုစနစ်များသည်ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်စွမ်းရေးတွင် ကူညီရန်အတွက် သိစိတ်ရှိသော ရည်ရွယ်ချက် အရ ဖြစ်ပေါ်တိုးတက်လာသည်။**

အလုပ်လုပ်သော ပြည်သူများက သွေးစုတ်ချယ်လှယ်သူများထံမှ အာဏာကို သိမ်းပိုက်လိုက်သောအခါတွင် ၎င်းတို့သည် ဆိုရှယ်လစ် လူ့အဖွဲ့အစည်း၏ အခြေခံကို

ဖန်တီးခဲ့ကြ၏။ သို့ဖန်တီးခြင်းမှာ ရှောင်တာမဟုတ်၊ မတော်တဆ မဟုတ်ပေ။ အရင်းရှင် စီးပွားရေးကို ဆိုရှယ်လစ်စီးပွားရေးဖြင့် အစားထိုးမည်ဟူသော သိစိတ်ဖြင့် တမင်ပြုလုပ် ဖန်တီးခဲ့ခြင်း ဖြစ်၏။

ထို့ကြောင့်၊ ဆိုရှယ်လစ်အခြေခံတည်ဆောက်ရေးသည် အခြားသောအခြေခံ များ တည်ဆောက်ရေးနှင့် လုံးဝ မတူပေ။ ဆိုရှယ်လစ်စနစ် မွေးဖွားလာသည့်ဖြစ်စဉ်သည် အရင်းရှင်လူတန်းစားက အရင်းရှင်စီးပွားရေးကို တည်ဆောက်မည်ဟု ကြိုတင်တွေး တောပြီးမှ တမင်ကလာ ပြုလုပ်ခြင်းကြောင့် အရင်းရှင်စနစ် ဖြစ်တည်လာခြင်း မဟုတ်ပေ။ ထို့ပြင်မက အရင်းရှင်ကုန်လုပ်ရေးနှင့် လူတန်းစားများသည် မြေရှင်ပဒေသရာဇ်၏ လူ့အဖွဲ့ အစည်းအတွင်းမှ အလိုအလျောက် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ကာလအတန်ကြာ သည့်တွင် အရင်းရှင်လူတန်းစားသည် အင်အားကြီးထွားစ ပြုလာသောအခါ၊ တဘက် တွင်လည်း မြေရှင်ပဒေသရာဇ်၏ အုပ်စိုးမှုသည် တင်းကြပ်လာသောအခါ၊ အရင်းရှင် လူတန်းစားသည် မြေရှင်ပဒေသရာဇ်၏ အုပ်စိုးမှုများကို အုံကြွတော်လှန်ကာ လူ့အဖွဲ့ အစည်းကို သိမ်းပိုက်အုပ်စိုးလာတော့သည်။ ယင်းသို့ ဓနရှင်တော်လှန်ရေးများ ဖြစ်ပွားခဲ့ သည့် အဖြစ်အပျက်ကို ကြည့်လျှင် မည်သည့်ဓနရှင်ခေါင်းဆောင်ကမျှ ''ငါတို့ အရင်းရှင် စနစ်ကို တည်ဆောက်ကုန်အံ့'ဟု မကြွေးကြော်ခဲ့ပေ။ ၁၆၄၉ ခုနှစ်က ပုန်ကန်ခဲ့သော အင်္ဂလိပ် ဓနရှင်ခေါင်းဆောင် အော်လစ်ဗာ– ကရွန်းဝဲလ်သည်၎င်း၊ ၁၆၈၈ ခုနှစ်က တော်လှန်ရေးကို ခေါင်းဆောင်သော ဝီလျံ–အော့ဖ် ဩရိန့်ချ်သည်၎င်း၊ ၁၈၃၂ ခုနှစ်တွင် ပြုပြင်ပြောင်းလဲမှုများ၏ ခေါင်းဆောင် လော့ဒ်–ဂရေးသည်၎င်း၊ ယင်းသို့ ကြွေးကြော်ခြင်း မပြုခဲ့ကြပေ။ သို့ရာတွင် ၁၉၁၇ ခု အောက်တိုဘာတော်လှန်ရေးတွင်မူကား *'ငါတို့သည် ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ကြကုန်အံ့'*ဟု လီနင်က အတိအလင်း ကြွေးကြော် ခဲ့ပေသည်။ ဓနရှင်တော်လှန်ရေးနှင့် ဆိုရှယ်လစ်တော်လှန်ရေး နှစ်မျိုး၏ ခြားနားပုံကို စတာလင်ကအောက် ပါအတိုင်းရေးခဲ့၏။

*''ဓနရှင်တော်လှန်ရေး၏ အဓိကလုပ်ငန်းမှာ အာဏာကိုသိမ်းပိုက်ပြီး နောက်၊ ထိုအာဏာကို တည်ရှိပြီးဖြစ်သော ဓနရှင်စီးပွားရေးနှင့် ကိုက်ညီ အံကျအောင် ပြုလုပ်ပေးခြင်းဖြစ်၍ ပစ္စည်းမဲ့တော်လှန်ရေး၏ အဓိကလုပ်ငန်း မှာကား သစ်လွင်သော ဆိုရှယ်လစ် စီးပွားရေးကို ထူထောင်ရန်အတွက် အာဏာကို သိမ်းပိုက်ခြင်း ဖြစ်ပေသည်''*

သို့ဖြင့်၊ ဆိုရှယ်လစ် အခြေခံအဆောက်အအုံသည် အရင်းရှင်အခြေခံ အဆောက်အအုံနှင့် ကွာခြားပေသည်။ အရင်းရှင်အခြေခံသည် သိစိတ်မရှိဘဲ၊ ရည်ရွယ်

ချက် မရှိဘဲ၊ အလိုအလျောက် ပေါ်ပေါက်လာခြင်းဖြစ်၍၊ ဆိုရှယ်လစ် အခြေခံကား သိစိတ်ဖြင့်၊ ရည်ရွယ်ချက်ဖြင့် တမင်ကလာ ဖန်တီးခြင်းကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ သို့ခြားနားသဖြင့်၊ အရင်းရှင်တွေးခေါ်မှုများ၏ အသွင်လက္ခဏာနှင့် ဖြစ်ပေါ်တိုးတက်လာပုံတို့သည်လည်း ကွာခြားသွားကြ၏။ အရင်းရှင်တွေးခေါ်မှုသည် အရင်းရှင်စနစ်ထူထောင်ရေး ရည်ရွယ်ချက်မပါဘဲ အလိုအလျောက် ပေါ်ပေါက်လာသည့် ဖြစ်စဉ်ဖြစ်၏။ ဆိုရှယ်လစ် တွေးခေါ်မှုကား၊ ဆိုရှယ်လစ်စနစ် ထူထောင်ရေး ရည်ရွယ်ချက်အပြည့်ဖြင့်၎င်း၊ အရင်းရှင် လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးတက်မှု ဥပဒေသများကို လေ့လာကြည့်မြင်ခြင်းဖြင့်၎င်း၊ အရင်းရှင်စနစ်အား ဆန့်ကျင်သည့် အလုပ်သမား လူတန်းစားတိုက်ပွဲအတွင်းမှ ပေါ်ပေါက်လာသည့် ဖြစ်စဉ်ဖြစ်ပေသည်။

သိပ္ပံနည်းကျသော ယင်းသို့ ဆိုရှယ်လစ်တွေးခေါ်မှုများသည် ဆိုရှယ်လစ် အပေါ်ယံအဆောက်အအုံအား လမ်းညွှန်စိုးမိုးနေသည့် တွေးခေါ်မှုများပင် ဖြစ်တော့၏။ ထို့ကြောင့် ဆိုရှယ်လစ် လူ့အဖွဲ့အစည်း၏ အစိုးရနှင့် အခြားစနစ်များ အားလုံးသည် ဆိုရှယ်လစ် တွေးခေါ်မှုများနှင့်အညီ၊ ဆိုရှယ်လစ်သိစိတ်နှင့်အညီ ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံရေး ရှုမြင်ချက်များ၊ အဘိဓမ္မာဆိုင်ရာ ရှုမြင်ချက်များ၊ တရားဥပဒေဆိုင်ရာ၊ စာပေနှင့် အနုပညာဆိုင်ရာ ရှုမြင်ချက်များစသည့် ဆိုရှယ်လစ် အပေါ်ယံအဆောက်အအုံ တစ်ခုလုံးသည် ဆိုရှယ်လစ်စနစ် ဖြစ်ပေါ်တိုးတက်မှုကို အကျိုးပြုရန်ဟူသော၊ သိစိတ်ရှိသည့် ရည်ရွယ်ချက်အရ ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။

သို့ရာတွင်၊ အရင်းရှင်ရှုမြင်ချက်ဟောင်းများသည် ကျန်ရှိနေကြသေး၏။ ဖွားသစ်စဖြစ်သော ဆိုရှယ်လစ်အပေါ်ယံ အဆောက်အအုံသစ်နှင့် ချုပ်ငြိမ်းနေသော အရင်းရှင် အပေါ်ယံအဆောက်အအုံဟောင်းတို့သည် တစ်ခုနှင့်တစ်ခု တိုက်ခိုက်နေကြ၏။ ဤတိုက်ပွဲ၏ ပန်းတိုင်ကား၊ ဆိုရှယ်လစ်အပေါ်ယံအဆောက်အအုံက အခြေခံဟောင်းကို ဖျက်သိမ်း၍ အခြေခံသစ်ကို တည်ဆောက်ရေး ဖြစ်ပေသတည်း။

**၂။ ဆိုရှယ်လစ်ရှုမြင်ချက်များနှင့်စနစ်များသည်အလုပ်လုပ်သောပြည်သူများ၏ ပါဝင်ဆောင်ရွက်မှုဖြင့်ဖြစ်ပေါ်တိုးတက်လာသည်။**

လူလူချင်း သွေးစုတ်ချယ်လှယ်မှုကို အခြေခံသည့် လူ့အဖွဲ့အစည်းတွင်၊ စိုးမိုးချယ်လှယ်သော ရှုမြင်ချက်များသည် သွေးစုတ်ချယ်လှယ်မှုကို တရားမှန်ကန်ရာ ရောက်အောင်၊ တစ်နည်းမဟုတ်၊ တစ်နည်းဖြင့် အကျိုးပြုကြသည်။ အလားတူပင်၊ ထို လူ့အဖွဲ့အစည်းရှိ စနစ်များသည်လည်း သွေးစုတ်ချယ်လှယ်သူ လူနည်းစုက သွေးစုတ်ချယ်လှယ်ခံရသူ လူများစုကြီးအား အုပ်စိုးချယ်လှယ်မှု တည်မြဲရေးကို အကျိုးပြု

ကြသည်။ ထို့ကြောင့် အချုပ်တွင် ရှုမြင်ချက်များသည် လူများစုကြီးအပေါ်တွင် အတင်းအကြပ် ရိုက်သွင်းသည့် လူနည်းစု၏ တဘက်သတ်ကျ၍ လိမ်လည်လှည့်ဖျားသော ရှုမြင်ချက်များသာ ဖြစ်ပေသည်။ စနစ်များသည်လည်း၊ လိမ်လည်လှည့်ဖျားသော၊ အနိုင်အထက်ကျသော စနစ်များသာ ဖြစ်ကြသည်။

ဆိုရှယ်လစ်လူ့အဖွဲ့ အစည်းတွင်ကား၊ ၎င်းနှင့် ပြောင်းပြန်ဖြစ်၏။ ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၌ စိုးမိုးချယ်လှယ်သော ရှုမြင်ချက်များသည်၊ ပြည်သူများအား သွေးစုတ်ချယ်လှယ်ခံဘဝမှ လွတ်မြောက်ရေးကို အကျိုးပြု၏။ ရုပ်ဝတ္ထုနှင့်ယဉ်ကျေးမှု လိုအပ်ချက်များကို အများဆုံး ဖြည့်စွမ်းနိုင်ရန်အတွက် ပြည်သူလူထုများအား မည်သို့စည်းရုံးရန်ကို ညွှန်ပြ၏။ ထို့ကြောင့် ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ ရှုမြင်ချက်များနှင့် စနစ်များသည် ပြည်သူလူထုအပေါ်သို့ အတင်းအကြပ် ရိုက်သွင်းခြင်းမပြုရုံမျှမက၊ ပြည်သူများကိုယ်တိုင် ဖွဲ့စည်းသော ရှုမြင်ချက်များ ဖြစ်သဖြင့်၊ ၎င်းတို့၏ စိတ်ကူးမျှော်မှန်းချက်များ၊ အကျိုးစီးပွားများနှင့်လည်း ကိုက်ညီပေသည်။ ထို့ပြင် လူ့အဖွဲ့အစည်းကို အခွင့်ထူးခံလူနည်းစုကလေးက လွှမ်းမိုးချယ်လှယ်ခြင်းမပြုဘဲ၊ ပြည်သူများကသာ လွှမ်းမိုးချယ်လှယ်ပေသည်။ ရှုမြင်ချက်များကိုလည်း အသိဉာဏ်ပညာရှင် အစုကလေးကသာ ဖွဲ့စည်းခြင်းမပြုဘဲ၊ ပြည်သူများကိုယ်တိုင်က ဖွဲ့စည်းပေသည်။ သို့ဖြင့် ဆိုရှယ်လစ်လူ့အဖွဲ့အစည်း ရှုမြင်ချက်များ၊ စနစ်များသည်ကျယ်ပြန့်သော ပြည်သူလူထုများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပိုမိုကြွယ်ဝလာပေသည်။

**၃။ ဆိုရှယ်လစ် ရှုမြင်ချက်များနှင့် ဖွဲ့စည်းမှုစနစ်များသည် ဝေဖန်ရေး၊ ကိုယ့်ကိုကိုယ်ဝေဖန်ရေးတို့ကြောင့် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။**

လူလူချင်း သွေးစုတ်ချယ်လှယ်ခြင်းပြုသည့် အခြားသော လူ့အဖွဲ့အစည်းများ၌ ရှုမြင်ချက်များ၊ စနစ်များ၏ ဖြစ်ပေါ်တိုးတက်မှုကို စမ်းသပ်စစ်ဆေးရာတွင်၊ ၎င်းတို့သည် ဘဝ၏ တကယ့်အခြေအနေများကို နားလည်မှုနှင့်အညီ တိုးတက်သလား၊ လူများအား ၎င်းတို့၏ ဘုံအကျိုးစီးပွား၊ ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှု လိုအပ်ချက်များကို အကောင်အထည် ဖော်စေနိုင်သလားဆိုသည့် အချက်ဖြင့် စမ်းသပ်စစ်ဆေးခြင်း မပြုပေ၊ ၎င်းတို့သည် အုပ်စိုးသူလူတန်းစားကို အကျိုးပြုသလားဆိုသည့် အချက်ဖြင့်သာ ရှုမြင်ချက်များ၊ ဖွဲ့စည်းမှုစနစ်များ၊ တိုးတက်သည် မတိုးတက်သည်ကို စမ်းသပ်စစ်ဆေးကြပေသည်။ သို့ဖြင့် လူ့အဖွဲ့အစည်းအတွင်းရှိ ဆန့်ကျင်ဘက်အကျိုးစီးပွားများနှင့် အတိုက်အခံဖြစ်မှု၊ ပဋိပက္ခဖြစ်မှုတို့ကြောင့် ရှုမြင်ချက်များ၊ စနစ်များသည် ဖြစ်ပေါ်တိုးတက်လာကြသည်။ လူမှုဖြစ်ပေါ်တိုးတက်မှုတွင်၊ အခြေခံဟောင်းသည် အတားအဆီးအချုပ်

အချယ် ဖြစ်လာသောအခါ၌ ရှုမြင်ချက်များ၊ စနစ်များသည်လည်း ဖိနှိပ်မှု အသွင်ကို ပိုမို၍ဆောင်လာကြ၏။ ပိုမို၍ လိမ်လည်လှည့်ဖျားလာကြ၏။ သို့ဖြင့် ပြည်သူများအား ပို၍နက်ရှိုင်းသော အမှောင်တိုက်အတွင်းသို့ သွတ်သွင်းလာခဲ့ကြပေသည်။

အခြားတဘက်တွင်မူ၊ ဆိုရှယ်လစ်အခြေခံ အဆောက်အအုံတွင်၊ ပြည်သူများ သည် ၎င်းတို့၏ ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှုလိုအပ်ချက်များကို ဖြည့်စွမ်းရန်အတွက် ပို၍ ပေါင်းစည်းစုရုံးလာကြ၏။ သို့ဖြင့်၊ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတွင် ရှုမြင်ချက်များ၊ စနစ်များ တိုးတက်သည် – မတိုးတက်သည်ကို စစ်ဆေးရာ၌ ဘဝ၏အခြေအနေများကို ပြည်သူများက ဘယ်လောက်နားလည်သလဲ၊ ပြည်သူများ၏ ဘုံအကျိုးစီးပွား၊ ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှု လိုအပ်ချက်များကို ဘယ်လောက်အကောင်အထည် ဖော်နိုင်သလဲဆိုသည့် အချက်ဖြင့် စမ်းသပ်စစ်ဆေးပေသည်။ သို့ရာတွင် ဆိုရှယ်လစ် လူ့အဖွဲ့အစည်းတွင် ရှုမြင်ချက်များအားလုံး၊ စနစ်များအားလုံးသည်လည်း ခြောက်ပြစ်ကင်း သဲလဲစင် မဟုတ်ကြပေ။ သို့ဖြစ်လျှင် ဆိုရှယ်လစ် လူ့အဖွဲ့အစည်း၌ အပေါ်ယံအဆောက်အအုံ ဖြစ်ပေါ် တိုးတက်မှုကို မည်သို့ဖြစ်ပေါ်စေသလဲ၊ အခြားလူ့အဖွဲ့အစည်းများတွင်ကဲ့သို့ ဆန့်ကျင် ဘက် အကျိုးစီးပွားတို့၏ ပဋိပက္ခဖြစ်မှုများ၊ အတိုက်အခံဖြစ်မှုများကြောင့် တိုးတက်လာ ခြင်းမျိုး မဟုတ်ပေ။ ဘုံအကျိုးစီးပွားတွင် အခြေခံသည့်ဝေဖန်ရေးနှင့် ကိုယ့်ကိုယ်ကို ဝေဖန်ရေးနည်းဖြင့်သာ ရှုမြင်ချက်များ၊ စနစ်များကို ဖြစ်ပေါ်တိုးတက်စေပေသည်။

ယေဘုယျဆိုလျှင်၊ ဝေဖန်ရေးနှင့်ကိုယ့်ကိုကိုယ် ဝေဖန်ရေးကို ကျင့်သုံးခြင်းဖြင့် သာလျှင်၊ ပြည်သူများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေပေလိမ့်မည်။ ရှုမြင်ချက်များနှင့် စနစ်များ စသည့် အပေါ်ယံအဆောက်အအုံသည် ဆိုရှယ်လစ်လူ့အဖွဲ့အစည်းနှင့်အညီ ဖြစ်ပေါ်တိုးတက်ပေလိမ့်မည်။ ထို့ကြောင့် ဆိုရှယ်လစ် လူ့အဖွဲ့အစည်း အပေါ်ယံ အဆောက်အအုံ ဖြစ်ပေါ်တိုးတက်မှု၏ အခြေခံမှုမှာ ဝေဖန်ရေးနှင့် ကိုယ့်ကိုကိုယ် ဝေဖန်ရေး ဖြစ်ပေသည်။

**၄။ ဆိုရှယ်လစ် ရှုမြင်ချက်များနှင့် စနစ်များသည် ကွန်မြူနစ်စနစ်များသည် ကွန်မြူနစ်စနစ် ကူးပြောင်းရေးကို လွယ်ကူစေသည်။**

လူ့အဖွဲ့အစည်းအဟောင်းများ အားလုံးတွင်၊ အပေါ်ယံအဆောက်အအုံ၏ အလုပ်သည် တည်ဆဲလူမှုစနစ်ကို ထိန်းသိမ်းရန်ဖြစ်သည်။ ထို့ကြောင့် ကုန်လုပ်ရေး ဖြစ်ပေါ်တိုးတက်မှုသည် တည်ဆဲကုန်လုပ်ဆက်ဆံရေးများနှင့် ပဋိပက္ခဖြစ်လာကြသော အခါတွင်၊ အပေါ်ယံအဆောက်အအုံသည် ဖောက်ပြန်သောအသွင်ကို ဆောင်လာသည်။ လူမှုပြောင်းလဲမှုများကို ခုခံဆန့်ကျင်လာသည်။

ဆိုရှယ်လစ်ကုန်လုပ်ရေး ဖြစ်ပေါ်တိုးတက်မှုသည် ခြားနားသော လူမှုအသွင် သဏ္ဍာန် ပြောင်းလဲမှုများကို လိုအပ်ပေသည်။ သို့ဖြင့် အဆင့်မြင့်သော ကွန်မြူနစ်စနစ် သို့ ရောက်ရှိလာခဲ့၏။ သို့ဖြင့် ကုန်လုပ်ရေးနှင့် ကုန်ဖြန့်ဖြူးရေး ဖြစ်စဉ်တစ်ရပ်လုံးကို 'ပြည်သူတစ်ရပ်လုံး၏ ကျယ်ပြန့်သော အသင်းအပင်းကြီး' ၏ စီမံအုပ်ချုပ်မှုအောက်တွင် ထားရှိပေသည်။ လူအား အလုပ်၏ တာဝန်ခွဲဝေမှုအောက်တွင် ထားရှိခြင်းကိုလည်း ရပ်ဆိုင်းလိုက်တော့၏။ ရောင်းကုန်ထုတ်လုပ်ရေးကိုလည်း ရပ်ဆိုင်းလိုက်တော့၏။ အလုပ်နှင့်အညီ အကျိုးခံစားခွင့်ရှိသည့် စနစ်အစား၊ ဆန္ဒနှင့်အညီ အကျိုးခံစားခွင့်ရှိသည့် စနစ်ကို အစားထိုးလိုက်ပေသည်။

ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ အပေါ်ယံအဆောက်အအုံသည် ကွန်မြူနစ်စနစ်၏ မြင့်မားသော လိုအပ်ချက်များနှင့် ကိုက်ညီအံကျခြင်း မရှိတော့ပေ။ ဥပမာအားဖြင့် ဆိုရှယ်လစ်စနစ်၏ ရှုမြင်ချက်များ၊ စနစ်များဖြစ်သော အလုပ်နှင့် အကျိုးခံစားခွင့်သည်၊ ကွန်မြူနစ်စနစ်၏ ရှုမြင်ချက်များ၊ စနစ်များဖြစ်သော ဆန္ဒနှင့်အညီ အကျိုးခံစားခွင့်နှင့် ပဋိပက္ခ ဖြစ်လာလေတော့သည်။

သို့ဖြစ်လျှင်၊ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေး ရုပ်အခြေအနေများ ရင့်မာလာသည့်အချိန်၌ ဘာဖြစ်သလဲ၊ ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ ရှုမြင်ချက်များ၊ စနစ်များသည် ထိုအခါတွင် ဖောက်ပြန်သော အသွင်ကို ဆောင်လာသလား။

မဟုတ်ပေ။ ဆိုရှယ်လစ် အပေါ်ယံ အဆောက်အအုံသည် ပြည်သူများက ၎င်းတို့၏ သိစိတ်အရ ပြုလုပ်သဖြင့် ပေါ်ပေါက်လာခြင်း ဖြစ်၏။ ဝေဖန်ရေးနှင့် ကိုယ့်ကိုကိုယ် ဝေဖန်ရေးအရ၊ ကွပ်ကဲတိုးတက်လာခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ၎င်းတို့သည် ဖောက်ပြန်သောအသွင် မဆောင်ကြပေ။ သို့ရာတွင် ၎င်းတို့သည် လူမှုဖြစ်ပေါ်တိုးတက်မှုနှင့် အမှီမလိုက်တော့သဖြင့်၊ ပြောင်းလဲရန် လိုလာ၏။ ယင်းသို့ပြောင်းလဲရာတွင် ပဋိပက္ခများ၊ တိုက်ပွဲများဖြင့် ပြောင်းလဲရန် မလိုတော့ဘဲ၊ ဝေဖန်ရေးနှင့် ကိုယ့်ကိုယ်ကို ဝေဖန်ရေးဖြင့်သာ ပြောင်းလဲပစ်ရမည်ဖြစ်၏။ ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ အခြေခံရှုမြင်ချက်များသည် ကွန်မြူနစ်စနစ်သို့ မှန်မျှော်ကြည့်သော ရှုမြင်ချက်များဖြစ်ရာ၊ ဆိုရှယ်လစ်အပေါ်ယံအဆောက်အအုံကို ကွန်မြူနစ်အပေါ်ယံ အဆောက်အအုံသို့ ပြောင်းလဲရာတွင် ငြိမ်းချမ်းသောနည်းဖြင့် ပြောင်းပစ်ရမည် ဖြစ်ပေသည်။

အတိုချုပ်ဆိုရလျှင်၊ ဆိုရှယ်လစ် လူ့အဖွဲ့အစည်း၏ အပေါ်ယံအဆောက်အအုံသည် ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေးကို လွယ်ကူစေပေသည်။

**ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးနှင့် ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေးတွင် တန်ခိုးအကြီးဆုံးတန်ဆာပလာဖြစ်သည့်အစိုးရနှင့်ပါတီ။**

ဆိုရှယ်လစ်အပေါ်ယံ အဆောက်အအုံတွင် အရေးကြီးဆုံးသည့် သော့ချက်ကဏ္ဍ၊ ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ ဘဝဖွဲ့စည်းမှုတွင် အရေးကြီးသည့်သော့ချက် အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်သောအရာများမှာ အစိုးရနှင့် ပါတီတို့ဖြစ်၏။ အစိုးရနှင့် ပါတီသည် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး၊ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေးအတွက် စွမ်းအားထက်မြက်သော တန်ဆာပလာများ ဖြစ်၏။ ကွန်မြူနစ်စနစ် တည်ဆောက်ပြီးသည့်နောက်တွင် အစိုးရနှင့် ပါတီကိုပါ ဖျက်သိမ်းမည်ဖြစ်သော်လည်း ဆိုရှယ်လစ်စနစ်အတွင်း၌မူ ၎င်းတို့၏အခန်းကဏ္ဍသည် များစွာ အရေးကြီးလှ၏။ ဆိုရှယ်လစ်လူအဖွဲ့အစည်းတွင် လူတန်းစားတိုက်ပွဲသည် ပုံသဏ္ဍာန်တစ်မျိုးဖြင့် တည်ရှိနေသေးရာ၊ အစိုးရ နှင့်ပါတီ၏ အခန်းကဏ္ဍသည်၊ ယင်းလူတန်းစားတိုက်ပွဲတွင် များစွာ အရာရောက်သည်။ အလုပ်သမားလူတန်းစားနှင့် ၎င်း၏မဟာမိတ်များသည် အောင်ပွဲခံပြီးသည်နှင့် တပြိုင်နက်၊ ၎င်းတို့၏ရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ရာတွင် အာဏာသုံးရန် အစိုးရတစ်ရပ်နှင့် တိုက်ပွဲကို ခေါင်းဆောင်ရန်အတွက် ပါတီတစ်ရပ် လိုအပ်ပေသည်။

သို့ဖြစ်ရာ၊ ဆိုရှယ်လစ်အစိုးရ၊ ဆိုရှယ်လစ် နိုင်ငံတော်၏ အသွင်လက္ခဏာ ဆိုတာဘာလဲ။

၁။ ဆိုရှယ်လစ်အစိုးရသည် အလုပ်သမား၊ လူတန်းစားနှင့် ၎င်း၏ မဟာမိတ်များ၏ အာဏာအဖွဲ့အစည်းဖြစ်သည်။

(က) သွေးစုတ်ချယ်လှယ်သူများ၏ ခုခံမှုကို ဖျက်သိမ်းရန်

(ခ) ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးကို ဦးတည်ရန်၊

(ဂ) ဆိုရှယ်လစ် ပစ္စည်းပိုင်ဆိုင်မှုနှင့် ပြည်သူပြည်သားများ၏ ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်မှုအား ရန်လိုသော ပြည်တွင်းပြည်ပ အင်အားစုများ၊ ပုဂ္ဂလိကအစုများက ကျူးကျော်ဖျက်သိမ်းခြင်းကို ကာကွယ်ရန်တို့အတွက်၊ ထိုအာဏာကို အသုံးပြုသည်။

၂။ ဆိုရှယ်လစ်အစိုးရသည် ဖိနှိပ်ချယ်လှယ်သော လူနည်းစု၏ အဖွဲ့အစည်း မဟုတ်ဘဲ၊ အလုပ်လုပ်သော ပြည်သူတစ်ရပ်လုံး၏ အဖွဲ့အစည်းဖြစ်သည်။ ဆိုရှယ်လစ်အစိုးရသည် အမျိုးအစားသစ်ဖြစ်သော အစိုးရဖြစ်သည်။ အုပ်စိုးသူလူနည်းစုကလေး၏ တန်ဆာပလာမဟုတ်ဘဲ၊ အလုပ်လုပ်သော ပြည်သူလူထု အုပ်ချုပ်မှု၏ တန်ဆာပလာ ဖြစ်သည်။ ဆိုရှယ်လစ်အစိုးရသည် ပြည်သူများက ထူထောင်သော အစိုးရဖြစ်သည်။

ယင်းသို့ ထူထောင်ရာတွင် ပြည်သူများသည် ဗျူရိုကရေစီစက်ယန္တရား အရင်းရှင်နှင့် မြေရှင်ပဒေသရာဇ်များ၏ ဗျူရိုကရေစီစစ်အာဏာရှင် စက်ယန္တရားဟောင်းကို ဖျက်ဆီးပစ်ပြီး၊ ဒီမိုကရေစီတိုက်ပွဲကို အောက်ပွဲခံပေသည်။ လီနင်က အောက်ပါအတိုင်းရေးခဲ့၏။

*"ကျွန်ုပ်တို့၏ရည်ရွယ်ချက်ကား၊ ဆင်းရဲသားပြည်သူများအား လက်တွေ့အုပ်ချုပ်ရေးအတွင်းသို့ ဆွဲသွင်းရန်၊ လုပ်သားတိုင်းအား အစိုးရတာဝန်ဝတ္တရားများကို ထမ်းဆောင်စေရန်ပင်ဖြစ်သည်။ ဗျူရိုကရေစီစနစ်ကို ဖျက်သိမ်း၍၊ တိကျပြတ်သားသော အစိုးရတစ်ခုကို ဖွဲ့စည်းရန်မှာ၊ အောက်မှအထက်သို့ နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် တင်းကြပ်စွာ ချုပ်ကိုင်ရပေလိမ့်မည်။ ယင်းသို့သော စိတ်ဓာတ်၊ ယင်းသို့သော အနှစ်သာရမျိုးရှိသည့် အစိုးရတစ်ရပ်ကို ထူထောင်အုပ်ချုပ်ရန်အတွက်၊ ကျွန်ုပ်တို့သည် ဘယ်အရင်းရှင်တိုင်းပြည်တွင်မှ မရှိသေးသည့် လူ – ၁၀ သန်း၊ သို့မဟုတ် သန်း– ၂၀ ခန့်ရှိသည့် အစိုးရကြီးယာကို လျင်မြန်စွာ ထူထောင်ရပေလိမ့်မည်"*

ထို့ကြောင့် ဆိုရှယ်လစ် အစိုးရ၏ အသွင်လက္ခဏာမှာ၊ အလုပ်လုပ်သော ပြည်သူတစ်ရပ်လုံး၏ ပါဝင်ပူးပေါင်းမှု လိုပေသည်။ ရွေးကောက်တင်မြှောက်ခြင်းသော အစိုးရအဖွဲ့အစည်းများတွင် သာမက၊ အစိုးရ၏ လုပ်ငန်းတစ်ရပ်လုံး၊ အလုပ်သမားသမဂ္ဂများ စသည့် အစိုးရနှင့် ပြည်သူ့အဖွဲ့အစည်းများ၊ ဆက်သွယ်ရေးအဖွဲ့အစည်းများ အားလုံးတို့တွင် ပြည်သူများက ပါဝင်ဆောင်ရွက်ဖို့ လိုပေသည်။

၃။ ဆိုရှယ်လစ်အစိုးရသည် အလုပ်လုပ်သော ပြည်သူများက၊ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး၏ ဘုံကုန်လုပ်ရေးကို စီမံအုပ်ချုပ်သည့် တန်ဆာပလာ ဖြစ်ပေသည်။ ပြည်သူ့လုပ်ငန်းများသည် အစိုးရလုပ်ငန်းများ ဖြစ်သည်။ ပြည်သူတစ်ရပ်လုံး၏ ကိုယ်စားလှယ်ဖြစ်သည့် အစိုးရသည် ထိုလုပ်ငန်းများ၏ ပိုင်ရှင်၊ ထိုလုပ်ငန်းများ၏ မန်နေဂျာ ဖြစ်ပေသည်။

ဆိုရှယ်လစ်အစိုးရသည် ပြည်သူပိုင်ဆိုရှယ်လစ် ကုန်လုပ်ရေးအစိတ်အပိုင်းတစ်ခုလုံးအား ပိုင်ဆိုင်ခြင်း၊ စီမံအုပ်ချုပ်ခြင်း စသည့် လုပ်ငန်းများကို ပြုလုပ်သည်။ သို့ဖြင့် ဆိုရှယ်လစ်စီးပွားရေး၏ အစိတ်အပိုင်း တစ်ရပ်လုံးအား အုပ်ချုပ်ခြင်း၊ လမ်းညွှန်ခြင်းစသည့် လုပ်ငန်းများကိုလည်း ပြုလုပ်သည်။ စီးပွားရေးအစိတ်အပိုင်း အားလုံးသည် အစိုးရအစိတ်အပိုင်းပေါ်တွင် မှီခိုနေသဖြင့်၊ ဆိုရှယ်လစ်အစိုးရသည် စီးပွားရေး ဖြစ်ပေါ်တိုးတက်မှု တစ်ရပ်လုံးကို လွှမ်းမိုးပေသည်။

အစိုးရသည် အဓိကအားဖြင့် အာဏာအဖွဲ့အစည်းဖြစ်သည်။ ဆိုရှယ်လစ် ဆန့်ကျင်ရေး အင်အားစုများ၏ ခုခံမှုရှိနေသေးသမျှ ဆိုရှယ်လစ် ဖြစ်ပေါ်တိုးတက်မှုကို ဦးတည်လမ်းညွှန်ရန်အတွက် အာဏာအဖွဲ့အစည်းသည် လိုအပ်၏။ လက်မဲ့ပြုခြင်း ခံရသော လူတန်းစားများ၏ ခုခံမှုကို ချိုးဖျက်ပြီးနောက်တွင်၎င်း၊ စီးပွားရေးတစ်ရပ်လုံးကို ဆိုရှယ်လစ် အခြေခံပေါ်တွင် အပြည့်အဝ အခြေချပြီးသည့်နောက်တွင်၎င်း၊ ပြည်သူ့ အာဏာအဖွဲ့အစည်းသည် မလိုတော့သည့်အခြေသို့ ရောက်လာလိမ့်မည်ဖြစ်၏။ သို့ဖြင့် အစိုးရသည် တဖြည်းဖြည်း ပျောက်ကွယ်သွားကာ၊ လူ့အဖွဲ့အစည်း၏ စီးပွားရေးနှင့် ယဉ်ကျေးမှုဘဝကို သယ်ဆောင်ရန် အဖွဲ့အစည်းတစ်ခုအဖြစ်သာ ကျန်ရစ်လိမ့်မည် ဖြစ်၏။ ဤသည်ကို အိန်ဂျယ်လ်က အောက်ပါအတိုင်း ပြောခဲ့၏။

*"လူမှုဆက်ဆံရေးနယ်ပယ်၌ အစိုးရအာဏာ၏ ဝင်ရောက်စွပ်ဖက်မှုသည် တဖြည်းဖြည်း အပိုဖြစ်လာကာ၊ နောက်တွင် လုံးဝ မလိုတော့ဘဲ ဖြစ်လာပေလိမ့်မည်။ အစိုးရသည် လူများအား အုပ်ချုပ်ရမည့်အခြေမှ၊ အရာဝတ္ထုများအား စီမံခန့်ခွဲခြင်း၊ ကုန်လုပ်ရေးဖြစ်စဉ်များကို လမ်းညွှန်ရှေ့ဆောင်ခြင်း စသည့်အခြေ အနေသို့ ရောက်ရှိလာပေလိမ့်မည်။ သို့ဖြင့် အစိုးရသည် ဘယ်ကမှ ဖျက်သိမ်းခြင်း မပြုရဘဲ၊ အလိုလို ညှိုးနွမ်းပျောက်ကွယ်သွားမည် ဖြစ်ပေသည်။ ထိုအခါတွင် ကုန်ထုတ်ရေးသည် လွတ်လပ်စွာ ညီမျှသော ကုန်ထုတ်သူများ၏ အဖွဲ့အသင်းပေါ်တွင် အခြေခံပေလိမ့်မည်၊ ထိုအခါတွင် အစိုးရဆိုသောအရာသည် ဗိုင်းငင်သော ရဟတ်၊ ကြေးပုဆိန် စသည်တို့နှင့်အတူ ရှေးပစ္စည်းတစ်ခုအဖြစ် ပြတိုက်ထဲတွင် ကျန်ရစ်နေပေလိမ့်မည် ဖြစ်ပေသည်"*

သို့ရာတွင်၊ ဆိုရှယ်လစ်စနစ်သည် ကမ္ဘာတစ်ဝှမ်းတွင် ကြီးထွားလျက်ရှိသည့်တိုင်၊ ရန်လိုသော အရင်းရှင်နိုင်ငံများ၏ ဝိုင်းရံပိတ်ဆို့မှုကား ရှိနေသေး၏။ ထို့ကြောင့် ဆိုရှယ်လစ် လူ့အဖွဲ့အစည်း၌ ပြည်သူ့အာဏာအဖွဲ့သည် ရှိနေသေး၏။ အမြင့်ဆုံးသော ကွန်မြူနစ်စနစ်သို့ ချီတက်လျှက်ရှိသည့်တိုင်၊ အရင်းရှင် ဝိုင်းရံပိတ်ဆို့မှု ရှိနေသမျှ အစိုးရအာဏာအဖွဲ့အစည်းသည် ဆက်လက်တည်ရှိနေလိမ့်ဖြစ်၏။ ဆိုရှယ်လစ်အစိုးရသည် ဆိုရှယ်လစ်စနစ်၏ အောင်မြင်ချက်များကို ထိန်းသိမ်းကာကွယ်ရမည် ဖြစ်ပေသည်။

သို့ရာတွင်၊ ဆိုရှယ်လစ်တိုင်းပြည်အတွင်းတွင်ကား၊ အစိုးရအာဏာ အဖွဲ့အစည်းသည် ဖိနှိပ်ရေးလုပ်ငန်း တာဝန်များကို ထမ်းဆောင်ရတော့မည် မဟုတ်ပေ။

အစိုးရအာဏာသည် ခေွးစုတ်ချယ်လှယ်သူများ၏ ခုခံမှုကို ဖိနှိပ်ရန် မလိုတော့သော်လည်း၊ ဆိုရှယ်လစ် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆိုရှယ်လစ်ပစ္စည်း ပိုင်ဆိုင်မှု ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းကိုကား ဆက်လက်လုပ်ဆောင်ရဦးမည် ဖြစ်သည်။ ဆိုရှယ်လစ် အစိုးရအာဏာနှင့် ပတ်သတ်၍ စတာလင်က အောက်ပါအတိုင်း ပြောခဲ့၏။

*"အရင်းရှင် ဝိုင်းရံပိတ်ဆို့မှုကို ချေမှုန်းခြင်း မပြုနိုင်သေးသမျှ ပြည်ပစစ်ရေးကျူးကျော်မှု၏ အန္တရာယ် ရှိနေသေးသမျှ၊ အစိုးရသည် ဆက်လက်တည်ရှိ နေဦးမည် ဖြစ်ပေသည်။ အရင်းရှင် ဝိုင်းရံပိတ်ဆို့မှုကို ချေမှုန်းပြီးနောက် ဆိုရှယ်လစ် ဝိုင်းဝန်းပိတ်ဆို့မှုကို ထူထောင်ပြီးမှသာလျှင် အစိုးရသည် ပျောက်ကွယ်သွားမည် ဖြစ်ပေသည်"*

သို့ဖြစ်ရာ ဆိုရှယ်လစ်စနစ်စတင် ပေါ်ပေါက်လာသည့်ကာလနှင့် ကွန်မြူနစ်စနစ် ကူးပြောင်းရေးကာလ တလျှောက်လုံး၌ ဆိုရှယ်လစ်အစိုးရသည် အလုပ်လုပ်သော ပြည်သူများ၏ အောင်မြင်ချက်များကို ထိန်းသိမ်းထားရန်၊ ၎င်းတို့၏ ရည်းမှန်းချက်များကို အကောင်ထည်ဖော်ရန်တို့အတွက် အရေးပါအရာရောက်သော သော့ချက်အခန်းကဏ္ဍမှ ပါဝင်ပေသည်။

ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၌ အစိုးရအပြင်၊ ပြည်သူများ၏ဆန္ဒများကို အကောင်ထည်ဖော်ရန်အတွက် ပါတီတစ်ရပ်လည်း လိုအပ်ပေသည်။ စီးပွားရေး ထူထောင်မှုကို ခေါင်းဆောင်ရန်မျှမက၊ လူ့အဖွဲ့အစည်း၏ ရှုမြင်ချက်များ၊ စနစ်များကို ဖွဲ့စည်းရန်အတွက် အင်အားစုတစ်ခုလည်း လိုအပ်ပေသည်။ ထိုအင်အားစုသည် အလုပ်သမား လူတန်းစားပါတီဖြစ်ပေသည်။ ထိုပါတီသည် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး၌ အစိုးရနှင့် ပြည်သူကို လမ်းညွှန်သည့်ခေါင်းဆောင်အင်အားစုဖြစ်၏။ အလုပ်သမားပါတီ၏ ခေါင်းဆောင်မှု မပါဘဲ၊ အလုပ်သမားလူတန်းစားသည် အာဏာကို သိမ်းပိုက်နိုင်မည် မဟုတ်ပေ။ ပါတီသည် အစိုးရလှုပ်ရှားမှုဆောင်ရွက်မှုအားလုံးတို့ကို လမ်းညွှန် ခေါင်းဆောင်ပေသည်။

ထိုမျှမက၊ ခေွးစုတ်ချယ်လှယ်သူ လူတန်းစားများအား ဆက်လက်ဖိနှိပ်ရန်၊ ခေွးစုတ်ချယ်လှယ်မှု၏ အမွေများကို ပပျောက်အောင် လုပ်ရန်အတွက် တိုက်ပွဲရှိနေသမျှ ကာလပတ်လုံး၊ ပါတီသည် ဆက်လက် တည်ရှိနေရဦးမည် ဖြစ်ပေသည်၊ အလုပ်သမား လူတန်းစားနှင့် မဟာမိတ်များ၏ အတိုးတက်ဆုံးသော ခေါင်းဆောင်မှု မရှိဘဲနှင့် တိုက်ပွဲများကို အောင်မြင်နိုင်မည် မဟုတ်ပေ။ လူတန်းစားတိုက်ပွဲသည် မည်သည့်ပုံသဏ္ဌာန်ကို ဆောင်စေကာမူ၊ လူတန်းစားတိုက်ပွဲ၌ ရှိနေသမျှ လူတန်းစားတပ်ဦးနှင့်

ပြည်သူများကြားတွင် ကွဲပြားမှုရှိနေလိမ့်ဦးမည်ဖြစ်၏။ လူတန်းစားများ တည်ရှိနေသေးသဖြင့် ထိုလူတန်းစားများ ရုပ်ဆိုင်ရာနှင့် စိတ်ခံတတ်ဆိုင်ရာ ဆောင်ရွက်လှုပ်ရှားမှုများသည်လည်း ကွဲပြားနေလိမ့်ဦးမည်ဖြစ်၏။ သို့ကွဲပြားရခြင်းမှာလည်း ဘုံကုန်လုပ်ရေးတွင် ၎င်းလူတန်းစားများ ပါဝင်နေလိမ့်ဦးမည်ဖြစ်၏။ သို့ကွဲပြားရခြင်းမှာလည်း ဘုံကုန်လုပ်ရေးတွင် ၎င်းလူတန်းစားများ ပါဝင်သည့် နေရာဌာနကို လိုက်၍ ကွဲပြားခြင်းဖြစ်၏။ ထို့ကြောင့် လူတန်းစားထဲမှ သိစိတ်ရှိသော လူနည်းစုကလေး ပေါ်လာကာ၊ ထိုသိစိတ်ရှိသော လူနည်းစုကလေးသည် ရေရှည်အကျိုး စီးပွားကို မှန်းမျှော်ကြည့်ကာ၊ လူတန်းစားတစ်ခုလုံးကို ရှေ့ဆောင် ရှေ့ရွက်ပြုပေသည်။ ထိုလူတန်းစား၏ လူများစုကြီးသည် ထိုလူနည်းစု၏ ခေါင်းဆောင်မှုအောက်သို့ ဝင်ရောက်လာလေသည်။ ဤသည်ကို ဆိုဗီယက်ယူနီယံ အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

*''အလုပ်လုပ်သော ပြည်သူများ၏ အခြားအစိတ်အပိုင်းများနှင့် အလုပ်သမားလူတန်းစားထဲရှိ အတက်ကြွဆုံးသော နိုင်ငံရေးသိစိတ် အနိုးကြားဆုံးသော ပြည်သူများသည် ကွန်မြူနစ်ပါတီအတွင်း၌ လာရောက်စုဝေးကြပေသည်။ ကွန်မြူနစ်ပါတီသည် အလုပ်လုပ်သော ပြည်သူများ၏ ဆိုရှယ်လစ်စနစ် ခိုင်မာရေးတိုးတက်ရေး တိုက်ပွဲအတွင်း၌၊ ၎င်းတို့၏တပ်ဦး။ အလုပ်လုပ်သော ပြည်သူများ၏ အဖွဲ့အစည်းများအားလုံး၏ ခေါင်းဆောင်အမြုတေ ဖြစ်ပေသည်''*

ပါတီသည် 'အမိန့်'ပေးသော အဖွဲ့အစည်းတစ်ခု မဟုတ်ပေ။ ၎င်းသည် အာဏာအဖွဲ့အစည်းတစ်ရပ်လည်း မဟုတ်ပေ။ ဆစ်ဒနီနှင့် ဘီးသန်ဝက်ဘ်စ်တို့၏ 'ဆိုဗီယက် ကွန်မြူနစ်ဝါဒ'အမည်ရှိ ကျမ်းထဲတွင် ဖော်ပြထားသော စကားလုံးအတိုင်းဆိုလျှင် ပါတီသည် 'ခေါင်းဆောင်မှု၏ ကိုယ်စားလှယ်'မျှသာဖြစ်ပေသည်။ အလုပ်လုပ်သော ပြည်သူများအဖို့ စီးပွားရေးတည်ဆောက်ရေးလုပ်ငန်းများကို ပြုလုပ်ရန်၊ လူ့အဖွဲ့အစည်း၏ ရှုမြင်ချက်များနှင့် စနစ်များကို တိုးတက်အောင် ပြုလုပ်ရန်၊ ဆိုရှယ်လစ်စနစ်စနစ် တည်ဆောက်၍ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရန်မှာ ယင်းသို့သော ကိုယ်စားလှယ်အဖွဲ့တစ်ခု မရှိဘဲ မဖြစ်နိုင်ပေ။ စတာလင်က အောက်ပါအတိုင်း ပြောခဲ့၏။

*''ပါတီ၌ အခွင့်အာဏာ ဘယ်လောက်ရှိသည် မရှိသည်ဆိုသည့် အချက်များ။ အလုပ်သမားလူတန်းစားက ပါတီအား ဘယ်ရွေ့ဘယ်မျှ ယုံကြည်သည်ဆိုသည့် အချက်ပေါ်တွင် တည်ပေသည်။ အလုပ်သမားလူ*

*တန်းစား၏ ယုံကြည်အားကိုးမှု ကိုလည်း အင်အားဖြင့် အတင်းအကြပ် လုပ်၍ မရပေ။ အင်အားကို သုံးခြင်းသည် ယုံကြည်ကိုးစားမှုကို သတ်ပစ် သလို ဖြစ်နေပေလိမ့်မည်။ ပါတီ၏ သဘောတရားသည် ခိုင်မာမှုသာလျှင် ပါတီ၏ပေါ်လစီသည် မှန်ကန်မှုသာလျှင်၊ ပါတီသည် အလုပ်သမား လူတန်းစား၏ အကျိုးစီးပွားကို ဦးစားပေးမှုသာလျှင်၊ ပါတီသည် မိမိ၏ ကြွေးကြော်သံများ မှန်ကန်ကြောင်းကို ပြည်သူများ သဘောပေါက်အောင် လုပ်နိုင်မှုသာလျှင် ပါတီသည် အလုပ်သမားလူတန်းစား၏ ယုံကြည်ကိုးစားမှု ကို ခံရပေလိမ့်မည်။ သို့ဖြစ်ရာ လူတန်းစားကို ခေါင်းဆောင်မှုပေးရာတွင် ပါတီသည် ကျင့်သုံးရမည့် အဓိကနည်းမှာ ပြည်သူလူထုအား ဆွဲဆောင် သိမ်းသွင်းခြင်းသာ ဖြစ်ပေသည်''။*

လူ့အဖွဲ့အစည်းသည် ကွန်မြူစနစ်အဆင့်သို့ ရောက်ရှိပါက၊ ရန်လိုသော အင်အားစုများ၏ ခြိမ်းခြောက်မှုတို့ မရှိတော့ပါက၊ ပါတီသည်လည်း ပျောက်ကွယ်သွား မည်ဖြစ်၏။ ထိုအခါတွင် လူမှုဘဝသည်လည်း လူတန်းစားများ မရှိဘဲ၊ ချီတက်လိမ့် မည်ဖြစ်၏။ လူတန်းစားတပ်ဦးနှင့် ပြည်သူများဟူ၍ ကွဲပြားခြင်းသည်လည်း ပျောက် ကွယ်သွားမည် ဖြစ်ပေသည်။

## အခန်း(၁၁)
## စီမံကိန်းကျ ကုန်လုပ်ရေး

ဆိုရှယ်လစ်စနစ်၏ အခြေခံဥပဒေသမှာ ကုန်လုပ်ရေးတွင် ဆိုရှယ်လစ် စီမံကိန်း ချမှတ်ခြင်းဖြစ်သည်။ ကုန်လုပ်ရေးတွင် အထွေထွေ စီမံကိန်း ချမှတ်ခြင်းသည် ဆိုရှယ်လစ်အခြေခံမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

သို့ရာတွင် ဆိုရှယ်လစ်စနစ်အတွင်းတွင် အလုပ်တာဝန်ခွဲဝေမှု ရှိနေသေးသဖြင့် ကုန်လုပ်ကြိယာများ အသုံးချရေးကို လူက အပြည့်အဝ ထိန်းချုပ်နိုင်ခြင်း မရှိသေးပေ။ တပိုင်းတစသာ ထိန်းချုပ်နိုင်သေးသည်။ ရောင်းကုန်ပစ္စည်း ထုတ်လုပ်ရေးစနစ် တည်ရှိနေခြင်းကြောင့် လုပ်ခ၊ ဈေးနှုန်း စသည်တို့ကို သတ်မှတ်ထားချက်များ ရှိသေးသဖြင့် လူ့မှုစီမံကိန်း သည်လည်း တိုက်ရိုက်မဟုတ်သေးဘဲ၊ သွယ်ဝိုက်သည့်နည်းဖြင့်သာ ရှိသေးသည်။

ကွန်မြူနစ်စနစ်တွင်မူ ကုန်လုပ်ကြိယာများ အသုံးချရေးကို သိစိတ်ဖြင့် ထိန်းချုပ်မှု ရှိလာသည်။ ဘုံထုတ်ကုန်များကို ဝေငှရေးသည်လည်း ပြီးပြည့်စုံသော အဆင့်သို့ ရောက်လာသည်။ လူ့အဖွဲ့အစည်း၏ လိုအပ်ချက်၊ ကုန်လုပ်စွမ်းအားစုများ ကုန်လုပ်ကြိယာများ စသည်တို့၏ အစွမ်းသတ္တိ၊ ၎င်းတို့ကိုအသုံးပြုရသည့်အတွက် ကြာရှည်သည့်အချိန်ကာလ စသည်တို့ကိုပါ ထည့်သွင်းသွင်းတွက်ချက်၍ စီမံကိန်းချမှတ်သည်။ သို့ဖြင့် လူသည် သဘာဝအရှင်သခင်ဖြစ်အောင် လုပ်ရာတွင် မိမိကိုယ်ကို မိမိ အတိုင်းအဆမရှိ တိုးတက်အောင် ပြုလုပ်နိုင်လာသည်။ လူသည် မိမိလူမှု အသင်းအဖွဲ့၏အရှင်သခင်၊ သဘာဝ၏ အကြီးအကဲ ဖြစ်လာသည်။

ပထမတွင် ဆိုရှယ်လစ်စနစ်နှင့် ကွန်မြူနစ်စနစ်သည် အမျိုးသား

အခြေခံတစ်ခု ပေါ်ထွန်းလာပြီးနောက်၊ ကမ္ဘာ့ကွန်မြူနစ်စနစ် ဖြစ်လာသည်။ လူ့အဖွယ်၏ အနာဂါတ်ကို လူ့ဆုံးဖြတ်ချက်ဖြင့် ဖန်တီးသည်။ သို့ဖန်တီးရာတွင် လူ့ဘဝ၏ လိုအပ်ချက်များကို ဖွံ့ဖြိုးအောင်လုပ်ရာတွင် သိစိတ်အရ ပြုလုပ်ဖန်တီးပေးသည်။

ဆိုရှယ်လစ်စီမံကိန်း၏အခြေခံသည် ဘုံပိုင်ဆိုင်မှုဖြစ်သည်

ဆိုရှယ်လစ် ကုန်လုပ်ဆက်ဆံရေး၏ အသွင်လက္ခဏာမှာ ကုန်လုပ်ရေးကို စီမံကိန်းချ၍ ပြုလုပ်ခြင်းဖြစ်၏။ ကုန်လုပ်ကြိယာများကို ဘုံပိုင်ဆိုင်သဖြင့် ၎င်းကုန်လုပ်ကြိယာများအား အသုံးချကိုလည်း အများက ပိုင်း၍ ဆုံးဖြတ်၏။ သို့ဖြင့် လူ့အဖွဲ့အစည်းတစ်ခုလုံးအကျိုးစီးပွားကို ထမ်းဆောင်ရန်အတွက် ကုန်လုပ်ရေးကို စီမံကိန်းချ၍ ဆောင်ရွက်သည်။

ပုဂ္ဂလိက ပိုင်ဆိုင်မှု ထွန်းကားချိန်တွင်မူ ကုန်လုပ်ရေးကို စီမံကိန်းချ၍ ဆောင်ရွက်ခြင်း မပြုနိုင်ပေ။ အချို့က အရင်းရှင်နိုင်ငံတွင်လည်း စီမံကိန်းရှိသည်ဟု ပြောကြ၏။ အချို့သော အရင်းရှင်လုပ်ငန်းများသည် ၎င်းတို့၏ ကုန်လုပ်ရေးကို စီမံကိန်းချ၍ ဆောင်ရွက်သည်မှာ မှန်၏။ သို့ရာတွင် အရင်းရှင်ကုန်လုပ်ရေး၏ ရည်ရွယ်ချက်မှာ အမြတ်ရရေးဖြစ်ရာ၊ မကြာမှီမှာပင်၊ ပြိုင်ဘက်အရင်းရှင်လုပ်ငန်းများ အချင်းချင်း ပဋိပက္ခ ဖြစ်လာတော့၏။ သို့ဖြင့် အရင်းရှင်စီမံကိန်းသည် အပြိုင်ငွေရင်းမြှုပ်နှံခြင်း၊ အပြိုင်ဈေးကွက် ရှာခြင်း၊ စီးပွားရေးအကြပ်အတည်းများ ဆိုက်ရောက်ခြင်းတို့ကို ကြုံတွေ့လာရ၏။ သို့ဖြင့် အရင်းရှင်စီမံကိန်းသည် ကျဆုံးခြင်းသို့ ရောက်လေတော့သည်။ ဤသည်ကို စတာလင်က အောက်ပါအတိုင်း ပြောခဲ့၏။

*"အရင်းရှင်စနစ်သည် အမြတ်အစွန်းအတွက် မဟုတ်ဘဲ၊ ပြည်သူများ၏ ရုပ်ဘဝအခြေအနေများ တိုးတက်ရေးအတွက်သာ ကုန်လုပ်ရေးကို ပြုလုပ်ခဲ့ပါက၊ မိမိအမြတ်ရရေးအား အလုပ်သမားအလုပ်သမား လယ်သမားများ၏ ရုပ်အခြေအနေကောင်းမွန်ရေးသို့ ပြောင်းပေးနိုင်ပါက၊ ၎င်းသည်အကြပ်အတည်းအများကို တွေ့လိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ထိုသို့ပြုလုပ်ပါက၊ ထိုစနစ်သည်လည်း အရင်းရှင်စနစ် မဟုတ်တော့ပေ"*

သို့ဖြစ်ရာ စီမံကိန်းကျကုန်လုပ်ရေးသည် အမြတ်များများ ရရှိရေးကို ရည်ရွယ်သော အရင်းရှင်စနစ်အောက်တွင် မအောင်မြင်နိုင်ပေ။ ကုန်လုပ်ရေးကို ဘုံပိုင်ဆိုင်မှုပေါ်တွင် အခြေခံသည့်အချိန်၌ ပြည်သူများ၏ ရုပ်ဘဝအခြေအနေ တိုးတက်ရေးအတွက်

ပြုလုပ်နိုင်သည့် အချိန်ကျမှသာ ကုန်လုပ်ရေးတွင် စီမံကိန်းချမှတ်ခြင်းသည် အောင်မြင်နိုင်ပေသည်။ စီမံကိန်းချခြင်းသည် ဆိုရှယ်လစ်ကုန်လုပ်ရေး၏ စီးပွားရေးလိုအပ်ချက်၊ စီးပွားရေး ဥပဒေသများ၏ နောက်ဆက်တွဲ ဖြစ်ပေသည်။

အခြားသော ကုန်လုပ်ရေးများကဲ့သို့ပင်၊ ဆိုရှယ်လစ်ကုန်လုပ်ရေးသည်လည်း ၎င်း၏ ကိုယ်ပိုင်စီးပွားရေး ဥပဒေသများအရ မောင်းနှင်လှုပ်ရှားကြပေသည်။ ထိုဥပဒေများကား စီမံကိန်းချ၍ ပေါ်လာသော ဥပဒေမဟုတ်ဘဲ။ စီမံကိန်းထက်အရင်၊ စီမံကိန်းနှင့်ကင်း၍ ဖြစ်ပေါ်သောအရာသာ ဖြစ်ပေသည်။ ဆိုရှယ်လစ်စီမံကိန်းသည် ဆိုရှယ်လစ်ကုန်လုပ်ရေး၏ ဒိဋ္ဌကျသော ဥပဒေသများ အခြေခံအပေါ်တွင် လှုပ်ရှားခြင်းဖြစ်၏။ သို့အခြေခံခြင်းဖြင့်သာ ယင်းဥပဒေများနှင့် ကိုက်ညီ၍ ယင်းဥပဒေများကို အသုံးချခြင်းဖြင့် အကောင်အထည်ဖော်နိုင်သော စီမံကိန်းတစ်ရပ် ဖြစ်လာပေသည်။ စီမံကိန်း မရှိလျှင် ဘာဖြစ်မလဲ။

အားလုံးရှုပ်ထွေးကုန်မည်။ ကုန်လုပ်ရေးတစ်ရပ်လုံး ရပ်တန့်ပျက်စီးသွားမည်။ တနည်းဆိုလျှင် စီမံကိန်းမရှိဘဲ၊ ကုန်လုပ်ရေးကို ဆောင်ရွက်မရပေ။ ယင်းကား ဆိုရှယ်လစ် ကုန်လုပ်ရေး၏ ဥပဒေသဖြစ်သည်။ ဘုံပိုင်ဆိုင်မှုကို ထူထောင်သည်နှင့် ကုန်လုပ်ရေးတွင် စီမံကိန်းချမှတ်ခြင်းသည် လိုအပ်လာသည်။ ဘုံပိုင်ဆိုင်မှုပေါ်တွင် အခြေခံ၍ စီမံကိန်း ချမှတ်ခြင်း၏ အဓိပ္ပါယ်မှာ လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးတက်မှုကို သိစိတ်ရှိသော အုပ်ထိန်းမှုအောက်တွင် ထားရှိခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးတက်မှု တစ်ရပ်လုံးကို ကုန်လုပ်ရေး ဖြစ်ပေါ်တိုးတက်မှုက ဖန်တီးသောကြောင့်ဖြစ်၏။ ထို့ကြောင့် လူမှုဖြစ်ပေါ်တိုးတက်မှုသည်လည်း လူ၏ ဆင်ခြင်တုံတရားနှင့် ယှဉ်သော သိစိတ်၏ ရှေ့ဆောင်ရှေ့ရွက်ပြုမှုအရ ဖြစ်ပေါ်လာသည်။ တဖန် ယင်းသို့သော လူမှုသိစိတ်သည်လည်း အတိအကျ ကုန်လုပ်ကြိယာများအား ဘုံပိုင်ဖြစ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသည်။ အသိကို ဘဝက ဖန်တီးသည့်အလျှောက် ဘုံအကျိုးစီးပွားကို ဆောင်ရွက်လိုစိတ်သည် ကုန်လုပ်ကြိယာများအား ဘုံပိုင်ဆိုင်ခြင်းမှ ပေါ်ထွက်လာပေသည်။

## ဆိုရှယ်လစ်စနစ်၏အခြေခံဥပဒေသ

ဆိုရှယ်လစ်ကုန်လုပ်ရေး၏ ရည်ရွယ်ချက်မှာ 'လူ့အဖွဲ့အစည်း၏ ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှု လိုအပ်ချက်များကို အများဆုံး ဖြည့်စွမ်းရေး'ဖြစ်၏။ ထိုရည်ရွယ်ချက် အောင်မြင်ရေးအတွက် နည်းလမ်းမှာ 'အဆင့်မြင့်သော စက်မှုသိပ္ပံတွင် အခြေခံ၍

ဆိုရှယ်လစ် ကုန်လုပ်ရေးကို အမြဲတစေတိုးချဲ့ခြင်း'ဖြစ်၏။ ယင်းကား ဆိုရှယ်လစ်စနစ်၏ အခြေခံဥပဒေပင်ဖြစ်၏။ အခြေခံဥပဒေဟု ဆိုရခြင်းမှာ ၎င်းသည် ဆိုရှယ်လစ် ကုန်လုပ်ရေးဖြစ်စဉ်တစ်ရပ်လုံးကို မောင်းနှင်လှုပ်ရှားစေသောကြောင့် ဖြစ်၏။ အခြေခံဥပဒေဆိုသော စကားနှင့်ပတ်သက်၍ ရဲဘော်မာလင်ကော့က ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ ၁၉ ကြိမ်မြောက် ကွန်ဂရက်တွင် အောက်ပါအတိုင်း ပြောခဲ့၏။

*"အကြင် အခြေခံစီးပွားရေးဥပဒေတစ်ခုသည် တစုံတခုသော ကုန်လုပ်ရေးစနစ်၏ သဘာဝနှင့် ကုန်လုပ်ရေး ဖြစ်ပေါ်တိုးတက်မှု၏ အဓိကကျသောအခန်းများ၊ အဓိကကျသော ဖြစ်စဉ်များကို ဖွင့်ဆိုအံ့။ ထိုအခြေခံဥပဒေသည် တစုံတခုသော စီးပွားရေးစနစ်၏ ဥပဒေသများအားလုံးကို သိမြင်နားလည်ရေးအတွက် သော့ချက်ဖြစ်ပေသည်"*

ထို့ကြောင့် စီးပွားရေးတခု၏ အခြေခံဥပဒေသည် ထိုစီးပွားရေးစနစ်အတွင်းရှိ ကုန်လုပ်ရေး၏ ရည်ရွယ်ချက်ကို အမြဲတစေ ဖော်ပြပေသည်။ ကုန်လုပ်ရေးသည် ၎င်းအကျိုးပြုသည့် ရည်ရွယ်ချက်၊ လူမှုမျှော်မှန်းချက် စသည်တို့နှင့် ယေဘုယျအားနှင့်အညီ လှုပ်ရှားရသည်။ ကုန်လုပ်ရေး၏ ရည်ရွယ်ချက် ပြောင်းသည်နှင့်အညီ ကုန်လုပ်ဆက်ဆံရေး၏ အသွင်လက္ခဏာများလည်း ပြောင်းလဲသွားပေသည်။

သွေးစုတ်ချယ်လှယ်မှုကို ရှိစဉ်တုန်းက၊ ကုန်လုပ်ရေး၏ ရည်ရွယ်ချက်မှာ သွေးစုတ်ချယ်လှယ်သူများ ခေါင်းပုံဖြတ်နိုင်အောင် အစွန်းထွက်အမြတ်များ စုပုံရရှိရေးဖြစ်၏။ ထိုစဉ်က ၎င်း၏ ရည်ရွယ်ချက်သည် လူ့အဖွဲ့အစည်းရှိ လူများစု လူထုကြီး၏ လိုအပ်ချက်များကို ဖြည့်စွမ်းရန် မဟုတ်ပေ။ သို့ရာတွင် ကုန်လုပ်ကြိယာများကို ဘုံပိုင်ဆိုင်သည့် ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတွင်မူ၊ ကုန်လုပ်ရေး၏ ရည်ရွယ်ချက်သည် လူ၏ လိုအပ်ချက်များကို ဖြည့်စွမ်းရန်ဖြစ်၏။ *'အရင်းရှင်ကုန်လုပ်ရေး၏ ရည်ရွယ်ချက်မှာ အစွန်းထွက်တန်ဘိုးများကို များနိုင်သလောက် များများထုတ်ယူရန်ဖြစ်သည်။ ထို့ကြောင့် လုပ်အားကို များနိုင်သလောက်များများ သွေးစုတ်ရန်ဖြစ်ပေသည်'*ဟု မာ့က်စ်က ရေးခဲ့၏။ စတာလင်ကလည်း *'ဆိုရှယ်လစ်ကုန်လုပ်ရေး၏ ရည်ရွယ်ချက်မှာ အမြတ်ရရေး မဟုတ် လူနှင့် သူ၏ လိုအပ်ချက်များကို ပြုလုပ်ရေးဖြစ်သည်'*ဟု နှိုင်းယှဉ်ပြောဆိုခဲ့သည်။

အရင်းရှင် ပိုင်ဆိုင်မှု၏ အဓိပ္ပါယ်မှာ ကုန်လုပ်ရေးကို အရင်းရှင်အမြတ်အစွန်းအတွက် ပြုလုပ်ခဲ့ခြင်းဖြစ်၏။ ဆိုရှယ်လစ်ပိုင်ဆိုင်မှု၏ အဓိပ္ပါယ်ကား၊ ကုန်လုပ်ရေးကို လူ့အဖွဲ့အစည်း၏ ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှု လိုအပ်ချက်များက ဖြည့်စွမ်းရန် ပြုလုပ်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့်အရင်းရှင်စနစ်၏ ကုန်လုပ်ရေးရည်ရွယ်ချက်သည် အရည်

အတွက် သေးငယ်သော လူနည်းစုကလေး၏ အကျိုးစီးပွားနှင့် ကိုက်ညီ၍ ဆိုရှယ်လစ်စနစ်တွင်မူ ကုန်လုပ်ရေး ရည်ရွယ်ချက်သည် လူ့အဖွဲ့အစည်းတခုလုံး၏ အကျိုးစီးပွားနှင့် ကိုက်ညီပေသည်။ သို့ဖြင့် အရင်းရှင်စနစ်တွင် အခြေခံဥပဒေသည် လူမှုသဘောတူညီချက်ဖြင့် လှုပ်ရှားမောင်းနှင်ခြင်းမပြုဘဲ လူမှုပဋိပက္ခများဖြင့်သာ လူမှုပဋိပက္ခများဖြင့်သာ မောင်းနှင်လှုပ်ရှားပေသည်။ အရင်းရှင်စနစ်၏ ဖြစ်စဉ်အတွင်း၌လည်း အရင်းရှင်သည် ပြည်သူများအား သွေးစုတ်ချယ်လှယ်၏။ မွဲပြာကျစေ၏။ လူ့အဖွဲ့အစည်းအား ကြိုတင်မြင်နိုင်စွမ်းမရှိသော အကြပ်အတည်းများကိုလည်း ဆိုက်ရောက်ပေသည်။

ဆိုရှယ်လစ်စနစ်အတွင်းတွင်မူ အခြေခံဥပဒေသည် သိစိတ်ရှိသော လူမှုသဘောတူညီချက်ဖြင့် ပြည့်ဝစွာ လှုပ်ရှားမောင်းနှင်ခြင်း မပြုသော်လည်း စီမံကိန်းချမှတ်သည့်နည်းလမ်းဖြင့် မောင်းနှင်လှုပ်ရှားပေသည်။ ကုန်လုပ်ရေး၏ ရွယ်ရွယ်ချက်ကိုလည်း အများသဘောတူညီချက်ဖြင့် ပြုလုပ်နိုင်၏။ သို့ဖြင့် ဆိုရှယ်လစ်ကုန်လုပ်ရေး၏ ရည်ရွယ်ချက်သည် စုပေါင်းလူ့အဖွဲ့အစည်းဝင်များအားလုံး၏ သိစိတ်ရှိသော ရည်ရွယ်ချက်ဖြစ်လာ၏။ ထိုရည်ရွယ်ချက်အောင်မြင်ရေးအတွက် နည်းလမ်းများကိုလည်း စီမံကိန်းချမှတ်ပေသည်။ သို့ရာတွင် ဤသို့ဆိုလိုခြင်းအားဖြင့် ဆိုရှယ်လစ်ကုန်လုပ်ရေး၏ အခြေခံဥပဒေသတွင် အပခက်အခဲများ မရှိဟု မဆိုလိုပေ။ မည်သည့်လူ့အဖွဲ့အစည်း၏ ကုန်လုပ်ရေးအခြေခံဥပဒေသမဆို၊ အခက်အခဲကို တွေ့ရစမြဲဖြစ်၏။ ဥပမာအားဖြင့် အရင်းရှင်စနစ်၏ အခြေခံဥပဒေသသည် ပြည်သူများ၏ ခုခံတားဆီးမှုများ၊ အရင်းရှင်ဆန့်ကျင်ရေးအင်အားစုများ၏ ခုခံတားဆီးမှုကို တွေ့ရှိခဲ့ရ၏။ ဤခုခံတားဆီးမှုများသည် စနစ်ကို အားနည်းစေ၍ နောက်ဆုံးတွင် ဘုံးဘုံးလဲကျစေခဲ့၏။ ဆိုရှယ်လစ်စနစ်တွင်လည်း ထို့အတူပင် ဖြစ်ပေသည်။ ဆိုရှယ်လစ်နိုင်ငံများ စစ်ရေးအရ လာရောက်တိုက်ခိုက်ခြင်းကြောင့် ဆိုရှယ်လစ်ကုန်လုပ်ရေးသည် ရည်မှန်းချက်အတိုင်း ဆက်လက်ချီတက်နိုင်ခြင်း မရှိတော့ဘဲ၊ ကာကွယ်ရေးအတွက်၊ ပြုလုပ်လာရ၏။ ကုန်လုပ်ရေးစီမံကိန်းကို တလွဲတချော်စွာ ဖြစ်ကုန်အောင်၊ အထဲမှ ဝင်ရောက်ဖျက်ဆီးခြင်းဖြင့်လည်း ဆိုရှယ်လစ်ကုန်လုပ်ရေးသည် ရည်မှန်းချက်များနှင့် လွဲသွားတတ်၏။ ထို့ကြောင့် ဆိုရှယ်လစ်အစိုးရတစ်ရပ်၏ ပေါ်လစီတွင် အဓိက အရေးကြီးသည့်အချက်နှစ်ရပ်ကား–

(က) နိုင်ငံခြားရေးတွင် ငြိမ်းချမ်းရေးကို ထိမ်းသိမ်းရန်နှင့်

(ခ) ပြည်တွင်း၌ ဆိုရှယ်လစ် တည်ဆောက်ရေးလုပ်ငန်း၏ စီမံကိန်းကို သေချာတိကျစေရန် ဖြစ်ပေသည်။

**ဆိုရှယ်လစ်စီမံကိန်း၏ကန့်သတ်ချက်များနှင့်**
**ကွန်မြူနစ်စနစ်သို့ကူးပြောင်းရေးတွင် ၎င်းတို့အားမည်သို့ဖယ်ရှားပုံ**

ဆိုရှယ်လစ်စနစ်အတွင်း ကုန်လုပ်ရေး၌ အပြည့်အဝ စီမံကိန်းချမှတ်ရေးတွင် အခက်အခဲများ ကန့်သတ်ချက်များ ရှိနေသေးသည်။ တစ်နည်းဆိုရလျှင် စီးပွားရေးဖြစ်ပေါ်တိုးတက်မှုစ်တရပ်လုံးအား၊ လူ၏ သိစိတ်ဖြင့် အပြည့်အဝ ထိန်းချုပ်ရေးတွင် အခက်အခဲများ ရှိနေသေး၏။ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုတစ်ရပ်လုံးအား လူ၏ သိစိတ်ဖြင့် အပြည့်အဝ ထိန်းချုပ်ရေးဟူသည်မှာ စုပေါင်းလူများက၊ ကုန်လုပ်ကိရိယာများကို အသုံးချရာတွင်၎င်း၊ ထုတ်ကုန်များ ဖြန့်ဖြူးရာတွင်၎င်း အပြည့်အဝ ထိန်းချုပ်မှုရှိခြင်းကို ဆိုလိုပေသည်။ ယခင်ကမူ ကုန်လုပ်ကိရိယာများနှင့် ထုတ်ကုန်ဖြန့်ဖြူးဝေငှပုံ စနစ်များကသာ လူကို စိုးမိုးချယ်လှယ်ခဲ့၏။ လူသည် အလုပ်တာဝန်ခွဲဝေမှု၏ လက်အောက်ခံသာ ဖြစ်ခဲ့၏။ လူသည် ကုန်လုပ်ကိရိယာ၏ အရှင်သခင် ဖြစ်ရမည့်အစား ကုန်လုပ်ကိရိယာ၏ ကျေးကျွန် ဖြစ်ခဲ့၏။ နောက် လူသည် ၎င်း၏ ထုတ်ကုန်ကို ရောင်းကုန်အဖြစ် ထုတ်လုပ်၍ ဖလှယ်လာသောအခါတွင်မူ ၎င်းတို့၏ထုတ်ကုန်များကိုလည်း ထိန်းချုပ်နိုင်ခြင်းမရှိတော့ဘဲ ဖြစ်လာပေသည်။ ရောင်းကုန်ထုတ်လုပ်ရေးဥပဒေသများ ဖြစ်ပေါ်လာခြင်းကြောင့် လူသည် သူထုတ်လုပ်သော ကုန်ပစ္စည်း၏ အရှင်သခင်ဖြစ်ရမည့်အစား ထိုပစ္စည်းများ၏ ကျေးကျွန် ဖြစ်လာလေသည်။ လူသည် ယင်းသို့ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုကို ထိန်းချုပ်နိုင်ခြင်း မရှိတော့ဘဲ ဖြစ်လာရခြင်း၊ လူ့အသင်းအဖွဲ့၏ အရှင်သခင်အဖြစ် မရပ်တည်နိုင်တော့ဘဲ ဖြစ်လာရခြင်းတို့မှာ၊ လူက လုပ်ခဲ့သော ကုန်လုပ်ကိရိယာများ အသုံးချပုံ၊ လူက လုပ်ခဲ့သော ထုတ်ကုန်ပစ္စည်းများ ဖလှယ်ပုံတို့ကို လူက ထိန်းချုပ်နိုင်ခြင်း မရှိဘဲ ၎င်းတို့ကသာ လူကို အနိုင်ရကာ၊ လူ၏ကံကြမ္မာကို ဆုံးဖြတ်သောကြောင့်ဖြစ်၏။

သို့ဖြင့်၊ ကုန်လုပ်ကိရိယာများကို အသုံးချပုံ စနစ်သည် လူများအား ခွဲခြားပစ်လိုက်၏။ တစ်ယောက်ကို နွားကျောင်းသား၊ တစ်ယောက်ကို အလုပ်သမား၊ တစ်ယောက်ကို လက်မှုပညာသည်၊ တစ်ယောက်ကို ကုန်သည် စသဖြင့် ကွဲပြားလာစေခဲ့၏။ ကုန်ဖလှယ်မှု စနစ်သည်လည်း စည်းစိမ်ဥစ္စာ ဟူသမျှကို လူနည်းစု၏လက်ထဲသို့ စုပုံပေးလိုက်၏။ သို့ဖြင့်၊ ကုန်လုပ်ကိရိယာများနှင့် ကုန်ဖလှယ်မှုစနစ်သည်လည်း လူ၏ ကံကြမ္မာကို ဆုံးဖြတ်ခဲ့၏။

ဆိုရှယ်လစ်စနစ်သည် ယင်းသို့သော ကမောက်ကမ အခြေအနေများကို လုံးဝ ဖျက်ပစ်လိုက်၏။ ကုန်လုပ်ကိရိယာများကို ဘုံပိုင်ပြုလုပ်လိုက်၏။ သို့ရာတွင်

ခေတ်ဟောင်း၏ မွေးမှတ်များကား ရုတ်တရက် ပျောက်ကွယ်မသွားသေးဘဲ ကျန်နေသေးသည်။ ၎င်းတို့ကား –

၁။ အလုပ်တာဝန် ခွဲဝေမှုစနစ်အောက်တွင် လူကိုထားရှိခြင်း

၂။ ရောင်းကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း စသည်တို့ဖြစ်၏။

ယင်းသို့ ကျန်၍နေသေးသဖြင့် ဆိုရှယ်လစ် စနစ်အတွင်း၌လည်း လူမှုအုပ်ထိန်းမှုနှင့် စီမံကိန်းချမှတ်ခြင်းကို (က) တစိတ်တပိုင်းသာ လုပ်နိုင်ခြင်း။ (ခ) သို့လုပ်ရာ၌လည်း အချို့နေရာများတွင် တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်သည့်စီမံကိန်း ဖြစ်နေခြင်း စသည်တို့ ကျန်ရှိနေသေး၏။

(က) လူက ၎င်း၏ လူမှုအသင်းအဖွဲ့ကို အုပ်ထိန်းရာ၌ လုံးဝ အပြည့်အစုံ အုပ်ထိန်းနိုင်ခြင်း မရှိသေး။ သို့ဖြစ်ရခြင်းမှာ လူကို အလုပ်တာဝန် ခွဲဝေမှုအောက်တွင် ထားရှိခြင်းကြောင့် ဖြစ်၏။ လူသည် ကုန်လုပ်ကြိယာများကို အသုံးချရာ၌ ထင်သလို အသုံးမချနိုင်သေး။

(ခ) စီးပွားရေးဘဝကို စီမံကိန်းချမှတ်ခြင်းသည်လည်း အချို့လုပ်ငန်းများတွင် တိုက်ရိုက်စီမံကိန်း ချမှတ်ခြင်းမျိုး မဖြစ်နိုင်သေးပေ။ ဈေးကွက်များကို ပိုင်းခြားထားခြင်းမျိုး စသည့် သွယ်ဝိုက်စီမံကိန်းချခြင်းမျိုးသာ ဖြစ်နိုင်သေး၏။

ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၌ ထုတ်ကုန်များအားလုံးကိုလည်း တိုက်ရိုက်ထိန်းချုပ်ရောင်းချနိုင်ခြင်း မရှိသေးပေ။ အချို့ကိုသာ တိုက်ရိုက်ထုပ်လုပ်ရောင်းချ၍ အချို့ကို သွယ်ဝိုက်ထိန်းချုပ် ရောင်းချခြင်းပြု၏။ အချို့ကုန်ပစ္စည်းများကို ရောင်းကုန်အဖြစ် ထုတ်လုပ်နေရသေး၏။ ဥပမာ ဆိုရှယ်လစ် စက်မှုလုပ်ငန်းအတွက် စက်ကြိယာပစ္စည်းများကို ရောင်းကုန်အဖြစ် ထုတ်လုပ်ခြင်း မဟုတ်ပေ။ ၎င်းတို့ကို ဈေးကွက်များသို့ တင်ပို့ရောင်းချခြင်း မပြုပေ။ စီမံကိန်းအရ ၎င်းတို့အား ကုန်လုပ်ရေးဌာနခွဲ တစ်ခုသို့ တင်ပို့၏။ သို့ရာတွင် စားသုံးကုန်များကိုကား။ ရောင်းကုန်အပစ္စည်းအဖြစ် ထုတ်လုပ်၏။ ၎င်းတို့ကို ထုတ်လုပ်ရာတွင် လိုအပ်ချက်များ ဖြည့်စွမ်းရန်အတွက်သာ မကဘဲ ဈေးကွက်များသို့ တင်ပို့ရန်လည်း ရည်ရွယ်၏။ သို့ဈေးကွက်သို့တင်၍ ရောင်းချရာ၌ တိုက်ရိုက်နည်းဖြင့် မဟုတ်ဘဲ၊ စားသုံးသူများ တတ်နိုင်အောင် လုပ်ခနှင့် ဈေးနှုန်းကို တဖြည်းဖြည်းလျှော့ချ၏။

စီမံကိန်းကျ ဆိုရှယ်လစ်ကုန်လုပ်ရေးကို အဆင့်မြှင့်လိုက်သောအခါ၊ ယင်းသို့သော ကန့်သတ်ချက်များ ပျောက်ကွယ်သွားမည်ဖြစ်၏။ ကုန်လုပ်ရေးစက်မှု သိပ်ပွံထွန်းကားလာသည်နှင့်အမျှ လူသည် ယဉ်ကျေးမှုနှင့် ပျော်ရွှင်မှုအတွက် အချိန်ပို၍ ရလာ

တိုးတက်မှုသည် မြင့်မားလာသောအခါ၊ လူသည် သဘာဝအင်အားစုများကို တိုး၍ အနိုင်ရရှိလာ၏။ ရုပ်ဝတ္ထုများသည်လည်း တိုးတက်လာ၏။ လူသည် ဘဝကို အောင်နိုင်အောင်လုပ်ရာ၌ သဘာဝ၏ ဥပဒေသများ လှုပ်ရှားမောင်းနှင်ပုံကို လေ့လာ၍ အသုံးချ၏။ သို့ဖြင့် သဘာဝကို ရန်သူအဖြစ်မှ ကျေးကျွန်ဘဝသို့ ရောက်အောင် လုပ်ယူလာနိုင်ခဲ့လေသည်။ သို့ရာတွင် လူသည် ကုန်လုပ်ကြိယာများ၏ စေခိုင်းချက်ကို ခံနေရသေးသဖြင့် အင်အားစုများကို အောင်နိုင်အောင် လုပ်ရာတွင် အခက်အခဲများ တွေ့နေရသေး၏။ ကွန်မြူနစ်လူ့အဖွဲ့အစည်းသို့ ရောက်သောအခါ ထိုအခက်အခဲများကို ဖယ်ရှားပစ်လိုက်လေတော့သည်။ သဘာဝအင်အားစုများကို အချုပ်အချယ်မရှိ သိလာ၏။ ၎င်းတို့ကို အကန့်အသတ်မရှိ စေခိုင်းလာနိုင်၏။ ယင်းသို့ လူက သဘာဝကို အောင်နိုင်အောင် ပြုလုပ်ရာတွင် အသုံးချသည့်လက်နက်ကား သိပ္ပံပညာဖြစ်၏။ သိပ္ပံပညာတွင် အဓိကအချက်ကြီး နှစ်ချက် ရှိသည်။ ၎င်းတို့ကား သဘာဝသိပ္ပံပညာနှင့် လူ့အဖွဲ့အစည်း သိပ္ပံပညာတို့ ဖြစ်၏။ သဘာဝသိပ္ပံပညာသည် သဘာဝကို လေ့လာ၍၊ လူ့အဖွဲ့အစည်း သိပ္ပံပညာကား လူကို လေ့လာပေသည်။ သို့ရာတွင် ကွန်မြူနစ် ကုန်လုပ်ရေးတွင်မူ သိပ္ပံပညာ၏ ဌာနသည် တစ်ဌာနတည်းသာ ရှိတော့သည်။ သိပ္ပံပညာသည် လူက ၎င်း၏ ဘဝတည်မြဲရေး အတွက် အသုံးချပုံတစ်ခုတည်းကိုသာ အာရုံစိုက်ပေတော့သည်။

**ကွန်မြူနစ်လူ့အဖွဲ့အစည်းတွင် သိစိတ်၏အခန်းကဏ္ဍ။**

ကွန်မြူနစ်စနစ်၌ ကုန်လုပ်ကြိယာများနှင့် ထုတ်ကုန်များက လူကို စိုးမိုးချယ်လှယ်သည့်အဖြစ် ပပျောက်သွားတော့မည်ဖြစ်၏။ သို့နှင့် တပြိုင်နက် လူသည် သူ၏ လူမှုအသင်းအဖွဲ့၏ အရှင်သခင်၊ သဘာဝ၏ အကြီးအကဲ ဖြစ်လာ၏။ သို့ဖြင့်၊ မာ့က်စ်ပြောသကဲ့သို့ သမိုင်းမပေါ်မီ ခေတ်ဦးသည် ကုန်ဆုံးကာ၊ လူ့သမိုင်းသည် အစပြုလာတော့သည်။ လူ၏ သိစိတ်သည်လည်း သစ်လွင်သော အခန်းကဏ္ဍမှ ပါဝင်လာတော့သည်။ လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးတက်မှုသည် လူ့သိစိတ်၏ အုပ်ထိန်းမှု၊ ခေါင်းဆောင်မှုအရ ဖြစ်ပေါ်လာ၏။ ကုန်လုပ်ရေးကိုလည်း လူ့သိစိတ်၏ အုပ်ထိန်းမှုအောက်တွင် လုံးဝ ရောက်ရှိလာ၏။ ယခင်ကဆိုလျှင်၊ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုသည် စီးပွားရေးပဋိပက္ခများ တိုက်ပွဲများကြောင့် ဖြစ်ပေါ်လာ၏။ သို့ရာတွင် ကွန်မြူနစ်စနစ်တွင်မူ လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှုသည် သဘောတူညီချက်၊ လူ၏မျှော်မှန်းချက်အရ ဖြစ်ပေါ်ကာ၊ ဝေဖန်ရေး၊ ကိုယ့်ကိုယ်ဝေဖန်ရေးနည်းဖြင့်

ကာ၊ အလုပ်တာဝန်ခွဲဝေမှု စနစ်သည်လည်း တဖြည်းဖြည်း ပပျောက်သွားမည်ဖြစ်၏။ အလျှံပါယ် ထုတ်လုပ်ပေးခြင်းဖြင့်၊ မိမိအထိုက်အလျောက်သာ အကျိုးခံစားခွင့်ရှိသော အခြေသို့ ရောက်ရှိသွားမည် ဖြစ်ပေသည်။ ထိုအခါ၌ ရောင်းကုန်ပစ္စည်း ထုတ်လုပ်ရေး လည်း မရှိတော့ပေ။

ကွန်မြူနစ် လူ့အဖွဲ့အစည်း၌ ကုန်လုပ်ကြိယာများအား အသုံးချမှု၊ ထုတ်ကုန် ပစ္စည်းဖြန့်ဖြူးမှုတို့ကို မိမိစိတ်အရ အုပ်ထိန်းမှုသည် အကန့်အသတ် မရှိ အချုပ်အချယ်မရှိ ဖြစ်လာလိမ့်မည် ဖြစ်၏။ လူတိုင်းသည် သံကြိုးအကျီ ဝတ်ထားရသလို ကျဉ်းကြပ် လှသော အလုပ်တာဝန် ခွဲဝေမှုအောက်မှ လွတ်လပ်လာတော့မည်ဖြစ်၏။ မရှိ၍ အလိုမပြည့်သောဘဝမှ ကင်းလွတ်ကြမည်ဖြစ်၏။ ကွန်မြူနစ်လူ့အဖွဲ့အစည်းနှင့် ပတ် သက်၍ စီလျှံမောရစ္စ ဆိုသူက အောက်ပါအတိုင်း ပြောခဲ့၏။

*"ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အတွက် လိုအပ်သော ပစ္စည်းကိုသာ ထုတ်လုပ်ပေတော့မည်။ တခြားသူအတွက် ထုတ်လုပ်ပေးလျှင်လည်း၊ ရောင်းကုန်အတွက် ထုတ်လုပ်ခြင်းမျိုး မဟုတ်တော့ဘဲ၊ ကိုယ့်သုံးအတွက် ထုတ်သကဲ့သို့ ထုတ်လုပ်ပေးပေလိမ့်မည်။ ထိုခေတ်၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ အလိုရှိသောအရာကို တောင့်တစရာ မလိုဘဲ ရရှိပေလိမ့်မည်။ ကျွန်ုပ်တို့ ပျော်ရွှင်မှုအတွက် စဉ်းစားရန် ဉာဏ်အားနှင့် ပျော်ရွှင်မှုအတွက် အချိန်ကိုလည်း အပြည့်အဝ ရပေလိမ့်မည်။*

စတာလင်ကလည်း *'ကွန်မြူနစ် လူ့အဖွဲ့အစည်း၌ ကုန်လုပ်ရေးကို လူ့အဖွဲ့ အစည်း၏ လိုအပ်ချက်များနှင့် အညီသာ ပြုလုပ်ပေလိမ့်မည်။ ထို့ကြောင့် ဘယ်အရာ သည် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များက ဖြစ်သည်ဆိုသည့်အချက်သည် စီမံကိန်း ရေးဆွဲသူများအတွက် အရေးကြီးလှပေသည်'*ဟု ပြောခဲ့၏။

## သဘာဝကိုလူကအောင်နိုင်ခြင်း

ကွန်မြူနစ်လူ့အဖွဲ့အစည်း၏ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုသည် လူ့သဘာဝ ကို လူက အောင်နိုင်ရေး၌ အရေးကြီးသော ဖြစ်ပေါ်တိုးတက်မှုတစ်ရပ် ဖြစ်၏။ လူ့ အဖွဲ့အစည်း ပေါ်ပေါက်လာသည့် အချိန်မှစ၍ လူသည် သဘာဝနှင့် အတိုက်အခံ ဖြစ်လာခဲ့ရ၏။ အုပ်ထိန်း၍ မရသော သဘာဝအင်အားစုများကို လူသည် တိုက်ပွဲဆင်နွှဲ ရ၏။ ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ လေတိုက်ခြင်း၊ စသည်တို့ကြောင့် လူ၏ ကြိုးစားမှုဟူသမျှသည် ပျက်စီးခဲ့ကြရ၏။ သို့ရာတွင် ကုန်လုပ်ရေးဖြစ်ပေါ်

*ဘုံပိမာန်မှ လွတ်လပ်ခြင်း ဘုံပိမာန်သို့ ရောက်ရှိလာပေလိမ့်မည်"*

**ကွန်မြူနစ်လူ့အဖွဲ့အစည်း၏အနာဂါတ်**

ကွန်မြူနစ်စနစ်ပြီးလျှင် ဘာဖြစ်မလဲ။

ဤမေးခွန်းကို မကြာခဏ မေးကြ၏။ သဘာဝကျသော မေးခွန်းလည်းဖြစ်ပေသည်။ သို့ရာတွင် ယင်းမေးခွန်းကို ဖြေဆိုရန်မှာ မလွယ်ပေ။ ယေဘုယျသာ ဖြေဆိုနိုင်ပေလိမ့်မည်။

ကွန်မြူနစ် လူ့အဖွဲ့အစည်းအကြောင်းကို ကျွန်ုပ်တို့ သိရခြင်းမှာ၊ အရင်းရှင်လူ့အဖွဲ့အစည်းနှင့် ဆိုရှယ်လစ် လူ့အဖွဲ့အစည်း အကြောင်းကို နားလည်သောကြောင့်ဖြစ်၏။ အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းရေးဖြစ်စဉ်သည် ရှည်လျား၍ မညီညာသော ဖြစ်စဉ်ဖြစ်၏။ အချို့တိုင်းပြည်များသည် ဆိုရှယ်လစ်စနစ်ကို ထူထောင်လျက်ရှိပြီး၊ အချို့ကား အရင်းရှင်စနစ်အတွင်းမှာပင် ရှိနေကြသေး၏။ သို့ဖြစ်ရာ၊ ကမ္ဘာတဝှမ်းလုံးတွင် ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေးသည်လည်း ရှည်လျား၍ မညီမညာဖြစ်စဉ် ဖြစ်ပေသည်။ ထို့ကြောင့် ကွန်မြူနစ်စနစ်သည် ပထမတွင် အမျိုးသားအခြေခံတစ်ခုတည်းပေါ်တွင်သာ ပေါ်ပေါက်မည်ဖြစ်၏။ တိုင်းပြည်တစ်ပြည်သို့မဟုတ် တိုင်းပြည်အချို့တွင်သာ ပေါ်ပေါက်မည်ဖြစ်၏။ ထို့ကြောင့် ကွန်မြူနစ်အမျိုးသားစီးပွားရေးတွင် ရောင်းကုန်များအဖြစ် ကုန်ဖလှယ်မှုကို ဖျက်သိမ်းပြီးဖြစ်သော်လည်း အခြားသော အမျိုးသားစီပွားရေး စနစ်နှင့်ဆက်ဆံသည့်အခါတွင်မူ၊ ရောင်းကုန်ပစ္စည်းများအဖြစ် ကုန်ဖလှယ်မှုကို ဖျက်သိမ်းပြီးဖြစ်သော်လည်း၊ အခြားသော အမျိုးသားစီးပွားရေးစနစ်များနှင့် ဆက်ဆံသည့်အခါတွင်မူ၊ ရောင်းကုန်ပစ္စည်းအဖြစ် ကုန်ဖလှယ်မှုသည် ရှိနေဦးမည်ဖြစ်၏။ ကမ္ဘာတဝှမ်းလုံး၊ တိုင်းပြည်အားလုံး၊ ဆိုရှယ်လစ်တိုင်းပြည်များဖြစ်လာသည့် အချိန်မှသာ ရောင်းကုန်ထုတ်လုပ်ရေးသည် ကမ္ဘာတဝှမ်းတွင် ပပျောက်သွားကာ၊ လူမျိုးနယ်နမိတ်၊ နိုင်ငံခြားကူးသန်းရောင်းဝယ်ရေး စသည်တို့လည်း တဖြည်းဖြည်း ပျောက်ကွယ်သွားလျက်၊ ကမ္ဘာ့ကွန်မြူနစ်စီးပွားရေးစနစ် ပေါ်ပေါက်လာမည်။ ထိုအခါတွင် တစ်ခုတည်းသော ကမ္ဘာ့ဘာသာစကား၊ ကမ္ဘာ့ယဉ်ကျေးမှုတို့လည်း ပေါ်ပေါက်လာပေလိမ့်မည်။ ဤသည်ကို စတာလင်က အောက်ပါအတိုင်း ပြောခဲ့၏။

*"အစပထမတွင် လူမျိုးအားလုံးနှင့် တူညီသော ဘာသာစကားတစ်မျိုးတည်းသာ ပြောသော ကမ္ဘာ့စီးပွားရေးဗဟိုဌာနတစ်ခု ပေါ်ပေါက်လာဦးမည် မဟုတ်သေးပေ။ လူမျိုးများကို စုထားသော အစုအဖွဲ့ကလေး*

တိုးတက်လာခဲ့၏။ လူမှုဘဝတွင် သိစိတ်၏ အခန်းကဏ္ဍသစ်သည်၊ ဆိုရှယ်လစ်စနစ် အတွင်း၌ ပေါ်ပေါက်လာကာ ကွန်မြူနစ်စနစ်သို့ ရောက်သည်နှင့် ပြီးပြည့်စုံသော အဆင့်သို့ ရောက်လာပေတော့သည်။ ဆိုလိုခြင်းအားဖြင့် သိစိတ်သည် အဓိကပြသော အချက်၊ ပဓာနပြုသော အချက် ဟူ၍ မဆိုလိုပေ။ အသိသည် ဘဝကသာ ဖန်တီးခြင်း ဖြစ်သည်ဟု ယူဆပေရာ၊ ကွန်မြူနစ်လူ့အဖွဲ့အစည်းတွင် လူ၏သိစိတ်သည် လူမှုဘဝ၏ အရောင်ရိုက်ခတ်ချက်မျှသာ ဖြစ်ပေသည်။

ကွန်မြူနစ် လူ့အဖွဲ့အစည်း၏ အောင်မြင်ချက်များနှင့် စပ်လျဉ်း၍ အိန်ဂျယ်လ်စ် က အောက်ပါအတိုင်း ပြောခဲ့သည်။

*"လူ့အဖွဲ့အစည်း၏ ကုန်လုပ်ကြိယာများကို သိမ်းပိုက်သည်နှင့် ရောင်းကုန် ထုတ်လုပ်ရေးနှင့် ထုတ်ကုန်က ကုန်လုပ်သူအား စိုးမိုးနေခြင်းသည် ပျောက်ကွယ်သွားမည်ဖြစ်၏။ လူမှုကုန်လုပ်ရေးတွင် စည်းကမ်းကလနား ကင်းမဲ့ခြင်းသည် ပျောက်ကွယ်သွားကာ၊ ကုန်လုပ်ရေးသည် စနစ်ကျ၍ တိကျသော ဖွဲ့စည်းမှုတစ်ခုဖြစ်လာ၏။ တစ်ဦးချင်းအတွက် အသက်ရှင်ရေး တိုက်ပွဲသည်လည်း ပျောက်ကွယ်သွားတော့၏။ သို့ဖြင့် ပထမဆုံးအကြိမ် အဖြစ် လူသည် တိရစ္ဆာန်လောကနှင့် လုံးဝ ခြားနားသွားကာ၊ တိရစ္ဆာန် သဖွယ် အသက်ရှင်ရသည့်ဘဝမှ တကယ့်လူလို နေနိုင်သော ဘဝသို့ ရောက်ရှိလာပေသည်"*

*"ယခင်က လူကို စိုးမိုးခဲ့၊ ဖန်တီးခဲ့၊ ပြုပြင်ခဲ့သော ရုပ်ဘဝအခြေအနေ တစ်ရပ်လုံးသည်လည်း၊ ထိုအခါတွင် လူ၏ အုပ်စိုးမှုနယ်ပယ်ထဲသို့ ရောက်ရှိလာ၏။ လူသည် သူ့လူမှုအသင်းအဖွဲ့၏ အရှင်သခင် ဖြစ်လာ သည့်အတွက်၊ သဘာဝ၏ သိစိတ်ရှိသော အကြီးအကဲလည်း ဖြစ်လာ ပေသည်။ လူ၏ လူမှုလုပ်ဆောင်ချက်ကို လွှမ်းမိုးနေသည့် ဥပဒေသများ သည် ယခင်ကဲ့သို့ လွှမ်းမိုးခဲ့သော်လည်း၊ ထိုအခါတွင် လူ၏ ထိန်းချုပ်မှု အောက်တွင် ရောက်ရှိလာတော့မည်ဖြစ်၏။ ယခင်က သဘာဝနှင့် သမိုင်း ၏ ဩဇာအောက်တွင် ရှိခဲ့ရသည့် လူ၏ လူမှုအသင်းအဖွဲ့သည်လည်း ထိုအခါတွင် လူ၏ လွတ်လပ်လပ်စွာ လုပ်ဆောင်ချက်အတိုင်း ဖြစ်ပေါ်တိုး တက်လာရတော့မည်ဖြစ်၏။ ထိုအချိန်မှစ၍ လူက ပြုလုပ်သည့် လူမှု အကြောင်းတရားများသည်လည်း လူရည်မှန်းသော အကျိုးတရားများကို ဖြစ်ပေါ်စေလိမ့်မည်ဖြစ်၏။ ထိုအချိန်မှစ၍ လူသည် တောင့်တရခြင်း*

## နိဂုံး

ဖော်ပြပါအချက်တို့ကား လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်ပုံ၊ လူ့သမိုင်းဖြစ်ပေါ်တိုးတက်ပုံကို ကြည့်မြင်သော ရုပ်ဝါဒသမားအမြင်ဖြစ်၏။ ဤအမြင်မှ ကောက်ချက်များ ပေါ်ထွက်လာ၏။

၁။ ကျွန်ုပ်တို့၏ လက်ရှိခေတ်သည် လူ့ဘဝ တည်မြဲမှု အခြေအနေများ အပြည့်အဝ အောင်မြင်ရေးအတွက်၊ နောက်ဆုံး အဆုံးအဖြတ်ပြုသည့် ခေတ်ဖြစ်၏။ ရှေးဟောင်းဘုံစနစ် ကွယ်ပျောက်သည်မှစ၍ ယခုအချိန်ထိ လူလူချင်း သွေးစုတ်ချယ်လှယ်သည့်စနစ် ထွန်းကားလာသည်မှာ ယနေ့အထိ ဖြစ်၏။ ဘဝ၏ ရုပ်ဝတ္ထုတန်ဘိုးများကို လူနည်းစုကသာ ခံစားကြကာ၊ လူများစုကြီးမှာ အငြင်းပယ်ခံဘဝသို့ ရောက်ခဲ့ရကြ၏။ ထို့ကြောင့် လူတန်းစားတိုက်ပွဲများ၊ စစ်ပွဲများ ပေါ်လာခဲ့၏။ နောက်ဆုံးတွင် လူလူချင်း သွေးစုတ်ချယ်လှယ်သည့် စနစ်ကို ဖျက်သိမ်းသည့် လူမှုစနစ်သစ်တစ်ရပ် ပေါ်ပေါက်လာ၏။ ကျွန်ုပ်တို့ခေတ်သည် စနစ်ဟောင်းကိုဖြိုကာ စနစ်သစ်ထူထောင်သည့် ခေတ်ဖြစ်၍ အရေးကြီး၏။

၂။ ဆိုရှယ်လစ်စနစ်သည် ခေတ်သစ်လူ့အဖွဲ့အစည်းတွင် တော်လှန်သော လူတန်းစား၏ လုပ်ဆောင်မှုဖြင့်သာ အောင်မြင်နိုင်၏။ တော်လှန်သော လူတန်းစားသည် အရင်းရှင်ကို ဆန့်ကျင်သော အလုပ်သမားလူတန်းစားဖြစ်၏။ ဆိုရှယ်လစ်စနစ်သည် လူတန်းစားပူးပေါင်းရေးဖြင့် မရ၊ လူတန်းစားတိုက်ပွဲဖြင့်သာ ရရှိနိုင်သည်။ ယင်းသို့ပြုလုပ်ရာတွင် အလုပ်သမားလူတန်းစားသည် အလုပ်လုပ်သော ပြည်သူများကို စည်းရုံးကာ အလုပ်သမားလူတန်းစားနှင့် အလုပ်လုပ်သော ပြည်သူများ၏ မဟာမိတ်ဖွဲ့စည်းမှုတွင် အခြေခံသော ဒီမိုကရက်တစ်နိုင်ငံသစ်ကို ထူထောင်ရမည်ဖြစ်၏။

၃။ အရင်းရှင်စနစ်ကို အောင်နိုင်ရင်း၊ ဆိုရှယ်လစ်စနစ်ကို ထူထောင်ရန်အတွက် အလုပ်သမားလူတန်းစား၌ ၎င်း၏ ကိုယ်ပိုင်နိုင်ငံရေးပါတီ ရှိရမည်ဖြစ်၏။

များနှင့် ထိုလူမျိုးအစုအဖွဲ့ကလေးများအတွင်းတွင်သာ နားလည်သော ဘာသာစကားကို သုံးစွဲသည့် ဒေသန္တရဆိုင်ရာ စီးပွားရေး ဗဟိုဌာနများ ပေါ်ပေါက်လာနိုင်သည်။ နောက်မှ ထိုလူမျိုးအစုအဖွဲ့များသည် စုပေါင်းလာကြကာ၊ ဘာသာစကားတစ်မျိုးတည်းကို သုံးစွဲလာကြပြီးနောက်၊ တစ်ခုတည်းသော ကမ္ဘာ့စီးပွားရေး ဗဟိုဌာနကြီး ဖြစ်လာလျက်ရှိပေသည်။ ထိုအခါတွင် လူမျိုးကွဲပြားမှုများ၊ ဘာသာစကား ကွဲပြားမှုများသည်လည်း ပျောက်သွားဖွယ်ရှိပေသည်။ ဤကားကျွန်ုပ် မြင်သော လူမျိုးများ၏ အနာဂါတ်ဖြစ်ပေသည်''

# ပုဂ္ဂိုလ်အညွှန်း

**စိန့်ဩဂုတင်း။** – (၃၅၃–၄၃၀) အီတလီခရစ်ယာန် အဘိဓမ္မာပညာရှင်။ လောကီပြဿနာ များအားလုံးသည် လောကုတ္တရာ ပြဿနာများ၏ လက်အောက်ခံဟု ယူဆသူ။ De Civitate Dei စသောကျမ်းများကို ပြုစုသူ။

**အော်လစ်ဗာ–ကရွမ်းဝဲလ်။** – (၁၅၉၉– ၂၆၅၀) ဗြိတိသျှ စစ်သည်တော်၊ အင်္ဂလိပ် ဘုရင့်ဂိုဏ်းသားများနှင့် ပါလီမန် ဂိုဏ်းသားများသည် ပြည်တွင်းစစ်တွင် ပါလီမန်ဂိုဏ်း သားများဘက်မှ ကူညီတိုက်ခဲ့ပြီး၊ အင်္ဂလန်ကို အုပ်စိုးခဲ့သည်။ ပထမမြောက် ချားလ်(စ်) ဘုရင်အား ခေါင်းဖြတ်သတ်ရန်အတွက်ကို လက်မှတ်ထိုးခဲ့သည်။

**စီလျှံ–အော့စ်–ဩရိန့်(ချ်)။** – (၂၆၅၀–၁၇၀၂) ဗြိတိသျှဘုရင် ဂျိမ်းဘုရင်ကို နှင်းချ၍ အင်္ဂလန်ကို အုပ်စိုးခဲ့သည်။

**လော့–ဂရေး။** –(၁၇၆၄–၁၈၄၅) ဗြိတိသျှတိုင်းပြည် ပုဂ္ဂိုလ်၏ ဝန်ကြီးချုပ်၊ အင်္ဂလန်ပြည် နိုင်ငံရေးနှင့် လူမှုပြုပြင်ရေးများကို ဆောင်ရွက်ခဲ့သူ။ ၁၈၃၂ခု၊ ပြုပြင်ပြောင်းလဲရေး ဥပဒေကို ပြဋ္ဌာန်းခဲ့သူ။

**မာလင်ကော့စ်။** – ဆိုဗီယက်ဝန်ကြီးချုပ်ဟောင်း။ ဆိုဗီယက်ကွန်မြူနစ်ပါတီ အတွင်းရေး မှူးချုပ်ဟောင်း။

**ဝီလျံမောရစ်။** – ဗြိတိသျှ သတင်းဝေဖန်သူ၊ News From Nowhere စသော စာအုပ်များကို ပြုစုသူ။

**အာနီးတွိန်ဘီ။** – ဗြိတိသျှသမိုင်းဆရာ။ 'ဥရောပတိုက် သမိုင်းစသောကျမ်းများကို ပြုစုသူ။

**ရောဘတ်–ထရက်ဆဲလ်။** – ဗြိတိသျှ လူမျိုးဆေးသုတ်သမား 'ဘောင်းဘီစုတ်ဝတ် သော လူ့အကျိုးတော်ဆောင် ဝါဒသမားများ'အမည်ရှိ ကျမ်းကို ပြုစုခဲ့သူ။ ထိုကျမ်းတွင် ဗြိတိသျှ အလုပ်သမားလူတန်းစားများ၏ အခြေအနေအစစ်အမှန်ကို ဖော်ပြခဲ့သည့် အချက်။ ၎င်းအချက်မှာ အင်္ဂလန်ပြည်တွင် ပိတ်ပင်ခြင်းခံခဲ့ရဘူးသည်။

ငင်းကား သိပ္ပံနည်းကျသော ဆိုရှယ်လစ်သဘောတရားကို စွဲကိုင်သည့် ကွန်မြူနစ်ပါတီ ဖြစ်၏။ ထို့ကြောင့် လီနင်က ‘*တော်လှန်ရေး သဘောတရားတစ်ရပ်တစ်ရပ်မရှိဘဲ တော်လှန်ရေး လှုပ်ရှားမှုမရှိနိုင်၊ တိုးတက်သော သဘောတရားတစ်ရပ်က ရှေ့ဆောင်သည့် ပါတီတစ်ရပ်ကသာ တပ်ဦး၏တာဝန်ကို ထမ်းဆောင်နိုင်သည်*’ဟု ပြောခဲ့၏။

၄။ မာ့က်စ်ဝါဒ လီနင်၏ သိပ္ပံနည်းကျ ဆိုရှယ်လစ် သဘောတရားသည် စမ်းသပ်စစ်ဆေးပြီး၍ လက်တွေ့တွင်မှန်ကန်ကြောင်း ပြဆိုပြီးဖြစ်၏။ ယနေ့ကမ္ဘာတွင် အရင်းရှင်ဂိုဏ်းနှင့် ဆိုရှယ်လစ်ဂိုဏ်း၊ အရင်းရှင်လောကနှင့် ဆိုရှယ်လစ်လောကဟူ၍ နှစ်ပကွ ကွဲလာပြီဖြစ်၏။ ဆိုရှယ်လစ်လောက ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး အရင်းရှင်လောကသည် ပြိုလဲပျက်စီးလျက်ရှိ၏။

ဤကောက်ချက်လေးရပ်ကား လူ့အဖွဲ့အစည်းအား ကြည့်မြင်သော ရုပ်ဝါဒသမား၏အမြင်မှ ပေါ်ထွက်လာသည့် ကောက်ချက်များဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူတန်းစားတိုက်ပွဲများ၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ၊ ငြိမ်းချမ်းရေးတိုက်ပွဲများကို ဆက်တိုက်ဆင်နွှဲရမည် ဖြစ်၏။ သို့ဆင်နွှဲရင်းဖြင့်သာ အရင်းရှင်စနစ် အဆုံးသပ်ကာ၊ ဆိုရှယ်လစ်စနစ်ကို အပြီးအပိုင်တည်ဆောက်ရမည် ဖြစ်ပေသည်။

၁၉၆၃ မေလ ၃ ရက်။

တ

| | |
|---|---|
| တော်လှန်သော။ | Revolutionary |
| တိုက်ပွဲ။ | Struggle |
| တိုက်ခတ်မှု။ | Conflict |
| တဖြေးဖြေးနှင့်အဆင့်ဆင့်ပြောင်းလဲခြင်းဖြစ်စဉ်သဘောတရား | Theory of evolution |
| တော်လှန်ရေး | Revolution |
| တရားဥပဒေဆိုင်ရာ ဖွဲ့စည်းမှုစနစ်များ | Legal institutions |

ထ

| | |
|---|---|
| ထုတ်ကုန်ပစ္စည်း | Product |
| ထုတ်ကုန်ပစ္စည်းကိုရောင်းကုန်ပစ္စည်းအဖြစ်ပြောင်းခြင်း | Conversion of products into commdity |
| ထာဝရဘုရား၏ အလိုတော်ကျစီမံကိန်း | Divine plan |

ဓ

| | |
|---|---|
| ဓနရှင် | Bourgeois |

န

| | |
|---|---|
| နယ်ချဲ့မှုစနစ်။ | Imperiallism |

ပ

| | |
|---|---|
| ပစ္စည်းမဲ့ | Proletariat |
| ပညာတတ်လူတန်းစား | Intelligentsia |
| ပုဂ္ဂလိကပစ္စည်း။ | Private Property |
| ပုဂ္ဂလိကငွေရင်းမြှုပ်နှံမှုအစိတ်အပိုင်း | Private Sector |
| ပုဂ္ဂလိကပိုင်ဆိုင်မှု | Private ownership |

ဖ

| | |
|---|---|
| ဖြစ်ပေါ်တိုးတက်မှု။ | Development |
| ဖောက်ပြန်သော | Reactionary |

# ဝေါဟာရ ရှင်းလင်းချက်

## က

| | |
|---|---|
| ကူးပြောင်းရေးကာလ။ | Transitional period |
| ကျေးပိုင်ကျွန်ပိုင်စနစ်။ | Slavery |
| ကွန်မြူနစ်စနစ်။ | Communism |
| ကုန်ထုတ်လုပ်ရေးနှင့် ကုန်ဖလှယ်ရေး။ | Production and exchange |
| ကံယုံဝါဒ။ | Fatalism |
| ကုန်လုပ်စွမ်းအားစု။ | Productive forces |
| ကုန်လုပ်ဆက်ဆံရေး။ | Relation of production |
| ကုန်လုပ်တန်ဆာပလာ။ | Instruments of production |
| ကုန်လုပ်ကိရိယာ။ | Means of production |

## ခ

| | |
|---|---|
| ခွန်အားအလုပ်။(ကာယအလုပ်) | Manual labour |
| ခေတ်သစ်စက်မှုလုပ်ငန်း(ခေတ်သစ်ဆိုရာ၌ဥရောပ ကုန်ခါနီးအင်္ဂလန်စက်မှုလက်မှုတော်လှန်ပြီးသည့် ခေတ်ကာလကိုဆိုလိုသည်) | Modern industry |

## စ

| | |
|---|---|
| စိတ်ကူးယဉ်ဝါဒီများ။ | Utopians |
| စိတ်နာမ်ဘဝ | Spiritul life |
| ဘဝစီမံကိန်းကျ ကုန်လုပ်ရေး။ | Planned production |

## ဆ

| | |
|---|---|
| ဆိုရှယ်လစ်စနစ်။ | Socialism |
| ဆင်ခြင်တုံတရားဝါဒ | Rationalism |
| ဆွဲငင်ခြင်း ဥပဒေသ | Law of Gravity |
| ညာဏအလုပ် | Intellectual Labour |

| | |
|---|---|
| လူမှုတော်လှန်ရေး၊ ခေတ်ပြောင်းတော်လှန်ရေး | Social revolution |
| လူမှုစွမ်းအားစု | Social forces |
| လူမှုပြောင်းလဲမှု | Social change |
| လူမှုအသင်းအပင်း | Social organization |
| လူမှုသိပ္ပံပညာ | Socialogy social science |
| လုပ်ခစားကျွန်စနစ်(အရင်းရှင်စနစ်) | Wage Slavery |
| လူမှုဆိုင်သော၊ ဘုံဖြစ်သောအများနှင့် | |
| ဆိုင်သော . | Social |
| လူမှုဖြစ်ပေါ်တိုးတက်မှု | Social development |
| လူမှုလုပ်ဆောင်ချက်များ | Social functions |

သ

| | |
|---|---|
| သိပ္ပံနည်းကျသော | Scientific |
| သယံဇာတဖြစ်ပေါ်တိုးတက်မှု | Spontaneous development |
| သမိုင်းဆိုင်ရာ | Historical |
| သိမြင်မှု(ခံယူချက်) | Conception |
| သွေးစုတ်ချယ်လှယ်သူ | Exploitier |
| သွေးစုတ်ချယ်လှယ်ခြင်းခံရသူ | Exploited |
| သဘာဝသမိုင်း | Natural history |
| သရုပ်ပျက်မာ့က်စ်ဝါဒ | Vulgar Marxism |
| သဘာဝဖြစ်စဉ် | Natural process |
| သဘာဝဥပဒေသများ | Natural laws |
| သမိုင်းဆိုင်ရာပြဋ္ဌာန်းချက် | Historical determination |

ဟ

| | |
|---|---|
| ဟန်ဆောင်စိတ်ဓာတ် | |
| ဟန်ဆောင်အသိ | False consciousness |

အ

| | |
|---|---|
| အလုပ်သမား လူတန်းစား | Working class |
| အသုံးချမှု | Utilisation |
| အခြေခံအဆောက်အအုံ | Basis |

| | |
|---|---|
| ဖွဲ့စည်းမှုစနစ်များ ဘာသာရေး၊ ဓလေ့ထုံးစံ၊ တရားဥပဒေ၊ ယဉ်ကျေးမှုစသည်တို့ကိုဖွဲ့စည်းထားသော အဆောက်အအုံ | Institutions |

ဘ

| | |
|---|---|
| ဘုံပိုင်ဆိုင်မှု | Social ownership |
| ဘုံအလုပ် | Social labour |
| ဘုံကုန်လုပ်ရေး | Social production |

မ

| | |
|---|---|
| မြေရှင်ပဒေသရာဇ်စနစ် | Feudalism |
| မျှော်မှန်းချက်များ | Motives |
| မောင်းနှင်ရေးအင်အားစုများ | Motive Forces |

ရ

| | |
|---|---|
| ရုပ်ဘဝ | Material life |
| ရှုမြင်ချက်များ | Views |
| ရည်မှန်းချက်များ | Objectives |
| ရောင်းကုန် | Commodity |
| ရှေးဟောင်းဘုံစနစ်။ | Primitive Communism |
| ရုပ်ကျသောအကျိုးစီးပွားများ | Material interests |
| ရောင်းကုန်ဖြန့်ဖြူးရေး | Commodity circulation |

လ

| | |
|---|---|
| လူမှုအခန်းကဏ္ဍ | Social role |
| လူမှုဖြစ်ပေါ်တိုးတက်မှု၏ယေဘုယျဥပဒေသ | General laws of social developmen |
| လူမှုစီးပွားရေးဖွဲ့စည်းပုံ | Social economic formation |
| လူမှုအသိ | Social conciousness |
| လူမှုဘဝ | Social being |
| လူမှုဖြစ်စဉ် | Social process |
| လူအကျိုးတော်ဆောင်ဝါဒ | Philanthrophy |
| လူမှုဓနဥစ္စာ | Social wealth |

| | |
|---|---|
| အပေါ်ယံအဆောက်အအုံ | Superstructure |
| အလုပ်လုပ်သောပြည်သူများ | Working People |
| အချောင်သမားဝါဒ | Opportunism |
| အရောင်ရိုက်ခတ်မှု၊ ထင်ဟပ်ဖော်ပြချက် | Reflection |
| အလိုလိုထွင်းသိသောဉာဏ် (သယမ္ဘူဉာဏ်) | Intuition |
| အရင်းရှင် | Capitalist |
| အလုပ်တာဝန်ခွဲမှု | Division of Labour |
| အကျိုးစီးပွား | Interest |
| အပြန်အလှန်တုံ့ပြန်လှုပ်ရှားမှု | Interaction |
| အခြေခံမူများ | Principles |
| အသိဉာဏ်ပညာရှင် | Intellectual |
| အုပ်စိုးသူလူတန်းစား | Ruling class |
| အသွင်ကူးပြောင်းခြင်း | Transformation |
| အလုပ်ထုတ်လုပ်မှု | Labour productivity |
| အစိုးရငွေရင်းမြှုပ်နှံမှု | State sector |
| အစိုးရ( နိုင်ငံတော်) | State |
| အရင်းရှင်စနစ် | Capitalism |

## ဥ

| | |
|---|---|
| ဥပဒေ | Law |
| ဥပဒေသများ(နိယာမတရားများ) | Laws |
| ဥစ္စာခနေ | Wealth |
| ဥပဒေဖြင့်အုပ်ချုပ်သောကေရာဇ်စနစ် | Constitutional monarchy |

## ေ

| | |
|---|---|
| ကေရာဇ်စနစ် | Monarchy |